
www.burmeseclassic.com

VIEW
ဗျူစာပေ

အနားမညီဖိုင်တွဲ



Cover - Idea Kyaw & Mg Kyaw Oo

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း
တမူထွင်ပြုချက်အမှတ် - ၅၁၀၆၁၉၁၀၀၉
မျက်နှာဖုံးခွင့်ပြုချက် - ၅၀၁၉၉၇၁၀၀၉
ထုတ်ဝေသူ
ဒေါ်မြင့်မြင့်ရီ (ယ-၁၃၅၈)
(မြူးစာပေ)
အမှတ် (၅၇)၊ အခန်း (၃၀၀)
အရာဝတီလမ်း၊ တောင်ဥက္ကလာမြို့နယ်
အတွင်းမျက်နှာပုံနှိပ်
ဦးကျော်ရင် (မြ-၀၄၄၁၇) (ရွှေမြေဝံ့ပုံနှိပ်တိုက်)
အမှတ်(၂၂၅)၊ ၃၂-လမ်း (အထက်)
ပန်းဘဲတန်း၊ ရန်ကုန်မြို့။
မျက်နှာဖုံးပန်းချီ
Idea Kyaw & Kyaw Oo
ပုံနှိပ်ခြင်း
ပထမအကြိမ်
၂၀၀၀ ခုနှစ်၊ မတ်လ
တန်ဖိုး - ၁၀၀ ကျပ်၊ အုပ်ရေ - ၅၀၀
ဖြန့်ချိရေး
မိုးစာပေ
ဖုန်း - ၀၁- ၂၉၀၉၉၉

၈၉၉ • ၈၃
သျှီး
အနားမညီဖိုင်တွဲ / သျှီး - ရန်ကုန်၊
မြူးစာပေ၊ ၂၀၀၀။
၂၀၀ - စာ၊ ၁၈ × ၁၂ စင်တီ။
(၁) အနားမညီဖိုင်တွဲ

BURMESE CLASSIC

လန်ခရှာ ကားအနက်ကြီးပေါ်မှ "ရွှေရုပ်ကလေး" ဆင်းလာသည်။ ငြိမ့်ငြိမ့်ညောင်းညောင်းလေး လှမ်းလျှောက်သွားသည့် ခြေလှမ်း[illegible]မှာ ပုရိသတို့ အကြည့်တွေ ကပ်ငြိပါသွားတော့၏။

ရွှေရုပ်ကလေးဆိုတဲ့ နာမည်က မေမေ တယုတယ မှည့်ခေါ်[illegible]ပါ။ အသားလေးတွေ ဝင်းဝါပြီး မွဲ့ညက်နေအောင် လှလွန်းလို့ [illegible]နဲ့ ခေါ်ရင်းက ဒီအတိုင်းပဲ တွင်သွားတာတဲ့။

ရွှေဘဝက အကျိုးပေး ကောင်းသည်ဟု ဆိုရမလား မသိ။ [illegible]မြင် ချစ်ခင်ပါစေ ဆိုသလို ရွှေရုပ်ကလေးက ဆွဲဆောင်မှု [illegible]

မနိမ့်မမြင့် အရပ်အမောင်းနှင့် လုံးကျစ်ကျစ် ခန္ဓာကိုယ်လေး



www.burmeseclassic.com

www.burmeseclassic.com



က သူ့နေရာနှင့်သူ အချိုးအစား ပြေပြစ်သည်။

ချစ်စဖွယ် မျက်နှာလေးက အမြဲတမ်း ချိုနေပြီး ခပ်တည်တည် နေတာတောင် တင်းမာမှု ကင်းစင်နေတာမျိုး။

ကြွယ်ဝ ချမ်းသာမှုကြြပြန်တော့ နောက်ဆုံးပေါ် ကားဖြင့် ကျောင်းတက်နိုင်သူ။ ကဲ ရွှေရုပ်ကလေး ပေါ်ပြူလာ ဖြစ်တာဆန်းသလား။

ဒါပေမဲ့

အထီးကျန်ဆန်လွန်းတဲ့ ရွှေရုပ်ကလေးဘဝကိုတော့ မည်သူမှ မသိကြပါ။

"ဟော့ ရွှေရုပ်"

ခေါ်သံကြောင့် ကြည့်မိတော့ ကန်တင်းထဲမှ လက်လှမ်းပြနေသော စမ်းစမ်းကို တွေ့သည်။

ရွှေရုပ် ရောက်သွားတော့ စမ်းစမ်း ဆွဲပေးသောခုံမှာ အသင့် ဝင်ထိုင်လိုက်သည်။

"ရွှေရုပ် တစ်ခုခုမှာလေ"

"အင်း လိမ္မော်ရည်ပဲပေးပါ"

စားပွဲထိုးလေးကို လှမ်းပြောပြီး ပြန်လှည့်တော့ ရွှေရုပ်ကို တစိမ့်စိမ့် ကြည့်နေသည့် စမ်းစမ်းကို တွေ့သည်။

"ဘာကြည့်နေတာလဲ စမ်းစမ်းရဲ့"



"နင့်ကို ကြည့်ရတာ စိတ်ချမ်းသာ လို့ပါဟယ်"

အကြည့်ကို မလွှဲဘဲ ပြောလိုက်တဲ့ စမ်းစမ်း ကြောင့် ရွှေရုပ် ငြိမ် မနေတတ်တော့။

"နင့် ဆံပင်တွေက မည်းနက်အိထွေးနေတာပဲ ပြီးတော့ မျက်တောင်ကြီးတွေက ကော့ပျံနေလိုက်တာ ပြုံးလိုက်လို့ ပါးချိုင့်လေးတွေ ပေါ်သွားရင် အသည်းတောင် ယားလာတယ် ချစ်စရာ ကောင်းလိုက်တာ ရွှေရုပ်ရယ်"

စမ်းစမ်း ချီးမွမ်းစကားကြောင့် ရွှေရုပ်မျက်နှာလေး ညှိုးခွေ သွားသည်။

ကျောင်းစတက်ကတည်းက ရွှေရုပ်မှာ သူငယ်ချင်းဆိုလို့ စမ်းစမ်း တစ်ယောက်ပဲ ရှိတာပါ။ တခြား ခင်မင်သူတွေ ရှိပေမယ့် [illegible]နှင့်သာ အတွဲအများဆုံး။

လူတကာက အားကျကျေနပ်နေသော ရွှေရုပ် ဘဝအမှန်ကို [illegible]ကို ရင်ဖွင့်မိသည်။

"ငါ့ဘဝက ဘယ်သူမှ အလိုမရှိတဲ့ မိဘမဲ့ ကလေးတစ်ယောက် [illegible] ကြီးပြင်းလာရတာပါ စမ်းစမ်းရယ်"

စမ်းစမ်း မျက်လုံးလေးတွေ ဝိုင်းစက်သွားသည်။ ကျောင်းကော [illegible]တွေရဲ့ အလိမ္မာလေးလို့ ခေါ်ခြင်းခံရသည် ရွှေရုပ်။

www.burmeseclassic.com

ကိုကိုတက် ချမ်းသာသော အသိုင်းအဝိုင်းအတွင်းမှာ ရှင်သန်ခွင့်ရသူ။ ပြီးတော့ လူတကာထက် ထူးကဲသော နူးညံ့သိမ်မွေ့ခြင်း အလှတရားတွေကို ပိုင်ဆိုင်ထားသူ သူ့မှာလည်း မပြည့်စုံခြင်းတွေ နှင့်လား။

"ငါ နှစ်နှစ် သမီးအရွယ်မှာ ငါ့အမေဆုံးတယ် အမေဆုံးတော့ နယူးဇီလန်မှာ အလုပ်သွားလုပ်နေတဲ့ ငါ့အဖေ ပြန်ရောက်လာတယ်၊ အဖေနဲ့ လုပ်ငန်းတူ ဦးလှမွန် ဆိုတဲ့ လူကြီးတစ်ယောက်လည်း ပါလာခဲ့တယ်၊ ဒါပေမဲ့ ကြာကြာ မနေပါဘူး၊ အလုပ်ကိစ္စအတွက် ပြန်သွားရတယ်၊ ငါ့အသက်က ငယ်သေးတော့ အဖေက ခေါ်သွားချင်မှ မရဘူး၊ ပြီးတော့ ဟိုမှာအခြေချဖို့ အဖေ့မှာ ရည်ရွယ်ချက်မရှိဘူးလေ"

စမ်းစမ်း ခေါင်းလေးတဆတ်ဆတ်ဖြင့် နားထောင်နေသည်။

"ရွှေနေကြီး ဦးကံဆင့် မိသားစုဆီမှာ ငါ့ကို အပ်နှံခဲ့တယ် ဦးကံဆင့်တို့ မိသားစုကလည်း လင်မယား နှစ်ယောက်တည်းရယ် ဦးကံဆင့် မိန်းမ ဒေါ်သိမ်းရင်က အောက်ပိုင်းသေနေတဲ့ ဒုက္ခိတလေ ဒါကြောင့် အလုပ်များတဲ့ ဦးကံဆင့်က ရန်ကုန်က သူ့အစ်မ သူနာပြု ဆရာမကြီး ဒေါ်ခင်သန်းဆင့် ဆီမှာ အပ်နှံခဲ့တာပေါ့"

"နင့်အဖြစ်ကလည်း သပွတ်အူလို ရှုပ်ထွေးလှပါလား ရွှေရုပ်



ရယ်"

စမ်းစမ်းက ကရုဏာသက်စွာ လေးလေးညှင်းညှင်းလေး ဆိုသည်။

"အခုထက်ကို ပိုရှုပ်ထွေးသေးတယ် စမ်းစမ်း ငါ အလယ်တန်း ကျောင်းသူလောက် ရောက်တော့ အဖေ နယူးဇီလန်မှာပဲ ကင်ဆာရောဂါနဲ့ဆုံးသွားခဲ့တယ်၊ အဖေမသေခင်မှာ ငါ့ကို စောင့်ရှောက်ဖို့ ဦးလှမွန် ဆီမှာ ကတိတောင်းခဲ့တယ်၊ ဦးလှမွန်က အဖေကို ပေးခဲ့တဲ့ ကတိအတိုင်း ငါ့ကို သမီးတစ်ယောက်လို သဘောထားခဲ့တယ်"

"ဒီလိုဆိုတော့လည်း ဘယ်ဆိုးလို့လဲဟ နင့်ကို ချစ်တဲ့ ခင်တဲ့ သူတွေ ပေါ်သေးတာပဲ"

ရွှေရုပ်ခေါင်းလေးကို ခါရမ်းလိုက်ပြီး

"ဦးလှမွန်က နယူးဇီလန် နိုင်ငံသားအဖြစ် ခံယူထားတာလေ အမေနဲ့ လိုက်လာတုန်းက မြင်ဖူးပေမယ့် ငယ်သေးတော့ မမှတ်မိဘူး ငါ့ကို မွေးစားတော့လည်း ဖုန်းနဲ့ဆက်သွယ်တာကလွဲပြီး လူခြင်းမဆုံ ဖြစ်ခဲ့ပါဘူး ဦးကံဆင့် ကိုပဲ ဆက်စောင့်ရှောက်ခိုင်းခဲ့တာလေ"

"ဪ ဖြစ်မှဖြစ်ရလေ ဒါဆို နင့်ကို နယူးဇီလန်ကို အပြီး ခေါ်သွားဖို့တော့ သူ့မှာအစီအစဉ် ရှိမှာပေါ့"

"ဦးလှမွန်က ငါ့ကို ချစ်ရှာပါတယ်၊ ခေါ်ဖို့လည်း စဉ်းစား

www.burmeseclassic.com



ထားပြီးသားပါ ဒါပေမဲ့ ဦးလှမွန် ကံမကောင်းရှာပါဘူး နယူးဇီလန်မှာပဲ ကားအက်ဆီးဒင့် တစ်ခုဖြစ်ပြီး ကွယ်လွန်ခဲ့ရှာတယ်၊ ဒါကြောင့် ကိစ္စအဝဝကို ရှေ့နေကြီး ဦးကံဆင့်ကပဲ ဆောင်ရွက်ဖို့ ဖြစ်လာတာပေါ့"

"အေးဟာ နင့်ရဲ့ အဖြစ်တွေကို သိရတော့ စိတ်မကောင်းပါဘူး ငါတို့ကနင့်ကို ပြီးပြည့်စုံတဲ့ လူတစ်ယောက်လို့ သတ်မှတ်ထားတာဟ"

ရွှေရုပ်မျက်နှာလေးက သက်သာရသွားသလို ပြုံးရွှင်သွားပြီး

"ဘာပဲပြောပြော ငါ့အတွက် ဖြေသာစရာ တစ်ခုတော့ ရှိပါသေးတယ်ဟာ ကြီးကြီးဆင့်က ငါ့ကို သမီးအရင်း တစ်ယောက်လို သဘောထားတာဟ ဂရုတစိုက်နဲ့ လိုလေသေးမရှိ ချစ်ရှာတာ"

စမ်းစမ်းက နားလည်စွာ ပြုံးပြပြီး လက်မှ နာရီကိုပါ ကြည့်လိုက်သည်။

"ဟောတော့ စကားကောင်းနေလိုက်တော့ Class တောင် ဝင်နေလောက်ပြီ သွားကြရအောင် ရွှေရုပ်"

ရွှေရုပ် ကသောကမျော ပြေးသွားသည့် စမ်းစမ်း နောက်သို့ ပိုက်ဆံရှင်းပြီး ပြေးလိုက်သွားရသည်။

ရွှေရုပ်ကလေးရဲ့ဘဝက အမြဲပြေးနေရတာလား။

■ ■ ■

## အခန်း (၂)

ဧည့်ခန်းထဲ လှမ်းဝင်လာသည့် ရွှေရုပ်ကို ကြီးကြီးဆင့် ဆေးနေသည်။

မိုးပြာရောင် လည်စည်းလေးနှင့် လက်ပြတ် ကျိုးကြွင်ဂါဝန်လေးကို ဝတ်ဆင်ထားသည်။

တင်နားထိ တောက်လျှောက် ကြွပ်ကြွပ်လေး ဆင်းလာပြီးမှ ဆံနွယ်စ်နားအရောက် အိအိပျော့ပျော့လေး ဝဲကျသွားသည်က ခြေဖမိုးအထိ ပုံပုံလေး ဖြစ်သည်။

ဆံပင်တွေကို မိုးပြာရောင် ခေါင်းစည်းတွင် လှလှလေးခြင့်အချောတ်တက် ခပ်မြင့်မြင့် စုချည်ထားသောကြောင့် ဝင်းစိုသောမျက်နှာလေးက ရှင်းနေသည်။

www.burmeseclassic.com

www.burmeseclassic.com



နားကွင်းလက်ကောက် ဖန်စီ အသုံးအဆောင်တွေက အစ မိုးပြာရောင် ဆင်မြန်းထားပြီး အပြာရောင် ဒေါက်ချွန်ဖိနပ်လေးနှင့်ဆိုတော့ မိုးပြာရောင် နတ်သမီးလေးလို့။

"ကြီးကြီးဆင့် ဘာတွေ တွေးနေတာလဲ"

ရွှေရုပ်အသံလေးကြောင့် ကြီးကြီးဆင့် ပြန်၍ သတိဝင်လာသည်။

"ဘာမှမတွေးပါဘူး သမီးရယ် သမီးလေးကို လှလွန်းလို့ ငေးနေမိတာ"

ကြီးကြီးဆင့် ခပ်ပြုံးပြုံးဆိုတော့ ရွှေရုပ် မေ့နေတာတဲ့သလို ကြီးကြီးဆင့် ရင်ခွင်ထဲသို့ ခေါင်းတိုးဝင်ပြီး

"ကြီးကြီးဆင့်ကလည်း မြှောက်နေပြန်ပြီ"

"အပေါင်း မြှောက်တာ မဟုတ်ပါဘူးကွယ် တကယ်ပြောတာပါ ကဲကဲ သမီး ရေသွားချိုးတော့ ကြီးကြီးဆင့် ထမင်းပွဲ ပြင်ထားလိုက်မယ်"

ခေါင်းကလေးညိတ်ပြရင်း ကြီးကြီးဆင့် ပါးကို ရွှတ်ခနဲ နေအောင်နမ်း၍ ရွှေရုပ် ထွက်ခဲ့သည်။

အခန်းထဲရောက်တော့ ရေမိုးချိုးဖို့ ပြင်ဆင်ရင်း မှန်တင်ခုံထက်သို့ ခေါင်းစည်းကြိုးကို တင်လိုက်သည်။



မျက်ဝန်းတွေက မှန်တင်ခုံထောင့်တွင် ထောင်ထားသော ဓါတ်ပုံလေးဆီ ရွှေရုပ် မျက်လုံးတွေ ရောက်ရှိသွားသည်။

ဂုတ်ထောက် မညီမညာ ဆံပင်တွေနှင့် ပြေပြစ်သော မျက်နှာက ထင်းနေသည်။

ပေါ်လှင်သော နာတံနှင့် ပီရိသော နှုတ်ခမ်းတစ်စုံက ယောကျ်ား ပီသသည်။

ခွဲတော်မှု အကောင်းဆုံးက မထူမပါး မျက်ခုံးစိမ်းတွေ အောက်မှ မျက်လုံးတွေပဲ ဖြစ်သည်။

အာရုံ လွင့်ပျံ့သွားခြင်း မရှိဘဲ အေးစက်စက် အကြည့်တွေဖြင့် တည်ငြိမ်လွန်းသည်။ ပုံပန်းသဏ္ဍာန်က မာန်မာနာတွေ ရောယှက်နေတာ အထင်အရှား။ ကိုယ်တစ်ပိုင်းပုံမို့ အရပ်အမောင်းကို ခန့်မှန်းလို့ မရသော်လည်း အရပ်မြင့်မှာ အသေအချာ။

အနောက်တိုင်း ဝတ်စုံကို သပ်သပ်ရပ်ရပ် ဝတ်ဆင်ထားတာက ထိုတ်ဖက်သလို တောင့်တင်းကျစ်လစ်သော ခန္ဓာကိုယ် ဖွဲ့စည်းမှုက ပေါ်လွင်နေ၏။

ဦးလှမွန်ရဲ့ တစ်ဦးတည်းသောသား ဘုန်းစကြာတဲ့။

မွေးစားဖခင်ကြီးရဲ့ သားဆိုတော့ ရွှေရုပ်ရဲ့ အစ်ကိုပေါ့။ ရွှေရုပ် ကတော့ အစ်ကိုတစ်ယောက်အဖြစ် အသိအမှတ် ပြုထားသည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုကိုလို့ ရွှေရုပ် တိတ်တခိုး ခေါ်ခဲ့တဲ့ ဘုန်းကြော အကြောင်းကို ကျောင်းပိတ်ရက် ဦးကံဆင့်တို့ မန္တလေးအိမ်မှာ သွားနေရင်း အမှတ်မထင် သိရှိခဲ့တာပါ။

ဦးကံဆင့်က ရှေ့နေတစ်ဦးပီပီ စာဖတ်ဝါသနာပါသည်။ ထို့ကြောင့် ရွှေရုပ်နှင့် ဝါသနာတူ၏။ ဦးကံဆင့်က သူ့စာကြည့်ခန်းမှာ ရွှေရုပ်ကို စိတ်ကြိုက် ဖတ်ရှုခွင့် ပြုထားသည်။

စာအုပ်တွေ မွှေနှောက် ဖတ်ရှုရင်း စာအုပ်တစ်အုပ် ကြားက ဓာတ်ပုံတစ်ပုံ ထွက်ကျလာသည်။

စိတ်ဝင်တစားဖြင့် ရွှေရုပ် ကြည့်ရှုနေမိသည်။

"သမီးလေး ရွှေရုပ်"

ရွှေရုပ် ခန္ဓာကိုယ်လေး တွန့်ဆုတ်သွားသည်။

ဦးကံဆင့် ပြောတာကို နားမလည်သလို ရွှေရုပ် ကြောင်တွေတွေလေး ရပ်နေသည်။

"ဟုတ်တယ် သမီး မောင်ကြောက ဦးလှမွန်ရဲ့ သားလေ သမီးရဲ့ အစ်ကိုလို့လည်း ပြောလို့ရတာပေါ့"

အတွယ်အတာ ကင်းသော ရွှေရုပ် ရင်ထဲမှာ စိမ့်ခနဲတောင် ဖြစ်သွားရသည်။

"သူက အခု ဘယ်မှာလဲဟင် အန်ကယ်"



"နယူးဇီလန်မှာပဲ သူ့စိတ်က ခန့်မှန်းဘို့ ခက်တယ်ကွဲ့ လေလို လွင့်နေတဲ့ သူလေ"

ဘာပဲပြောပြော အစ်ကိုတစ်ယောက် ရှိသေးသည် ဟူသော အသိက ရွှေရုပ်ကလေးကို အသက်ဝင်လာစေ၏။

"အန်ကယ် ဒီဓာတ်ပုံလေး သမီးယူထားလိုက်မယ်"

ကလေးတစ်ယောက်ရဲ့ တပ်မက်မှုမျိုးနှင့်ဆိုတော့ ဦးကံဆင့် နားလည်စွာ အသိအမှတ်ပြုသည်။

ရွှေရုပ်ကလေး ပျော်လိုက်တာ မပြောပါနဲ့တော့။

"ဟဲ့ သမီး ရွှေရုပ် အခန်းထဲမှာ ဘာလုပ်နေတာလဲ ရေချိုးတော့လေ ဒီမှာ ထမင်းခူးထားတာ အေးကုန်တော့မယ်"

"ရှင် ဟုတ်ကဲ့ ကြီးကြီးဆင့် ဟုတ်ကဲ့"

ရွှေရုပ် ဓာတ်ပုံလေးကို ပြန်ထားလိုက်ပြီး ကပျာကယာ လှမ်းပြောလိုက်သည်။

"ဒီကလေးဟာလေ တစ်ချက်မှကို အငြိမ်မနေရဘူး အခုထိ သိုက်ပြောနေရတယ်၊ နေမကောင်း ထိုင်မကောင်းဖြစ်ရင် လူကြီးက စိတ်ဆင်းရဲရဦးမယ်"

ကြီးကြီးဆင့် စိုးရိမ်မကင်းအသံဖြင့် တဗျစ်တောက်တောက် ဆိုနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကြီးကြီးဆင့်က ရွှေရုပ်ကို ကလေးငယ်လေးလို သဘောထား ဂရုစိုက်တာပါ၊ ကြီးကြီးဆင့်ရဲ့ မေတ္တာတရားတွေက ရွှေရုပ်အတွက် တုနှိုင်းမမီ။

နောက်ဆို ရွှေရုပ်ဘဝမှာ ခင်တွယ်စရာ ကစ်ဦး ထပ်တိုးလာတော့မည်။ ဘုန်းစကြာ တဲ့။

ကိုကိုနှင့် တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ဆုံတွေ့ရမည်ဟု မျှော်လင့်မိတာ ရွှေရုပ် ယုံကြည်ချက်။

ကိုကိုကရော ရွှေရုပ် ချစ်သလို ချစ်မှာလား။

ရွှေရုပ် သိချင်လိုက်တာ။

■ ■ ■

## အခန်း (၃)

"ရွှေရုပ်ကလေး"

အနောက်က ခေါ်သံကို ကြားပေမယ့် ရွှေရုပ်ရော စမ်းစမ်းဝဲ လှည့်မကြည့်ဖြစ်။

ရွှေရုပ်တို့ နောက်သို့ ဖြူဖြူနွဲ့နွဲ့ ကောင်းလေးတစ်ယောက် အတင်းပြေးလိုက်လာသည်။ ရွှေရုပ်တို့နှင့် ဘေးချင်းယှဉ်မိတော့ သူ့ပုံစံက အတော် မောဟိုက်နေသည်။

"ရွှေ ရွှေရုပ် နေပါဦးဗျာ ရွှေရုပ်ကို ကျွန်တော် ပြောစရာရှိလို့ပါ"

"ဒီမှာ ရှင်က ဘာပြောမှာလဲ ရှင့်ကို ကျွန်မတို့ ဘိုးလည်း မသိသေးဘူး ပြောတာကို နားထောင်ဖို့လည်း အချိန်မရဘူး"

www.burmeseclassic.com

www.burmeseclassic.com



ကောင်လေးကို ဖိပေါက် ပစ်လိုက်သည့် စမ်းစမ်းကြောင့် ရွှေရုပ် မနေတတ်အောင် အားနာသွားသည်။ ဖြူဖွေးသော ကောင်လေး မျက်နှာ ရဲပတောင်းခတ်သွားသည်။

စမ်းစမ်းက အသာနေဟူသော သဘောဖြင့် ရွှေရုပ်ကို လက်တို့သည်။

"ဒီလိုတော့ ခါးခါးသီးသီး မပြောပါနဲ့ဗျာ ကျွန်တော်က ရွှေရုပ်နဲ့ မိတ်ဆွေဖွဲ့ချင်လို့ပါ ကျွန်တော့်နာမည် ထက်ရန်နိုင်ပါ"

ကောင်လေးက ဖွဲမလျှော့သေး။ သူ့နာမည်ကို ပြော၍ အတင်း မိတ်ဆက်နေသည်။

ရွှေရုပ် ဘာတစ်ခွန်းမှ ပြန်မပြောဘဲ ဆက်လျှောက်နေမိသည်။

စိတ်ထဲမှာ ရှုပ်ထွေးနေမိတာတော့ သေချာသည်။

"ရွှေရုပ် စကားလေး ဘာလေး ပြန်ပြောပါဦးဗျာ"

"ဒီမှာ ရှင့်လို ပျော့ပျော့နဲ့နဲ့ လူတစ်ယောက်ကို ရွှေရုပ်စကား မပြောချင်ဘူးဆိုတာ သဘောမပေါက်ဘူးနဲ့ တူတယ်"

စမ်းစမ်းက နှုတ်ခမ်းကို မဲ့ရင်းဆိုတော့ ကောင်လေးက စူးစူး ဝါးဝါး ကြည့်ပစ်လိုက်ပြီး

"ဒီမှာ ခင်ဗျား ဘာစကားပြောတာလဲ"

"ရှင် ကြားလိုက်တဲ့ အတိုင်းပဲ ဆက်လိုက်လာဖို့တော့ မကြိုး





စားနဲ့နော် ပါမောက္ခ ရုံခန်း ရောက်သွားမယ်"

အနိုင်ပိုင်း ပြောလိုက်တဲ့ စကားကြောင့် ကောင်လေး မကျေနပ်ဖြင့် အံကြိတ်ကျန်ခဲ့သည်။

ရုတ်တရက် မြည်လာသည့် ဖုန်းသံကြောင့် ရွှေရုပ်နားထောင်ထိုက်သည်။

"ဟဲလို ရွှေရုပ် စကားပြောနေပါတယ်"

"...."

"ရှင်"

"...."

"ဟုတ်ကဲ့ ဟုတ်ကဲ့ အခုချက်ချင်း လာခဲ့ပါ့မယ်"

လည်ပင်း ကြောလေးတွေ ထောင်သွားပြီး မျက်ရည်စကျွေ ကျိုးလာသော ရွှေရုပ်ကို ကြည့်၍ စမ်းစမ်း စိုးရိမ်တကြီး မေးသည်။

"ရွှေရုပ် ဘာဖြစ်လို့လဲဟင် ဘာဖြစ်လို့လဲ"

"ကြီး ကြီးကြီးဆင့် ကြီးကြီးဆင့် ဆေးရုံတင်လိုက်ရလို့တဲ့ ငါ ချက်ခြင်း လိုက်သွားမှ ဖြစ်မယ်"

"ဟေ ဒါ ဒါဆို ငါလည်း လိုက်ခဲ့မယ်"

ဆေးရုံရောက်တော့ ကြီးကြီးဆင့် အခန်းကို အသည်းအသန် ရှာမွှေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆောက်တည်ရာ မရလောက်အောင် ရွှေရုပ် နှလုံးသားကို သောကတွေက နင်းချေနေ၏။

သေးနားက စမ်းစမ်းကိုတောင် သတိမရလောက်တော့အောင် ရွှေရုပ် ခြေလှမ်းတွေက တစ်ခန်းဝင် တစ်ခန်းထွက်။

ကြီးကြီးဆင့် အခန်းကိုရောက်တော့ ကြီးကြီးဆင့် စကားပင် မပြောနိုင်တော့။ သူနာပြု ဆရာမလေးက နားလည်စွာ ရှောင်ပေးသည်။

အသက်ငွေ့ငွေ့သာ ရှိတော့သည့် ကြီးကြီးဆင့်ကို ဖက်တွယ်ရင်း ရွှေရုပ် အားပါးတရ ငိုချလိုက်သည်။

"အဟင့် ဟင့် ကြီးကြီးဆင့်ရယ် ဖြစ်မှ ဖြစ်ရလေ အခုတော့ ရွှေရုပ်ကို ခွဲသွားတော့မှာပေါ့"

ကံကြမ္မာက ရွှေရုပ်ကိုမှ ဘာကြောင့် ထိုးနှက်နေရတာလဲ ရွှေရုပ် ဘဝထဲက ကြီးကြီးဆင့်ကို ခေါ်ထုတ်သွားပြန်ပြီ။

တကယ်တော့ ရွှေရုပ်ကလေးက ကံဆိုးလွန်းသူ တစ်ယောက် ပါ။

ကြီးကြီးဆင့် ဆုံးတော့ ဦးကံဆင့် အားချင်းရောက်လာသည်။ ပြီးတော့ ရွှေရုပ် ရှေ့ရေးနှင့် ပတ်သက်ပြီး ပြောဖြစ်ကြသည်။

"ကျောင်းပြီးဖို့က ခြောက်လလောက်လို သေးတော့လည်း သမီးဒီမှာပဲ နေဦးပေါ့ နေရေးထိုင်ရေးအတွက် အန်ကယ် စီစဉ်ပေးခဲ့မယ်





ကျောင်းပြီးတာနဲ့ အန်ကယ်တို့ မန္တလေးအိမ်ကို အပြီးပြောင်းလာရမယ်၊ သမီးအတွက် လိုလေသေးမရှိ အန်ကယ် စီစဉ်ထားမယ်"

"ဒါ ဒါဆို တို့ ခွဲခွာရတော့မှာပေါ့နော် ရွှေရုပ်"

တုန်တုန်ယင်ယင်နှင့် စမ်းစမ်း မေးတော့ ရွှေရုပ် စမ်းစမ်းကို ဆုပ်တွက်ထားမိသည်။

"စမ်းစမ်းရယ် နင်က ငါ့ရဲ့ထာဝရ သူငယ်ချင်းပါဟာ"

ရွှေရုပ်တို့ကို ကြည့်ပြီး ဦးကံဆင့်ပင် စိတ်မကောင်းစွာနှင့် မျက်လုံးတွေ ရီဝေသွားတာ သတိထားမိသည်။

"သမီး မလာခင်ကတည်းက အဆင်သင့်ဖြစ်အောင် ဒီက ပစ္စည်း ပစ္စယတွေကအစ အန်ကယ် လှူတွေလွှတ်ပြီး သယ်တာ ပြုတာ ဆောင်ရွက်ထားမယ် ပြီးတော့ သမီးအတွက် လေယာဉ်လက်မှတ် ဖြတ်ထားလိုက်မယ်"

"သမီး ရထားနဲ့ပဲ လာမယ် ရထားလက်မှတ်ပဲ စီစဉ်လိုက် ပါ လေယာဉ် မစီးချင်ဘူး အန်ကယ်"

ရွှေရုပ် အကြောက်အကန် ငြင်းဆန်မိသည်။ လေယာဉ်စီး ချင် စိတ်မရှိတော့သောကြောင့် ဖြစ်သည်။

"အင်း ကောင်းပြီလေ သမီး စိတ်တိုင်းကျ စီစဉ်ထားလိုက်ပါ့ မယ်"

www.burmeseclassic.com

www.burmeseclassic.com



ရက်လည်ပြီးတော့ ဦးကံဆင့် ပြန်သွားသည်။ နောက်ဆုံးနှစ် ပညာရေးအတွက် နေရစ်ခဲ့ရမည့် ရွှေရုပ်အတွက် အစစတော့ စီစဉ်ပေးခဲ့ပါသည်။

ခွဲခွာရမည့်အချိန်ကို လက်ချိုးရေရင်း စမ်းစမ်းရော ရွှေရုပ်ပါ ဝမ်းနည်းနေမိပါသည်။

"ရွှေရုပ်ရယ် ငါ့ရင်ထဲမှာ တစ်မျိုးကြီးပဲဟာ ငါတို့ပြန်မှ ဆုံဖြစ်ပါတော့ မလားဟာ"

"မမြင်နိုင်တဲ့ အရာကို ငါမပြောချင်ဘူး စမ်းစမ်းရယ်၊ ပစ္စည်းဥစ္စာ ချမ်းသာတာ မှန်ပေမယ့် တွယ်တာစရာ ဆွေမျိုးသားချင်းတော့ ငါက ဆင်းရဲတဲ့သူပါ နင့်ကို ငါ့ညီမအရင်းလို သဘောထားပါတယ်ဟာ"

စမ်းစမ်း မခံစားနိုင်တော့လောက်အောင် ရွှေရုပ်ကို ပါးချင်းကပ်ထားလိုက်ပါသည်။

စမ်းစမ်း မျက်ဝန်းဆီက မျက်ရည်စတွေကို ရွှေရုပ် တို့သုတ်ပေးမိသည်။

ပါးပြင်ထက်က နွေးခနဲ ဖြစ်သွားတဲ့ အသိကြောင့် စိတ်ကိုတင်းထားရဆဲ။ ရွှေရုပ် မျက်ရည်ကျရပြန်ပြီ။

ရွှေရုပ်က တိမ်တိုက်လေး တစ်ခုလိုပါပဲ။

## အခန်း (၄)

ရွှေရုပ် စာမေးပွဲ ဖြေဆိုပြီးသည့် နောက်တစ်နေ့မှာ အန်ကယ် ဦးကံဆင့် ဆီမှ ဖုန်းဆက်လာသေးသည်။

"ရထားခရီးစဉ် ထက်စာရင် ကားနဲ့က ပိုကောင်းမလားလို့ အန်ကယ် တွေးမိတယ် သမီး အန်ကယ် သမီးကို ကြိုဖို့ကား လွှတ်လိုက်မယ်လေ သမီး နောက်ခန်းမှာ သက်တောင့်သက်သာ အိပ်ပြီးတော့ တောင် လိုက်ခဲ့လို့ ရသေးတယ်"

"သမီး ရထားနဲ့ပဲ ပြန်ချင်လို့ပါ အန်ကယ် သမီးအတွက် စိတ်မပူပါနဲ့နော်"

ဖုန်းထဲမှာ ဦးကံဆင့် အသံ တဒင်္ဂတော့ တိတ်ဆိတ်သွား၏။ ပြီးမှ

www.burmeseclassic.com

"အင်းလေ သမီး ရထားနဲ့ပဲ ပြန်ချင်နေတယ်ဆိုရင် အန်ကယ် စီစဉ်ပေးရမှာပေါ့ မနက်ဖြန်ကျရင် အန်ကယ် မိတ်ဆွေတစ်ယောက် သမီးဆီ ရောက်လာလိမ့်မယ် ရထားလက်မှတ်ကို သူစီစဉ်ပေးလိမ့်မယ်"

"သမီးအတွက် အန်ကယ် အလုပ်တွေ မရှုပ်စေချင်ပါဘူး"

"မရှုပ်ပါဘူး သမီးရယ် ဒါ အန်ကယ်ရဲ့ တာဝန်ပါ သမီး ဘက်က ရထားလက်မှတ် အဆင်ပြေပြီး ဆိုရင် အန်ကယ်ဆီ ဖုန်းလှမ်း ဆက်ဖို့ လုံးဝ မမေ့နဲ့နော် အန်ကယ် လာကြိုမယ်"

အန်ကယ် ဦးကံဆင့်က စိုးရိမ်ပူပန်စွာ မှာကြားနေတော့ ရွှေရုပ် လက်ခံလိုက်ရပါသည်။

ရွှေရုပ်နှင့် အတူ မနေနိုင်ပေမယ့် အန်ကယ် ဦးကံဆင့်သည် ရွှေရုပ်အပေါ်မှာ ဂရုတစိုက် ရှိတာတော့ သေချာသည်။

ကြီးကြီးဆင့် မရှိတော့သည့် အချိန်မှာ အန်ကယ် ဦးကံဆင့် သည်သာ ရွှေရုပ်အတွက် အားကိုးရာ ဖြစ်သည်။

ရှေ့ဆက်ပြီး ရင်သန်ရမည့် ရွှေရုပ်ရဲ့ အနာဂတ်ကို တွေးကြည့် မိလျှင် ရင်ထဲမှာတော့ ဝမ်းနည်းမိသလိုလို ခံစားမျက်ရည်ဝဲမိသည်။

တွယ်ရာမဲ့သော ရွှေရုပ်ဘဝမှာ ကြီးကြီးဆင့်ကိုပဲ အချစ်ပိုခဲ့ ရတာပါ။ အခုလို စောစီးစွာ ကြီးကြီးဆင့် ခွဲခွာသွားမည် မထင်ခဲ့မိပါ။ ရွှေရုပ် ဘဝလေးကိုက ကံကြမ္မာ ဆိုးလွန်းခဲ့တာ ထင်ပါရဲ့။



လူမှန်း မသိတတ်ခင်မှာ အမေ့ကို စွန့်လွှတ်ဆုံးရှုံးခဲ့သည်။ ပြီးတော့ ဖေဖေသည်လည်း ရွှေရုပ်ကို ခွဲခွာသွားခဲ့သည်။

အခုတစ်ခါ ကြီးကြီးဆင့် က ခွဲသွားရစ်ပြန်ပြီ။

တွယ်ရာမဲ့ ဘဝမို့ အန်ကယ် ဦးကံဆင့်က ရွှေရုပ် ဘဝလေးကို ဆက်ပြီး တာဝန်ယူခဲ့တာလား။

"သမီး ဘဝ အနာဂတ်အတွက် ဘာမှ မပူပန်လေနဲ့ သမီး သမီးအတွက် ဘာမှ လိုလေသေးမရှိတဲ့ ပစ္စည်းဥစ္စာတွေကို သမီး အဖေက ချန်ထားရစ်ခဲ့ပြီးသား ဒါတွေကို အန်ကယ် စနစ်တကျ ထိန်း သိမ်း စောင့်ရှောက်ပေးထားတယ် သမီး"

နွေကျောင်းပိတ်ရက်တွေမှာ အန်ကယ် ဦးကံဆင့်ရဲ့ မန္တလေးက အိမ်ကြီးဆီ ရွှေရုပ် ရောက်ခဲ့စဉ်က ကြားခဲ့ရသော စကားတွေပါ။

ဖေဖေက ရွှေရုပ်အတွက် လိုလေသေးမရှိ ချန်ထားရစ်ခဲ့သည် ဆို။ ဟင့်အင်း ရွှေရုပ် တောင့်တမိတာက ဒီဥစ္စာဓနတွေမှ မဟုတ်တာ။

ရွှေရုပ် လိုချင်တာ မိသားစုရဲ့ နွေးထွေးတဲ့ အသိုက်အမြုံတစ်ခု ပါ။ ဘာကြောင့်များ ဖေဖေနဲ့ မေမေက ရွှေရုပ် တစ်ယောက်တည်း မွေးခဲ့ရတာလဲလို့ တစ်ခါတရံ မချင့်မရဲ တွေးမိခဲ့သည်။

ဖေဖေကို အပြစ်တင်မိတာ မဟုတ်ပေမယ့် အသက်တင်ရှား ရှိစဉ်တုန်းက အတူနေခွင့်မရသော အချိန်တွေကို ရွှေရုပ် ပြန်တမ်းက

www.burmeseclassic.com



တော့ခွင့်တမိတာလည်း အခါခါ။

နောက်တော့လည်း ရွှေရုပ် ဖေဖေ့ကို စာနာစိတ်လေးနှင့် ခွင့်လွှတ် ပေးလိုက်မိပါသည်။

ဖေဖေက ရွှေရုပ်ကို ပစ်ထားတာတော့ မဟုတ်နိုင်ပါ။

ဖေဖေရဲ့ စိတ်ထဲမှာ ရွှေရုပ်နဲ့ အတူ ပျော်စရာကောင်းမယ့် အနာဂတ်တစ်ခုတော့ တွေးပြီး အစီအစဉ် ချမှတ်ထားမည် ထင်၏။ ဒါပေမဲ့ သေခြင်းတရားက ဖေဖေ့ကို စောစီးစွာ ခေါ်သွားခဲ့တော့လည်း ရွှေရုပ် ကံဆိုးခဲ့တာပဲပေါ့။

"သမီးလေး အနားမှာ အရိပ်လို ရှိမနေနိုင်တဲ့ ဖေဖေ့ကို မနာကျည်းလိုက်ပါနဲ့ သမီးလေးရယ်၊ အခုချိန်မှာ သမီးလေး အနာဂတ်အတွက် ဖေဖေ စီးပွားရှာနေတာပါ တစ်နေ့ကျရင် ဖေဖေ ချစ်တဲ့ သမီးလေးနဲ့အတူ မြန်မြန်မပြည့်မှာပဲ ဖေဖေ တစ်သက်လုံး အတူနေမှာပါ"

ဟိုး ငယ်စဉ်တုန်းက ရေခြား မြေခြားကနေ တစ်ပတ်တစ်ကြိမ် လောက် ဖုန်းဆက်တိုင်း ပြောတတ်သည့် ဖေဖေ စကားတွေကို ရွှေရုပ် မမေ့သေးပါ။

ဆန္ဒတွေ မပြည့်ဝတဲ့ ဘဝကို စွန့်လွှတ်ခဲ့ရသည့် ဖေဖေရဲ့ နောက်ဆုံးအချိန်တွေမှာ ဖေဖေ ဘယ်လောက် ဝမ်းနည်းကြေကွဲနေမည် လဲ ရွှေရုပ် မသိခဲ့ပါ။



ဖေဖေသည် ရွှေရုပ်အတွက် စိုးရိမ်ပူပန်စွာနှင့် မိတ်ဆွေဖြစ်သူ ဦးလှမွန်ကိုတော့ အပ်နှံခဲ့သည်။ ဒါပေမဲ့လည်း အဝေးမှာရှိနေသော ဦးလှမွန်က ရွှေရုပ်ကို ပြည့်ဝစွာ မစောင့်ရှောက်နိုင်ခဲ့ရှာပါ။

"သမီး ဖေဖေက ဦးနဲ့ ညီအစ်ကိုရင်းတွေလို နေတာပါ သူ့ရဲ့ နောက်ဆုံးအချိန်မှာ ဦး အနားမှာရှိခဲ့တယ် သူတောင်းတဲ့ ကတိအတိုင်း သမီးကို ဦး စောင့်ရှောက် မွေးစားမှာပါ သမီး သမီး ပညာရေး ဆုံးခန်းတိုင်တာနဲ့ ဒီကိုလာဖို့ ဦး စီစဉ်ပေးမယ် ဟုတ်လား သမီး"

ဦးလှမွန် က ဖေဖေဆုံးတော့ ဖေဖေ့ကိုယ်စား ရွှေရုပ်ကို တစ်ပတ်တစ်ကြိမ်တော့ ဖုန်းဆက်သည်။ လူချင်း မဆုံပေမယ့် နှစ်သိမ့်စကားတွေနှင့် ရွှေရုပ် ကို အားပေးတတ်သည့် ဦးလှမွန် သည်လည်း နောက်ဆုံးတော့ လောကကြီးထဲက စောစီးစွာ ထွက်ခွာသွားခဲ့သည်။

ကံဆိုးလွန်းသော ရွှေရုပ် ဘဝအတွက် ချစ်ခင်သူတွေ တစ်ယောက်ပြီး တစ်ယောက် ဆုံးရှုံးခဲ့ရသည်။

သည့်နောက်ပိုင်းမှာတော့ ရွှေရုပ်အတွက် အားကိုးရသည့် ဆွေနေကြီး ဦးကံဆင့် နှင့် ကြီးကြီးဆင့် တို့ပဲ ဖြစ်ခဲ့တော့သည်။

ရွှေရုပ် ရင်ထဲက မဝံ့မရဲ မျှော်လင့်မိတာ ဦးလှမွန်ရဲ့ သားဖြစ်သူ ကိုကို ဘုန်းစကြာရဲ့ ဆက်သွယ်မှု တစ်ခုပါ။

ဒါပေမဲ့လည်း ရွှေရုပ် မျှော်လင့်ချက်တွေ မပြည့်ဝခဲ့ပါ။

www.burmeseclassic.com

www.burmeseclassic.com



သွေးသားရင်းချာ အစ်ကို မဟုတ်ပေမယ့် ရွှေရုပ် ကိုကို့ ကိုတော့ အားကိုး ခင်မင်ချင်သည်။

အန်ကယ် ဦးကံဆင့် ဆီမှ ကိုကိုဘုန်းစကြာရဲ့ ဓာတ်ပုံလေး ပိုင်ဆိုင်ရတော့ ကိုကို့ ကို ရွှေရုပ် ပိုလို့တွေ့ချင်သည်။

တစ်နေ့ကျလျှင် ကိုကိုဘုန်းစကြာ နှင့် ရွှေရုပ်တို့ ပြန်ဆုံလိမ့်မည်ဟု ရွှေရုပ် အိပ်မက်ထဲမှာတောင် မက်တဲ့အထိ ဖြစ်ခဲ့ရဖူးသည်။

ရွှေရုပ် ဘက်သာ လူချင်းမဆုံပေမယ့် ကိုကို ကို နှောင်တွယ်နေခဲ့မိတာ ကိုကို ဘုန်းစကြာက ရွှေရုပ် ကို ယောင်လို့တောင် သတိရရဲ့လား မသေချာပါ။

ကိုကိုရယ် အထီးကျန်လှတဲ့ ရွှေရုပ်ကို ကိုကိုရဲ့ ညီမလေး တစ်ယောက်အဖြစ်တောင် အသိအမှတ် မပြုနိုင်ဘူးလားဟင်။

ရွှေရုပ် သိချင်လိုက်တာ။

■ ■ ■

## အခန်း (၃)

"ရွှေရုပ် နင် ရန်ကုန်ရောက်ရင်တော့ ငါ့ဆီလာခဲ့ပါဦးနော်"

မျက်ရည်ကလေး စို့စို့ အသံကလေး တုန်တုန်နှင့် စမ်းစမ်း ပြောနေတော့ မျက်ရည် မကျအောင် ထိန်းထားသော ရွှေရုပ် မတင်းနိုင်တော့ပါ။

"စမ်းစမ်းရယ်"

နှစ်ဦးသား ဆုပ်ကိုင်ထားသော လက်ကလေးတွေကို အပြန်အလှန် ဖျစ်ညှစ် အားပေးမိ၏။ မျက်လုံးစတွေက မျက်ဝန်းအိမ်တွေထဲမှာ ပြည့်လျှံလာ၏။

"ငါ ရန်ကုန် ပြန်ရောက်မရောက် မသေချာသေးဘူး ငါ့ရဲ့ အနာဂတ်ကို ငါ မှန်းဆလို့ မတတ်သေးတာ နင်သိပါတယ် စမ်းစမ်းရယ်"



www.burmeseclassic.com

www.burmeseclassic.com



ပြောရင်း အသံလေး တိမ်ဝင်သွားကာ မျက်ရည်တွေ ပေါက်ခနဲ ကျလာတော့ စမ်းစမ်း လက်ထဲက လက်ကိုင်ပဝါဖြင့် ရွှေရုပ် မျက်ရည်တွေကို ပွတ်သုတ်ပေးသည်။

"မငိုပါနဲ့ ရွှေရုပ်ရယ် ငါ့စကားကြောင့် နင် စိတ်ဆင်းရဲသွားပြီလား ဟင်"

နှစ်သိမ့် မျက်ရည်သုတ်ပေးနေသည့် စမ်းစမ်း ကိုယ်တိုင်က ပါးပြင်မှာ မျက်ရည်တွေနှင့်။

အထက်တန်း ကျောင်းသူဘဝ ကတည်းက အတွဲညီစွာ ညီ အစ်မရင်းချာလို ချစ်ခင်ခဲ့ကြသူတွေ။ တက္ကသိုလ် ရောက်တော့လည်း မေဂျာတူ အတန်းတူတက်ကာ သံယောဇဉ်တွေ တိုးခဲ့ကြသည့် နှစ်ဦး။

ခွဲခွာတော့ မည်ဆိုတော့ ရင်ထဲမှာ ခံစားရသော ခံစားချက် ဝေဒနာတို့က မမျှိုသိပ်နိုင်။

"နင်နဲ့ ခွဲရတာ ငါ့အတွက် ကြေကွဲစရာပါ စမ်းစမ်းရယ်၊ နင့်ကိုငါ တစ်သက်လုံး မမေ့ပါဘူး။ ငါဖုန်းဆက်မယ်၊ စာလည်း ရေးမှာပါ၊ နင်လည်း စာပြန်ရေးပါနော် စမ်းစမ်း"

"စိတ်ချပါ-ရွှေရုပ်ရယ် တို့နှစ်ယောက် ဘယ်တော့မှ အဆက်အသွယ်မပြတ် ရှိကြမှာပါဟယ်"

တစ်ယောက် လက်ကို တစ်ယောက် ဆုပ်ကိုင်ရင်း ငြိမ်သက်



နေမိကြတာ အတန်ကြာသည်။ ရထားထွက်လုမှပဲ စမ်းစမ်းကို နှုတ်ဆက်ပြီး ရွှေရုပ် အထက်တန်း တွဲဘက်ဆီသို့ လှမ်းခဲ့သည်။

ရွှေရုပ်ဘဝ ကြမ္မာကိုက ချစ်ခင်သူတွေနဲ့ ခွဲခွာရတဲ့ နိမိတ်ဆိုးတွေ ပါလာလေသလား။

မျက်ရည်ဂငွေကို ပွတ်သုတ်ခဲ့ရပေမယ့် ရွှေရုပ် မျက်လုံးလေးတွေ နီရဲနေမည် ထင်သည်။

ကြီးကြီးဆင့်ရဲ့ အရိပ်တွေ မပြယ်သေးသည့် မြို့ကြီးကို ခွဲရမည့် စိတ်နှင့် ညက ရွှေရုပ် တစ်ညလုံး ငိုခဲ့ရသည်။ အခုလည်း ဘူတာအထိ လိုက်ပို့သော စမ်းစမ်းနှင့် ငိုခဲ့မိသည်။

ဘာမှ မပြင်ဆင် မခြယ်သချင်တာကြောင့် ပေါင်ဒါလေးပဲ ပွတ်ခဲ့သော ပါးပြင်မှာလည်း ဘာမှ ရှိတော့မည် မထင်ပါ။

ရွှေရုပ်ရဲ့ ထိုင်ခုံဆီရောက်တော့ မျက်နှာချင်းဆိုင် ထိုင်ခုံမှာ အသက်လေးဆယ်ကျော် ငါးဆယ်ခန့် ရှိမည့် လူကြီးတစ်ဦးပဲ ထိုင်နေသည်။ ထိုလူကြီး နံဘေး ပြတင်းတံခါးက နံပါတ်မှာတော့ ခရီးသည် မရှိသေးပါ။

အန်ကယ် ဦးဂုဏ်ဆင့် က ရွှေရုပ်အတွက် အသေအချာတော့ မှာထားခဲ့သည်။ ဘေးချင်းကပ် ထိုင်ရမည့် ထိုင်ခုံကိုပါ ရွှေရုပ်တစ်ယောက်တည်း ခြေဆန့်လက်ဆန့် နေနိုင်အောင် ဝယ်ထားခဲ့တာ

www.burmeseclassic.com

www.burmeseclassic.com



မြဲသည်။

နှစ်ယောက် ထိုင်ခုံမှာ တစ်ယောက်တည်း ရွှေရုပ် လိုက်ရမှာ ဆိုတော့ အဆင်ပြေသည်။

ခရီးဆောင် ကျောပိုးအိတ်ကလေးကို အပေါ်က ပစ္စည်းတင် စင်ပေါ် ရွှေရုပ် တင်လိုက်သည်။

ထိုင်ခုံမှာ ရွှေရုပ် ဝင်ထိုင်တော့ ရှေ့ထိုင်ခုံက လူကြီးက ရွှေရုပ် မျက်နှာကို အကဲခတ် ကြည့်နေ၏။ ရွှေရုပ် ရှက်ရွံ့ရွံ့ ဖြစ်သွားရတာ အမှန်။

ငိုထားသည့် မျက်နှာက သိသာလွန်းနေသည်လား မသိ။ ရှက်ရှက်နှင့် ရွှေရုပ် ပြုံးပြနှုတ်ဆက်တော့ လူကြီးကလည်း အသိအမှတ်ပြု ပြုံးပြပြီး အကြည့်လွှဲသွားသည်။

မဖြစ်သေးပါ။ သန့်စင်ခန်းထဲသွားပြီး မျက်နှာသစ် သန့်စင်လိုက်တာ ကောင်းမည်။

လူသူကြားထဲမှာ ကိုယ့်ရုပ်က အပူသည်ရုပ် ပေါက်နေတာတော့ မဖြစ်သင့်သေး။

ကျောပိုးအိတ်လေးထဲက ရေသန့်ဘူးကို ယူကာ ဆလင်းဘက်အိတ်လေးလွယ်လျက် ရွှေရုပ် ထွက်ခဲ့သည်။

သန့်စင်ခန်းထဲ ရောက်တော့ ရေသန့်ဘူးထဲက ရေနှင့် မျက်နှာ





သစ်တာ ဆလင်းဘက် အိတ်ထဲက လက်ကိုင်ပဝါနှင့် သုတ်သည်။

မှန်ထဲက ကိုယ့်ရုပ်သွင်ကို ကိုယ်ပြန်ကြည့်သည်။ ရှင်းသန့်သွားသော မျက်နှာလေးမှာ ဘာအခြယ်အသမှ မရှိတော့ပါ။ ငိုထားသည့် ချာဝန်းလေးတွေ နည်းနည်း ရဲနေတာက လွဲလျှင်ပေါ့။

ရထားမထွက်ခင် ကိုယ့်ထိုင်ခုံဆီ ရွှေရုပ် ပြန်လာတော့ မျက်နှာ ချင်းဆိုင် ထိုင်ခုံက ပြတင်းတံခါး အနီးခုံမှာ ခရီးသည်တစ်ယောက် ရောက်နေလေပြီ။

ထိုင်ခုံမှာ ကျောမှီလျက် ဂျာနယ်တစ်စောင်ကို ဖြန့်ကိုင်ကာ ဖတ်နေတာမို့ မျက်နှာကိုတော့ မမြင်နိုင်ပါ။

ဝတ်ဆင်ထားသည်က ဖောရှိန်းရှပ် အပြာနုကွက် လက်ရှည်နှင့် အနက်ရောင် ဘောင်းဘီရှည်၊ ပြောင်လက်နေသော ရှူးဖိနပ်ကိုလည်း ရွှေရုပ် သတိပြုမိသည်။

ကိုယ်နှင့် တစ်ခရီးတည်း သွားမည့် အဖော်မို့ ရွှေရုပ် ကျွမ်းဝင်ချင်သည်။ ခက်သည်က ထိုပုဂ္ဂိုလ်ကြီးလား၊ ပုဂ္ဂိုလ်လေးလား ခန့်မှန်းရသော သူက ဂျာနယ်ကိုပဲ သည်းကြီး မည်းကြီး ဖတ်နေသည်။

မျက်နှာကို မြင်တွေ့ ပြုံးပြနှုတ်ဆက်ဖို့ အတွက် ဂျာနယ် ချပြီးတဲ့အထိပဲ စောင့်ရတော့မည်။

ဂျာနယ်ကို ကိုင်ထားသည့် လက်ချောင်းတွေကိုတော့ ရွှေရုပ်



www.burmeseclassic.com

www.burmeseclassic.com



မြင်တွေ့နေရပါသည်။

ရှင်းသန့်ပြီး ပန်းနုရောင် သမ်းနေသော လက်သည်းတွေက ညီညီညာညာ တိတိရိရိ ပါပဲ။ ကြည့်ရတာ အသက်တော့ ကြီးသေး ပုံမရ။ လက်ချောင်းလေးတွေကို ကြည့်ကာပဲ ရွှေရုပ် အကဲခတ်နေ မိတဲ့ အဖြစ်။

တော်တော် တည်ငြိမ်လွန်းသည့် ပုဂ္ဂိုလ်ပါလား။

ရထားက ဥဩသံပေးပြီး ငြိမ့်ခနဲ မောင်းထွက်တာတော ဂျာနယ် ဖတ်မပျက်၊ ဂျာနယ်ကို ဆွဲဖယ်ကာ မျက်နှာကို ကြည့်ပစ် ချင်စိတ်တောင် ရွှေရုပ် စိတ်ထဲ ဖြစ်ပေါ်လာမိ၏။

ဂျာနယ်စာရွက်ကို လက်တွေစုကွေးပြီး အလုန်မှာ ဖျတ်ခ ထိုလူ့ မျက်နှာကို ရွှေရုပ် မြင်လိုက်ရ၏။

"ဟင်"

ရွှေရုပ် ရင်ထဲမှာ ထိတ်ခနဲ ခုန်သွားကာ ပါးစပ်က အသံလေ တောင် လွှတ်ခနဲ ထွက်သွားခဲ့သည်။

ထိုပုဂ္ဂိုလ်က ဖြန့်ဖတ်နေသည့် ဂျာနယ်စာရွက်ကို ကျော်က ရွှေရုပ်ကို တစ်ချက်မော့ကြည့်သည်။

မျက်ခုံးစိမ်း တန်းတန်းတွေအောက်က စူးရှတောက်ပသော မျက်ဝန်းတွေကို ရွှေရုပ် အသေအချာ မြင်လိုက်သည်။



ကိုကို ဘုန်းကြော။

ရွှေရုပ် နှုတ်က အသံထွက် ရွတ်ဆိုလိုက်တာ မဟုတ်ပေမယ့် နှုတ်ခမ်းလေးတွေတော့ လှုပ်ခတ်သွားခဲ့မှာ သေချာသည်။

ခုတ်ပုံထဲမှာပဲ မြင်ဖူးထားသော ပုံရိပ်ပေမယ့် ရွှေရုပ် အသေ အချာကို မှတ်မိနေခဲ့ပါသည်။

အံ့ဩစိတ်၊ ဝမ်းသာစိတ်တွေနှင့် ရွှေရုပ် ရင်လေးတွေ တလှုပ် လှုပ် ခုန်နေခဲ့သည်။ ကိုကို ဘုန်းကြောကတော့ ဂျာနယ်ကို အသာ မ ထင်ပြီး ဆက်ဖတ်နေ၏။

ရွှေရုပ် ရင်ထဲမှာ ဝမ်းနည်းသွားသည်။ တစ်ချိန်တည်းမှာပဲ အံ့သြယဝင်သွားမိတာလည်း အမှန်။

သူ ကိုကို ဘုန်းကြောမှ ဟုတ်ရဲ့လား။ လူတူ နာမည်တူ များ ကြုံဆုံလိုက်ရတာလား။ သေချာအောင် ရွှေရုပ် မောတ်ကျင်းမေ မယ့် အနေအထားအယှက် ပေးမိသလို ဖြစ်မှာလည်း စိုးမိသည်။

ဖျတ်ခနဲ မြင်လိုက်ရတာပေမယ့် ဓာတ်ပုံထဲက ကိုကိုဘုန်းကြော နှင့် တထေရာတည်း တူနေတာတော့ သေချာသည်။ ဒါပေမဲ့ ကိုကို ဘုန်းကြော က မြန်မာပြည်မှာ နေတာမဟုတ်။

နယူးဇီလန်မှာ ရှိနေတဲ့သူ ဆိုတော့။

အတွေးတွေနှင့် ရွှေရုပ် စိတ်တွေ လှုပ်ခတ်နေတာကို သူက

www.burmeseclassic.com

www.burmeseclassic.com



တော့ လုံးဝ သိပုံမပေါ်ပါ။

ထိုစဉ်မှာပဲ သူ ဂျာနယ်ကို ခေါက်သိမ်းကာ 'ပေါင်ပေါ်တင်လိုက်တာနဲ့ မျက်နှာကို ရွှေရုပ် ထင်ရှားစွာ မြင်လိုက်ရပါသည်။

မတိုမရှည် ဆံပင်တွေကို သေသေသပ်သပ် ဖီးသင်ထားသော သူ့မျက်နှာကို ရွှေရုပ် မမှိတ်မသုန် အကဲခတ်ကြည့်မိ၏။

ပြေပြစ်သော နဖူးနှင့် မျက်ခုံးတွေက စိမ်းဖန့်နေသည်။ မျက်နက်ဝန်းတွေရဲ့ တောက်ပ စူးရှမှုက ရွှေရုပ် တွေ့ထားသော ဓာတ်ပုံထဲက အတိုင်းပါပဲ။

ပေါ်လွင်သော နှာတံက ကျစ်ကျစ်လစ်လစ်ရှိ၏။ ပန်းရောင်သမ်းနေတဲ့ နှုတ်ခမ်း ပြည့်ပြည့်က ဖြူသည်ဆိုကာထက် ဝင်းညက်နေသော အသားရောင်ကြောင့် ထင်ပေါ်နေသည်။

ဓာတ်ပုံထဲမှာထက် ဆံပင်တွေ တိုသွားတာကလွဲလျှင် ကိုကို ဘုန်းကြော ဟုပဲ ရွှေရုပ် ယုံကြည်မိသည်။

ခက်သည်က ရွှေရုပ် အကဲခတ်ပြီး ကြည့်ရှုနေတာကို သူလုံးဝ သိပုံ မရဘဲ ပြတင်းတံခါး အပြင်ကို ငေးနေသည်။ စိမ်းမြမြ မှတ်ဆိတ်ပါးသိုင်းရာတွေကြောင့် ကိုကို့ အသွင်က ပိုပြီးယောက်ျားပီသ ခန့်ထည်နေသည် ထင်မိ၏။

ရုတ်တရက် ပြတင်းတံခါး အပြင်မှ မြင်ကွင်းတွေကို အကြည့်





ခွပ်သိမ်းကာ ရွှေရုပ် ဘက်ကို ဦးလှည့်လာ၏။

စူးစူးစိုက်စိုက် ငေးကြည့်နေသော ရွှေရုပ်ကို သတိထားမိသွားသော မျက်ခုံးတန်းတွေ စုကျုံ့သွားသည်။

ရွှေရုပ်ကတော့ ခင်မင်နှစ်လိုစွာနှင့် ပြုံးပြမိ၏။ ဒါပေမဲ့ သူ့မျက်ဝန်းတွေက ပိုမိုစူးရှသွားတာက လွဲ၍ နှုတ်ခမ်းတွေမှာ အရယ်အပြုံးကင်းစင်နေသည်။

ရွှေရုပ် အပြုံးတွေကို အသိအမှတ်လေးတောင် မပြုဘဲ ချက်ချင်း ပြန်ရှောင်တိမ်းသွား၏။

ခန္ဓာကိုယ်ကို နောက်လျှော့ချမှီကာ မျက်လုံးတွေ မှိတ်ထားလိုက်သည်။ ရွှေရုပ် ရင်ထဲမှာ ဝမ်းနည်းသွား မိတာအမှန်။

ရွှေရုပ် သိပ်ပြီး တွေ့ချင်နေတဲ့ ကိုကို ဘုန်းကြော မဟုတ်လို့လား။ ဘာပဲဖြစ်ဖြစ် အသိအမှတ်ပြု အပြုံးလေးတော့ တုံ့ပြန်သင့်သည်။ တစ်ခရီးတည်း သွားကြရမည့် ခရီးဖော်တွေပဲလေ။

ထိုင်ခုံမှာ ခေါင်းတင်ပြီး မှိန်းနေတဲ့ သူ့ကို ရွှေရုပ် ရင်းနှီးခင်မင်ချင်လိုက်တာ ရွှေရုပ်ရဲ့ ကိုကို မဟုတ်ခဲ့ရင်တောင်မှ သူ့နာမည်နဲ့ သူ့အကြောင်းတွေကို သိခွင့်ရချင်သည်။

တခဏကြာတော့ သူ့မျက်စဉ်းဝန်းတွေ ပြန်ဖွင့်လာတော့ ခန္ဓာကိုယ်ကို မတ်မတ် ပြန်ထိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဖျတ်ဝန်းတွေက ရွှေရုပ် ကို တစ်ချက်လေးတောင် လှည့်မကြည့်တော့တာမို့ ရွှေရုပ် နှုတ်ဆက်ရခက်ခက် ဖြစ်နေ၏။

ထိုင်ခုံက ထရပ်ပြီး စင်ပေါ်က ခရီးဆောင်အိတ်ကို ယူကာ တစ်ခုံတစ်ခုကို ရှာဖွေနေ၏။

အိတ်ထဲက ပြန်ထွက်လာသည့် သူ့လက်ထဲမှာ စာအုပ်တစ်အုပ်ပါလာသည်။

ခုကွပဲ တစ်ချိန်လုံး စာအုပ်ဖတ်နေတော့မည် ထင်သည်။ ရွှေရုပ် ရင်းနှီးခွင့်ရအောင် ဘယ်လို ကြံစည်ရပါ့မလဲ။

တွေးရင်း ဖျတ်ခနဲ သတိရလိုက်တာ ကော်ဖီအပြည့် ဖျော်ထည့်လာသော ဓာတ်ဘူးကို ဖြစ်သည်။ ရွှေရုပ် အလွယ်တကူ ယူနိုင်အောင် နံဘေးက ထိုင်ခုံပေါ်မှာပဲ တင်ထားတာ ဖြစ်၏။

ဓာတ်ဘူး လေးကိုထုတ် ဖိုက်တာ ခွက်ကလေးယူကာ ကော်ဖီတွေကို ရွှေရုပ် ငှဲ့ထည့်သည်။

"အန်ကယ် ကော်ဖီ သောက်ပါဦး"

သူ့နံဘေးက လူကြီးကို အရင်ဆုံး ရွှေရုပ် မိတ်ဖွဲ့ ဖိတ်ခေါ်သည်။

"သောက် သောက် တူမကြီး"

"ကော်ဖီတွေ အများကြီး ပါပါတယ် အန်ကယ်ရဲ့ သောက်ပါ



နော်၊ ဟောဒီမှာ မုန့်တွေလည်း ယူစားပါ"

ရွှေရုပ် ကော်ဖီခွက်ကို ကမ်းပေးရင်း ပြောတော့ လူကြီးမြင်းရမှာ အားနာသွားပုံနှင့် လှမ်းယူပြီး ကျေးဇူးတင်စကား ဆိုသည်။

ရွှေရုပ် ဒုတိယခွက်ထဲကို ကော်ဖီငှဲ့ထည့်ပြီး စာဖတ်နေသောသူကို ဖိတ်ခေါ်သည်။

"ကိုကြီး ကော်ဖီလေး သုံးဆောင်ပါဦး"

ဖျက်ခနဲ မော့ကြည့်ကာ သူ ခေါင်းရမ်းပြသည်။ ရွှေရုပ် မျက်နှာလေးကို အချေးတွေးဆုံး ပြုံးပြနေပေမယ့် သူ့ဆီက အပြုံးတွေက ပျောက်ကွယ်နေခဲ့သည်။

"သောက်ပါ ကိုကြီးရဲ့ ခရီးဖော်တွေကိုပါ ကျွေးမွေးချင်လို့ ကော်ဖီ အများကြီးထည့်လာတာ"

"ကိုယ် ကော်ဖီမကြိုက်ဘူး ကျေးဇူးပါပဲ"

အေးသံတည်တည်ငြိမ်ငြိမ်နှင့် အပြတ်သားဆုံးပြင်းကာ စာအုပ်ကိုငုံ့ဖတ်နေတော့ ရွှေရုပ် ဘာမှ ထပ်ပြောခွင့် မသာခဲ့ပါ။

"သမီးက တစ်ယောက်တည်းလား ကွဲ့"

သူ့နံဘေးမှ လူကြီးကတော့ ရွှေရုပ်ကို ခင်မင်ရင်းနှီးသွားဟန် စကားတွေ ပြောသည်။

"ဟုတ်ကဲ့ အန်ကယ် ရွှေရုပ်တစ်ယောက်တည်းပါ ရွှေရုပ်ရဲ့

www.burmeseclassic.com

www.burmeseclassic.com



အန်ကယ်က ထိုင်ခုံ နှစ်ခုံစာ ဝယ်ပေးလိုက်တာလေ''

ရွှေရုပ်နှင့် လူကြီးတို့ စကားဖောင်ဖွဲ့နေတာကို သူကတော့ လုံးဝ အာရုံဝင်စားဟန်မပြဘဲ စာအုပ်နှင့် ငြိမ်သက်နေလေသည်။

ရွှေရုပ် စကားပြောချင်တာ သူ။ ရွှေရုပ် ရင်းနှီးချင်တာ သူ ဖြစ်နေပေမယ့် ဘယ်လိုမှ စကားပြောခွင့် မရခဲ့ပါ။

စာအုပ် ဖတ်ပြီးစော့လည်း သူ ထိုင်ခုံမှာ ကျောမှီကာ လက်ကိုင်ပဝါ တစ်ထည် မျက်နှာပေါ် အုပ်မိုးလို့ အိပ်သွားခဲ့သည်။

ရွှေရုပ် ဘာမှ မပြောနိုင်ဘဲ စိတ်ဓာတ်ကျသွားခဲ့သည်။

စကားစ ပြတ်သွားပြီး ဘာမှ မကြာလိုက် ခင်မှာဘဲ သူ့နံဘေးက အန်ကယ်ကြီးလည်း အိပ်စက်သွားခဲ့သည်။

ရွှေရုပ်တစ်ယောက်တည်း အိပ်မပျော်နိုင်ဘဲ ထိုင်ခုံမှာ ငုတ်တုတ်ကလေး ကျန်ရစ်သည်။

ရထားတစ်တွဲလုံး ခုတ်မောင်းနေသော ရထားပေါ်မှာ တဖြည်းဖြည်းနှင့် ရွှေရုပ် ပျင်းရိလာကာ မေးခနဲ အိပ်ပျော်သွားခဲ့သည်။

■ ■ ■

ဖျတ်ခနဲ ရွှေရုပ် လန့်နိုးတော့ အရင်းဆုံး အကြည့်ရောက်မိတာ မျက်နှာချင်းဆိုင်မှ သူ့ဆီကို ဖြစ်သည်။

ဘယ်အချိန်ကတည်းက နိုးနေသည်မသိသော သူက ပြတင်း



တံခါးအပြင်က မြင်ကွင်းတွေကို တိတ်ဆိတ်စွာ ငေးနေသည်။

''နိုးပြီလား သမီး''

ရွှေရုပ်ကို နှုတ်ဆက်မေးလာသူက နံဘေးက အန်ကယ်ကြီးပဲ ဖြစ်သည်။ သူကတော့ တစ်ချက်လေးတောင် လှည့်မကြည့်ပါ။

''ဟုတ်ကဲ့ အန်ကယ် ရွှေရုပ် မေးခနဲ အိပ်ပျော်သွားတာ''

''တစ်ရေးတစ်မော အိပ်လိုက်တာ ကောင်းတယ် သမီး အန်ကယ် ကတော့ ကောင်းကောင်း တစ်ရေးရလိုက်တယ်''

လှပ်ငန်း တာဝန်ကျရာ ရန်ကုန်နှင့် မိသားစုရှိရာ မန္တလေးသို့ တစ်လ တစ်ခေါက် အနည်းဆုံး ရောက်သည်ဆိုသော အန်ကယ်ကြီးက ရွှေရုပ် ကို ခင်မင်ရင်းနှီးနေချေပြီ။

ရွှေရုပ် သန့်စင်ခန်း သွားကာ မျက်နှာသစ် ကိုယ်လက်သန့်စင်ပြီး ပြန်ခဲ့တော့ အန်ကယ်ကြီးက ပါလာသော ဒန်ပေါက်ထုပ်ကို ဖြည်ကာ စားသောက်နေသည်။

''ဟာ အန်ကယ် စားနေပြီလား ရွှေရုပ်မှာ ဟင်းတွေအများကြီးပါလာတယ် သုံးလေးယောက်စာမကဘူး အဟင်း သူငယ်ချင်းက အများကြီး ထည့်ပေးလိုက်တာ''

ရွှေရုပ် ပြောရင်း သုံးဆင့်ချိုင့်အပြည့် စမ်းစမ်း ပြော၍လော် ချက်ပြုတ်ပေးလိုက်သော ဟင်းတွေကို ထုတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုကြီး ကိုကြီးလည်း ဝင်စားလိုက်ပါလားဟင်"

သူ့ကို ရွှေရုပ် ဖိတ်ခေါ်မိတော့ သူ ဖျတ်ခနဲ တစ်ချက်လှည့်ကြည့်ကာ ခေါင်းကို ခါရမ်းပြ၏။

"အားမနာပါနဲ့ ကိုကြီးရဲ့ ထမင်းကော ဟင်းတွေပါ အများကြီးရှိတယ်"

ရွှေရုပ် ရင်းရင်းနှီးနှီး ဖိတ်ခေါ်ပေမယ့် သူက အားတုံ့အားနာတောင် တစ်ချက်မပြုံးဘဲ ထိုင်ခုံက ထရပ်သည်။

"ကျေးဇူးတင်တယ် ကိုယ် သူများတွေကျွေးတာ မစားတတ်ဘူး မိန်းကလေး"

ခပ်ပြတ်ပြတ်ဆိုကာ သူ လှည့်ထွက်သွားတော့ ရွှေရုပ် စိတ်မကောင်း မျက်နှာလေးနှင့် ကျန်ရစ်ခဲ့သည်။

"ဒီသူငယ် တကယ်ဆက်ဆံရေး ညံ့ဖျင်းတဲ့ သူပဲ စောစောက အန်ကယ် ဒန်ပေါက် စားပါဦး ဖိတ်တော့လည်း ဒီအတိုင်းပြောတယ် လူမှုဆက်ဆံရေးကတော့ အတော်ဆိုးတယ်ကွဲ့"

အန်ကယ်ကြီးက မှတ်ချက်ပြုသည်။ ရွှေရုပ် ဘာမှ တုံ့ပြန်မဆိုမိဘဲ အန်ကယ်ကြီးနှင့်ပဲ ထမင်းစားလိုက်မိသည်။

စိတ်ထဲမှာတော့ ရွှေရုပ် အတော်ပဲ ဝမ်းနည်းနေမိ၏။

ရွှေရုပ် သူ့ကို ခင်မင်ကျွမ်းဝင်မိတာ ကိုကိုဘုန်းစကြာနှင့်



ခွဲမရအောင် တူနေတာမို့ပါ။ ကိုကိုဘုန်းစကြာ ဖြစ်နေမလားလို့လည်း ရွှေရုပ် သိချင်လှတာမို့ စကားပြောခွင့်ရအောင် ကြိုးစားနေမိခြင်းပါ။

ဒါပေမဲ့ သူ့ရဲ့ ဆက်ဆံမှုတွေက ရွှေရုပ်နှင့် မပတ်သက်ချင်သည့်ပုံ ပြနေတော့လည်း

ရွှေရုပ် စိတ်မကောင်းစွာနှင့် သူ့ကို စကားမပြောမိအောင် ကြိုးစားနေလိုက်ရ၏။

စားသောက်ခန်းက သူ ပြန်လာတော့လည်း တစ်ယောက်တည်း စာအုပ်တစ်အုပ်နှင့်ပဲ အချိန်ကုန်သည်။

ရွှေရုပ် ဘက်ကို ယောင်လို့တောင် တစ်ချက်မကြည့်တော့ ရွှေရုပ် ရင်ထဲမှာ ဝမ်းနည်းမိသလိုကို ခံစားရသည်။

သူဟာ ကိုကိုဘုန်းစကြာ လား။ မသေချာသေးတာတောင် ရွှေရုပ် ရင်ထဲမှာ ခံစား ဝမ်းနည်း နေမိတာ။

အခုလို ရွှေရုပ်ကို မပတ်သက် မရင်းနှီးချင်သည့် သူက ကိုကို ဘုန်းစကြာသာ ဖြစ်နေခဲ့လျှင်

ရွှေရုပ် ငိုမိမယ်ထင်ရဲ့။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

မန္တလေး ဘူတာမှာ ရထားဆိုက်တော့ ရွှေရုပ်ကို လာကြိုနေသည့် အန်ကယ် ဦးကံဆင့်ကို တွေ့လိုက်ရသည်။

"သမီး အန်ကယ် ဒီမှာ"

ရွှေရုပ်အနီး အပြေးရောက်လာသော အန်ကယ် ဦးကံဆင့်ကို ခေါင်းညိတ် ပြုံးပြရင်း ရွှေရုပ် ဟိုဟိုသည်သည် မျက်လုံးကလေး ဝေ့ရှာဖွေနေတော့

"သမီး ဘာဖြစ်လို့လဲ ဘာရှာနေတာလဲကွဲ့"

ရွှေရုပ် ရှာဖွေနေတာ ကိုကိုဘုန်းစကြာနှင့် တူသည့်သူဟု ရွှေရုပ် မပြောဖြစ်တော့ပါ။ ခေါင်းကလေးကိုပဲ ခါရမ်းပြရင်း

"ဘယ်သူမှ မရှာပါဘူး အန်ကယ် ရထားပေါ်မှာတုန်းက ခင်မင်ခဲ့တဲ့ မိတ်ဆွေပါ"



ရွှေရုပ် အရေးမကြီးသလိုလေး ပြောရင်း ပင့်သက်ချိုးကလေး ချိုက်မိသည်။ ရထားပေါ်မှ ဆင်းလျှင် ထိုလူကို ဘုန်းစကြာလားဟု မေးဖို့ ကြံမိသေးတယ်။

ရွှေရုပ် ပြုံးပြတာကို ရှုတည်တည်ပြန်ကြည့်ပြီး ခရီးဆောင်အိတ် ဆွဲကာ ရှေ့က ထွက်သွားတာမို့ မမေးဖြစ်လိုက်ပါ။

"လာ သမီး အန်ကယ် ကားက ဟောဟိုနားမှာ ရပ်ထားတာ"

ရွှေရုပ် လက်ထဲက အိတ်ကို လှမ်းယူဖို့ လက်ကမ်းနေသော အန်ကယ် ဦးကံဆင့်ကို ရွှေရုပ် လက်ကာတားရင်း

"ရတယ် အန်ကယ် အိတ်က သိပ်မလေးပါဘူး သမီး အဝတ်အစားတွေပါလို့ သမီးဘာသာ သယ်ပါရစေ"

"ဒါဆို ဆွဲခြင်းလေး အန်ကယ် ယူခဲ့ပေးမယ်"

အစားအသောက်နှင့် ရေဘူး၊ ဓာတ်ဘူးတွေပဲ ထည့်ထားတာမို့ ခြင်း လှမ်းပေးလိုက်သည်။ ပြီးတော့ အန်ကယ် ဦးကံဆင့် အနောက်က လိုက်ခဲ့သည်။

မတွေ့တော့ဟု ထင်မှတ်ထားသော သူ့ကို တက္ကစီ တစ်စီး အနားမှာ ရွှေရုပ် တွေ့လိုက်သည်။

သူကလည်း ရွှေရုပ်တို့ကို လှမ်းမြင်သွားပုံပါပဲ။ လှမ်းကြည့်



www.burmeseclassic.com

www.burmeseclassic.com



ရွှေရှ် ပြုံးပြုံးရယ်လိုက်ရင်း မင်းသက်နေတုန်းမှာ သူက ရွှေရုပ်တို့ဆီ ခြေလှမ်းကျဲကြီးတွေနှင့် လျှောက်လာသည်။

ရွှေရုပ်ကို မှတ်မိသွားတာလား။ လာနှုတ်ဆက်တာလား။ ရွှေရုပ် ဝေခွဲမရ ဖြစ်နေတုန်း

"အန်ကယ်ဆင့်"၊

"ဟင် မောင်စကြာ"

အန်ကယ်ဦးကံဆင့် မယုံနိုင်သလို တအံ့တသြနှင့် မင်းသက်နေတာ အတော်ကြာသည်။ ရွှေရုပ်လည်း မျက်လုံးလေးတွေ ဝိုင်းစက်လို့ ပါးစပ်ကလေး အဟောင်းသား ဖြစ်နေမည်မှာ သေချာ၏။

သူနဲ့ အန်ကယ်နှင့် သိနေသည်ပေါ့။ ပြီးတော့ အန်ကယ် နှုတ်က ရွတ်ဆိုလိုက်တဲ့ သူ့အမည် စကြာတဲ့၊

ဒါဆို ကိုကိုဘုန်းစကြာပဲပေါ့။

"မောင် မောင်စကြာ ဘယ်တုန်းက မန္တလေး ရောက်နေတာလဲ အန်ကယ်ကို မင်းပြောတော့ နောက်တစ်ပတ်လောက်မှ ရောက်မယ်ဆို"

"ကျွန်တော် မြန်မာပြည် ရောက်နေတာ ဆယ်ရက်လောက် ရှိပြီ။ မန္တလေးကို အခုရထားနဲ့ ပါလာတာပါ။ ရန်ကုန်မှာ ကိစ္စရှိလို့ နေ



နေတာ"

"ဟာကွာ မင်းနယ် ဖုန်းဆက်သင့်တာပေါ့"

"ဆောရီး အန်ကယ်ဆင့် ရောက်မယ့်ရက် ပြောထားပြီးမှ ကြိုရောက်နေတော့ တမင်ဖုန်းမဆက်ဘဲ နေလိုက်တာပါ။ ချက်ချင်းလည်း မန္တလေးကို မလာနိုင်သေးလို့ပါ"

သူဆိုတော့ ဦးကံဆင့် ခွင့်လွှတ်နားလည်စွာ ခေါင်းညိတ်သည်။ ပြီးမှ ရွှေရုပ်ကို သတိရသွားဟန်နှင့် လှည့်ကြည့်ရင်း

"မောင်စကြာ သူက ရွှေရုပ်ကလေး လေ"

ဦးကံဆင့် ပြောမှ သူ ရွှေရုပ်ကို လှည့်ကြည့် ခေါင်းညိတ်ရင်း

"နာမည်က အခု အန်ကယ် ပြောမှသိတယ် ရထားပေါ်မှာ တော့ မျက်နှာချင်းဆိုင် အတူထိုင် ပါလာတာပါ"

"ဟေ ဟုတ်လား သမီး"

ဦးကံဆင့် ရွှေရုပ်ကို လှည့်ကြည့်ပြီး မေးသည်။ ရွှေရုပ် ခေါင်းကလေး ညိတ်ပြရင်း

"ဟုတ်တယ် အန်ကယ် ကိုကိုဘုန်းစကြာကို မြင်ရုံနဲ့ ရွှေရုပ် သိပါတယ်"

"ဟင် ဘယ်လို မင်းလေးက ကိုယ့်ကို သိတယ် ဟုတ်လား"

မျက်ခုံး စိမ်းစိမ်းတွေ စုကျုံ့ပြီး သူမေးတော့ ရွှေရုပ် ခေါင်း

www.burmeseclassic.com

www.burmeseclassic.com



"[illegible]တယ် ကိုကိုရဲ့ဓာတ်ပုံကို ရွှေရုပ် မြင်ဖူးထားတာပဲ"

"ဟုတ်တယ် မောင်စကြာ မင်း ဟိုကထည့်ပြီး ပေးလိုက်တဲ့ စာအုပ်တွေထဲမှာ မင်းဓာတ်ပုံ ပါလာဖူးတယ်၊ ရွှေရုပ် လုပ်ချင်တယ် ဆိုလို့ အနံကယ် ပေးထားတာကွ"

သည်တော့မှ သူ မျက်ခုံးတွေ ပြေလျော့သွားကာ ခေါင်းညိတ်သည်။ ရွှေရုပ်ကိုတော့ စူးစူးနစ်နစ် ကြည့်နေဆဲ။

"ကိုကို ဓာတ်ပုံကို ရွှေရုပ် ရထားတာကြာပြီ၊ ဒါကြောင့် ရထားပေါ်မှာ ကတည်းက ကိုကိုနဲ့ တူလိုက်တာ[illegible]ပြီး အံ့ဩသွားတာ"

"ဖြစ်ရမယ် ဘာပဲဖြစ်ဖြစ် မေးဖြစ်လိုက်ရင် အဲဒီကတည်းက ကိုယ်တို့ သိကြပြီပေါ့ကွာ"

အခုတော့လည်း ကိုကိုမျက်နှာက ပျော့ပြောင်းပြီး ခင်မင်စရာ ကောင်းနေသည်။ ရထားပေါ်မှာတုန်းကနှင့် ဘယ်လိုမှ မတူ။

"ရွှေရုပ် မေးချင်လို့ ကိုကို့ကို ခင်မင်အောင် မိတ်ဖွဲ့နေတာ ပေါ့ ကိုကိုက တည်တည်တံ့တံ့ကြီးဆိုတော့ ရွှေရုပ် မမေးရဲတော့တူးလေ"

ရွှေရုပ် စကားကြောင့် ကိုကို ပြုံးသည်။ ပထမဆုံး မြင်လိုက်ရသော ကိုကို အပြုံးပါပဲ။ ဓာတ်ပုံထဲမှာလည်း ရှုတည်တည်။ ရထားပေါ်





[illegible]ည်း ကိုကိုအပြုံးကို ရွှေရုပ် မမြင်ခဲ့ရပါ။

"ဆောရီးကွာ ကိုယ်က ဒီလိုပဲ နေတတ်လို့ကွ မင်းကိုမမြင် [illegible]တော့ ဘယ်သိမှာလဲ"

"ဖြစ်ရမယ် အေး ငါကလည်း သမီး ရွှေရုပ် ဓာတ်ပုံတစ်ပုံ [illegible]ာက် မင်းဆီ ပို့ပေးထားသင့်တာကွ"

အနံကယ် ဦးကံဆင့်က ဝင်ပြောသည်။ ရွှေရုပ်ကတော့ ကိုကို [illegible]နှာကို အခုမှပဲ အသေအချာ အကဲခတ်ကြည့်နေမိတော့၏။

ရှင်းသန့်သော မျက်နှာက ဓာတ်ပုံထဲကထက် နုနေသလို [illegible]ကိုရဲ့ အရပ်အမောင်းကြီးကလည်း မြင့်မားလိုက်တာ။

ရွှေရုပ် ပိုလို့ ဝမ်းသာကြည်နူးနေမိတာ ကိုကိုရဲ့ မျက်ဝန်းတွေ [illegible] ရွှေရုပ်ကို နှစ်လိုခင်မင်စွာ ရှိနေတာကြောင့်ပဲ ဖြစ်၏။

"ကဲ မောင်စကြာ မင်းအနံကယ် အိမ်လိုက်ခဲ့ကွာ"

"မဖြစ်သေးဘူး အနံကယ်ဆင့် ကျွန်တော့်မှာ ကိစ္စလေးတွေ [illegible]သေးတယ်"

"ဟင် ဒါဆို မင်းက ဘယ်မှာ တည်းမှာလဲ"

"ဒီအတွက် မပူပါနဲ့ အနံကယ်ဆင့် မန္တလေးမှာ ကျွန်တော့် [illegible]ငယ်ချင်းရှိတယ် သူပိုင်တဲ့ ခြံနဲ့တိုက်မှာ ကျွန်တော်နေဖို့ စီစဉ်ထား[illegible] ကြိုက်သလိုနေလို့ ရပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ကိုကို့စကားကြောင့် ရွှေရုပ် မျက်နှာလေး ညှိုးသွားခဲ့၏။ ကိုကိုက ရွှေရုပ်တို့နှင့် အတူနေမှာ မဟုတ်ဘူးတဲ့လား။

"ကိုကို ရွှေရုပ်ဆီ မလာတော့ဘူးလား ဟင် ရွှေရုပ် ကိုကို့ကို သိပ်တွေ့ချင်နေခဲ့တာ ရွှေရုပ် အမြဲတမ်း ရင်ထဲမှာ ရှိနေတာ တစ်ခုရှိ တယ် ရွှေရုပ်မှာ အစ်ကိုတစ်ယောက် ရှိနေတယ်လို့"

ရွှေရုပ် ရင်ထဲက ခံစားချက်အတိုင်း ဆိုမိတော့ ကိုကို ရွှေရုပ် ကို စူးစူးနစ်နစ်လေး စိုက်ကြည့်နေသည်။ ပြီးမှ ခေါင်းတစ်ချက်ညိတ် ပြုံးရင်း

"ကိုယ်လာမှာပါ ရွှေရုပ်ကလေး မနက်ဖြန်မဟုတ်ရင် သဘက် ခါတော့ရောက်မယ်"

မရေမရာ ကိုကို စကားကြောင့် ရွှေရုပ် နှစ်ရက်လောက်တော့ မျှော်ရဦးမှာ သေချာသည်။

"အင်း မင်းအလုပ်ကိစ္စ ရှိနေရင်လည်း လုပ်ပါဦး မောင်စကြာ ဒီနှစ်ရက်အတွင်းတော့ လာခဲ့ပါ အန်ကယ်တို့ မျှော်နေမယ်"

"ဟုတ်ကဲ့ အန်ကယ်ဆင့် ကျွန်တော်သွားမယ် တက္ကစီက ငှားပြီးနေပြီ ရွှေရုပ်ကလေး ကိုယ့်ကို ခွင့်ပြုဦး"

နှုတ်ဆက်ပြီး ကိုကို လှည့်ထွက်သွားတော့ ရွှေရုပ် ရပ်ငေး ကြည့်နေမိဆဲ။



ကိုကို ခြေလှမ်းကျဲကြီးတွေနှင့် တက္ကစီကားဆီ လျှောက်သွား ပြီး တံခါးဖွင့်တက်သည်။

ရွှေရုပ်တို့ဆီ တစ်ချက်လှည့် အကြည့်မှာ ရွှေရုပ်လက်ကာ ပြ နှုတ်ဆက်မိသည်။ ကိုကို ခေါင်းကလေးညိတ် လက်ပြသွားခဲ့၏။

"သွားစို့ သမီး မောင်စကြာ နှစ်ရက်အတွင်းတော့ ရောက်လာ မှာပါ"

အန်ကယ် ဦးကံဆင့် စကားကို ရွှေရုပ် ခေါင်းကလေးညိတ်ပြ မိသည်။

ရွှေရုပ် ရင်ထဲမှာ မျှော်နေမိတာတော့ အသေအချာ။

ရွှေရုပ် မြင်ချင်တွေ့ချင်လှတဲ့ ကိုကိုဘုန်းစကြာနှင့် တကယ်ကို ဆုံတွေ့ခဲ့ရပြီပေါ့။

ကိုကိုရယ် နေ့စဉ်တိုင်း ရွှေရုပ် တောင်းဆိုမိတဲ့ ဆုတောင်း ပြည့်ခဲ့ပြီလေ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

ညက တစ်ညလုံး ရွှေရုပ် အိပ်မပျော်ခဲ့ပါ။ ကိုကိုနှင့် ဆုံချင်သော ဆန္ဒသည် ရွှေရုပ် အတွက် စိတ်ကူးယဉ်ဆန်သော အိပ်မက် အဖြစ်ပဲ ရှိခဲ့သည်။

ရွှေရုပ်ရဲ့ မွေးစားဖေဖေ ဦးလှမွန်ရဲ့သား ဘုန်းကြော်ဆိုတာ ရွှေရုပ်ရဲ့ အစ်ကို ရင်းချာလိုပဲ ရွှေရုပ် စိတ်က အမြဲသတ်မှတ် ထားခဲ့တာပါ။

နယူးဇီလန်မှာ ရောက်နေတဲ့ ကိုကိုနှင့် ဆုံဖို့ဆိုသည်က ရွှေရုပ် အတွက် စိတ်ကူးအိပ်မက် ဖြစ်ခဲ့သည်။

ရွှေရုပ် မထင်မှတ်တဲ့ ဓာတ်ပုံထဲမှာသာ မြင်ဘူးသည့် ကိုကိုသည် ခုတော့ ရွှေရုပ် ရှေ့မှောက်ကို ရောက်နေခဲ့ပြီ။





ဒါပေမဲ့ ရွှေရုပ်ဆီကို ဒီအရွယ်ထိ တစ်ကြိမ်တစ်ခါမှ ကိုကို နှုတ်ဆက် စာလေးတစ်စောင် မရေးခဲ့တာတော့ ရွှေရုပ် ဝမ်းနည်းမိတာ အမှန်။

ရွှေရုပ် သတ်မှတ်သလို ကိုကို မသတ်မှတ်တာလား။ မနေ့က တော့ ကိုကို မျက်ဝန်းတွေထဲမှာ ရွှေရုပ်ကို ခင်မင်သည့် အရိပ်တွေ [illegible]င်နေသည်ဟု ရွှေရုပ် ယုံသည်။

အတွေးစတွေကို ဖြတ်ကာ ရွှေရုပ် ခုတင်ပေါ်က လူးလဲထ လိုက်သည်။

စားပွဲပေါ်က နာရီကို ကြည့်တော့ မြောက်နာရီကျော် စလေးပဲ [illegible]။ ညက အိပ်မပျော်ပေမယ့် ရွှေရုပ် စောစောနိုးတတ်တာ အ ချိန် ဖြစ်နေပြီလေ။

အန်ကယ် ဦးကံဆင့်ရဲ့ အိမ်ကြီးက ရွှေရုပ်နှင့် စိမ်းသက်နေ [illegible] မဟုတ်တာဘဲ။ နွေကျောင်းပိတ်ရက်တိုင်း ရွှေရုပ် ရောက်တတ် သည့် နေရာပဲလေ။

ရွှေရုပ် အတွက် သတ်မှတ်ပေးထားသော သည်အိပ်ခန်းလေးက [illegible]မှာ ပိုပြီး နွေးထွေးနေသလို ရှိသည်။

စားပွဲပေါ်မှာ မှန်ဘောင်လေးသွင်းကာ တင်ထားသော ဓာတ် ပုံထဲမှ ကိုကိုဘုန်းကြော်ကို ရွှေရုပ် ပြုံးပြမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ ရေချိုးခန်းဘက် လှမ်းခဲ့ကာ ကိုယ်လက် သန့်စင်သည်။ အခန်းထဲ ပြန်ရောက်တော့ ညဝတ်ဂါဝန် ပါးလေးကို လဲလှယ်ပြီး ဇာပန်းကွပ်လေးတွေ ပါသော အပြာနုရောင် ဝတ်စုံလေးနှင့်ပဲ အခန်းထဲက ထွက်ခဲ့သည်။

"ကလေး နိုးပြီလား၊ အခုပဲ ဒေါ်နီ လာနှိုးတော့မလို့"

"နိုးပြီ ဒေါ်နီ အန်ကယ်နဲ့ ကြီးကြီးကောဟင်"

"ကိုကြီးဆင့်က ကော်ဖီဝိုင်းမှာ သမီးကို စောင့်နေတယ်၊ မမရင်က ကော်ဖီဝိုင်းမှ မဆင်းတတ်ဘဲ"

ဒေါ်နီပြောမှ ရွှေရုပ် သတိရသွားမိ၏။ ကြီးကြီး ဒေါ်သိမ်းရင်က ထသွားထလာ လွယ်တာ မဟုတ်တော့ ကော်ဖီဝိုင်းကို ဆင်းမလာတတ်ပါ။

သူမ အခန်းထဲ ပို့ပေးတတ်ရသည်ပဲ။

"မမရင်လည်း နိုးနေပါပြီ၊ ဒေါ်နီ ကော်ဖီသွားပို့လိုက်မယ် ကိုကြီးဆင့်နဲ့ သမီး စကားပြောလိုက်ပေါ့"

သည်အိမ်ကြီးမှာ ထမင်းချက် တာဝန်ယူထားရသော ဒေါ်နီက ရွှေရုပ်ကိုတော့ ခင်မင်ပါသည်။ နွေကျောင်းပိတ်ရက် လာလည်တိုင်း ရွှေရုပ် အတွက် အဖော်က ဒေါ်နီပဲလေ။

ဒေါ်နီနှင့်ပဲ စကားတွေပြော မီးဖိုထဲမှာ ကူညီလုပ်ကိုင်ပေးတတ်



သည့် ရွှေရုပ်ကို ဒေါ်နီက ချစ်ခင်သည်။

ကော်ဖီဝိုင်းကို ရောက်တော့ အန်ကယ် ဦးကံဆင့်က ပြုံးပြုံး နှုတ်ဆက်ရင်း

"ထိုင် သမီး ညက အိပ်ပျော်ရဲ့လား"

"သိပ် သိပ် မပျော်ဘူး အန်ကယ် ဟိုတွေး သည်တွေး တွေးနေလို့ပါ"

"အိပ်ရာပြောင်းစ ဆိုတော့ ဖြစ်တတ်ပါတယ်၊ သမီး ဘာမှ အားမနာစရာ မရှိဘူးနော် လွတ်လွတ်လပ်လပ် နေပေါ့"

"ဟုတ်ကဲ့ပါ အန်ကယ်၊ ရွှေရုပ် အိပ်မပျော်တာ ကိုကိုနဲ့ မျှော်လင့်ဘဲ ပြန်ဆုံမိတာကြောင့်လည်း ပါ ပါတယ်"

ဦးကံဆင့် နားလည်စွာ ခေါင်းညိတ်ရင်း

"အင်း မောင်စကြာ ရောက်လာမှာကို သမီး ဒီရောက်မှ အန်ကယ် ပြောပြမလို့ကွဲ သူက မထင်မှတ်ဘဲ စောပြီးရောက်လာတာ"

"ကိုကို မြန်မာပြည်ကို ခဏလာတာလား အန်ကယ်"

ရွှေရုပ် အသိချင်ဆုံး မေးခွန်းကိုပဲ မေးမိသည်။

"အန်ကယ် အသေအချာ မသိသေးဘူး သူလာမယ်လို့ ပြောတယ် သမီးနဲ့ တွေ့ချင်တာလည်း ရှိတယ်တဲ့"

"ရွှေရုပ် ကလည်း ကိုကိုနဲ့ အရမ်းတွေ့ချင်နေတာ မထင်မှတ်

www.burmeseclassic.com

www.burmeseclassic.com



ဘဲ ဆုံလိုက်ရတော့ ပြောမပြတတ်အောင်ဘဲ''

''သူ ဒီနှစ်ရက်အတွင်း လာမယ်လို့ သမီးကို ကတိပေးခဲ့တာ ပဲလေ ရောက်လာမှာပါ၊ အန်ကယ် အထင်တော့ သမီးနဲ့ လုပ်ငန်းကိစ္စတွေ ပြောစရာရှိတယ် ထင်တယ်''

''ရှင် လုပ်ငန်းကိစ္စတွေ ဟုတ်လား''

ရွှေရုပ် တကယ်ပဲ နားမလည်နိုင်စွာ မေးမိသည်။ ဦးကံဆင့်က ခေါင်းတစ်ချက်ညိတ်ကာ လက်ကျန်ကော်ဖီကို မော့သောက်၏။ ပြီးမှ

''သမီး ဖေဖေနဲ့ မောင်စကြာ အဖေက ပါတနာတွေလေ သမီး ဖေဖေရဲ့ လုပ်ငန်းအကျိုးကို ကိုလှမွန် ဆက်တာဝန်ယူ ပေးထားတယ်၊ ကိုလှမွန် မရှိတော့ မောင်စကြာကို လွှဲခဲ့မှာပေါ့၊ သူလာတာ အဲဒီကိစ္စတွေလို့ ယူဆရတာပဲ''

ရွှေရုပ် စိတ်ကလေး ရှုပ်ထွေး ညစ်ညူးသွားမိသည်။ ရွှေရုပ် ကိုကိုနှင့် တွေ့ချင်တာ အဲဒါတွေကြောင့် မဟုတ်ပါ။ အထီးကျန်တဲ့ ရွှေရုပ်ဘဝမှာ အားကိုးတွယ်တာစရာ အစ်ကိုတစ်ယောက်ကို ပြန်ဆုံချင်တာကြောင့် ဖြစ်သည်။

''ရွှေရုပ် အဲဒါတွေ စိတ်မဝင်စားဘူး အန်ကယ်၊ သိလည်း မသိပါဘူး၊ ရွှေရုပ် ကိုကိုနဲ့ပဲ ဆုံချင်တာပါ''



ရွှေရုပ် စကားတွေကို နားထောင်ရင်း ဦးကံမြင့် အတန်ကြာ ငေးမော စိုက်ကြည့်နေ၏။

''အင်း သမီးလေး စိတ်ကို အန်ကယ်သိပါတယ်၊ ဒါပေမဲ့ သမီး ဖေဖေ စီစဉ်ထားတဲ့ ကိစ္စတွေ ရှိသေးတယ်လေ''

ရွှေရုပ် စိတ်တွေ ပိုရှုပ်ထွေး ချင်လာသည်။ အန်ကယ်ဆီမှာ …ကြောင်းထပ် ဓာတ်ပြားကြီးကို နားထောင်ရဦးမှာ သိနေ၏။

''အခု သမီးအသက် နှစ်ဆယ်ရှိပြီ၊ မကြာခင် နှစ်ဆယ့်တစ်နှစ် ပြည့်မယ်လေ၊ အဲဒီအချိန်ကျရင် အန်ကယ်က သမီးဖေဖေ မှာခဲ့တဲ့ အတိုင်း အမွေတွေ လွှဲပေးရမယ်၊ အဲဒီကာလ မတိုင်ခင် သမီးကို စောင့်ရှောက်ရမှာလည်း အန်ကယ်ရဲ့ တာဝန်ပဲ သမီး''

''အဲဒါတွေ ထားပါဦး အန်ကယ် ကိုကို ဒီနေ့ လာမယ်ထင် …တယ်နော်''

ရွှေရုပ် တမင် စကားလမ်းကြောင်း ပြောင်းကာ မေးသည်။ …ရှုပ်စရာကောင်းတဲ့ စကားတွေကို မကြားချင်ပါ။ ရွှေရုပ် လိုချင်တာ …တွေ ခနတွေမှ မဟုတ်ဘဲလေ။

''မောင်စကြာ လာမယ်လို့ တထစ်ချ မမျှော်နဲ့ဦး သမီး သူ… …ရက်အတွင်း ပြောထားပုံထောက်ရင် ဒီနေ့လာမယ် မထင်ဘူး အဲ… …ဖြန့်တော့ ရောက်မယ်ထင်တယ်''

www.burmeseclassic.com

www.burmeseclassic.com



ရွှေရုပ် ရင့်မောသွားမိသည်။

အန်ကယ် ဦးကံဆင့် ထင်မြင်ချက် ပေးသွားပေမယ့် ရွှေရုပ် ထိုနေ့က ကိုကို့ကို မျှော်မိတာ တစ်နေကုန်။

ဒါပေမဲ့ ညနေသာ စောင်းသွားသည် ကိုကို့ အရိပ်ကို မမြင်ခဲ့ပါ။ အန်ကယ် ဦးကံဆင့် ပြန်လာတော့ ပြောသည်။

ကိုကို ဖုန်းဆက်သည်တဲ့။ မနက်ဖြန်မှ ရွှေရုပ်ဆီ သူလာနိုင်မည် တဲ့လေ။

ကိုကိုရယ်၊ ရွှေရုပ်အတွက် ကိုကို့မှာ အချိန်တွေရှားပါးနေခဲ့ သလားဟင်။

ရွှေရုပ် ဝမ်းနည်းလိုက်တာ။

■ ■ ■

## အခန်း (၈)

နောက်တစ်နေ့မှာလည်း ကိုကို့ကို ရွှေရုပ် မနက်ကတည်းက [illegible]နေပြီသည်။ ဒါပေမဲ့လည်း ကိုကို ရောက်မလာခဲ့ပါ။

နေ့လည်ခင်းမှာလည်း ကိုကို့ကို ရွှေရုပ် ခြံထဲအထိ ဆင်းကာ [illegible]ပြီသည်။ အချိန်တွေ တရွေ့ရွေ့ ကုန်ဆုံးသွားသလို ရွှေရုပ်လည်း [illegible]ညှိုလေးတွေတောင် ရစ်ဝိုင်းချင်လာသည်။

ရွှေရုပ် အပေါ်မှာ ကိုကို အလေးမထားတာလား။

ကိုကို မြန်မာပြည်ကို ပြန်ရောက်လာတာ ရွှေရုပ်အတွက်ဟု [illegible] အန်ကယ် ပြောခဲ့သည်။ ဒါပေမဲ့ ကြည့်ရတာ ကိုကို့မှာ အလုပ် [illegible]ဘယ်ကို ရှုပ်ထွေးနေသည့်ပုံ ဖြစ်နေသည်။

ကိုကို့ အရိပ်ကို မျှော်ရင်း ရွှေရုပ် ဝမ်းနည်းမျက်ရည်လေး

www.burmeseclassic.com

www.burmeseclassic.com



တွေတောင် စိုချင်လာသည်။

တစိမ့်စိမ့် တွေးရင်း ရွှေရုပ် နားလည်ခံစားလာမိတာက ရွှေရုပ်နှင့် ပတ်သက်ပြီး အားလုံးက တာဝန်ဝတ္တရားတစ်ခုလို လုပ်ဆောင်နေခဲ့သည်လား။

ရွှေရုပ် ရင်ထဲက ခံစားချက်ကို ဘယ်သူမှ မမြင်နိုင်ကြဘူးလား။ အန်ကယ်သည်လည်း ရွှေရုပ်ရဲ့ အမွေကိစ္စတွေ အတွက်ပဲ ရွှေရုပ်ကို စောင့်ရှောက်နေခဲ့တာ ထင်သည်။

ကိုကိုသည်လည်း ရွှေရုပ်ဆီ ရောက်လာတာက ရွှေရုပ် စိတ်ထဲက ထင်မှတ်ထားသလို ရွှေရုပ်ကို ခင်မင်တွယ်တာကြောင့် မဟုတ်ဘူး ထင်၏။ ရွှေရုပ် ဘဝက တကယ့်ကို အထီးကျန်ပါပဲ။

ညနေ လေးနာရီ ထိုးလုခါနီးအထိ ကိုကို ရောက်မလာတော့ ရွှေရုပ် စိတ်ကလေးလျှော့ကာ အိမ်ထဲပြန်ဝင်ဖို့ ပြင်သည်။ ထိုအခိုက်မှာပဲ ကားကလေးတစ်စီး ခြံထဲကို မောင်းဝင်လာတာ မြင်၏။

အန်ကယ်ရဲ့ ကားလေး မဟုတ်တာ သေချာသည်။

နက်ပြာရောင် ပါရာဒိုကားလေးက ဆင်ဝင်အောက်မှာ ထိုးရပ်သည်။ အသုပိတ်ထားသည့် မှန်တံခါးတွေ လျှောခနဲ ပွင့်သွားတော့ ကိုကိုရဲ့ မျက်နှာကို ရွှေရုပ် မြင်လိုက်ရပါသည်။

"ဟင် ကိုကို"



ကားတံခါးဖွင့်ပြီး ကိုကိုဆင်းလာသည်။ နက်ပြာရောင် စပို့ရှပ်အင်္ကျီနှင့် ဘောင်းဘီကလည်း အနက်ရောင်မို့ ကိုကို့အသွင်က ထင်းနေသည်။

ဖြူပင်းနေသော အသားအရည်က ပိုလို့ ပေါ်လွင်စေ၏။

ရွှေရုပ် အနားထိ တစ်လှမ်းချင်း လျှောက်လာပြီးရပ်တော့ ခြောလွန်းသော ကိုကို အရပ်အမောင်းကြီးကြောင့် ရွှေရုပ် မော့ကြည့်ရသည်။

"ရွှေရုပ် ခြံထဲမှာ လမ်းလျှောက်နေတာပေါ့လေ"

"မဟုတ်ဘူး မနက်ကတည်းက ကိုကို့ကိုမျှော်နေတာ ကိုကို လာတော့ဘူး ထင်လို့"

ရွှေရုပ် မျက်နှာကလေး ဝင်းပကြည်လင်နေတာကိုပဲ ကိုကို ကြည့်နေမှာပါ။ တကယ်လည်း စောစောက ငိုမဲ့မဲ့ မျက်နှာကလေးနှင့် လုံးဝ တခြားစီလေ။

"ကိုယ်လာမှာပေါ့ ကိုယ့်သူငယ်ချင်းနဲ့ ကိစ္စတွေ မပြတ်သေးလို့ အခုမှပဲ နောက်ကျသွားတာပါကွ"

ကိုကို နှုတ်က ရွှေရုပ်ကို ရင်းနှီးကျွမ်းဝင်စွာ ပြောနေတော့ ရွှေရုပ် ဝမ်းသာမှုနှင့် မျက်ဝန်းလေးတွေ တောက်ပနေခဲ့၏။

"အန်ကယ်ဆင့် ပြန်မရောက်သေးဘူး မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း မရောက်သေးဘူး ကိုကို"

"ရွှေရုပ်ကို ကိုကိုလာခေါ်တာ ညနေစာ လိုက်ကျွေးမလို့ ရွှေရုပ်ကလေး လိုက်နိုင်မလား"

ရွှေရုပ် ခေါင်းကလေးတွေ ပုတ်သင်ညိုလေး တစ်ကောင်လို ညိတ်သည်။ ကိုကို ကျွေးမွေးတာကို စားချင်တာထက် ကိုကို ရောက်လာလို့ ရွှေရုပ် ပျော်နေတာအမှန်။

"ဒါဆို ရွှေရုပ် ရေမိုးချိုး ပြင်ဆင်လိုက်လေ ကိုကို ဧည့်ခန်းထဲက စောင့်နေမယ်"

"အင်း ကြီးကြီးနဲ့ စကားပြောရင်း ခဏလေးစောင့်ပါ ရွှေရုပ် မကြာစေရပါဘူးနော် ကိုကို"

ကိုကို မျက်နှာလေး တွေခနဲ အလိုမကျ ဖြစ်သွားတာကြောင့်လည်း ရွှေရုပ် တွေးမရ။ ဒါပေမဲ့ ကိုကိုက ချက်ချင်းပြန်ပြီး တည်တည်ငြိမ်ငြိမ် ထိန်းလိုက်နိုင်သည်။

"အေး စောင့်ရမှာပေါ့ကွာ ဒါပေမဲ့ ဒေါ်သိမ်းရင်ကြီးနဲ့တော့ ကိုယ် သိပ်အကြာကြီး စကားမပြောချင်ဘူး အဘွားကြီးက တကယ့် စကားပြောရတာ လက်ပေါက်ကပ်တယ်"

ကိုကို စကားကို ရွှေရုပ် နားလည်လက်ခံပါသည်။ ကြီးကြီးက ကျန်းမာရေးမကောင်းသည့် မသန်မစွမ်းသူ ဆိုတော့ ဘာကိုမှ အလို



ကျချင်သူ ဖြစ်သည်။

ဧည့်ခန်းထဲက ဆိုဖာထိုင်ခုံမှာ ကိုကို ထိုင်စောင့်နေတုန်း ရွှေရုပ် ကြီးကြီး အခန်းထဲကို ဝင်ခဲ့သည်။

အိမ်ကို ဧည့်သည်ရောက်လို့ သူမကိုမှ အကြောင်းမကြား အသိမပေးလျှင် ကြီးကြီး ဒေါ်သိမ်းရင် အလိုမကျ တပူပူလုပ်လို့မဆုံး။

"ကျုပ်ကို လူရာမသွင်းချင်ကြဘူးပေါ့ အေးပေါ့လေ ကျုပ်က အကြီးတကြီးကိုး"

လေသင်တုန်းကြောင့် နှစ်ရှည်လများ အောက်ပိုင်းချိနဲ့ သွားခဲ့သည့် ကြီးကြီးဘဝကိုတော့ ရွှေရုပ် စာနာပါသည်။ ဒါကြောင့်လည်း အခု ရွှေရုပ် ကိုယ်တိုင် ကြီးကြီးအခန်းထဲ ဝင်ခဲ့ကာ

"ကြီးကြီး ကိုကိုဘုန်းကြော ရောက်နေတယ်"

ခုတင်ပေါ်မှာ ပက်လက်ကလေးအိပ်ကာ စိပ်ပုတီးလေးနှင့် ငြိမ်သက်နေသော ကြီးကြီး ရွှေရုပ်ကို ငဲ့စောင်းကြည့်သည်။

"ဟုတ်လား ငါက သူရောက်မလာတော့ဘူး ထင်နေတာ"

"အခုပဲ ရောက်လာတာ ကြီးကြီး ရွှေရုပ်ကို ထမင်းစားဖိတ်လို့ ရွှေရုပ် လိုက်သွားချင်တယ် ကြီးကြီးဆီ လာခွင့်တောင်းတာ"

ကြီးကြီးကို ရွှေရုပ် အလေးထားသလို ပြောတော့ ကြီးကြီး ကျေနပ်သွားသလို ခေါင်းညိတ်ပြရင်း

www.burmeseclassic.com

www.burmeseclassic.com



"အင်း မိုးတော့ အရမ်းမချုပ်စေနဲ့နော် သမီး ကဲ သွားပြင်ဆင် အဝတ်အစားလဲချေဦး ဟဲ့ စောစော ငါ့ကို ဝိုးချဲလ်ပေါ် တင်ပေးစမ်းပါဦးအေ"

ကြီးကြီး အနားမှာ အမြဲတမ်း လိုအပ်သမျှ ကူဖော်ရအောင် မစောလှ ဆိုသော ကရင်အမျိုးသမီးကြီးကို အန်ကယ် ဦးကံဆင့်က စီစဉ်ပေးထား၏။ မစောလှက နာ့စ်ဆရာမဟောင်း တစ်ယောက်မို့ ဒေါ်သိမ်းရင်ရဲ့ ပြုစုမှု မှန်သမျှ နားလည် သည်းခံနိုင်စွမ်းသည်။

ကြီးကြီးကို စောစောနှင့် အတူတွဲပြီး ဝိုးချဲလ်ပေါ် တင်ပေးပြီးမှ ရွှေရုပ် ရေချိုးခန်းဘက် ထွက်ခဲ့၏။

ကိုကိုက ကြီးကြီးနှင့် အဲကြာကြီး စကားမပြောချင်ဟု ဆိုတာကြောင့် ရွှေရုပ် ကပျာကသီ ရေချိုးသည်။

အခန်းထဲဝင်ပြီး ရွှေရုပ် အဝတ်အစား ရွေးချယ်ရတာတော့ အတော့်ကို ခေါင်းစားပါသည်။ ရန်ကုန်က ပြန်လာတော့ အများကြီး မသယ်ပိုးချင်တာမို့ ရွှေရုပ် လိုချင်တာလေးတွေပဲ ထည့်ယူခဲ့တာ ဖြစ်သည်။

အဝတ်အစားတွေ ထပ်ဝယ်ချင်ပေမယ့် မဝယ်ဖြစ်သေးတော့ သိပ်မရှိပါ။

ရှိသည့် အဝတ်အစားတွေထဲက လိုက်ဖက်မည် ထင်သော



…တ်စုံကိုပဲ ရွေးချယ်သည်။ ကိုကိုက အနက်ရောင်ဝတ်စုံဆိုတော့ ကိုကို…နှင့် ကွဲပြားသော အရောင်တွေကို မဝတ်ချင်ပါ။

မရမ်းစေ့ရောင် ဝတ်စုံလေးကိုပဲ ရွေးချယ်လိုက်သည်။ ထဘီကို…ည်း အရောင်တူပဲ ဝတ်သည်။

ထွေထွေထူးထူး ပြင်ဆင်စရာ မလိုသော မျက်နှာလေးကိုတော့ …လေးပဲ ပြင်ဆင်ပြီး ပန်းနုရောင်ဖျော့ဖျော့ နှုတ်ခမ်းဆေးလေး တင်သည်။ …မောင်သော ဆံနွယ်တွေကို ရိုးရိုးလေးဖြစ်အောင် ပုလဲလုံးခေါင်းစည်း…လေးနှင့်ပဲ စုသိမ်းထားလိုက်သည်။

မိနစ်နှစ်ဆယ်ကျော်မှာပဲ ရွှေရုပ် ပြီးစီးသွားသည်။ ငွေရောင်…တ်ကိုင်အိတ်လေး လွယ်ကာ ရွှေရုပ် ထွက်ခဲ့တော့ ဧည့်ခန်းထဲမှာ …ကိုကိုနှင့် ကြီးကြီးတို့ စကားကောင်းနေကြသည်။

လှေခါးထစ်တွေအတိုင်း ဆင်းလာသော ရွှေရုပ်ကို မြင်တော့ …ကိုကို တဒင်္ဂတော့ ငေးငေးလေး စိုက်ကြည့်သည်။

ဒါကို သတိပြုမိသွားသော ကြီးကြီးက လှေကားဘက်ကို ဦး…ည့်ကြည့်ရင်း

"ဟော သမီးပြီးပြီလား ကဲ မောင်စကြာ ခေါ်သွားတော့…သာပဲဖြစ်ဖြစ် ရွှေရုပ်ကလေးကို မင်းခုလို ဂရုတစိုက် ရှိလို့ ကျုပ်က …ကျေးဇူးတင်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ကြီးကြီး စကားသံက လောင်သလိုလို အရိပ်သမ်းနေသည်ဟု ရွှေရုပ်ထင်သည်။ ကိုကို မျက်ခုံးတွေ ကျုံ့သွားပေမယ့် ဘာမှ မပြောပါ။

ကြီးကြီးကို နှုတ်ဆက်ကာ ရွှေရုပ်ကို လှမ်းကြည့်ရင်း

"သွားစို့ ရွှေရုပ်ကလေး"

"ရွှေရုပ် သွားမယ်နော် ကြီးကြီး"

သူမကို ခွင့်တောင်းနှုတ်ဆက်ပြီး ထွက်သွားသော ရွှေရုပ်ကလေးကို ဒေါ်သိမ်းရင် ငေးစိုက်ကြည့်မိသည်။

အချိုးကျ ပြေပြစ်သော ခန္ဓာကိုယ်လေးနှင့် သည်ကောင်မလေးဟိုး အရင်ကထက် ချောမော လှပလာတာတော့ အထင်အရှားပါပဲ။

နဖတ်ဝင်းမွတ်နေသော မျက်နှာလေးက ကြည်လင်လွန်းသည်။ မြင်ရတာ အေးချမ်းစေသည့် မျက်နှာကလေးပါပဲ။

ခင်ပွန်းဖြစ်သူက ဒီကလေးမလေးရဲ့ အမွေထိန်းအဖြစ် တာဝန်ယူ ခဲ့ရတာကြာပြီ။ ကိုယ်တိုင် တာဝန်မယူနိုင်တာမို့ ရန်ကုန်က ယောက်ဖြစ်သူကို တာဝန်ယူထားစေ၏။

ရွှေရုပ်ကလေး အသက် အခု နှစ်ဆယ်ကျော် စွန်းလာတဲ့အထိ ပါပဲ။

နောက်ထပ် အလွန်ဆုံး တာဝန်ယူရလျှင် တစ်နှစ်ပဲပေါ့။



ရွှေရုပ် အသက်နှစ်ဆယ် တစ်နှစ် တင်းတင်းပြည့်လျှင် ဖခင်ချန်ထားရစ်ခဲ့သော အမွေတွေ လွှဲပေးရမည်ဟု သူမ သိထားသည်။

သည်အချိန်နီးမှ ဘုန်းစကြာ ဆိုသည့်ကောင်လေး ရောက်လာတာ ဘာသဘောလဲ သူမ မသိပါ။ ဘုန်းစကြာရဲ့ ဖခင်က ရွှေရုပ်ကလေးကို မွေးစားဖခင်ဟု အမည်ခံပေးထားသူဟု သိထား၏။

ဒါပေမဲ့ ပြောရလျှင် ရွှေရုပ်ကလေးကို ဘယ်လောက်များ တာဝန်ကျေခဲ့လို့လဲ။ ကိုလှမွန် ခမြာ စောစောစီးစီး တိမ်းပါးသွားခဲ့တာမို့ သားဖြစ်သူ ဘုန်းစကြာပဲ ကျန်ရစ်ခဲ့သည်။

မွေးစားညီမအပေါ် နှစ်ပေါင်းများစွာ ပစ်ထားခဲ့သော သည်ကောင်လေး အခုမှ ရောက်လာတာ ဘာကြောင့်လဲ။

သူမ သံသယပွားမိတာ လွန်သလား။

ရွှေရုပ်နှင့် ဘုန်းစကြာဆိုတာ တကယ်ဆို မောင်နှမရင်းချာလည်း မဟုတ် အခုမှ လူချင်းဆုံမိကြတဲ့ သူနှစ်ဦး။

ဘာပဲဖြစ်ဖြစ် ရွှေရုပ်ကလေးကိုတော့ သူမ သတိပေးထားဦးမှပါ။

■ ■ ■

"ကြီးကြီးက ကိုကို့ကို ဘာတွေပြောသေးလဲဟင်"

ရွှေရုပ် အမေးစကားကြောင့် ကိုကိုပြုံးသည်။ ကိုကို့အပြုံးတွေ

www.burmeseclassic.com

www.burmeseclassic.com



က အသက်မပါတာ ရွှေရုပ် သိနေသည်။

ကြီးကြီး ဘာတွေများ ပြောလိုက်လို့လဲ မသိ။

"ထုံးစံအတိုင်းပေါ့ အမြဲတမ်း သူများကို သံသယ မျက်ဝ

တွေနဲ့ကြည့်ပြီး စိတ်ထင်တိုင်း ပြောတတ်တဲ့ မိန်းမကြီးပဲလေ သူ့ရင်

က သံသယတွေကို ကိုယ်မြင်ခဲ့ရတာပေါ့"

"ကြီးကြီးက ကိုကို့ကို ဘာသံသယတွေ ရှိနေလို့လဲဟင် ကို

ကြီးကြီး ဘာတွေ ဖြစ်ထားလို့လဲ"

ရွှေရုပ် ဘာမှ မသိတာမို့ ရိုးသားစွာပဲ မေးမိသည်။ ကိုကို

ကားကို မောင်းနေရာမှ ရွှေရုပ်ကို လှည့်ကြည့်သည်။

ကိုကို ဘာမှ မပြောဘဲ ရွှေရုပ် မျက်ဝန်းတွေထဲကို စိုက်

ကြည့်ကာ ရယ်ပြန်လှည့်သွားတော့။

"မင်းလေးက ကိုယ်ထင်တာထက်တောင် ဖြူစင်လွန်းတယ်

ရွှေရုပ်"

ရွှေရုပ် မျက်ဝန်းလေးတွေ ဝိုင်းကာ ကိုကို့ကိုပဲ နားမလည်

ကြည့်နေမိတော့။

ကိုကိုက နောက်ကြည့်မှန်ထဲမှ ရွှေရုပ်ကို ငေးကြည့်

ပြုံးပြန်သည်။

"ရွှေရုပ်ကလေး ဘာမှ မသိတာဘဲ ကောင်းပါတယ်"



ကိုကို ဘာကို ဆိုချင်တာလဲ ရွှေရုပ် မေးချင်ပေမယ့် မေးခွင့်

ကိုက်ပါ။ ကားလေးက ဟိုတယ်ကြီးရဲ့ ကားပါကင်မှာ ငြိမ့်ခနဲ ထိုးရပ်

တာမို့ ဘာမှ ဆက်မမေးဖြစ်ပါ။

ညွှန်ကြားဝန်ထမ်းက ရွှေရုပ်တို့ကို ဆီးကြိုသည်။ ကိုကိုက ရွှေရုပ်

လှည့်ကြည့်ရင်း

"ကိုယ် ဖုန်းဆက်ပြီး မှာထားပြီးသားကွ ရောက်တာနဲ့ အသင့်

စားသောက်နိုင်အောင်လေ"

ညွှန်ကြား ဝန်ထမ်းလေး ခေါ်ဆောင်သည့်နောက်မှ ကိုကိုနှင့်

ယှဉ်တွဲ လိုက်ခဲ့သည်။

သီးသန့် စီစဉ်ထားသော စားသောက်ခန်းထဲမှာ မွှေးမွှေး

များတွေက အသင့်ပဲ ဖြစ်နေသည်။

"စားလိုက်ရအောင်နော် ရွှေရုပ် ကိုယ်မှာထားတာတွေတော့

ကြိုက်မှာပါနော်"

ဟင်းလျာတွေက အစုံအလင် အလျှံအပယ်။ နှစ်ယောက်စာ

တွက်က လေးငါးယောက်စာတောင် မကပါ။

"ဟင်းတွေက အများကြီးပဲ"

"ရွှေရုပ်ကလေး ကြိုက်တာ ရွေးစားလို့ရတာပေါ့ကွာ ကဲ

ပြီးမှ စကားပြောတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ကိုကို့ရဲ့ ပန်းကန်ထဲကို ရွှေရုပ် ဟင်းတွေခပ်ထည့် ဦးချပေး တော့ ကိုကို ကျေနပ်စွာ ပြုံးသည်။

ရွှေရုပ် ပန်းကန်ထဲကိုလည်း ကိုကိုက ဟင်းတွေ ခပ်ထည့် ပေးသည်။ ရွှေရုပ် ရင်ထဲမှာ ကြည်နူးဝမ်းသာမိသာ အမှန်။

ရွှေရုပ် လိုချင်တာ သည်လို ပျော်စရာကောင်းတဲ့ မိသား ဘဝလေးကို ပိုင်ဆိုင်ချင်တာပါ။ ကိုကိုရယ် ရွှေရုပ်ရယ် မောင်နှ ရင်းချာတွေလို အတူအမြဲတမ်း နေခွင့်ရရင် ရွှေရုပ်ဘဝမှာ ဘာ မလိုချင်ပါ။

ရွှေရုပ် ဟိုးငယ်စဉ် ကတည်းက တော်မှုတ်တောင့်တခဲ့ရတဲ့ မေတ္တာတွေကိုသာ ကိုကို ပေးနိုင်ခဲ့လျှင် ဘယ်လောက်ကောင်းမည်လဲ

"ရွှေရုပ် စားလေ ဝပြီလားကွ"

"အင်း ဝပြီကိုကို အရင်ကဆို ရွှေရုပ် ဒီလောင်တောင် စား နိုင်တာ မဟုတ်ဘူး"

ကိုကို က ရွှေရုပ် စကားကို သဘောကျစွာ ပြုံးသည်။ ပြီး အံခန်းထောင့်မှာ ရပ်နေသော စားပွဲထိုးလေးကို လက်ယပ်ခေါ်သည်

စားပွဲထိုးလေးက ထမင်းပိုင်းတွေ သိမ်းဆည်းသည်။ အချိုပိုင်း ကာလေး ခင်းကျင်း စီမံပေးပြီးမှ ထွက်ခွာသွားခဲ့သည်။

"ကိုကိုကို့ ရွှေရုပ် မေးစရာတွေ အများကြီးပဲ"





"မေးလေ ဘာမေးမှာလဲ"

"ကိုကို မြန်မာပြည်ကို ပြန်လာတာ ရွှေရုပ်နဲ့ ဆုံဖို့လားဟင်"

ရွှေရုပ် အမေးကြောင့် ကိုကို မျက်နှာလေး တည်သွား၏။ ပြီးတော့ ခေါင်းကိုညိတ်ရင်း

"ဟုတ်တယ် ရွှေရုပ်ကလေး ဆိုတဲ့ မင်းနဲ့ဆုံချင်တာရယ်၊ ပြီးတော့ ကိုယ့်လုပ်ငန်းကိစ္စ တချို့ရယ်ကြောင့်ပေါ့"

ကိုကို စကားကို ရွှေရုပ် ကျေနပ်မိပေမယ့် အပြည့်အဝ ကျေနပ် မိတာ မဟုတ်။ ကိုကိုမှာ တခြားကိစ္စတွေပါ ရှိနေသေးသည်ကိုး။

ကိုကို သည်လို အလုပ်တွေ ရှုပ်ထွေးနေတာကြောင့် ရွှေရုပ် ဆီကို ဖုန်းမဆက်၊ စာမရေးနိုင်တာလားဟု မေးချင်သေးသည်။ ဒါပေမဲ့ ရွှေရုပ် မေးမထွက်ပါ။

"ရွှေရုပ်ကလေး ဘာတွေးနေတာလဲ"

"ဟင့်အင်း ဘာမှ မတွေးပါဘူး ကိုကို"

"မသိပါဘူး ဒယ်ဒီဆုံးပြီးကတည်းက အဆက်အသွယ် ပြတ် တောက်ထားလို့ ကိုယ့်ကို မကျေနပ်တာ ပြောမလားလို့"

ရွှေရုပ် ရင်ထဲကိုပဲ ကိုကိုမြင်တာလား။ ကိုကို လုပ်ရပ်တွေ အတွက် ကိုကို လိပ်ပြာမလုံတာလား ရွှေရုပ် မသိပါ။ ဒါပေမဲ့ ကိုကို ကို ရွှေရုပ် အပြစ် မတင်ရက်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို အခု ရွှေရုပ်ဆီကို တကယ်ရောက်လာပြီပဲဥစ္စာ ရွှေရုပ် အရမ်းဝမ်းသာတာပေါ့ ကိုကို့ကို ရွှေရုပ် တစ်ခါမှ မမြင်ဖူးဘူး ဒါပေမဲ့ မထင်မှတ်ဘဲ ဓာတ်ပုံလေး ရလိုက်တော့ ကိုကို့ကို ရွှေရုပ် သိပ်တွေ့ ချင်ခဲ့တာ သိလား။ ညတိုင်းလည်း ဆုတောင်းတယ်၊ တစ်နေ့ ကိုကိုနဲ့ ပြန်ဆုံပါရစေလို့"

ရွှေရုပ် ပြောသမျှ ကိုကို ငေးငေးလေး နားထောင်နေ၏။ ရွှေရုပ် မျက်ဝန်းတွေထဲမှ အပျော်ရိပ်တွေက ရွှေရုပ် လိမ်ညာနေတာ မဟုတ်ဟု ကိုကို ယုံမှာပါ။

"အခု ကိုကိုလာတာ ရွှေရုပ်ကလေးရဲ့ အနာဂတ်အတွက် လည်း ပါတယ်"

မျက်ဝန်းလေးတွေ ဝိုင်းကာ ရွှေရုပ် နားစွင့်မိသည်။ ရွှေရုပ် ရဲ့ အနာဂတ်အတွက်တဲ့။

ရွှေရုပ်ကို ကိုကို ခေါ်သွားမှာလား။ မြန်မာပြည်ကို ရွှေရုပ် မခွဲချင်ပေမယ့် ကိုကို အနားမှာ နေချင်ပါသည်။

"ရွှေရုပ်ကလေးရဲ့ ဖေဖေက ကိုယ့်ဒယ်ဒီရဲ့ လုပ်ငန်းပါတနာ လေ ဒုတိယ ပါးတော့ ဒယ်ဒီလုပ်ငန်းထဲမှာ ရှယ်ယာတချို့ ထည့်ဝင်ခဲ့ တယ် ရွှေရုပ်"

ရွှေရုပ် မျက်နှာကလေး ညှိုးသွားသည်။ ကိုကို့ဆီက ဒီစကား





တွေကို ကြားရပြန်ပြီ။

ကိုကိုကော အန်ကယ် ဦးကံဆင့်ပါ အတူတူပဲလား။

"ဒယ်ဒီ ဆုံးပါးတော့ ရွှေရုပ်ကလေး အကြောင်းတွေ ကိုယ့် ကို ပြောပြခဲ့တယ် ဒယ်ဒီ မွေးစားခဲ့တဲ့ မိန်းကလေးဆိုပေမယ့် ကိုယ်မြင် တာ မဟုတ်ဘူးလေ၊ ကိုယ်က တစ်ယောက်တည်း ကျန်ရစ်ခဲ့တာဆို တော့ ဘယ်လိုမှ ဟိုကိုခေါ်ဖို့ မဖြစ်ဘူး။ ရွှေရုပ်ကလေးကို အန်ကယ် ဆင့်ဆီ တာဝန်ယူ စောင့်ရှောက်ထားတာ သိရတယ်"

ဒါကြောင့် ကိုကို စိတ်ချစွာ နေခဲ့တာလား မသိ။ ဒါပေမဲ့ ငန်း တာဝန်တွေနှင့်ပိကာ ကျန်ရစ်ခဲ့ရှာမည့် ကိုကို့ကို ရွှေရုပ် သိပါသည်။

"ရွှေရုပ်ကလေး အသက်နှစ်ဆယ့် တစ်နှစ်ပြည့်ရင် အန်ကယ် ကာ အမွေတွေ လွှဲပေးရမယ်လို့ ပြောပြတယ်၊ ဒီတော့ ကိုယ့်ရဲ့ လုပ်ငန်း ဲမှာ ရှယ်ယာပါဝင်ထားတဲ့ ရွှေရုပ်ကလေး ဖေဖေရဲ့ ပိုင်ဆိုင်မှုတွေကို ားအောင် ပြောပြဖို့ ကိုယ်လာခဲ့တာ"

"ဟင့်အင်း ရွှေရုပ် အဲဒါတွေထက် ကိုကိုနဲ့ပဲ ဆုံချင်တာပါ"

"ရွှေရုပ် ခံစားချက်ကို ကိုယ်နားလည်ပါတယ်၊ ဒါပေမဲ့ ရှင်းစရာ တော့ ကိုယ် ရှင်းရမယ်လေ နယူးဇီလန်က လုပ်ငန်းတွေ ကိုရော ရုပ် သိထားရမယ် အဲဒါတွေ ရှင်းပြဖို့ ကိုယ့်မှာ တာဝန်ရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



တာဝန်တဲ့။ တာဝန်တစ်ခုအတွက် ကိုကို ဒီကို မရောက်မဖြစ် လာခဲ့တာပေါ့။

ရွှေရုပ် ရင်ထဲမှာ အလိုလို ဝမ်းနည်းလာမိသည်။ ကိုကိုသည်လည်း ရွှေရုပ်နှင့် ပတ်သက်ပြီး တာဝန်တွေကိုပဲ အလေးထားသူ အန်ကယ် ဦးကံဆင့်သည်လည်း

"ရွှေရုပ်က ကိုကိုနဲ့ အန်ကယ်အတွက် အနှောင့်အယှက် တစ်ခုဖြစ်နေပြီ ထင်တယ်နော်"

အသံတုန်တုန် တိုးတိုးလေးဆိုသော ရွှေရုပ်စကားကြောင့် ကိုကို လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။

"မဟုတ်သေးဘူးလေ ကိုယ်ပြောတာက"

"ဟင့်အင်း ကိုကို ပြောတာတွေကို ရွှေရုပ်စိတ်မဝင်စားဘူး ရွှေရုပ်စကား လွန်သွားရင် ကန်တော့နော် ကိုကို ရွှေရုပ်လေ ဟိုး ငယ်စဉ်ကတည်းက မိဘမေတ္တာကို တော်မှတ်ခဲ့ရတာပါ။ သွေးသားရင်းချာ တွေ မဟုတ်တဲ့ သူစိမ်းကြားထဲမှာ ရွှေရုပ် ရှင်သန်ခဲ့ရတာပါ။ ရွှေရုပ် အပေါ်မှာ ကြီးကြီးဆင့်ဆိုတဲ့ အန်ကယ် ဦးကံဆင့် အစ်မကြီးက တကယ် ကောင်းခဲ့ပါတယ်၊ အခု အန်ကယ်ရဲ့ ကျေးဇူးတွေလည်း ရှိပါတယ်။ ဒါပေမဲ့ ရွှေရုပ် သိနေတာ ရွှေရုပ် တာဝန်တွေကို သူတို့ ထမ်းပိုးထားရတာ လေ အခု ကိုကိုကလည်း ရွှေရုပ်ဆီ ရောက်လာတာ အဲဒီတာဝန်တွေ





ကြောင့်ပဲလား ဟင်"

ကိုကို မဖြေသေးဘဲ ရွှေရုပ်ကိုပဲ ငြိမ်သက်စွာ စူးစိုက်ကြည့် နေခဲ့သည်။

"ရွှေရုပ် မျှော်လင့်ထားတာ ကိုကို ဟာ ရွှေရုပ်ရဲ့ အစ်ကို တစ်ယောက်အဖြစ်ပါ ကိုကိုရယ်"

ဝဲတက်လာသော မျက်ရည်စတွေကို ရွှေရုပ် မျက်တောင်ကော့ ကြီးတွေနှင့် ပုတ်ခတ် သိမ်းဆည်းသည်။ ကိုကို ပင့်သက်ရှိုက်ရင်း ရွှေရုပ် ကို ကြည့်နေရင်း

"ဒေါ်သိမ်းရင်ကလည်း ကိုကို့ကို အပြစ်တင်ချင်နေတယ်၊ ရွှေရုပ်ကို စောင့်ရှောက်ရမယ့် အုပ်ထိန်းသူအဖြစ် ကိုယ့်မှာ တာဝန်ရှိ တယ်တဲ့ ဒီတာဝန်ကို ကိုယ်မကျေပွန်ခဲ့ဘူးတဲ့ ကိုယ်ဝန်ခံပါတယ်"

"ဟင့်အင်း ရွှေရုပ် ကိုကို့ကို အပြစ်မတင်ပါဘူး။ ဟိုကို တစ် ယောက်တည်း တာဝန်တွေနဲ့ ပိနေတာ ရွှေရုပ် နားလည်ပါတယ်"

ဖြူစင်သော မိန်းကလေးရဲ့ မျက်နက်ဝန်းလေးတွေကို သူငေး ကြည့်နေမိသည်။ သနားစရာ ကောင်းလိုက်တဲ့ ကောင်မလေး။

မမြင်ဘူးခင်က သူ ဘယ်လိုမှ မမျှော်လင့်ထားသော စိတ်ခံစား လေးတွေ ကောင်းမလေးဆီမှာ မြင်တွေ့ခဲ့ရသည်။

ဖြူစင်ရိုးသားသော မျက်ဝန်းတွေထဲမှ သူမရဲ့ ခံစားချက်



www.burmeseclassic.com

www.burmeseclassic.com



[illegible]လေး ကိုလည်း သူ မယုံနိုင်စရာ မြင်သိခဲ့သည်။

ရွှေရုပ်ကလေး တဲ့။ ဒီလောက် ရှင်းသန့်ပြီး နူးညံ့ဖြူစင်တဲ့ ညီမလေး သူ့မှာရှိနေတာ ယုံနိုင်စရာကောင်း မရှိ။

ဝန်ခံပါတယ် ရွှေရုပ်ကလေး။

မင်းရဲ့ ဖြူစင်မှုတွေက ကိုယ့် ရည်ရွယ်ချက်တွေကို တွေဝေသွားစေခဲ့တာ အမှန်ပါ။

■ ■ ■





အခန်း (၉)

သည်မနက် ကော်ဖီဝိုင်း ဆင်းခဲ့တော့ ရွှေရုပ် မျက်လုံးလေး ဆော့ ဝိုင်းကာ အံ့ဩသွားမိသည်။

ဘယ်တုန်းကမှ ကော်ဖီဝိုင်း မထိုင်တတ်သည့် ကြီးကြီး ဒေါ် သိမ်းရှင်ကို တွေ့လိုက်ရတာကြောင့် ဖြစ်သည်။

"ဟာ ကြီးကြီး ဒီနေ့ အထူးအဆန်းပါလား ကော်ဖီဝိုင်းမှာ တွေ့ရလိမ့်မယ်လို့ ရွှေရုပ် မထင်ထားဘူး"

"အခန်းထဲမှာချည်း နေရ စားသောက်နေရတာ ငြီးငွေ့လွန်းလို့ ကွယ် ပြီးတော့ သမီးကိုလည်း ပြောစရာလေးတွေ ရှိလို့"

"ဟုတ်ကဲ့ ကြီးကြီး ဘာပြောမလို့လဲဟင်"

ရွှေရုပ် မေးရင်း ကြီးကြီး အနားက ထိုင်ခုံမှာပဲ ဝင်ထိုင်လိုက်

www.burmeseclassic.com

www.burmeseclassic.com



သည်။ ကော်ဇီသောက်ရင်း မုန့်စားနေသော အန်ကယ် ဦးကံဆင့်ကတော့ တိတ်ဆိတ်စွာပဲ ရှိနေသည်။

"တခြားတော့ မဟုတ်ပါဘူး ရွှေရုပ်ကလေးက ကြီးကြီးတို့အရိပ်အောက်မှာပဲ နေထိုင်ခဲ့သူဆိုတော့ မမှားသင့်တာ မမှားရအောင်ဆုံးမသင့်တာ ဆုံးမချင်လို့ပါ"

ရွှေရုပ် မျက်ခုံးလေး ကျုံ့ကာ အံ့သြသွားမိ၏။ ရွှေရုပ် ဘဝမှာ ဘယ်တုန်းကမှ ကြီးကြီးတို့ ပြောစရာ ဖြစ်အောင် မနေခဲ့ဘူးပါ။ အခု ကြီးကြီးက ဆုံးမမည်ဆိုတော့ ဘာများ အမှားကျူးလွန်မိလို့လဲ။

"တခြား မဟုတ်ဘူးသမီး မောင်ဘုန်းစကြာရဲ့ ကိစ္စပဲ"

"ဟင် ကိုကို ကိစ္စ ဟုတ်လား"

ဒေါ်သိမ်းရင် ခေါင်းညိတ်ရင်း ရွှေရုပ်ကို အကဲခတ်နေသည်။ ပါဝါ မျက်မှန်အောက်က မျက်ဝန်းတွေက ရွှေရုပ် ရင်ထဲအထိ မြင်တွေ့နိုင်အောင် ရှာဖွေကြည့်နေသလိုမျိုး။ ပြီးမှ

"မောင်စကြာ က မြန်မာပြည်ကို မကြာခဏ ရောက်တတ်ပါတယ်၊ အဲ ကြီးကြီးတို့ အိမ့်တော့ အမြဲတမ်း မရောက်ဘူးပေါ့"

ရွှေရုပ် အံ့သြမိပြန်သည်။ ကိုကိုက မြန်မာပြည်ကို မကြာခဏ ရောက်တတ်သည်တဲ့လား။ ဘာကြောင့် ရွှေရုပ် မသိခဲ့ရတာလဲ။

အန်ကယ် ဦးကံဆင့်က ရွှေရုပ် အတွေးကို အကဲခတ် မိ



ပြုံးဟန်နှင့်

"ဒီလို သမီး မောင်စကြာရဲ့ အလုပ်တွေက မြန်မာပြည်မှာ ရှိတဲ့ ကုမ္ပဏီတွေနဲ့ ဆက်သွယ်နေတော့ သူ ရောက်တတ်တယ်၊ သိတဲ့ အတိုင်း အလုပ်တွေက များလွန်းတော့ သူ အန်ကယ်တို့ အိမ်တောင် ရောက်တိုင်း မဝင်နိုင်ရှာဘူး"

"မန္တလေးကို တစ်နှစ် လေး ငါးခေါက် ရောက်နေတဲ့ သူက တစ်ခေါက်လောက်တောင် ဝင်ဖို့ခက်နေသလား ကိုကံဆင့်ရယ်"

ကြီးကြီးက လက်မခံသလို ဝင်ပြောသည်။

"ဒါတော့ကွာ သူ့အလုပ်ကိစ္စအပေါ်မှာ မူတည်တာပေါ့၊ ပြီးတော့ ငါလည်း အိမ်မှာ ရှိတာနည်းတယ် ဖုန်းတော့ ဆက်ရှာပါတယ်"

ရွှေရုပ် သဘောပေါက်လိုက်သည်။ အန်ကယ်က ဖုံးဖိပေးနေသောက် ကြီးကြီးဆင့်က လက်မခံနိုင်တာ ဖြစ်ရမည်။ ရွှေရုပ် အံ့သြမိတာက ကိုကို မြန်မာပြည်ကို မကြာခဏ ရောက်တတ်နေသည်ဆိုသာကြောင့်ပါ။

ရွှေရုပ်ကို ကိုကို တစ်ခါလောက်တောင် ဘာကြောင့် လာမတွေ့သလဲ မသိပါ။

"ရှင်ဘာပဲ ပြောပြော ကျွန်မကတော့ ဒီကောင်လေးကို မခင်တော့ပါဘူး သူကလည်း ဘယ်သူ့ကိုမှ သံယောဇဉ် တွယ်တတ်တဲ့ သူမှ

www.burmeseclassic.com



မဟုတ်တာဘဲ''

ကြီးကြီး က ဖွတ်ပြောနေတော့ ဦးက်ဆင့် အရှုံးပေးလိုက်

ပုံနှင့် ကော်ဖီပိုင်းက ထရပ်သည်။

''ဒီနေ့ တရားရုံးချုပ်ကို သွားစရာ ကိစ္စလေးရှိလို့ အန်ကယ်

အပြန်နောက်ကျမယ် သမီး။ သဘက်ခါ တနင်္ဂနွေ ပိတ်ရက်တော့

မောင်စကြာကို အန်ကယ် ထမင်းစား ဖိတ်ထားတယ် သူ လာမယ်တဲ့''

''ကျွန်မတို့ လည်ပင်း ဗျိုင်းလောက်ရှည်အောင် မျှော်ကြ

ဦးမှာပေါ့လေ''

ကြီးကြီး လှောင်သလို ပြောတာကို ဥပက္ခာပြုလို့ ဦးက်ဆင့်

ထွက်သွားလေသည်။ ကော်ဖီဝိုင်းမှာ ရွှေရုပ်နှင့် ကြီးကြီးပဲ ကျန်ရစ်

သည်။

''အဲဒါပဲ ရွှေရုပ် မင်းက ငယ်ရွယ်တယ်၊ ရိုးသားဖြူစင်တယ်

ဒါကြောင့် ကျုပ်က စိုးရိမ်တာ''

''ရွှေရုပ်အတွက် ကြီးကြီး ဘာကို စိုးရိမ်တာလဲဟင်''

ရွှေရုပ် နားမလည်နိုင်တာမို့ ရိုးသားစွာပဲ မေးမိသည်။ ကြီးကြီး

က မျက်မှောင်ကြီးကုပ်ကာ ရွှေရုပ်ကို စူးစိုက်ကြည့်၏။

''အေး မင်းက ဘွဲ့သာရလာတယ် လူ့လောကရေး နယ်ပယ်မှာတော့

အတော်ညံ့ဖျင်းသေးတယ် ဒီမှာ မောင်စကြာကို မင်း ယုံကြည်ဖို့ မသင့်



''ရှင် ကိုကို့ ကို''

''ဟုတ်တယ် ဘုန်းစကြာဆိုတာ မင်းရဲ့ အစ်ကိုရင်းချာ

ဟုတ်ဘဲ''

ထိုစကားက ရွှေရုပ် ရင်ထဲအထိ စူးနစ်စေသည်။ နာကျင်

တာမျိုး မဟုတ်ဘဲ ဝမ်းနည်း ခံစားလိုက်ရတာ ဖြစ်သည်။

''ပြီးတော့ သူ့အကြောင်းမင်းဘာမှ မသိပါဘူး ရှင်းနေတဲ့

က သူ မင်းကို သံယောဇဉ်ရှိရင် အရင်ကတည်းက ဆက်သွယ်မှာ

အခုမှ သူ မင်းဆီရောက်လာတာ အမွေကိစ္စနဲ့ မင်း အဖေ

ထားဝင်ထားတဲ့ လုပ်ငန်း ကိစ္စအတွက်ပဲ ဒါကလည်း သူ့မှာ ရည်ရွယ်

ချက်ရှိတယ်''

''ဘာ ဘာရည်ရွယ်ချက်လဲဟင် ကြီးကြီး''

''အင်း သူတစ်ပါး အတွင်းရေးဆိုတာ ပြောသင့်တဲ့ အရာ

ဘူး ဒါပေမဲ့ အရိပ်အမြွက်တော့ မင်းသိထားမှ ဖြစ်မယ်၊ ဘုန်းစကြာ

ပြည် ပြန်လာတာ သူ့ရဲ့ ငယ်ရည်းစားကြောင့်ပဲ ဖြစ်မယ်ထင်တယ်''

''ကိုကိုရဲ့ ငယ်ရည်းစား''

ရွှေရုပ် မယုံနိုင်စွာ မျက်လုံးလေး ပိုင်းမေးသည်။ ကြီးကြီး

သိမ်းရင်က ခေါင်းညိတ်ပြရင်း

www.burmeseclassic.com

www.burmeseclassic.com



"သူတို့ဇာတ်လမ်းတွေ ကျုပ် အသေအချာ မသိဘူး၊ နယ်ပ
လန်မှာတုန်းက သူတို့ ဇော်ကြတဲ့အထိ ဖြစ်ခဲ့တာ အခု အဲဒီမိန်းကလေး
လည်း မြန်မာပြည် ပြန်ရောက်နေသတဲ့ ဇော်ပွဲမှုကိုပြီး ဒုတိယအကြိမ်
ပြန်ဆက်သွယ်ကြမယ် ထင်တာပဲ၊ ဒါတွေက သူ့ကိစ္စ၊ မင်းကိစ္စက သူ
ဖွင့်ပြောလာမယ့် မင်းအဖေလုပ်ငန်း ကိစ္စတွေကို အပြတ်သားဆုံး
ရှင်းလင်းလိုက်ဖို့ပဲ သူကလည်း မင်း ပိုင်ဆိုင်တဲ့ ရှယ်ယာတွေကို ပြန်အပ်
ပြီး အပြတ်ရှင်းချင်တယ် ထင်တာပဲ"

ရွှေရုပ် မယုံချင်ပါ။ ဒါပေမဲ့ ကြီးကြီးစကားတွေက တွေးစရာ
ကောင်းနေသည်။ ပြီးတော့ ကိုကိုလည်း ဖေဖေ့ရဲ့ လုပ်ငန်းကိစ္စတွေ
ပြောခဲ့သည်ဆိုတော့

"ပွင့်ပွင့်လင်းလင်း ပြောရရင် ကျုပ်ကတော့ သူ့ကို မယုံကြည်
ဘူး မင်းက သံယောဇဉ်တွယ်တာ နေမှာစိုးလို့ ပြောနေတာ ကဲ ကျုပ်
လည်း နားချင်ပြီ"

"ဟုတ် ဟုတ်ကဲ့ ကြီးကြီး"

ရွှေရုပ် ခေါင်းကလေးညိတ်ကာ လက်ခံလိုက်ရပါသည်။ ရင်ထဲ
မှာတော့ ဝမ်းနည်း အားငယ်စိတ်တွေ တစိမ့်စိမ့် တက်လာသည်။

ကြီးကြီး ပြောသလို ကိုကိုမှာ လျှို့ဝှက်ချက်တွေ ရှိနေသလား
ကိုကိုမှာ ငယ်ရည်းစားကိစ္စ ရှိနေသတဲ့။ ဒါအမှန်လား။



ကိုကို ရောက်လာတာ ရွှေရုပ်အတွက် မဟုတ်ဘူးပေါ့။ ကိုကို
...် ရွှေရုပ် ဝမ်းနည်းမိပြန်ပြီ။

အမြဲတမ်း၊ ကံဆိုးစွာနဲ့ မေတ္တာတရားကို ငတ်မွတ်ခဲ့ရတဲ့
...ုပ်အတွက် ကိုကိုကလည်း ဥပက္ခာပြု သွားမှာလား။

ကိုကိုရယ် ရွှေရုပ်ကို ဥပက္ခာပြု မသွားလိုက်ပါနဲ့။ ရွှေရုပ်
...မှာ အတောင့်တဆုံးက ကိုကို့ဆီက နွေးထွေးတဲ့ မေတ္တာတရား
...ခုပါပဲ။

ဒါကို ကိုကို မြင်သိစေချင်လိုက်တာ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

"သမီးကို မသိမ်း ပြောပြတာလား"

ဦးကံဆင့်က ပြန်မေးခွန်းထုတ်သည်။ ကိုကိုနှင့် ပတ်သက်သ

အကြောင်းတွေကို ရွှေရုပ် မေးမိတာကြောင့် ဖြစ်သည်။

"ကြီးကြီးက သဘောလောက်ပဲ ပြောတာပါ၊ ကိုကို ဒီ

ရောက်နေတာ ဟို အဲ ကိုကိုရဲ့ ငယ်ရည်းစား မိန်းကလေးကြောင့်တဲ့

ဦးကံဆင့် ရွှေရုပ်ကို ကြည့်ကာ တဒင် ငြိမ်သက်သွားသည်

ပြောသင့် မပြောသင့် ချိန်ဆနေသလား ရွှေရုပ် တွေးကြည့်မိ

"အင်း မသိမ်း ပြောတာ လင်းစန္ဒီ ထင်တယ်"

"လင်းစန္ဒီ"

ရွှေရုပ် နှုတ်က တိုးတိုးလေး ရေရွတ်ကြည့်မိသလို သည်အမည်





ကိုလည်း ရင်ထဲက စွဲနေအောင် မှတ်ထားလိုက်မိပါသည်။

"အင်း လင်းစန္ဒီက နယူးဇီလန်မှာပဲ နေတာပါ၊ မြန်မာလူမျိုး

တလေးပါပဲ မောင်စကြာနဲ့ ရွယ်တူ ငယ်သူငယ်ချင်းတွေပဲလေ

သူတွေ ဖြစ်ခဲ့ကြတယ် ထင်တယ် သူတို့ စေ့စပ်လိုက်သေးတယ်၊

နဲ့ လက်ထပ်ပွဲ ဖြစ်မလာခဲ့ဘူး။ အဲဒီတုန်းက မောင်စကြာ တော်တော်

လေသွားခဲ့သေးတာပေါ့ နောက်တော့လည်း ဖခင် တိမ်းပါးတော့

ညိငြိမ်သွားတယ်၊ သမီး ကြားတဲ့အတိုင်း လင်းစန္ဒီ မြန်မာပြည်

ရောက်နေတာကို အန်ကယ်လည်း ကြားပါတယ်၊ မောင်စကြာနဲ့

က်အသွယ် ရှိမရှိတော့ မသိဘူး"

အန်ကယ် ဦးကံမြင့် တကယ်ပဲ မသိတာလား။ ရှောင်ထွက်

လိုက်တာလား ရွှေရုပ် မသိပါ။ ကိုကို အကြောင်းကို သိလိုက်ရတာမို့

ပ် နားလည်လိုက်မိတာ အမှန်။

ကြီးကြီး ပြောခဲ့သလို ရွှေရုပ် အတွက် ကိုကို ပြန်လာတာတော့

နိုင်တာ သေချာသည်။

"ကိုကိုက ရွှေရုပ်အတွက် နယူးဇီလန်က လုပ်ငန်းကိစ္စတွေ

လင်းပေးချင်လို့ လာတာလား ဟင် အန်ကယ်"

"အင်း သူ ဟိုက ဖုန်းဆက်ပြောတော့ အဲဒီကိစ္စအတွက်

မီးနဲ့ တွေ့ချင်တယ်တဲ့ သမီးအသက်လည်း နှစ်ဆယ့်တစ်နှစ် ပြည့်ပြီ

www.burmeseclassic.com

www.burmeseclassic.com



ပဲလေ ဒါပေမဲ့ အခုထိတော့ ရွှေရုပ်ကိုစွ အန်ကယ်ကို မပြော
ဘူး"

ဝမ်းနည်း စိတ်ကြောင့် ရွှေရုပ် မျက်ရည်လေးတွေ ရစ်ဝိုင်း
လာမိတာ ချက်ချင်းပါပဲ။ ဦးကံဆင့် ရှေ့မှာ မျက်ရည်မကျမိအော
ကြိုးစားချုပ်ထိန်း ထားရသည်။

"မောင်စကြာက နားလည်ရခက်တာတော့ မှန်တယ် ဒါ
သူ့ သမီးလေးကို ခင်မင်နေတာ အမှန်ပါ သမီးလေးက ရိုးသား
တာ သူ သိနိုင်ပါတယ်"

အန်ကယ် နှစ်သိမ့်စကားတွေ ဆိုနေတာကို ရွှေရုပ် သိသည်
ကိုကို သည်လည်း ရွှေရုပ်ကို နှစ်သိမ့်စကားတွေနှင့် ဆက်ဆံ
တာပါပဲ။

ဘယ်တုန်းကမှ ကိုကိုက ရွှေရုပ်ကို သတိရခဲ့တာမှ မဟုတ်
ဘဲ၊ ပြီးတော့

ရွှေရုပ်ကို ကိုကို ဘာတစ်ခုမှ အမှန်အတိုင်း ဖွင့်မပြောသေ
တာလည်း စဉ်းစားစရာပါ။ ထမင်းလိုက်ကျွေးသည့် နေ့က ကိုကို စကား
စခဲ့သေးသည်။

ဒါပေမဲ့ ကိုကို ယတိပြတ် မပြောခဲ့ပါ။ ရွှေရုပ်ကို နားလည်
သွားခဲ့သည်ဟု ရွှေရုပ် ယုံထားခဲ့မိတာ။





အခုတော့ ကိုကို ရွှေရုပ် ကျေနပ်အောင် စကားနှစ်သိမ့် နေ
သည်ဟု နားလည်ချင်လာသည်။

"ဒီနေ့လည်း မောင်စကြာ ကို ထမင်းစာဖိတ် ထားတယ်နော်
သမီး"

"ဟုတ်ကဲ့ သမီး သိပါတယ် အန်ကယ်"

ဦးကံဆင့်ကို နှုတ်ဆက်ပြီး ရွှေရုပ် အခန်းဘက်ကို ထွက်ခဲ့
သည်။ မျက်ရည်တွေက အခန်းထဲရောက်တော့ မမျိုသိပ်နိုင်ဘဲ လိမ့်ဆင်း
လာသည်။

ရွှေရုပ် လိုချင်သော အရာတွေ ဘယ်တော့မှ မရနိုင်တာ
သေချာနေခဲ့ပြီပေါ့။

အချိန်တန်ရင် ကိုကိုလည်း ရှင်းလင်းစရာ ကိစ္စတွေ ရှင်းပြီး
ရွှေရုပ် နံဘေးက ပြန်ထွက်ခွာသွားတော့မှာပါပဲ။ ရွှေရုပ်မှာသာ ကိုကို
ရွှေရုပ်ကို ခေါ်သွားမည်လား မိုက်မဲစွာ မျှော်လင့်ခဲ့တာ ဖြစ်သည်။

ကိုကိုရယ် ရွှေရုပ် နားလည်လိုက်ပါပြီ။

မေတ္တာတရားနဲ့ ပတ်သက်ရင် ရွှေရုပ် အမြဲတမ်း ကံဆိုးခဲ့
သူပဲလေ။ ကိုကို့ ကိုလည်း အပြစ်မတင်ရက်ပါဘူး။

ရွှေရုပ် အနားမှာ ကိုကို ရှိနေချိန်လေးမှာ ကိုကို ပေးသမျှ
မေတ္တာတရားနဲ့ ပျော်ရွှင်မှုလေးတွေကိုပဲ ရွှေရုပ် ခံယူမယ် ကိုကို



www.burmeseclassic.com

www.burmeseclassic.com



ကိုကို ထားသွားရက်ခဲ့ရင်လည်း . . ။

■ ■ ■

ကိုကို ထမင်းစား ရောက်လာမည် ဆိုတော့လည်း ရွှေရုပ် မျှော်မိ၏။ ရွှေရုပ်ရဲ့ အပ္ပရုပ်ကလေးကိုတောင် ကိုကို မမြင်စေချင်တာမို့ လှလှပပလေးတောင် ပြင်ဆင် စောင့်နေခဲ့မိသည်။

ရွှေရုပ် ခြံလေးထဲဆင်းကာ နံ့တန်းလေးက စောင့်မိတာ ဖြစ်သည်။

ဦးကံဆင့်က ဧည့်ခန်းထဲမှာ သတင်းစာဖတ်ရင်း ကိုကို့ကို စောင့်နေသည်။

ကြီးကြီးကတော့ ကိုကို ရောက်လာမှာကို သိပ်မယုံကြည်လို့ သူမို့ အခန်းထဲကတောင် မထွက်သေးပါ။

တစ်မနက်လုံး ဒေါ်နီ ချက်ပြုတ် ပြင်ဆင်ထားပြီးမှ ကိုကို့ ဘက်က ပျက်ယွင်း ရောက်မလာခဲ့ရင်တော့ ဦးကံဆင့်နှင့် ကြီးကြီး စကားများကြဦးမှာ သေချာသည်။

ကြီးကြီး တပူပူ တပွမ်ပွမ် လုပ်လျှင် ဦးကံဆင့် တစ်နေရာကို ရှောင်ထွက်သွားမှာ သေချာ၏။ ကျန်ရစ်ခဲ့သူတွေသာ နားပူပေရော့။

ရွှေရုပ် အတွေးကလေး လွင့်နေတုန်းမှာ ကိုကို့ရဲ့ နက်ပြာရောင် ကားကြီး လှမ်းဝင်လာသည်။





မြန်မာပြည်မှာ ကိုကို ရောက်နေတုန်း ကိုကို့ မိတ်ဆွေက ရာခြံနှင့် တိုက်သာမက သွားလာဖို့ လွယ်ကူ အဆင်ပြေအောင် ကားအစ စီစဉ်ပေးထားသည်ဟု ကိုကို ပြောပြ၍ ရွှေရုပ် သိထားသည်။

ကိုကို့ကား ဆင်ဝင်အောက်မရောက်ခင် ရွှေရုပ်က ဧည့်ခန်း ရှေ့ ရောက်နေပြီ။ အန်ကယ် ဦးကံဆင့်ကလည်း သတင်းစာကို ချကာ တံခါးဆီ လှမ်းလာသည်။

ကားတံခါးဖွင့် ဆင်းလာသည့် ကိုကိုသည် အမြဲတမ်း တည်ငြိမ် သန့်နေသည်။

စပို့ရှပ် နို့နှစ်ရောင်နှင့် ဂျင်းပြာနှင့်မို့ ကိုကို့ ရုပ်သွင်က ပိုပြီး သွားသလို ထင်ရလောက်သည်

"ကိုယ့်ကို စောင့်ရလို့ ဗိုက်ဆာနေပြီလား ရွှေရုပ်"

"ဟင့်အင်း ကိုကို မလာမှာပဲ စိုးတာ အားလုံးက စီစဉ်ချက် ပြီး မျှော်နေတာမို့လေ"

ကိုကို့ မျက်နှာကို မြင်တော့လည်း ရွှေရုပ်ရဲ့ ရင်ထဲမှာ သောက သမျှ မေ့သွားတတ်တာ အမြဲ။ ကိုကို အပြုံးတွေအောက်မှာ ရုပ် နစ်မျောသွားတတ်သည်က အစဉ်။

"လာပေ့ မောင်စကြာ အန်ကယ် မင်းကို မျှော်နေတာ"

ဦးကံဆင့် ခေါ်တော့ ကိုကို ဧည့်ခန်းထဲ လှမ်းဝင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရွှေရှစ် ကိုကိုလာလျှင် သောက်နေကျ သံပုရာရည်တစ်ခွက်ကို သွားဖျေ
ပြီး ယူခဲ့သည်။

"ဒေါ်နီ ထမင်းဝိုင်း ပြင်ထားလိုက်တော့"

"အေး အေး မောင်ဘုန်းစကြာ ရောက်နေပြီလား"

"ခုပဲ ရောက်တယ် ခဏနေရင် ကြီးကြီးကို ခေါ်ပြီး ရွှေ
တို့ လာခဲ့ကြမယ်"

ဒေါ်နီကို ပြောပြီး သံပုရာရည်ခွက်လေးယူကာ ရွှေရှစ် ဧည့်
ထဲရောက်တော့ ကြီးကြီး ဝှီးချဲလ်လေးနှင့် ရောက်နေပြီ။

"ဒီနေ့ တယ်ထူးဆန်းတာပဲ၊ မောင်စကြာ အချိန်အတိအ
ရောက်လာတာပေါ့လေ"

"အန်တီသိမ်း နေကောင်းတယ်နော် ကျွန်တော်ရောက်အော
လာမယ်လို့ ကတိပေးထားတာပဲ"

"ဟုတ်ပါပြီတော် ကျုပ်ကလည်း၊ လက်ဆုံ ထမင်းစားချင်
ကို စားသောက်ခန်းထဲ ဝင်စားမှာပါ"

ရွှေရှစ် ဖျော်ပေးသော သံပုရာရည်ကို ကိုကိုသောက်သည်
ရွှေရှစ် ရင်ထဲမှာ ကျေနပ်သွားခဲ့သည်။

ထမင်းဝိုင်းမှာ စားသောက်ကျတော့လည်း ကိုကိုက အား
ဟရ စားသောက်သည်။ ကိုကို့ ကို အမြင်သိပ်မကြည်သော ကြီးကြီ



ဘောင် အပျော်အပြုံးတွေနှင့် နှစ်ပန်းကန် စားလိုက်တာမို့ ရွှေရှစ်
မ်းသာမိတာ အမှန်။

ထမင်းဝိုင်းမှာ အပျော်တွေ ခံယူရင်း ရွှေရှစ် သိပ်ပြီး စားလို့
ဆင်ခဲ့ပါ။ ဒါပေမဲ့ ရွှေရှစ် ပျော်နေခဲ့တာ အသေအချာ။

ဧည့်ခန်းထဲက အချိုပွဲဝိုင်းမှာလည်း အားလုံး စကားတွေ ဖောင်ဖွဲ့
ာ ကြည်နူးစရာ

ပြန်ခါနီးမှာ ကိုကိုက ရွှေရှစ်ကို ကြည့်ကာ

"မနက်ဖြန် ကိုကို အားတယ် ရွှေရှစ် ဈေးဝယ်ထွက်ချင်
ဘလား ကိုယ် လိုက်ပို့ပေးမယ်"

ရွှေရှစ် ဝမ်းသာသွားမိသည်။ ဦးကံဆင့်ကတော့ ပြုံးပြီး ရွှေရှစ်
ကို ကြည့်နေ၏။

"ရွှေရှစ်မှာ အဝတ်အစားတချို့ လိုအပ်မှာပေါ့၊ မနက်ဖြန်
သွားဝယ်ပေါ့ကွယ်"

ရှားရှားပါးပါး ကြီးကြီးကဝင်ပြီး ခွင့်ပြုအကြံပေးတာမို့ ရွှေရှစ်
မ်းသာစွာနှင့် ကိုကို့ကို ခေါင်းညိတ်ပြမိ၏။

"မနက်ဖြန် ကိုးနာရီလာခေါ်မယ် အသင့်ပြင်ထားပေါ့ကွာ"

ကိုကို အပြုံးတွေအောက်မှာ ရွှေရှစ် ခေါင်းကလေးညိတ်မိ
ခြင်းသည်။ ကိုကို့ရဲ့ စေတနာနှင့် ယုယမှုတွေက ရွှေရှစ် မငြင်းပယ်နိုင်

www.burmeseclassic.com

www.burmeseclassic.com



သောအခရာ တွေဆိုတော့လည်း

ရင်ထဲက ခံစားချက် သံသယတွေ အားလုံး ပျောက်ရှုံး

နေခဲ့သည်လေ။

■ ■ ■



## အခန်း (၁၁)

ခါတိုင်း ရှပ်လက်တို လက်ရှည်နှင့် စပို့ရှပ် ဘောင်းဘီများသာ ဝတ်ဆင်တတ်သော ကိုကိုသည် ဒီနေ့ကျမှ ပုဆိုးနှင့် ရှပ်ဖြူ လည်ကတုံး ဝတ်ဆင်ထားသည်မို့ ရွှေရုပ် မျက်ဝန်းထဲမှာ အမြင်ဆန်းနေသည်။

သေသေသပ်သပ် လုန်ဖီးထားသော ဆံပင်တိုတိုကြောင့်လည်း ကိုကို မျက်နှာက ပိုလို့ ရှင်းသန့် ပေါ်လွင်နေခဲ့သည်။

ကိုကို့ အသွင်ကို ရွှေရုပ် အကဲခတ်နေမိသလို ကိုကိုကလည်း ရွှေရုပ်ကို စူးစူးနစ်နစ် စိုက်ကြည့်ရင်း

"ရွှေရုပ်ကို ကိုယ်ဘယ်ခေါ်သွားမလဲဆိုတာ သိနေသလား"

"မနေ့ကပဲ ကိုကို ပြောတယ်လေ ရွှေရုပ်ကို ကိုကို ပထမဆုံး ဘိုက်ပို့ပေးမယ်ဆို"

www.burmeseclassic.com

www.burmeseclassic.com



"ပလာဇာသွားဖို့ ရွှေရုပ် ပြင်ဆင်ထားတာက တစ်မျိုး ဖြစ်နေလို့ကွ ကျွန်လေးကို လူကြီးဝတ်စုံ ဆင်ပေးထားသလိုပဲ"

ကိုကို့ စကားကြောင့် ရွှေရုပ် ကိုယ့်ကိုကိုယ်တောင် ပြန်ငုံ့ကြည့်မိ၏။ ပိတောက်ခြောက်ရောင် ထက်အောင် ဝတ်စုံလေးကိုပဲ ဝတ်ထားတာ ဖြစ်သည်။

ချုပ်ထားသည့် အင်္ကျီဒီဇိုင်းက ရိုးရိုးယဉ်ယဉ် လက်ရှည် ရင်စေ့အင်္ကျီလေးမို့ ကိုကို ပြောတာထင်သည်။

"ဘာဖြစ်လို့လဲ ကိုကို ရွှေရုပ်ဝတ်ထားတာ အတော်အကြည့်ရ ဆိုးနေလို့လားဟင်"

"မဟုတ်ပါဘူးကွ ရွှေရုပ်မျက်နှာက တကယ့်နုနု ဖတ်ဖတ် ကလေးလေးလေ အဝတ်အစားက နည်းနည်းရိုးနေတော့ တစ်မျိုးပဲ ဒါပေမဲ့ ကြည့်ကောင်းပါတယ်၊ ကိုယ်က အခုအရင်ဆုံး ဘုရားသွားမှာ ဆိုတော့ ရွှေရုပ်ကလေး ဝတ်ထားတာနဲ့ လိုက်ဖက်တယ်"

"ကိုကို ဘုရားသွားမှာလား ကောင်းတာပေါ့ ရွှေရုပ်လည်း သွားချင်နေတာ"

"အင်း ဒီနေ့ ကိုကို့ မွေးနေ့ကွ"

"ဟင်း ဟုတ်လား ရွှေရုပ်တောင် မသိဘူး ဘယ်နှနှစ်လဲဟင် ကိုကို"



"ကိုကို့အသက် နှစ်ဆယ့်ခုနစ်နှစ် တင်းတင်းပြည့်ပြီး ချာတိတ်

"အံမယ် ဘာချာတိတ်လဲ ရွှေရုပ်လည်း နှစ်ဆယ်ပြည့်ပြီး ...နော်"

ရွှေရုပ် မကျေမနပ်လေး မျက်မှောင်ကျုံ့ပြောတော့ ကိုကို ...သာကျစွာ ရယ်မောရင်း

"ဟုတ်ပါတယ်ကွာ ဒါပေမဲ့ မင်းက ကိုယ့်ထက် ခုနစ်နှစ် ...က် ငယ်တယ်လေကွာ ကလေးပဲပေါ့ ကဲ ဘုရားတက်မယ် ပြီးရင် ...င်ကို ပလာဇာ လိုက်ပို့ပေးမယ် လိုချင်တာ အကုန်ဝယ်ပေါ့ ဟုတ်ပြီ ..."

ကိုကိုဆိုတော့ ရွှေရုပ် ခေါင်းညိတ်ပြမိသည်။

ကိုကိုနှင့် အတူ မဟာမြတ်မုနိဘုရားမှာ ဝတ်ပြုရတာ ရွှေရုပ် ...တွက် ကြည်နူးစရာ ဖြစ်ခဲ့သည်။

ဘုရားပေါ်က ဆင်းတော့ ကိုကိုက ရွှေရုပ်ကို ပလာဇာကို ...သွားခဲ့သည်။

ရွှေရုပ် စိတ်တိုင်းကျ ဝတ်စုံတွေကိုသာမက ကိုကို ကိုယ်တိုင် ...သာကျ ရွေးချယ်က အဝတ်အစားတွေ ဝယ်ပေးသေး၏။

"အများကြီး ဖြစ်နေပြီ ကိုကို"

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လဲ ရွှေရုပ်ရဲ့ ကိုကိုက မွေးနေ့ အမှတ်တရအဖြ
ဝယ်ပေးတာ ကဲ ကိုကိုတို့ တစ်ခုခုစားရအောင်ကွာ"

ကိုကိုနှင့်အတူ စားဖြစ်သော မြန်မာထမင်းဆိုင်လေးက ဟင်
လျာတွေကလည်း အရသာကောင်းတာမို့ ရွှေရုပ်နှင့် ကိုကို အား
တရ စားဖြစ်ကြသည်။

ပြီးတော့ ကော်ဖီဆိုင်လေးမှာ ထိုင်ဖြစ်ကြသည်။ ကို
ပြောသမျှ နားထောင်ရင်း ရွှေရုပ်အတွက်တော့ အရာရာကို မေ့လျော့
ပျော်စရာ ကောင်းခဲ့သည့် နေ့ကလေးပါပဲ။

"ဟော့ ကိုဘုန်း"

"ဟာ သူရ"

ကော်ဖီဆိုင်လေးထဲ ဝင်လာသော လူရွယ်တစ်ဦး ကိုကို့
နှုတ်ဆက်ရင်း စားပွဲဝိုင်းဆီ လျှောက်လာသည်။

ကိုကို့ နံဘေးမှာ ထိုင်နေသော ရွှေရုပ် ကိုလည်း အကဲခ
သလို ကြည့်နေတော့ ကိုကိုက

"ဒါ ရွှေရုပ်ကလေး လေကွာ"

ကိုကို က မိတ်ဆက်ပေးသည်။ လူရွယ်က ပြုံးပြရင်း ခေါ်
ညိတ်သည်။

"ရွှေရုပ် ဒါက ကိုကိုရဲ့ အချစ်ဆုံးသူငယ်ချင်း သူရအောင်

နွေလေးမှာ ကိုကို့ကို အစစအရာရာ ကူညီပေးနေတာ သူရပဲ
သူရ က သွင်းကုန်ထုတ်ကုန် ကုမ္ပဏီတည်ထားတာပေါ့"

"ဟုတ်ကဲ့ တွေ့ရတာ ဝမ်းသာပါတယ် ကိုသူရအောင်"

"ကိုယ်လည်း ဝမ်းသာပါတယ် ရွှေရုပ် ကိုဘုန်း ပြောပြထားလို့
ကလေးအကြောင်း ကိုယ်သိထားပါတယ်"

"ဟင် ကိုကိုက ဘာတွေ ပြောပြထားလို့လဲဟင်"

ရွှေရုပ် ကိုကို့ကို လှည့်ကြည့်ကာမေးတော့ ကိုကို ပြုံးနေသည်။
အောင်က ခပ်ဟဟ ရယ်မောရင်း

"ကိုဘုန်းက ရွှေရုပ်ကလေး ဆိုတဲ့ သူညီမလေး ဘယ် လောက်
မောကြောင်း ကြွားနေတာ မယုံဘူး အခုမှ ယုံတော့တယ်"

ရွှေရုပ် ပါးပြင်ကလေးတွေ ရှက်စိတ်နှင့် နီမြန်းသွားခဲ့သည်။
အောင်ကို ကော်ဖီသောက်ဖို့ ကိုကိုက ပြောတော့ သူရအောင်
ခါငြင်းရင်း

"မသောက်တော့ဘူး ဟိုမှာ ငါ့မိတ်ဆွေတွေပါလို့ တလက်စ
ည်း ရွှေရုပ်ကိုပါ ဖိတ်ရဦးမယ် ကိုဘုန်း မင်းကိုငါ ညစာကျွေးမယ့်
ရင် ရွှေရုပ်ကိုပါ ခေါ်ခဲ့ပေါ့"

"အင်း ဖြစ်ပါတယ် ရွှေရုပ် လိုက်နိုင်ရင်ပေါ့"

"ကိုကိုနဲ့ လိုက်ရမှာဆိုရင် ရွှေရုပ် လိုက်မှာပေါ့ ကိုကို"

www.burmeseclassic.com

www.burmeseclassic.com



ရွှေရုပ် ပြုံးပြုံးကလေးဆိုတော့ သူ ပြုံးမိသည်။ သူ့ရဲ့အ

ကလည်း ခေါင်းညိတ်ပြုံးရင်း ထွက်သွားခဲ့သည်။

"ကဲ ရွှေရုပ် ဘယ်ကို သွားချင်သေးလဲ ပြော"

"ဟင့်အင်း ကိုကို သွားချင်တဲ့ နေရာသွားပါ ရွှေရုပ်က ကို

နဲ့ အတူ လိုက်နေရရင် ပျော်တယ်၊ ဘယ်ကိုပဲ ဖြစ်ဖြစ် လိုက်မှာ

"ဒါဆိုရင် ဈေးချိုဘက်ဝင်ပြီး၊ စားစရာတွေ ဝယ်တာ

အနီကယ်ဆွင့်နဲ့ ကြီးကြီးသိမ်း တို့အတွက် ဝယ်ပေးချင်လို့"

ကိုကို စကားအတိုင်း ရွှေရုပ် ခေါင်းကလေးညိတ်ပြသည်

ဈေးချိုမှာ စားစရာတွေ ဝယ်ပြီးတော့ ကိုကိုက ရွှေရုပ်

ပြန်လိုက်ပို့ပေးသည်။

ရွှေရုပ် ရင်ထဲမှာ စိမ့်ဝင်နေသော အပျော်တွေက ထိုည အ

ကူးစက်နေဆဲ။

ကိုကိုက ရွှေရုပ်အပေါ်မှာ သွေးစိမ်း အေးစက်သည်ဟု ထ

မိတာ ဒီလိုဆိုတော့လည်း ကိုကို့ကို ရွှေရုပ် ကျေးဇူးတင်မိ၏။

ကိုကို စိတ်ကြိုက် ဝယ်ပေးသော ဝတ်စုံလေးတွေကို တစိမ့်စိ

ကြည့်ရင်း ရွှေရုပ် ပီတိတွေ စိမ့်နေမိတာ အတော် ညည့်နက်နေ

အိပ်ခါနီးမှာ ဘုရားဝတ်ပြုရင်း ကိုကိုအတွက် သတိတ

ဆုတောင်း ပေးမိသည်။



ကိုကို မွေးနေ့ရက်မှစလို့ အပွအပင် ကင်းစင်ပြီး သက်ကျော်

ကျော် ရှည်ပါစေလို့ . . ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

"ရွှေရုပ်ကို ကြီးကြီးသိမ်း ခေါ်နေတယ်"

ခေါ်နီ ပြောလာတော့ ရွှေရုပ် ကြီးကြီး အခန်းဆီ လှမ်းခဲ့သည်။ ကိုကိုရောက်လာမည်လား။ ဖုန်းဆက်မည်လား မျှော်နေမိတာ။

ကိုကိုက ရောက်မလာတာမို့ ရွှေရုပ် စိတ်လျှော့လိုက်ပါသည်။ မနေ့က ရွှေရုပ်အတွက် ကိုကို အချိန်ပေးခဲ့ပြီးပြီပဲလေ။

"ကြီးကြီး"

ခရင်းဘက်ပေါ်မှာ သက်သောင့်သက်သာ လှဲနေသော ကြီးကြီး ရွှေရုပ်ကို လှမ်းကြည့်သည်။

ကြီးကြီး မျက်ဝန်းတွေက ချက်ချင်း ရုပ်သိမ်းမသွားဘဲ ရွှေရုပ်ရဲ့ ခန္ဓာကိုယ်လေးပေါ်မှာ အတန်ကြာ တည်ငြိမ်နေခဲ့တာမို့



"အဟင်း ဟို မနေ့က ကိုကို ဝယ်ပေးတဲ့ ဝတ်စုံတွေပါ ကြီးကြီး"

လက်ပြတ် တီရှပ်ပွပွ အဖြူရောင်လေးနှင့် မီးခိုးရောင် ရှော့ပင် ဘောင်းဘီတိုလေးကြောင့် ကြီးကြီး အမြင်မတော် ဖြစ်နေသည်လား ရွှေရုပ် စိုးရိမ်မိသည်။

"အင်း ကောင်းပါတယ် ရွှေရုပ်အတွက် အဝတ်အစားတွေ အများကြီး သူဝယ်ပေးခဲ့သလား"

"ဟုတ်ကဲ့ ကြီးကြီး"

ကြီးကြီး မျက်နှာမဲ့သွားတာ ထင်သည်။ ကိုကို့အပေါ်မှာ ကြီးကြီး အမြင်မကြည်တာကို ရွှေရုပ် စိတ်ဆင်းရဲမိသည်။

"ဘာကိုလဲဟင် ကြီးကြီး"

"ဘာမှတော့ မဟုတ်ပါဘူး သူက မင်းကို ဂရုစိုက်နေတော့ ဝမ်းသာစရာပေါ့ ကဲ ကဲ ဒီမှာ ဖိတ်စာ"

ကြီးကြီး ကမ်းပေးသော ဖိတ်စာလှလှလေးကို ရွှေရုပ် တရို အသေပဲ လှမ်းယူလိုက်သည်။

ဖိတ်စာလေးက လှပပါသည်။ မွှေးနေ့ ဖိတ်စာကလေး တစ်စောင် ရွှေရုပ် မသိသော အမည်တွေ ပြီးတော့ တကာယ်ဆိုကိုထံ တွေဆိုတာ ဖိတ်စာကြည့်တာနဲ့ သိ၏။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီ မွေးနေ့ပွဲကို သမီးသွားရမယ်"

"တင် သမီးတစ်ယောက်တည်း"

"တစ်ယောက်တည်း မဟုတ်ပါဘူး ဒေါ်ခင်သန်းမြင့် လာခေ် လိမ့်မယ် ကြီးကြီးရဲ့ မိတ်ဆွေလေ"

ရွှေရုပ် တစ်ခါ မြင်ဖူးပါသည်။ ကြီးကြီးရဲ့ မိတ်ဆွေ သူငယ် ချင်း အမျိုးသမီးကြီးက ကြီးကြီးဆီ လာလည်တာ ဖြစ်သည်။

ရွှေရုပ်ကိုတော့ မမြင်ဘူးပါ။ ထိုနေ့က ရွှေရုပ် ကြီးကြီးအခန်းထဲ သူမ ဝင်သွားတာကို မြင်မိခြင်း ဖြစ်သည်။

"သမီးကို သူနဲ့မို့ ကြီးကြီး စိတ်ချလက်ချ ထည့်တာပါ"

"ဟုတ်ကဲ့ ကြီးကြီး"

"လူကုံထံ အသိုင်းအဝိုင်းဆိုတော့ သမီး လှလှပပ ပြင်ဆင် သွားစေချင်လို့ မနေ့က ဈေးဝယ် လွှတ်လိုက်တာ"

ကြီးကြီး ကိုကိုနှင့် လိုလားစွာ ဘာကြောင့်ထည့်လိုက်တာ ဆိုတာ အခုမှ သဘောပေါက်တော့သည်။ ရွှေရုပ်အတွက် ကြီးကြီး ဒေါ်သိမ်းရင်က ကြိုတွက်ဆထားတတ်သူလား။

"အဲဒီပွဲတွေကို ရွှေရုပ် သွားရမယ်လေ ဒါမှ လူကြားသူကြား ထဲ ဝင်ဆန့်နိုင်မှာပေါ့"

ကြီးကြီးစကားက နားထဲမှ ခံရခက်ချင်စရာ ကောင်းပေမယ့် ...နာပါတာ ရွှေရုပ် သိပါသည်။

အပြောကြမ်းပေမယ့် ကြီးကြီး စေတနာကို မြင်ထားတတ်တာ ...ဘဲလေ။

"ခင်သန်းမြင့် က လူရည်သန့်တယ် အရင်က ကြီးကြီးနဲ့ ...ရင်းနှီးတာပေါ့ ဒါပေမဲ့ နောက်ပိုင်းမှာ ကြီးကြီးက ဒုက္ခတွေ ...တော့ အတွေ့နည်းသွားတယ် ဒါပေမဲ့ သူက ခင်စရာကောင်း ...ယ် ကြီးကြီးဆီ အမြဲလာတတ်တယ်"

ကြီးကြီးက သူ့ စိတ်ထဲက ချစ်ခင်သူတွေကိုလည်း ထုတ်ဖော် ...တတ်သည်။

"ဒါနဲ့ ဒီနေ့ ဘုန်းကြော လာဦးမှာလား"

"မသိဘူး ကြီးကြီး"

"သမီးကို ဘာမှ ပြောမသွားရင် မလာမှာ သေချာတယ် ...မနေ့နဲ့တော့ ဒီသူငယ်က လာမယ်ဆိုရင်တောင် မသေချာဘူး"

"ကိုကိုက ရွှေရုပ်ကို ဂရုစိုက်ပါတယ်"

"ဟုတ်ပါ့မလား အဟင်း ရွှေရုပ်ကလေး က လူအကဲခတ် ...တော့ တော်တော်ညံ့တယ်"

"ရှင်"

"ဟုတ်တယ် အင်းလေ မင်းက စိတ်နုသလို ရ...လည်း





www.burmeseclassic.com

www.burmeseclassic.com



တကယ့် နုနုလေးပဲ''

ရွှေရုပ်ကို အမြဲ ချီးကျူးတတ်သော ကြီးကြီးစကား။ အ
လည်း ရွှေရုပ်ကို ချီးကျူးကာ ကိုကို့ကိုတော့ အပြစ်တွေ ဖွဲ့နေ

''တကယ်ဆို သူက မင်းနဲ့ အခုမှတွေ့သင့်တာ မဟုတ်
သူ့ဖခင်က မင်းကို မွေးစားခဲ့တာဆိုတော့ မောင်နှမတွေလေ သွေး
မနေသင့်ဘူး''

''ဒါတော့ ကြီးကြီးရယ် ကိုကိုနဲ့ ရွှေရုပ်က တစ်နေရာ

''အဲဒါ ကျုပ်သိပါတယ်၊ သူ မြန်မာပြည်လာရင် မင်းနဲ့
နိုင်တာပဲ''

ကြီးကြီးကို ရွှေရုပ် ပြန်ပြီးတော့ ဆန့်ကျင် စကားတွေ
မပြောချင်တော့ပါ။

ကြီးကြီးကို နားလည်စွာနှင့် သည်းခံလိုက်တာပဲ ကောင်း
ရွှေရုပ်ဘာမှ ဆက်မပြောတော့ ကြီးကြီးလည်း နှုတ်ဆိတ်သွား

''သြော် မွေးနေ့ မမေ့နဲ့နော်''

''ဟုတ်ကဲ့ ကြီးကြီး''

''အေး ကြီးကြီးလည်း ခင်သန်းမြင့်ကို အသေအချာ မှာ
ပါ့မယ် ရွှေရုပ်ကို မြင်တာနဲ့ သူချစ်မှာ''

''ဟုတ်ကဲ့''





မြန်မြန် စကားဖြတ်စေချင်တာမို့ ရွှေရုပ် ခေါင်းကလေးတွေ
ညိတ်နေမိ၏။

နောက်ဆုံးတော့ ကြီးကြီး နှုတ်ဆိတ်သွား၏။ ပြောစရာ စကား
မရှိတော့သည့်အဆုံး ရွှေရုပ်ကို ပြန်ခွင့်ပေးသည်။

ကြီးကြီး အခန်းထဲမှ ရွှေရုပ် ပြန်ထွက်ခဲ့တော့ ရင်ထဲမှာ ပေါ့ပါး
သွားတာတော့ အမှန်။

မွေးနေ့ပွဲကို ကိုကို လိုက်ပို့ပေးရင် ဘယ်လောက်ကောင်း
ထဲဟု တွေးမိ၏။

ဒါပေမဲ့ မဖြစ်နိုင်ပါ။

ကြီးကြီးကလည်း ခွင့်ပြုမှာ မဟုတ်ပါ။ ရွှေရုပ်ကို သူ့ရဲ့မိတ်
ဆွေနဲ့ပဲ သွားစေချင်တာ အထင်အရှား။

ကြီးကြီး၊ စိတ်တိုင်းကျ မနက်ဖြန်တော့ သွားရမည်။

ဘာပဲဖြစ်ဖြစ် အပြင်ကို ထွက်ခွင့်ရတာလဲ ရွှေရုပ်အတွက်
တော့ ကောင်းပါသည်။

အမြဲတမ်း အိမ်ထဲမှာ နေရတာ မွန်းကြပ်သည်။

မနက်ဖြန်တော့ ရွှေရုပ် အပြင်ထွက်ရဦးမည်။ ကိုကို ရောက်
လာလျှင်တော့ လွဲမှာစိုးသည်။

ရွှေရုပ် ရင်ကလေး မောရပြန်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

ဒေါ်ခင်သန်းမြင့် ကို ရွှေရုပ် မြင်မြင်ချင်း ခင်မင်မိသည်။ အရပ်ရှည်ရှည် သွယ်သွယ်ဖြင့် အမျိုးသမီးကြီး အသွင်က နှစ်လိုဖွယ် ကောင်း၏။

''ဟယ် ချစ်စရာလေးပါလား နာမည်လေးနဲ့ လိုက်အောင် တကယ့် ရွှေရုပ်ကလေး အတိုင်းပဲ အန်တီ့ အိတ်ထဲထည့်ပြီး ခေါ်သွားမယ်''

ရွှေရုပ်ကို မြင်သည်နှင့် ရယ်ရယ်မောမော အရွှန်းဖောက်နေပုံက ပျော်တတ်ပုံရသည်။ ရှိရင်းစွဲ အသက်အရွယ်ထက် ပိုမို နုပျိုနေသည့် သူမကို ရွှေရုပ် အားကျမိသည်။

သိန်းထောင်ကျော်တန်သော လန်ခရူဇာ ကားအနက်ကြီး





တ်မှာ ရွှေရုပ် ငြိမ်ငြိမ်ကလေး ပါသွားသည်။

မွေးနေ့ပွဲ ခြံထဲရောက်တော့ သူ့ထက်ငါ အပြိုင်အဆိုင် ရပ်တန့်သည့် ကားတွေက တန်ဖိုးကြီးတွေမို့ အဆင့်အတန်းကို ခန့်မှန်း

မွေးနေ့ရှင်နှင့် သူ့မိဘတွေက ဖော်ဖော်ရွေရွေ လိုက်နှုတ်ဆက်နေသည်။ မျက်နှာကြီးပွဲမို့ ညှော်ပရိသတ် များပြားသည်။

စားသောက်ရင်း ဒေါ်ခင်သန်းမြင့် ရွှေရုပ် ဘက်သို့ လှည့်ပြီး ပြောသည်။

''ရင်ရင်က မကျန်းမာတော့ ရွှေရုပ်ကို ဘယ်မှခေါ်သွား နိုင်မဟုတ်ဘူး နောက် ညှော်ခံပွဲတွေ ဘာတွေရှိရင် ရွှေရုပ်ကို အန်တီ ခေါ်မယ်''

''ကျေးဇူးပါပဲ အန်တီ ဒါနဲ့ အန်တီ့မှာ သားသမီး မရှိဘူးလား''

''မရှိဘူးကွယ့် သမီးလေး တစ်ယောက်လောက်တော့ မွေးစားချင်သေးတယ်၊ ဝတ်ကောင်းစားလှတွေ လက်ဝတ်လက်စားတွေ ဆင်ပေးချင်လို့လေ အဖော်လည်း ရတာပေါ့''

ရွှေရုပ် ပြုံးမိသေးသည်။ သူ့ဘဝကလည်း လိုအပ်ချက်တွေနဲ့ ပါလားလို့ တွေးမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်သန်းမြင့်က တော်တော်တော့ အသိအကျွမ်း များ

ရသည်။ ဟိုလူကို ရယ်ပြလိုက်၊ သည်လူကို လက်ဆွဲနှုတ်ဆက်လို

နှင့် ဘယ်သူဘယ်ဝါတွေ ဆိုတာကိုလည်း ရွှေရုပ်ကို ပြောပြသေးသည်

ဒေါ်ခင်သန်းမြင့် စားသောက်ပြီးတော့ တစ်သျှူးဖြင့် နှုတ်ခမ်း

ကို တို့သုတ်ရင်း

"အသိတစ်ယောက် သွားနှုတ်ဆက်လိုက်ဦးမယ် အန်တီ

မတွေ့တာ ကြာပြီလေ ရွှေရုပ် ခဏနေခဲ့ဦးနော် မကြာပါဘူး"

ဒေါ်ခင်သန်းမြင့် ထွက်သွားတော့ ရွှေရုပ် တစ်ယောက်တည်း

ငေါင်ငေါင်လေး ကျန်ခဲ့သည်။

အရောင်အသွေးစုံစုံ ပန်းဥယျာဉ်ကြီးထဲမှာ ရောက်နေသလို

မျက်တောင်ခတ်ဖို့ မေ့လျော့စွာ ငေးမောနေမိသည်။

"ညီမလေး တို့ ဒီမှာ ထိုင်မယ်နော်"

ဒေါ်ငယ်ညိုဖို အသံချိုချိုလေးကြောင့် ရွှေရုပ် လှည့်ကြည့်တော့

မျက်လုံးလေးတွေ ဝိုင်းစက်သွားရသည်။

အသားလေးတွေက ဖွေးစင်ပြီး နုဖတ်နေသည်။ မျက်သား

ဖြူဖြူမှာ မျက်ဆံနက်နက်လေးတွေက အရောက်တောက် နေ၏။

ဆံနွယ် အားလုံးကို စု၍ ထုံးထားပြီး အနီရောင် ဇာအစ

ကလေးဖြင့် အုပ်ထားကာ နားထင် တစ်ဖက်တစ်ချက်စီတွင်သာ ထိ





ထားသည်။

ရှင်းလင်းနေသော မျက်နှာလေးကို ရွှေရုပ် တွေးကြည့်နေမိ၏။

"ထိုင်ပါ" ဟု ပြောလိုက်သည်။

"လာတာ နောက်ကျသွားတော့ ထိုင်စရာ ဝိုင်းတောင်မရှိ

ဘူး"

"ဟုတ်တယ် ဧည့်သည်တွေက များလိုက်တာနော်"

"များတာပေါ့ မွေးနေ့ရှင်က နယ်နယ်ရရမှ မဟုတ်တာ"

တစ်ယောက်နှင့် တစ်ယောက် မိတ်ဖွဲ့ရင်း မျက်လုံးရွှဲရွှဲကြီး

နှင့် မိန်းမချောလေးကို ရွှေရုပ် ခင်မင်မိလာသည်။

သူမ အတွက် လာချပေးသော စားသောက်ဖွယ်ရာတွေထဲက

ကရင်ကိုပဲ ယူစားသည်။

စားတာလေးကိုက ဣန္ဒြေရှိလိုက်တာ။ ရွှေရုပ် မချီးကျူးဘဲ

နိုင်။

"ညီမလေးက မန္တလေးက ပဲလား"

"ဟုတ်ကဲ့ ဒါပေမဲ့ ရန်ကုန်မှာ ကျောင်းသွားတက်နေတာ

ပြန်ရောက်တာ သုံးလေးရက်ပဲ ရှိသေးတယ်"

"တို့လည်း ရန်ကုန်က ပြန်ရောက်တာ နှစ်ရက်ပဲ ရှိသေးတယ်"

စကားချိုသော မိန်းမချောလေးကို ရွှေရုပ် စူးစမ်းနေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



'ရွှေရုပ်ထက် ကြီးရင့်ပုံရပေမယ့် လစ်ဟာမှုမရှိအောင် ဖြ[ည့်] ဆင်ထားတော့ ရွယ်တူတွေဟုပင် ထင်ရသည်။

ချမ်းသာကြွယ်ဝ တာတော့ သေချာ၏။ ဝတ်ထား စားထာ[း] တာက အညွှန့်အဖူးတွေ။

အနီရောင် ဂါဝန်လက်ပြတ် ကလေးက ပခုံးမှာ အတွန့်အဖေ[ါ်] ပုံစံ ခါးနေရာလောက်ထိ အကြွပ်ဖြစ်ပြီးမှ အထပ်အထပ်တွေ ဆင့်သွ[ား] တာမျိုး။

အနီရောင် ဇာလက်အိတ်ကလေးကို စွပ်ထားပြီး ဒေါက်မြ[င့်] ဖိနပ်က အနီရောင် အကြည်လေး။ ရှိရင်းစွဲ အလှပေါ်မှာ အနားကျ[...] လိုက်သလိုပါပဲ။ တရုတ်မင်းသမီး ဝေါင်းလီ နှင့်ပင် တူသေးသည်[...] တွေးမိ၏။

ရွှေရုပ်ကို မေ့သွ မေ့နေပုံရသည်။ သူမ မျက်လုံးတွေ[...] ညွှဲ့ပရိတ်သတ်တွေဆီမှာ ဝေ့ဝဲနေသည်။

"လင်းစန္ဒီ လင်းစန္ဒီ လိုက်မှာလား တို့ ပြန်တော့မလို့"

ရွှေရုပ်ဘေးမှ မိန်းမချောလေးက လက်ဝှေ့ရမ်းပြပြီး ခေါ[င်း] ကလေး ဆတ်ပြ၏။

"တို့ သွားတော့မယ်နော် ညီမလေး"

ရွှေရုပ် နှစ်လိုဖွယ် ပြန်ပြုံးပြမိသည်။



လင်းစန္ဒီ ကိုကိုရဲ့ လင်းစန္ဒီလား။

ရင်တွေ ခုန်လိုက်တာ။

နာမည်တူဘာ ဖြစ်နိုင်ပေမယ့် မန္တလေးမှာ လင်းစန္ဒီ တစ်ယောက်မက ရှိနိုင်သလား။ လင်းစန္ဒီတိုင်းက သူမလို စွဲဆောင်မှု ရှိပါ့မလား။

အတွေးတွေ မဆုံးခင်မှာ ဒေါ်ခင်သန်းမြင့် ပြန်ရောက်လာသည်။

"ရွှေရုပ် တစ်ယောက်တည်း ပျင်းနေပြီလား ပြန်ကြရအောင်"

မွေးနေ့ရှင်ကို နှုတ်ဆက်ပြီး ရွှေရုပ်တို့ ပြန်ခဲ့ကြသည်။

တစ်လမ်းလုံး ရွှေရုပ်ကို စိုးမိုးထားတာ လင်းစန္ဒီ။

အိမ်ရှေ့မှာ ကားရပ်တော့ ရွှေရုပ် ဆင်းလိုက်ပြီး ရှေ့ခန်းမှ ဒေါ်ခင်သန်းမြင့်ကို နှုတ်ဆက်သည်။

"ကျေးဇူးတင်ပါတယ် အန်တီ အိမ်ထဲကို ဝင်ပါဦးလား"

"မဝင်တော့ပါဘူးကွယ် ရင်ရင့်ကို အန်တီ နှုတ်ဆက်သွားတယ်လို့သာ ပြောပေးပါ သမီးနဲ့အန်တီလည်း မကြာမကြာ တွေ့ရမှာပါ"

"ဟုတ်ကဲ့ အန်တီ ရွှေရုပ်လည်း အန်တီနဲ့ နေရတာ ပျော်ပါတယ်"

သားသမီး မရှိသော ဒေါ်ခင်သန်းမြင့် ရွှေရုပ်ကို တွယ်တာ

www.burmeseclassic.com

www.burmeseclassic.com



နေတာ ရွှေရုပ် နားလည်ပါသည်။

အိမ်ထဲဝင်ခဲ့တော့ ဒေါ်သိန်းရင်ကို ဧည့်ခန်းထဲမှာ လဲလျောင်း နေတာ တွေ့ရသည်။

"ရွှေရုပ် ပြန်လာပါပြီ ကြီးကြီး"

"အေးအေး ပျော်ခဲ့ရဲ့လား"

"ဟုတ်ကဲ့ ပျော်ပါတယ် ဧည့်သည်တွေကတော့ သိပ်များတာပဲ ကြီးကြီးရဲ့"

"ညွှန်ကြားရေးမှူးချုပ်က အပေါင်းအသင်း သိပ်ကောင်း တာကိုးကွဲ့ ခင်သန်းမြင့်ရော ပြန်သွားပြီလား"

"ဟုတ်ကဲ့ ကြီးကြီးကိုတောင် နှုတ်ဆက်သွားသေးတယ်"

"ဒီ မိန်းမကလည်း ခဏလေး ဝင်လာတော့ ဘာဖြစ်မှာကျ နေတာလဲ မသိဘူး"

စိတ်သွားတိုင်း ကိုယ်မပါသူပီပီ ဒေါ်သိန်းရင် အလိုမကျစွာ ဆိုသည်။

"အန်တီ ဒေါ်ခင်သန်းမြင့်က တော်တော်ချမ်းသာပုံ ရတယ် နော် ကြီးကြီး"

"သူ့ယောကျ်ားက တော်တော်ချမ်းသာတယ်၊ ခင်သန်းမြင့် စိန်တွေ သီးနေအောင် ဝတ်ထားတာ ကြည့်ပါလား၊ အင်း ငွေရှာ



င်းတဲ့ သူများကျတော့လည်း ရှာနိုင်လိုက်ကြတာ"

ဒေါ်ခင်သန်းမြင့်ရဲ့ ယောကျ်ားလို ဦးကံဆင့် ငွေရှာမကောင်း ကျေမနပ် ဖြစ်နေတာလားမသိ။

ရွှေရုပ် အသာလေး ထွက်ခဲ့သည်။ ဦးကံဆင့်နှင့် ချိန်းဆိုထား ည့်အတိုင်း သူ့ရုံးခန်းသို့ ကိုကိုလာ မလာ မေးကြည့်တော့ 'လာ ယ်'ဟု ဦးကံဆင့်က ဖြေသည်။

သူ့လေသံက နောက်ထပ် မဖြေချင်တဲ့ပုံ။ သိချင်ပေမယ့် ာ်မမေးရဲတော့ သူတို့ ဘယ်လို ဆွေးနွေး ဆုံးဖြတ်ကြတယ်ဆိုတာ သိရ

ရွှေရုပ်က ကိုကိုနဲ့ အတူတူနေချင်၊ ဆိုးနွဲ့ချင်ပေမယ့် ကိုကိုက ာ်မခံနိုင်တာမျိုးလား။

ရွှေရုပ်ဘဝမှာ အနီးစပ်ဆုံး တွယ်တာစရာဆိုလို့ ကိုကို တစ် ာက်ပဲ ရှိတော့တာပါ။

ကိုကိုက ဥပက္ခာပြုမှာလား။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

ကိုယ်လုံးပေါ် မှန်ကြီးရှေ့မှာ ရွှေရုပ် ရပ်နေသည်။ ကို

ရွှေးချယ်ပြီး ဝယ်ပေးထားသော အဝတ်အစားများထဲက ဝတ်စုံလေး

ရွှေရုပ် စမ်းဝတ်ဆင်ကြည့်နေမိတာပါ။

မြန်မာဆန်ဆန် အနက်ရောင်အကျီလေးက ရင်ဖုံးပုံစံ ယ

ကလေး ဖြစ်သည်။

လည်ပင်းအနားနှင့် လက်အနားတွေကို ရွှေရောင် လိုင်း

တွေဖြင့် ကွပ်ထားတာက ချစ်စရာ။ ကြယ်သီးတန်းလေးတွေက

ရွှေရောင်လေးတွေ။

ထဘီအနက်ရောင်လေးကလည်း ဝမ်းဆက်ဆိုတော့

အသားလေးတွေ ပိုပြီး ပေါ်လွင်စေတာပေါ့။



နိုင်ငံရပ်ခြားမှာ အနေများပေမယ့် မြန်မာ့ဓလေ့ မြန်မာဝတ်စုံ
တွေကို မြတ်နိုးတန်ဖိုးထားတတ်သော ကိုကို့ စိတ်ဓာတ်ကိုတော့
ရုပ် လေးစား အထင်ကြီးမိပြန်သည်။

ခြံရှေ့မှ ကားဟွန်းတီးသံကြောင့် ဝရန်တာသို့ ရွှေရုပ် ထွက်
ကြည့်တော့ ကိုကို့ ပါရာဒို ကားလေးကို တွေ့သည်။

ကားပေါ်က ကိုကိုက ရွှေရုပ်ကိုတွေ့တော့ လက် ဇော့ရမ်းပြ၏။

ကိုကို့ ပုံစံက အမြဲတမ်း ကြည့်လိုက်ရင် တည်တည်ငြိမ်ငြိမ်
ပဲ ရွှေရုပ်ကသာ ကိုကို့ကို မြင်တွေ့လိုက်ရတိုင်း ဟန်မဆောင်နိုင်
ပါ။

ရွှေရုပ် အိမ်ရှေ့ရောက်သည်နှင့် ကိုကိုက ကားပေါ်က ဆင်း
ပြီး ရွှေရုပ် ခေါင်းကလေးကို ပုတ်သည်။

"ခရစ်မတ်ပင် ထိပ်ဖျားက နတ်သမီးလေး ပြုတ်ကျလာ တာ
ဆောင် ကိုကို မျက်စိတော့ မမှားနိုင်ဘူး ထင်တယ်"

တအံ့တဩ ပုံစံ မပြပေမယ့် ကိုကို့ ချီးမွမ်းစကားကြောင့်
ရွှေရုပ် ကျေနပ်မိပြန်သည်။

"ဩော် မောင်စကြာ ရောက်နေတာလား လာလေကွယ် အိမ်
တို့"

"ဟုတ်ကဲ့ ပြီးမှဝင်မယ် အန်ကယ်ဆင့် လေကောင်းလေသန့်

www.burmeseclassic.com

www.burmeseclassic.com



ရှုချင်လို့ ခြံထဲမှာ ကလေးနဲ့ခဏ စကားပြောနေလိုက်ဦးမယ် အန်ကယ်
ဆင့် ဒီနေ့ အလုပ်နားတာလား"

"အေးအေး ဟုတ်တယ်ကွဲ့ ဒါဆို အန်ကယ်ဆင့် စာကြည့်ခန်း
ခဏ ဝင်လိုက်ဦးမယ် စားသောက်ပြီးမှ ပြန်ပေါ့"

ဦးကံဆင့် ပြောပြီး အိမ်ထဲ ပြန်ဝင်သွားသည်။ ကိုကိုက ဒ
ပေါ်မှာ ထိုင်လိုက်ပြီး ရွှေရုပ် ကိုပါ ထိုင်စေ၏။

ကိုကိုက ဒန်းကို လှုပ်နှဲ့နေပြီးမှ

"ဒီရက်ပိုင်းထဲ ကလေး ပျင်းနေမှာပဲနော် ကိုကို သတိရပေ
ကိစ္စလေးတွေ မပြတ်နိုင် ဖြစ်နေတယ် ကလေး ဘာတွေလုပ်နေ
ဟင်"

ဒေါ်ခင်သန်းမြင့်နှင့် မွေးနေ့ပွဲသွားသည့် အကြောင်းကို ရွှေ
ပြောပြမိသည်။ ဒါပေမဲ့ လင်းစန္ဒီ အကြောင်းတော့ ချန်လှပ်ထားခဲ့

"အဟင်း အဘွားကြီးနဲ့ သွားရတာဆိုတော့ ကလေး ပျင်း
နေမှာပေါ့"

"ဟင့်အင်း မပျင်းပါဘူး ရွှေရုပ် ပျော်ပါတယ် လူမျိုးစုံ လာ
ဆိုတော့ အတွေ့အကြုံတောင် ရသေးတယ်"

ခေါင်းကလေး လှုပ်ရမ်းပြီး ရွှေရုပ်ဆိုတော့ ကိုကိုက သဘော
ကျစွာ ပြုံးသည်။ ကိုကိုနှင့် ဦးကံဆင့် တွေ့သည့်အကြောင်း ခေါ်



ရောက်လာတော့ ရွှေရုပ် ငြိမ်သက်မိပြန်သည်။

ရွှေရုပ်ကြောင့် ကိုကို စိတ်ညစ်နေပြီလား။ ရွှေရုပ်ကြောင့် ကိုကိုနဲ့
င်းစန္ဒီကြားမှာ အဖုအထစ်တွေ ဖြစ်လာမှာကို ကိုကို ဘုံ့ကျ
တာလား။

"ကိုကို"

"ပြောလေ ကလေး"

"ကိုကို့ အတွက် ရွှေရုပ်က ဒုက္ခတစ်ခု ဖြစ်နေခဲ့သလားဟင်"

"ကလေး ဘာကို ဆိုလိုတာလဲ"

ကိုကိုက နားမလည်နိုင်သလို မျက်ခုံးတွေ စုကျုံ့ရင်း ပြန်မေး
ည်။

"သူ့ရုံးခန်းကို ကိုကို လာသွားတာ အန်ကယ်ဆင့် ပြောပြ
ယ်။ ကိုကိုနဲ့ဘာတွေ ဆွေးနွေးခဲ့တယ် ဆိုတာကိုတော့ မပြောခဲ့ဘူး။
ရုပ်ကြောင့် ကိုကိုရော အန်ကယ်ဆင့်ပါ စိတ်အနှောင့်အယှက် ဖြစ်နေ
ပြီ"

ရွှေရုပ် တကယ် ဝမ်းနည်းသွားမိတာပါ။ ကိုကိုက ရွှေရုပ်
ခေါင်းလေးကို ညင်သာစွာ ပုတ်ရင်း

"ကလေးနဲ့ ပတ်သက်ပြီး ကိုကိုတို့ ရင်ထဲမှာ ဘာအစိုင်အခဲမှ
ဘူးဆိုတာ ကလေး သိထားစေချင်တယ် ကိုကိုတို့ ကလေးရဲ့ ပိုင်ဆိုင်

www.burmeseclassic.com

www.burmeseclassic.com



ခွင့်အတွက် ဆွေးနွေးခဲ့ကြတာပါ။ ဒါပေမဲ့ ကိစ္စတစ်ခုကြောင့် ဆွေးနွေး
ပွဲက မပြီးပြတ်သေးဘူး။ ကလေး အဲဒီလောက်ပဲ သိထားစေချင်တယ်

လာပြန်ပြီ တစ်ယောက်။

ရွှေရုပ်ရဲ့ အနာဂတ်ကို သိခွင့်မရှိဘူးတဲ့လား။

ဘာကြောင့် လျှို့ဝှက်ချင်ကြတာလဲ။ ရွှေရုပ်ကို သံယော
မရှိဘဲ သံယောဇဉ် ရှိချင်ယောင် ဆောင်နေသလား။

ရွှေရုပ် မျက်နှာကလေး ညှိုးရော်သွားတော့ ကိုကို မနေ

"စိတ်ညစ်စရာတွေ တွေးမနေပါနဲ့ ကလေးရယ် အချိန်
ရင် ကလေးသိရမှာပေါ့"

ကိုကို မျက်ဝန်းတွေကို ရွှေရုပ် ငေးကြည့်နေမိသည်။

မျက်လုံးဆိုတာ စိတ်ရဲ့ တံခါးပေါက်တဲ့။ ကိုကို့ မျက်လုံး
က ကြည်စင် နူးညံ့နေပြန်သည်။

သံသယ စိတ်ထားမိတဲ့ ကိုယ့်ကိုယ်ကို ရွှေရုပ် အပြစ်
မိသည်။ ဒါပေမဲ့ ရင်ထဲမှာ ရှိနေတာကိုတော့ ရှင်းလင်းသွား
သည်။

"ကိုကို ရွှေရုပ် တစ်ခုပြောချင်တယ်"

"ပြောလေ ကလေး"

"ကိုကိုနဲ့ ရွှေရုပ် လိုက်ခဲ့လို့ရမလား။ ကိုကိုပြန်ရင် ရွှေ



သွားပါလားဟင်"

ကိုကို့ မျက်နှာ တည်သွားသည်။ ပြီးမှ လေပူတစ်ချက် ရှိုက်
ရင်း

"ကလေးရယ် စိတ်ကူးပေါက်ရာ လျှောက်သွားနေတတ်တဲ့
ယ်လိုလူရဲ့ အနားမှာ ကလေး ရှင်သန်ရမှာ ကိုကို့အတွက် ဝေခွဲရ
ပါတယ်"

ရွှေရုပ် ဘာမှ ဆက်မပြောဖြစ်။ သံယောဇဉ် ရှိလျက်နဲ့ ဘာ
ကြောင့် တွေဝေနေရတာလဲ ကိုကိုရယ် ဟုသာ စိတ်ထဲမှာ ပြောနေ
မယ့် စကားလုံးအဖြစ် ထွက်မလာ။

"ထားလိုက်ပါကွာ စိတ်ရှုပ်စရာတွေ တွေးမနေပါနဲ့ ကလေး
ဆင်းရဲတာ ကိုကို မမြင်ချင်ဘူး။ မနက်ဖြန်ကျရင် သွားရအောင်
သွားဖို့ ကိုကိုလာခေါ်မယ်။ အလှဆုံး ပြင်ဆင်ထားနော်"

ကိုကို ခေါင်းကလေးကို ခပ်ဖွဖွကိုင်ရင်း ဆိုသည်။

ရွှေရုပ် ကိုကို့ကို ခေါင်းညိတ်ပြမိပေမယ့် ရင်ထဲမှာတော့
တောင်။

ကိုကို ပြောခဲ့တဲ့ စကားတွေက ပျော်ရွှင်စရာ မောင်နှမ ဘဝ
ကို သူစိမ်းဆန်စေခဲ့သည်။ တကယ်ဆို ကိုကို့ ရင်ထဲမှာ
ခင်စရာ ညီမလေး တစ်ယောက်အဖြစ် ရွှေရုပ် ရှိနေမှာပါ။



www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့် မတင်မကျ ပုံစံမျိုးကြီး ဖြစ်နေရတာလဲ။

လင်းစန္ဒီရဲ့ မျက်နှာချောချောလေးကို မြင်ယောင်မိသည်။

ကိုကို ရင်ထဲက အမှန်တရားဆိုတာ. . .။

■ ■ ■



## အခန်း (၁၅)

စားပွဲမှာ ထိုင်လိုက်သည်နှင့် လိမ္မော်ရောင် မှိုင်းမှိုင်း သစ်ခွပန်း စိုက်ပွင့်က 'ရွှေရုပ်ကလေး'ကို ဆွဲဆောင်နေသည်။

"ဟယ် သစ်ခွပန်းလေးတွေက လှလိုက်တာ"

ပါးစပ်က ပြောလိုက်သလို လက်ကလည်း ဟန့်မဆောင်နိုင်ဘဲ ဆောက်ယူပြီးသား ဖြစ်သွားသည်။

"ရွှေရုပ် ကြိုက်မယ်ထင်လို့ ကိုယ့်ရဲ့လက်ဆောင်ပေါ့"

"ရွှေရုပ်က ပန်းကလေးတွေဆို သိပ်မြတ်နိုးတာ ကျေးဇူးပဲ ကိုကိုရ"

ရွှေရုပ်က သူ့ရကို ပြုံးပြပြီးဆိုတော့ ကိုကိုက သဘောကျ ရယ်မောလိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား ဟား မင်းကတော့ မိန်းကလေးတွေရဲ့ အကြိုက်ကို သိပ်သိတာပဲနော် သူရ ကျောကွင်းတွေနဲ့ ကစားပြီး လွတ်အောင်ရှောင်ထွက် နိုင်တာကတော့ လေးစားဖို့ သိပ်ကောင်းတယ်"

ကိုကို့ စကားကြောင့် သူရအောင် မျက်နှာပျက်သွားတာ ရွှေ သတိထားမိသည်။ သူရက မျက်နှာပျက်တာကို ဆိုးဆိုးဝါးဝါး မမြ အောင် ထိန်းရင်း ပြုံးလိုက်ပြီး

"မိန်းမလှလေးတွေနဲ့ ပတ်သက် ဆက်နွယ်နေတတ်တဲ့ မင်း အတွက်တော့ ပြောအားရှိမှာပေ့ါ ကိုဘုန်းရယ်၊ ငါက အညာကြီးပါ"

နှစ်ယောက်သား သဘောကျစွာ ပြိုင်တူရယ်မောကြတော့ ရွှေရုပ် ပြုံးမိသေးသည်။

စားသောက်စရာတွေ ရောက်လာတော့ ဘုန်းစကြာက စကား သိပ်မပြော ဟိုစပ်စပ် ဒီစပ်စပ် စားနေသည်။ ရွှေရုပ်နှင့် သူရသာ စကားတွေ ဖောင်ဖွဲ့ရင်း

တစ်ချက်တစ်ချက် ကြည့်လိုက်တဲ့ သူရ မျက်ဝန်းတွေ ရွှေရုပ် သတိထားမိနေသည်။ စိတ်ဝင်စားစရာ ဖွဲ့ဆောင်မှုတစ်ခု နစ်မျောနေတာ သေချာသည်လေ။

စားသောက်ပြီးသွားတော့ သူရအောင်က ထောင့်စားပွဲ တစ် စီ အကြည့်ရောက်သွားပြီး ပြောသည်။





"ခဏနော် ကိုဘုန်းနဲ့ ရွှေရုပ် မိတ်ဆွေတစ်ယောက်တွေ့လို့ တား သွားပြောလိုက်ဦးမယ်"

သူရအောင် ထွက်ခွာသွားမှ ကိုကိုက စကားစသည်။

"ကလေး ကိုကို့ကို စိတ်ကောက်နေတာလား"

ရွှေရုပ်ကို စူးစိုက်ကြည့်ရင်း မေးလိုက်တဲ့ ကိုကို မျက်နှာက ည်တည်တဲ့တဲ့။ ကိုကို ဘာကို ဆိုလိုတယ်ဆိုတာ ရွှေရုပ် သိပါသည်။ ရနှင့်ပတ်သက်ပြီး ရွှေရုပ် ဘယ်လိုမှ မခံစားမိပါ။

"ရွှေရုပ် ပုံစံက စိတ်ကောက်နေတဲ့ ပုံစံပေါက်နေလို့လား င် ကိုကို"

"ဒါဆို ကိုကို့ကို သိပ်စကား မပြောတဲ့ ငြိမ်နေတာ ဘာသဘော ပ်"

စားပွဲပေါ် လက်ထောက်ရင်း ကိုကိုက မေးလိုက်သည်။

စိတ်ပျက်စရာ ကောင်းလိုက်တာ။ ရွှေရုပ် ရင်ထဲကို ကိုကို ကြောင့် အခုထိ မမြင်နိုင်သေးတာလဲ။

"ကိုကို့ကို တစ်ခါတလေ ရွှေရုပ် နားမလည်နိုင်တော့ဘူး"

"ကိုယ့်ကိုယ်ကိုယ်တောင် အခုထိ နားမလည်သေးဘူး ဆိုင် လေး ယုံမလားဟင်"

ရွှေရုပ် ခန္ဓာကိုယ်လေး သိမ့်သိမ့်တုန်သွားအောင် ရယ်မော



www.burmeseclassic.com

www.burmeseclassic.com



ပစ်လိုက်သည်။

"ကိုကိုက သိပ်ဟန်ဆောင် ကောင်းတာပဲနော်"

"ဘယ်လို ကလေး ဘယ်လို"

ကိုကို လှုပ်လှုပ်ရှားရှား ဖြစ်သွားတာက သိသာလှ၏။

"ကိုကိုက သိပ်မပျော်ပေမယ့်လည်း ပျော်နေတတ်တယ်၊ ပျော် နေပေမယ့်လည်း မပျော်သလို နေတတ်တယ်"

ကိုကိုက ရွှေရုပ် နာခေါင်လုံးလုံးလေးကို ဖျစ်ညှစ်ရင်း ပြုံး သည်။ ရွှေရုပ် သိနေပါသည် ကိုကို အပြုံးတွေက အသက်မဲ့နေတယ် ဆိုတာ သိသာနေတာပဲ။

"ကိုကို ဟန်ဆောင်တာ မဟုတ်ပါဘူးကွာ·ကလေးစိတ် ညစ်တာ ကို မမြင်တွေ့ချင်တာ ကိုကို့ဆန္ဒအမှန်ပါ ဒါပေမဲ့ လူကဲခတ် တော်တဲ့ ကလေး ကိုတော့ ကိုကို လေးစားသွားပြီ"

"ကိုကို ထင်မြင်ထားသလို ရွှေရုပ်က ကလေးတစ်ယောက် မဟုတ်လို့ နေမှာပေါ့"

ရွှေရုပ်ကို အတူတူခေါ်သွားဖို့ ပြောတိုင်း ဝေ့လည်ကြောင်ပတ် လုပ်နေတတ်တာမို့ ပြောလိုက်မိတာပါ။ ကိုကိုကတော့ မသိချင်ယောင် ဆောင်ခဲ့ပြန်သည်။

"ဟုတ်ပါတယ် ဗျာ ဟုတ်ပါတယ်"





ရွှေရုပ် သစ်ခွပန်းကလေးတွေကို လက်ထဲမှာ လှည့်နေမိသည်။ ဒီဇိုဒီဒီ ကြည့်နေရာက ကိုကို လှုပ်လှုပ်ရှားရှား ဖြစ်သွားတာ ရွှေရုပ် သတိထားမိသည်။

ကိုကို မျက်ဝန်းတွေ ဦးတည်ရာဆီသို့ ကြည့်မိတော့ မွေးနေ့ မှာ ဆိုခဲ့သည့် ပိန်းမချောလေး။ မသိမသာ လှမ်းလှမ်းကြည့်တတ်တဲ့ သူ့ မျက်လုံးတွေကလည်း နှစ်လိုမှုတွေဖြင့်။

ဒါဆို ကိုကို့ရဲ့ လင်းစန္ဒီပေါ့။ ရွှေရုပ်ရှေ့မှာ ထိုင်နေပေမယ့် ကိုကို့ အာရုံတွေကတော့ လင်းစန္ဒီဆီမှာသာ ဖြစ်သည်။ ရွှေရုပ် စနောက် နေပေမယ့် မစနောက်ဖြစ်ပါ။

"အဟဲ စကားကောင်းနေတာနဲ့ နည်းနည်း ကြာသွားတယ်"

သူရအောင်က အားနာဟန်ဖြင့် ဆိုရင်း ထိုင်ခုံမှာ ဝင်ထိုင် လိုက်သည်။

ကိုကိုက အင်္ကျီကို ဆွဲဆန့်လိုက်ရင်း။

"သူရနဲ့ကလေး ကိုယ့်ကို ခဏခွင့်ပြုနော် အသိတစ်ယောက် နှုတ်ဆက်လိုက်ဦးမယ်"

ကိုကို ထွက်သွားတော့ သူ့ကို ပြန်ရှဲသည်ထင်ပြီး သူရအောင် ... ပါးစပ်အဟောင်းသားဖြင့်။ လင်းစန္ဒီ ဝိုင်းကို ကိုကို ရောက်သွား သည်ကို တွေ့မှ။

www.burmeseclassic.com

www.burmeseclassic.com



"ဩော် ဒါကြောင့်ကိုး ကိုယ်က ကိုဘုန်း ပညာပြန်ပေးပြီ ထင်နေတာ"

"အဲဒီ မမက တော်တော်လှတယ်နော် သူက ဘယ်သူလဲဟင် ကိုသူရ သိလား"

"ဟင့်အင်း တစ်ခါမှ မမြင်ဖူးဘူး ချောတာတော့ တော်တော် ချောတယ်၊ ရွှေရုပ်ကိုတော့ မီမယ်မထင်ဘူး ရွှေရုပ်အလှက အေးချမ်း တယ်"

မသိမသာ လမ်းကြောင်းလွှဲသွားသော စကားကြောင့် ရွှေရု မျက်နှာကလေး ရဲသွားရသည်။ သူရ ပြောပုံဆိုပုံတွေက ရဲတင်းလှ သည်။

ရုတ်တရက် ရွှေရုပ် ငြိမ်သက်သွားတော့ သူရအောင်က နေမထိ ထိုင်မသာ ပုံစံမျိုးဖြင့်

"ရွှေရုပ် စိတ်ညစ်နေပြီလား ပြန်ချင်နေပြီလား ဟင် ကိုဘု ကို ကိုယ် သွားခေါ်ပေးရမလား"

"အို မခေါ်ပါနဲ့ ရပါတယ်၊ ရွှေရုပ် ဘာမှ မဖြစ်ပါဘူး"

အကြောက်အကန် ငြင်းဆန်မိသည်။ ကိုကိုနှင့် လင်း ရှိရာသို့လည်း ကြည့်လိုက်မိသည်။

ရွှန်းရွှန်းစားစား လင်းစန္ဒီ မျက်နှာလေးက ကိုကို့ဆီမှ မ



ကိုဘိုကလည်း လက်ဟန်ခြေဖြင့် ပြောနေသည်။ မြင်လိုက်ရုံနှင့် သံယော ဇဉ် အတိုင်းအတာကို ရွှေရုပ် ခန့်မှန်းမိပါသည်။

"ရွှေရုပ်က အခုလက်ရှိ အန်ကယ်ဆင့်တို့နဲ့ နေနေတာပေါ့ ဟုတ်လား"

"ဟုတ်ကဲ့ အန်ကယ်ဆင့်ကို ကိုသူရ သိလို့လားဟင်"

"သိဝ်တော့ မသိပါဘူး မျက်မှန်းတန်း ရှိလောက်ပေါ့ အဘိုး ကြီးက ထုံထုံထိုင်းထိုင်းကြီးပါ ဟုတ်တယ် မဟုတ်လား"

ရွှေရုပ် စိတ်ထဲမှာ ထောင်းခနဲ ဖြစ်သွားသည်။ အန်ကယ် ဆင့်ကို ဒီလိုပြောတာတော့ သည်းမခံနိုင်။

"အန်ကယ်ဆင့်က ရိုးအေးတာပါ ဒီလိုတော့ မပြောသင့်ဘူး ဆင်တယ်၊ ပြီးတော့ ရွှေရုပ်အပေါ်လည်း သိပ်ကောင်းရှာတာ"

ရွှေရုပ် စိတ်ဆိုးသွားကြောင်း သူရအောင်က ချက်ခြင်းသိသည်။

"ဆောရီးကွာ ကိုယ် စကားမှားသွားတယ် ပြီးတော့ ရွှေရုပ်လို အောင်မလေးမျိုးကို လူတိုင်းက ခင်မင်ကြမှာပါ"

အပြောင်းအလဲ မြန်သော သူရအောင်ကို ရွှေရုပ် မအံ့သြဘဲ နေနိုင်ပါ။

"ဟော နှင်းဆီခိုင်ကြီး လာပါပြီ ဗျာ"

"ဘာလဲကွ နှင်းဆီခိုင်"

www.burmeseclassic.com

www.burmeseclassic.com



ကိုကိုက ထိုင်ခုံမှာထိုင်ရင်း စပ်ဖြီးဖြီး မျက်နှာနှင့် သူရအောင်ကို မေးလိုက်သည်။

"မိန်းမချောလေးတွေ ဝိုင်းနေတာကို ဆိုလိုတာပါ"

"ကဲ ကဲ ညည့်နက်သွားဦးမယ် ပြန်ကြရအောင်"

သူရအောင်ကို နှုတ်ဆက်ပြီး ပြန်ခဲ့ကြသည်။

"ကိုသူရအောင်က သဘောကောင်းတယ်နော်"

"အင်း"

ကိုကို့အသံက တုံးတိတိ ကိုကို စိတ်ရှေ့ ဘယ်ကို လွင့်ေ

တယ်ဆိုတာ ရွှေရုပ် ခန့်မှန်းမိပါသည်။

"ကိုကို စကားသွားပြောတဲ့ မမချောချောလေးက ဘယ်သူ

လဲဟင် ကိုကို"

"သူ့နာမည်က လင်းစန္ဒီတဲ့ ကိုကိုနဲ့ ငယ်သူငယ်ချင်းတွေလေ"

"မွေးနေ့ပွဲမှာ ရွှေရုပ်နဲ့ တွေ့ခဲ့တာ သူပေါ့ ကိုကို"

ကိုကို မျက်ခုံးစိမ်းစိမ်းတွေ ညင်သာစွာ မြင့်တက်သွားသည်

ကိုကို ဘာကြောင့် ရွှေရုပ်ကို လိမ်ချင်နေတာလဲ။

"ရွှေရုပ် သူနဲ့ ခင်မင်ချင်လိုက်တာ ကိုကို ခွင့်ပြုနိုင်ရင်ပေါ့"

"ကိုကိုက ဘာဖြစ်လို့ ခွင့်မပြုနိုင်ရမှာလဲ ကလေးရဲ့ စိတ်

ကိုယ် မိတ်ဆက်ပေးမယ်"



"ကျေးဇူးပဲ ကိုကို ရွှေရုပ် မိတ်ဆွေတစ်ယောက် တိုးပြီပေါ့"

ကလေးတစ်ယောက်ရဲ့ စိတ်လှုပ်ရှားပုံမျိုးဖြင့် ရွှေရုပ် ဆိုမိ

သော့ ကိုကိုက ရွှေရုပ် မေးဖျားလေးကို ကိုင်ပြီး

"ကလေးကတော့ တကယ့် ကလေးလေးအတိုင်းပဲနော်"

ရွှေရုပ် ကြည်နူးစွာဖြင့် ကိုကို ပခုံးကို မှီနွဲ့ထားမိသည်။

ကိုကိုရယ် ရွှေရုပ်ဘဝမှာ ဆိုးနွဲ့စရာဆိုလို့ ကိုကို တစ်ယောက်

ည်းပဲရှိတာပါ။ ယခုအချိန်မှာ တစ်ခုခုကို တောင်းဆိုပါဆိုလျှင် ကိုကိုနဲ့

တူတူရှိနေမယ့် ဘဝလေးကို တောင်းဆိုမိမှာပါ။

ကိုကိုကသာ လိုလိုချင်ချင် ခွင့်ပြုနိုင်မယ် ဆိုရင်

ရွှေရုပ် အနာဂတ်ဆန္ဒလေး ပြည့်ပြီပေါ့။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

ကိုကို ပို့ပေးလိုက်သော ချောကလက်တွေကို ရွှေရုပ် အားနာ
စားနေမိသည်။

"အဲဒီ ချောကလက်တွေကို များများစားပေး ကြာရင်
ဝက်ပုပ်ကလေး ဖြစ်လာလိမ့်မယ်"

ဒေါ်သိန်းရင်က အလိုမကျစွာ ဆိုသည်။ ကိုကို့ကိုလည်း
ပွစိပွစိဖြင့် အပြစ်တင်နေ၏။ ဒေါ်သိန်းရင်က သူ့ဝသီအတိုင်း စေတနာ
ပြောနေမှန်း ရွှေရုပ် သိပါသည်။

"ကိုကိုကြောင့် မဟုတ်ပါဘူး ကြီးကြီးရဲ့ ရွှေရုပ် ကြိုက်
မှာလိုက်တာပါ"

"လူငယ်တွေဟာ ကိုယ့်အတွက် မကောင်းတဲ့ အရာများ



ဖွဲ့လန်း တတ်ကြတာပဲ တယ်ခက်ပါလား"

"မကောင်းဘူးဆိုတာက သတ်မှတ်ချက် ရှိတယ်လေ ကြီးကြီးရဲ့
စပ်တာထက်တော့ မပိုဖို့ လိုတာပေါ့"

ကြီးကြီး မျက်နှာ မည်းခနဲ ဖြစ်သွားတာ သတိထားမိသည်။
ရုပ် ပြောတာ လွန်သွားပါသလား။ ကိုကိုက ရွှေရုပ်ကို ရက်ရက်
စက် မလုပ်မှာ သေချာပါသည်။

"မင်း သိထားတဲ့ ဘုန်းစကြာအကြောင်းက နည်းနည်းလေးပါ
ရုပ်တို့ သိထားတာတွေနဲ့ ယှဉ်လိုက်ရင် အများကြီး ကွာဟတယ်၊
ရုပ်က စေတနာနဲ့ ပြောတာပါ"

ပါးစပ်ထဲထည့်ဖို့ ပြင်လိုက်တဲ့ ချောကလက်ကို ရွှေရုပ် ဆက်
ည့်ဖြစ်တော့။ ကြီးကြီးက ပွယောင်းယောင်း ဖြစ်နေတဲ့ ဆံပင်ကို
စ်တတ်သျှ ပြန်ထုံးလိုက်ပြီး

"အချိန်တန်ရင် သူ့နေရာသူ ပြန်သွားမယ့် လူတစ်ယောက်
အကြောင်း တွယ်တာနေရတာလဲ သံယောဇဉ်ဆိုတာ လိုတာထက်
ရင် ဒုက္ခရောက်တတ်တယ်"

"ကြီးကြီး ဘာကို ဆိုလိုချင်တာလဲ"

"အေး ရှင်းရှင်းပြောရရင် မင်းကသာ အစ်ကိုရင်းခြာ တစ်
ယောက်လို ခင်တွယ်နေပေမယ့် သူ မြန်မာပြည်ကို ပြန်လာတာ သူ့ငယ်

www.burmeseclassic.com

www.burmeseclassic.com



ရည်းစားနဲ့ ပတ်သတ်နေမယ်လို့ ငါထင်တယ်''

ကြီးကြီး စကားကြောင့် စိတ်တွေ မွန်းကျပ်လာသည်။ ကို

ဆက်ရှိနေတာ လင်းစန္ဒီ ကြောင့်လား။

''ဝတ္တရား ရှိတဲ့အတိုင်း ကျုပ်က မင်းကို သတိပေးထာ

လိုက်နာတာ မနာတာက မင်းအပိုင်းပေါ့ ကဲကဲ ညည်းနက်လှပြီ သွား

ချေတော့''

အိပ်ခန်းထဲရောက်တော့ မွေ့ရာထက်မှာ လဲလျောင်း

ပေမယ့် ရွှေရုပ် အိပ်မပျော်နိုင်။

ကိုသူရ စိတ်ကျွေးတဲ့နေ့က ကိုကိုနဲ့ လင်းစန္ဒီ ပြောဆို ဆ

နေတာတွေက အထင်အရှား။

ကိုကိုနှင့် လင်းစန္ဒီ လိုက်ဖက်ညီသည်ဟု ရွှေရုပ် ထင်

ရွှေရုပ်ကို ကိုကို တကယ် သံယောဇဉ်ရှိတာ မသေချာပေမယ့် ရွှေ

ကတော့ သေချာပါသည်။

ကိုကို ပေါ်မလာတာ အခုဆို ငါးရက်တောင် ရှိပြီဖြစ်

ကိုကို ဘယ်တွေသွားပြီး ဘာတွေလုပ်နေသလဲ ဘယ်သူနဲ့လဲ။

ကိုကို ပေါ်မလာ၍ လွမ်းဆွတ်မိပေမယ့် ရွှေရုပ် ရင်

ဝန်တိုမှု ကင်းရှင်းပါသည်။

ရွှေရုပ် အကြောက်ဆုံးက တစ်ခုပဲ ရှိပါသည်။ ရွှေ



...ပြီး ကိုကို အဝေးဆုံးကို ထွက်သွားမှာ ကိုပေါ့။

ရွှေရုပ် သိချင်တာ တစ်ခုပဲ ရှိပါသည်။

ရွှေရုပ်ကို ကိုကို သံယောဇဉ် ရှိ မရှိ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

"တစ်ယောက်တည်းလား ကလေး"

ကြည်လင် ရှင်းသန့်နေသော မျက်နှာနှင့် ကိုကိုက မေးသည်

ရွှေရုပ် ဖတ်လက်စ မဂ္ဂဇင်းစာအုပ်ကို ချထားလိုက်ပြီး ပြုံး
မိပေမယ့် ရင်ထဲမှာ ဆို့တက်လာသည်။

နေကာမျက်မှန်ကို ချွတ်လျက် ကိုကို လျှောက်လာစဉ်မှာ
မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျလာသည်။

ရွှေရုပ် နံဘေးမှာ ထိုင်ချလိုက်ပြီးမှ ကိုကို နှုတ်ခမ်းတွေ
ပွင့်ဟသွားပြီး

"ကလေး ငိုနေတယ်"

ရွှေရုပ်ရဲ့ ရှိုက်သံလေးတွေက လွှဲပြီး ညှော်ခန်းတစ်ခုလုံး





တိတ်ဆိတ်လို့။ ပြီးမှ အိပ်ရာနိုးစ နှင်းဆီဖူးလေးလို မို့အစ်အစ် မျက်နှာ
ဖြင့်

"ဆောရီးပါပဲ ကိုကို စိတ်မထိန်းနိုင်ဘဲ ဖြစ်သွားတဲ့အတွက်
ရွှေရုပ် စိတ်မကောင်းပါဘူး"

"ကိုယ်လည်း ကလေးနဲ့ ထပ်တူပါပဲကွာ"

ရွှေရုပ် ပါးပြင်ထက်မှ မျက်ရည်စတွေကို ကိုကိုက တစ်သျှူး
နှင့် တို့သုတ်ပေးသည်။

ရှိုက်သံတွေ တိတ်ဆိတ် ပျောက်ကွယ်သွားသည်။

မျက်ရည် မကျတော့ပေမယ့် တုန်ခါနေသော အသံလေးဖြင့်
ရွှေရုပ် ဆိုမိသည်။ နှုတ်ခမ်းတွေကိုတော့ အတတ်နိုင်ဆုံး ပြုံးထားရင်းပေါ့။

"ရွှေရုပ် ရွှေရုပ်လေ ကိုကို ပြန်မလာတော့ဘူးလို့ ထင်နေခဲ့
တာ ရွှေရုပ်ကို နှုတ်မဆက်ဘဲ ကိုကို ထွက်ခွာသွားပြီလို့ ထင်နေခဲ့တာ"

"ကလေးရယ် ကိုကိုက ဘာလို့ ကလေးကို နှုတ်မဆက်ဘဲ
ထွက်သွားရမှာလဲ"

ကိုကိုပြောတော့ ရွှေရုပ် အားတက်သွားမိသည်။ ကိုကို လိမ်နေ
တာ တော့ မဖြစ်နိုင်ပါ။ ကိုကိုဘာမှ ဆက်မပြောတော့ ရွှေရုပ် မျက်နှာ
လေးကို စူးစိုက်ကြည့်နေသည်။

"ကိုကို ရွှေရုပ်ဆီ ဘာလို့မလာတာလဲဟင် အလုပ်တွေများ



www.burmeseclassic.com

www.burmeseclassic.com



နေလို့လား''

ကိုကိုက နှုတ်ကမဖြေ။ ရွှေရုပ် ဆံနွယ်လေးတွေကို သပ်တင်ပေးရင်း ခေါင်းညိတ်ပြသည်။

''ဪ ဒါနဲ့ စန္ဒီနဲ့တွေ့လို့ ကိုကို ရွှေရုပ်အကြောင်း ပြောပြလိုက်သေးတယ် စန္ဒီကလည်း ရွှေရုပ်ကို သိပ်တွေ့ချင်နေတယ် တစ်ခေါက်လောက် ဆုံရအောင်တဲ့'' ၊

''ဟုတ်လား ကိုကို''

ရွှေရုပ် မျက်နှာလေး နေထိပန်းလို လန်းဆန်းသွားရသည်။

''မမစန္ဒီက ဘယ်မှာနေတာလဲဟင် ကိုကို''

''အရင်ကတော့ နယူးဇီလန်မှာ အခုပြန်လာတာ မြန်မာပြည်မှာ အခြေချဖို့ အတွက်လေ''

ရွှေရုပ် ဆက်မမေးဖြစ်ပါ။ ကိုကိုကလည်း ဆက်မပြောတော့

''ကလေး ရုတ်တရက်ကြီး ထိုင်လိုက်တော့ ကိုကို စိတ်ထဲ တစ်မျိုးကြီးပဲ''

ရွှေရုပ် မျက်လွှာလေး ချထားမိသည်။ ကိုကို့ရှေ့မှာ မဆောင်နိုင်ဘဲ ဖြစ်သွားခဲ့သည်။

''ရွှေရုပ် တောင်းပန်ပါတယ် ရွှေရုပ် ဝမ်းနည်းသွားမိလို့ ကိုကို ရောက်မလာတော့ဘူးလို့ ရွှေရုပ်က ထင်ထားတာလေ''

ကိုကို့ မျက်နှာ မှိုင်းသွားသည်။

''ရွှေရုပ်ကို နှုတ်မဆက်ဘဲနဲ့ ကိုကို ထွက်ခွာသွားမယ်လို့ ရွှေရုပ် ထင်တယ် ယုံကြည်သလား''

ရွှေရုပ် ခေါင်းကလေး ခါမိသည်။ ကိုကို ခန္ဓာကိုယ်တောင် သွားတာက အားမလိုအားမရ။

''ကြီးကြီးက ပြောတယ်လေ ကိုကို နှုတ်မဆက်ဘဲ ထွက်ခွာရင်တောင် မအံ့သြပါဘူးတဲ့''

ကိုကို မျက်နှာ ထောင့်ချိုးကျကျက မေးကျောကြီးတွေ ထောင်သွားတာ သတိထားမိသည်။

ကြီးကြီးကို ကိုကို မကျေမနပ် ဖြစ်သွားမှန်း ရွှေရုပ် ချက်ခြင်း သိလိုက်ပါသည်။

''ကြီးကြီးက ရွှေရုပ်အတွက် စိုးရိမ်ပြီး ပြောတာပါ သူက ဆိုတော့ ရွှေရုပ်ရှိနေတာ သူ့အတွက် စိတ်ထွက်ပေါက်တစ်ခု လေ''

ရွှေရုပ် ပြောလိုက်တော့ ကိုကို မျက်နှာ ပြေလျော့သွားပေမယ့်

''ဘာပဲဖြစ်ဖြစ် လူတစ်ယောက်ကို စည်းမဲ့ဘောင်မဲ့ မဝေဖန်သင့်ဘူးလို့ ထင်တယ် ကလေး''

''ရွှေရုပ်နဲ့ ပတ်သက်ပြီး ဖြစ်သွားတာမို့ ကိုကို ကြီးကြီးအပေါ်

www.burmeseclassic.com

www.burmeseclassic.com



ဒေါသမထွက်မိအောင် နားလည်ပေးလိုက်ပါ''

''ဟင်း အေးလေ ထားပါတော့ ဒီအချိန်မှာ မြင်နေတဲ့ အမြင်အရတော့ ကိုကို့ပုံစံက ဒီအတိုင်း ဖြစ်နေတာကိုး''

ကိုကို စိတ်ထိခိုက်တာကို တွေ့ရပြန်တော့ ရွှေရုပ် မကြည့်ရက်နိုင်။

''စိတ်မကောင်း မဖြစ်မနေပါနဲ့ ကိုကိုရယ် ကိုကို ဘေးမှာ နားအလည်နိုင်ဆုံးအဖြစ် ရွှေရုပ် အမြဲရှိနေမှာပါ''

ကိုကိုက ရွှေရုပ် ခန္ဓာကိုယ်လေးကို ထွေးပွေ့ပြီး တီးတိုးညင်သာစွာဖြင့် ရေရွတ်သည်။

''ကလေးရယ်''

ကိုကို ရင်ခွင်ထဲမှာ မှီနွဲ့ရင်း ရွှေရုပ်ရင်ထဲမှာ ပျားရည်မြစ်ကလေး ဖြက်သန်းစီးဆင်းသွားရသည်။

ကိုကိုက ရွှေရုပ်ရဲ့ ထာဝရ ကိုကိုပါ ကိုကို။

■ ■ ■

## အခန်း (၁၈)

လင်းစန္ဒီရဲ့ အိမ်က ရွှေရုပ် မျှော်လင့်ထားသည်ထက် အဆတစ်ရာမက ခမ်းနားသည်။

အိမ်တွင်း အပြင်အဆင်နှင့် အနောက်တိုင်းဆန်ဆန် ပရိဘောဂ အဆောင်အယောင်ရွှေ့ နိ မျက်တောင်မခတ် ပေးမောနေမိသည်။

ကြိမ်ခြင်းလှလှ လေးထဲမှာ အရုပ်ကလေးလောက်ရှိတဲ့ ခွေးကလေးတစ်ကောင်။ ရွှေရုပ်တို့ကို မြင်သည်နှင့် တဝုတ်ဝုတ် ထိုးဟောင်နေလိုက်တာ အဆက်မပြတ်။

''တိတ်စမ်း ပင်းပင်း''

ကိုကိုက ဝေါက်ငမ်းလိုက်တော့ တအီအီ အသံပေးပြီး ငြိမ်သက်



www.burmeseclassic.com

www.burmeseclassic.com



သွားသည်။ နားရွက်ကလေးတွေက ပိုးသားလေးတွေလို နူးညံ့လှ၏။ ကိုကိုက နားရွက်လေးတွေကို ငုံ့ပြီး ဆွဲလိုက်သည်။

"ချစ်စရာ ကောင်းလိုက်တာ ကိုကိုရယ်၊ အိမ်ကြီး ကလည်း ကောင်းလိုက်တာ ကိုကိုကတော့ ရောက်ဖူးပြီးသား နေမှာပါ၊ သူ မမစန္ဒီက ဒီမှာပဲ အမြဲနေမှာလားဟင်"

"ဆိုပါတော့ ပြင်ဦးလွင်မှာလည်း အိမ်ရှိသေးတယ် ရန်ကုန်မှာ ရောပေါ့"

ရွှေရုပ် စိတ်ဝင်တစား နားထောင်ရင်း မမစန္ဒီကို အားကျ သလို ခံစားလာမိသည်။

"ပြင်ဦးလွင်တဲ့ ကောင်းလိုက်တာ ရွှေရုပ် တစ်ခါမှ မရောက် သေးဘူး သိလား"

အခုအချိန်ထိ မမလင်းစန္ဒီ၏ ညိုစိုစိုအယောင်ကိုတောင် မတွေ့ ရသေးပါ။ ကိုကိုက စိတ်မရှည်သလို ညှော်ခန်းထဲမှာ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေသည်။

"ဟော ရောက်လာကြပြီနော်"

အသံလာရာဆီသို့ ကိုကိုနှင့်ရွှေရုပ် ပြိုင်တူကြည့်လိုက် မိကြ သည်။

မွေးနေ့ပွဲကလို မဟုတ်ဘဲ ကျောလယ်လောက် ဆံပင်တွေ



ကို ဖြန့်ချထား၏။ အိမ်နေရင်းမို့ အပြာရောင် လက်ပြတ် တီရှပ်လေး နှင့် သရီးကွာတား ဂျင်းအတိုကို ဝတ်ဆင်ထားပေမယ့် ထင်းနေအောင် လှပါသည်။

ဘာမှ လိမ်းခြယ်ထားခြင်း မရှိသော မျက်နှာလေးက အစက် အပြောက် တစ်စက်မျှမရှိ။ အချိုးအစား ပြေပြစ်သော ခန္ဓာကိုယ် သွယ်လျလျလေးက နိုင်ငံခြားမော်ဒယ်တွေလို ဖြစ်သည်။

"ကိုဘုန်း ပြောပြလို့ မမကို ညီမလေး မှတ်မိနေတာ သိရ ပါတယ်၊ မမလည်း ညီမလေးကို တစ်ခါမြင်ရုံနဲ့ မှတ်မိနေတာ ရှေ့ရေစက်နဲ့ တူတယ်နော်"

နှစ်လိုဖွယ် အပြုံးလေးနှင့် ဆိုလိုက်တော့ ရွှေရုပ် ပြန်ပြုံး ပြလိုက်မိသည်။ သူမ မျက်ဝန်း လှလှတွေက ရွှေရုပ် မျက်နှာပေါ်မှာ ဝဲလို့။

"ကိုဘုန်း ပြောပြထားလို့ ကိုဘုန်းရဲ့ မွေးစား ညီမလေး အဖြစ် သိထားတာ ကြာပါပြီ၊ မမြင်ခင်ကတည်းက ကိုဘုန်း အပြောနဲ့ တင် မမက ခင်မင်နေတာလေ"

"ဟုတ်ကဲ့ ရွှေရုပ်လည်း မမကို စတွေ့ကတည်းက ခင်ပါတယ် မမ"

"ဒါနဲ့ ကိုဘုန်းကရော ညီမလေးကို ဂရုတစိုက် ရှိရဲ့လား"

www.burmeseclassic.com

www.burmeseclassic.com



မမစန္ဒီက ကိုကိုကို စောင်းငဲ့ကြည့်ရင်း ပြောသည်။

ကိုကိုက ဘောင်းဘီ အိတ်ကပ်ထဲသို့ လက်နှစ်ဖက်ကို ထိုးသွင်း လိုက်ရင်း

"စန္ဒီရယ် ကလေးက ကိုယ့်ညီမလေးပါ ဂရုစိုက်တာမှ မျက် အောက်ကတောင် အပျောက်မခံဘူးလို့ ဖြေလိုက်မယ်"

"ရွှေရုပ်တဲ့လား"

"ရွှေရုပ်ကလေးပါ မမ"

"နာမည်လေးက လိုက်ပါတယ် လူကလည်း ချစ်စရာ ဆိုတော့"

မမစန္ဒီ ဟန်ဆောင်နေတာ မဟုတ်မှန်း ရွှေရုပ် သိပါသည်။ ပင်းပင်းဆိုသော ခွေးကလေးက မမစန္ဒီ ခြေထောက်ကို လာရော ပွတ်သပ်နေသည်။ မမ စန္ဒီ ကောက်၍ ပွေ့ပေးထားတော့ ရွှေရုပ် မနေနိုင် ခေါင်းကလေးကို ပွတ်သပ်ပေးမိ၏။

"အသည်းယားစရာလေး နော်"

"ဟုတ်တယ် ညီမလေး အဲ ရွှေရုပ်လို့ပဲ ခေါ်မယ်နော်"

"ဟုတ်ကဲ့"

"ဒီကောင်လေးက မမအတွက်တော့ အဖော်ကောင်းပဲ သူရှိနေလို့ မမဘဝ အထီးကျန် မဆန်တာ"

မမစန္ဒီ ရင်ထဲမှာ ထိရှမှု တစ်ခုခုရှိနေမည်ဟု ရွှေရုပ်ထင်သည်။ စန္ဒီကို ရီဝေစွာ ငေးမောနေသည့် ကိုကို့ကို သတိထားမိ၏။ ကိုကို မှာ ပတ်သက်နေသလား။

"ကဲပါလေ ကိုဘုန်းနဲ့ ရွှေရုပ် ဆာနေလောက်ရောပေါ့ စန္ဒီ တို့ စီစဉ်ထားတယ် စားသောက်ရင်း စကားပြောကြတာပေါ့"

ဟင်းအမယ်ပေါင်းစုံဖြင့် စားပွဲမှာ ဝင်ထိုင်မိကြသည်။

သုံးယောက်ထဲ ဖြစ်ပေမယ့် ပြင်ဆင်ထားတာက တခမ်းတနား။ ပွဲအလယ်မှာ ပန်းအိုးဖြင့် ထိုးစိုက်ထားသည့် အနီရောင် နှင်းဆီပွင့် ကြီးတွေက ငွားငွားစွင့်စွင့်။

"ပန်းတွေက မြင်ရုံနဲ့ စိတ်ကို လန်းဆန်းသွားတာပဲ"

ရွှေရုပ် မျက်လုံးလေးတွေ မှေးမှိတ်ရင်း ပြောလိုက်သည်။ စန္ဒီက ချစ်စရာ ဟန်လေးဖြင့် ရွှေရုပ်ကို သဘောကျစွာ ကြည့်ရင်း

"အနီရောင် နှင်းဆီဆို မမက အကြိုက်ဆုံးပဲလေ၊ ကိုဘုန်း တာလို့ ပြင်ဆင်ထားလိုက်တာ"

မမစန္ဒီက ကျေနပ်စွာ ဆိုနေပေမယ့် ကိုကိုကတော့ အနေခက် သလို အစားကိုသာ ဖိစားနေသည်။

ရွှေရုပ် ရင်ထဲမှာ ရှိတာကို ပြောရလျှင် ကိုကိုနဲ့ မမစန္ဒီကို ည်စေချင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"ရွှေရုပ် နောက်လည်း မမဆီကို ဝင်ပါထွက်ပါနော် မ… ရွှေရုပ်လို ယဉ်ယဉ်ကျေးကျေး ချစ်စရာလေးဆို သိပ်ခင်တတ်တာ"

"ဒီလောက်တော့ ရှိမှာပေါ့ စန္ဒီရယ် ရွှေရုပ်ရဲ့ အုပ်ထိန်းသူ… ဘုန်းကြောပဲ ဟာကို"

"ကိုယ်ရည်သွေးလိုက်တဲ့ ယောက်ျား"

မမစန္ဒီ မျက်စောင်းလေးဝင့်ရင်း ပြောတော့ ကိုကို မျက်… မည်းခနဲ။ ရွှေရုပ် ရှေ့မှာမို့ ကိုကို တော်တော် ရှက်သွားပုံရသည်…

"ကိုဘုန်း ခရီးပြန်ထွက်သွားရင် ဘယ်လိုလုပ်မလဲ ရွှေ… တစ်ယောက်တည်း ကျန်ခဲ့မှာပေါ့ ပြီးတော့ သူက ခြေထောက်… ဖွေပါတဲ့လူ မမကတော့ ကိုဘုန်းကို လက်ဖျားခါတယ်"

"ငါ ဘယ်လို လူစားဆိုတာ နင်အသိဆုံးပါ စန္ဒီရယ် ကလေး… စိတ်ဆင်းရဲအောင် မလုပ်ပါနဲ့ ကလေးအတွက် အကောင်းဆုံးကို… ဆုံးဖြတ်မှာပါ"

ရွှေရုပ် ဘယ်လိုမှ မခံစားမိပါ။ တစ်နေ့နေ့မှာ ရွှေရုပ်… ကိုကို ထားသွားမှာ သိနှင့်နေပြီးသားပဲ။ ခံနိုင်ရည်ရှိအောင် ကြိုး… ရွှေရုပ် သိပါသည်။

အခု ရွှေရုပ် ခံစားနေတာက မမစန္ဒီကို ဖြစ်သည်။

ဝတ်တာစားတာကအစ စတိုင်ကျသော မမစန္ဒီကို ရွှေ… …ကျမိတာ ဆန်းသလား။ ဘယ်လိုဝတ်ဝတ် လှနေတာမျိုး၊ အို သူမနဲ့ …သက်သမျှ လှနေတာချည်းပဲ။

တစ်ခုပဲ အံ့ဩမိပါသည်။ ရွှင်လန်းတက်ကြွနေသည့် မမစန္ဒီ …မှာ ထင်ဟပ်နေသော ဆွေးမြေ့ရိပ်။

"ရွှေကလေး ဘာတွေ စဉ်းစားနေတာလဲ"

ဩရှရှ ကိုကို အသံကြောင့် ရွှေရုပ် ခန္ဓာကိုယ်လေး တွန့်ဆုတ် …သွားသည်။

"ဘာမှမဟုတ်ပါဘူး ကိုကို"

ရွှေရုပ် ပြောတော့ ကိုကို့အသွင်က သက်သာရာ ရသွားသလို …သည်။

"မမတို့ ပြင်ဦးလွင်သွားရင် ရွှေရုပ်ကို ခေါ်သွားမယ် ပြင်ဦးလွင် …ရောက်ဖူးလား ဟင်"

"မရောက်ဖူးဘူး မမ"

"ဒါဆိုရင်တော့ ရောက်ဖူးပြီလို့သာ မှတ်လိုက်တော့"

အခုမှ စခင်မင်တာ ဖြစ်ပေမယ့် မမစန္ဒီက ရွှေရုပ် အပေါ် …ကြောင့် ဒီလောက်တောင် ကောင်းနေရတာလဲ ကိုကိုကြောင့်လား

ကိုကိုက တစ်ခုခု ပြောမည့်ဟန်ပြင်တော့

"တို့နှစ်ယောက် အရမ်း အဆင်ပြေနေကြပြီနော် နင် ဘာဝင်

www.burmeseclassic.com

www.burmeseclassic.com



ပြောဦးမလို့လဲ ကိုဘုန်း''

''ငါတို့ ရောက်နေတာ အတော်ကြာပြီ စန္ဒီ ပြန်ဖို့ အချိန်

ပြီထင်တယ်''

မမ စန္ဒီ ငြိမ်သက်သွားသည်။ ပြီးမှ

''ကောင်းပါပြီဟာ ကောင်းပါပြီ ရွှေရုပ် မမကို ကိုယ့်အ

အရင်းတစ်ယောက်လို သဘောထားနော် ညီမလေး''

''ဟုတ်ကဲ့ စိတ်ချပါမမ ရွှေရုပ်တို့ ပြန်လိုက်ပါဦးမယ်''

မမစန္ဒီကို နှုတ်ဆက်ပြီး ပြန်ခဲ့သည်။ ရွှေရုပ် နားမလည်နိုင်

က ကိုကိုနဲ့ မမစန္ဒီရဲ့ ဆက်ဆံရေး။ ဒီလောက် တရင်းတနှီး ရှိခဲ့ဖူး

လူတွေက ဘာကြောင့် စိမ်းဆတ်ဆတ် ဖြစ်မနေတာလဲ။

ကိုကိုနဲ့ မမစန္ဒီကြားမှာ ပဋိပက္ခတွေ ရှိနေရင် ပြေလည်

ချင်တာက ရွှေရုပ် ဆန္ဒနဲ့ ရှေ့ဆက် ဘာတွေ ဖြစ်လာဦးမလဲ။

ရင်မောလိုက်တာ။

■ ■ ■



## အခန်း (၁၉)

''ဘာတွေ တွေးနေတာလဲ ကလေး''

''မမ စန္ဒီအကြောင်း စဉ်းစားနေတာပါ ကိုကို''

ရွှေရုပ် နှလုံးသားထဲမှာတော့ မမကို ကိုကို မပြတ်နိုင်သေးဘူး

ဟုတ်လားဟု မေးနေမိသည်။

''ပြင်ဦးလွင်ကို လာလည်ဖို့ ပြောတော့ ရွှေရုပ် ပျော်လိုက်တာ

သမဲ့ သူ မေ့သွားမလား မသိဘူး''

''စန္ဒီ မေ့မှာမဟုတ်ပါဘူး ကလေးကို တကယ် ခေါ်သွားမှာပါ''

ကိုကိုက ကြားထဲက အာမခံနေပြန်သည်။ ရွှေရုပ် သက်ပြင်း

လေးတွေ လွှတ်ထွက်သွားသည်။

''ရွှေရုပ်က စန္ဒီကို အားကျနေတာလား''

''အင်း မမလောက် လှရင် သိပ်ကောင်းမှာပဲ''

www.burmeseclassic.com

www.burmeseclassic.com



ကိုကိုက မြင့်မားထောင်မောင်းသော အရပ်ကြီးဖြင့် ရွှေ

မျက်နှာလေးကို ငုံ့ကြည့်ရင်း။

"စန္ဒီကို အားမကျနဲ့ကလေး သူက ဘာမှ အားကျစ

မရှိဘူး"

"ရှိတာပေါ့ ကိုကိုရယ်"

ကိုကိုက ရွှေရုပ်ကို နားမလည်သလို ပြန်ကြည့်သည်။

ကိုကိုရဲ့ မေတ္တာတရားပေါ့လို့ ပြောချင်ပေမယ့် မပြောဖြစ်

"သူ ပိုင်ဆိုင်တဲ့ အရာတွေအားလုံးကျ မက်မောစရာ

ပါပဲ၊ သူ့တိုက်ကြီး ကောင်းပေမယ့် ရွှေရုပ် အတွက်တော့ ကိုယ်ပိုင်

သေးသေးလေးဆို လုံလောက်ပါတယ်"

"ကလေး အသက် နှစ်ဆယ့်တစ်နှစ် ပြည့်တဲ့အခါ လိုချင်သ

အကုန်ရမယ်၊ သုံးစရာ ဖြုန်းစရာ ငွေတွေ အများကြီး"

ကိုကို ရွှေရုပ်ကို ပြောလိုက်သည့် အချိန်မှာ အားပါသွ

ပြီး မျက်ဝန်းတွေက စူးရဲလာသည်။ ရွှေရုပ် နှဖူးဝင်းဝင်း ကလေးထက်

မျက်မှောင်ကလေး ကုပ်သွားရသည်။

"ရွှေရုပ် ငွေတွေအများကြီး မလိုချင်ပါဘူး"

"ဒီလိုဆိုရင်တော့ ကလေးဟာ ပထမဦးဆုံးသော ငွေမ

ချင်တဲ့ မိန်းမပဲ မိန်းမတွေက များသောအားဖြင့် ငွေမက်ချင်မက် အ



ဟုတ်ရင် အဆိပ်အတောက်နဲ့ချည်းပဲ မိန်းကလေးတိုင်းကိုတော့ မဆိုလို

ဘူး"

ဒသသန ဆန်ဆန် ကိုကို့ စကားတွေကြောင့် ရွှေရုပ် ကိုကို့

ကြောင်တွေပြီး ကြည့်နေမိသည်။

"မမစန္ဒီ ပုံစံလေးကြည့်ရတာ စိတ်ထားလေးက ဖြူစင်ပုံ ရပါ

ယ် ကိုကိုရယ်"

"စန္ဒီအကြောင်း မင်းက ဘယ်လောက်ထိများ သိထားလို့လဲ

လေး ပြောစမ်းပါဦး"

ကိုကို့ အသံက အနည်းငယ် မာဆတ်နေသည်။

"ကိုကိုကတော့ သိထားတယ်ပေ့"

"ဟုတ်တယ် စန္ဒီနဲ့ ကိုကိုနဲ့က အစုအတိုင်း အတာထက်မက

ခဲ့တဲ့ သူတွေပါ ယယ်ရည်စားတွေ ဆိုပါတော့ ဇေစဉ်ကြောင်းလမ်း

တဲ့အထိ ပတ်သက်ဖူးခဲ့တယ်"

ကိုကို့ အသွင်က ဓွေးမြေ့နေသည့်ပုံ။ ချက်ခြင်း ဆိုသလို

ဓွေးမြေ့နေဟန်မှ အေးစက်စက် အမူအယာသို့ ပြောင်းလဲသွားပြီ

"စန္ဒီကို ကိုကို ချစ်ခဲ့ပါတယ်၊ ကိုကို အမြင်မှာတော့ သူက

ယ်ငယ်လေး တစ်ကောင်ပဲ၊ မထင်မှတ်တဲ့ အချိန်မှာ ကျားရဲတစ်

ကောင် အသွင်ကို ကိုကို တွေ့လိုက်ရတယ်လေ၊ သူနဲ့ ကိုကို ကွဲကွာ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့တာ တင်းမာတဲ့ ခံယူချက်နဲ့ မာနတရားတွေကြောင့်ပါ''

''မမစန္ဒီကလည်း ကိုကို့အပေါ် သံယောဇဉ် ကုန်ပုံမရသေး ပါဘူး''

''အဟင်း ထင်လို့ပါ စန္ဒီရဲ့ မာနဆူး ဘယ်လောက် ချွန်တယ် ဆိုတာ ကိုကို အသိဆုံးပါ၊ ကိုကိုနဲ့ သူ လမ်းခွဲပြီး မကြာခင်မှာ သူ လက်ထပ်လိုက်တယ်လေ၊ သူ့အမျိုးသားကလည်း နယူးဇီလန်က ပဲ၊ စန္ဒီက သူ့ကိုယ်သူ ထင်တစ်လုံးနဲ့ ဆုံးဖြတ်ခဲ့တာလေ၊ သူတို့ အိမ်ထောင်ရေး အဆင်မပြေပါဘူး၊ သူ အခု ရောက်နေတာ သူ ယောကျ်ားနဲ့ ကွာရှင်းပြတ်စဲဖို့ အတွက်ပဲ၊ မကြာခင်အချိန်မှာ သူ ယောကျ်ား နယူးဇီလန်က လိုက်လာလိမ့်မယ်''

ရွှေရုပ် ရင်ထဲမှာ ဟာသွားလိုက် တလှပ်လှပ် ဖြစ်သွားလိုက် ဖြင့် အမျိုးမျိုး ပြောင်းလဲနေသည်။

''ဒါဆို မမစန္ဒီက အပျိုစင်တစ်ယောက် မဟုတ်ဘူးပေါ့''

''ဟုတ်တယ် သူ့ရဲ့ မာန်မာနတွေက ဒဏ်ခတ်လိုက်တာလေ တကယ်ဆို ရိုးသားဖြူစင်တဲ့ ကလေး ဘဝလေးက အကောင်းဆုံးပါ သူ့ကို အားကျနေဖို့ မလိုပါဘူး''

ရွှေရုပ် ဆွံ့အသွားရသည်။ ကိုကို ပြောပြတော့လည်း မမစန္ဒီ ဘဝက ရှုပ်ထွေးလှသည်။ ယယ်ယယ်ရွယ်ရွယ်နှင့် တစ်ခုလပ် ဖြစ်ရမည့်





...စန္ဒီဘဝကို တွေးရင်း သနားမိသည်။

''ထားပါ စိတ်ညစ်စရာတွေ တွေးမနေပါနဲ့ ကိုကို ဒီအကြောင်း ...တွေ မေ့ဖျောက်ထားတာ ကြာခဲ့ပါပြီ''

''ဟင်း ရွှေရုပ် ဘဝလေးကမှ ငြိမ်းချမ်းဦးမယ်နော် ကိုကို''

''ပြောင်းလဲပစ်နိုင်တာက မိန်းမသားတွေ အလုပ်ပဲလေ ကလေး ...ကို အပြစ်မဆိုချင်ပါဘူး''

''ရွှေရုပ်က အပြောင်းအလဲ မြန်တဲ့သူ မဟုတ်ပါဘူးနော်''

''ကိုကို ယုံပါတယ် ကလေးက ကလေးလို ဖြူစင်တာပဲ''

ကိုကိုက ကြည်ကြည်နူးနူး ပြောလိုက်ပေမယ့် ရွှေရုပ်ကတော့ ...ကိုယ့်ကို ကလေးနဲ့နှိုင်းတာ မခံချင်။

''ရွှေရုပ်က စဉ်းစားဉာဏ် ရှိပါတယ် ကိုကိုရယ်၊ မေတ္တာ ...ဆော်တဲ့ဘဝမှာ ပျော်ရွှင်မှုကင်းလို့ စိတ်ပျက်နေတာပဲ ရှိတယ်''

''နောက်ဆို ပျော်စရာ ဘဝလေးကို ကလေး ပိုင်ဆိုင်ရတော့ ...မှာပါကွာ သိပ်မကြာတော့ပါဘူး''

ကိုကို့ စကားတွေက ပဟေဠိဆန်နေသည်။ ကိုကို ဘာကို ...ဆိုလိုတာလဲ ရွှေရုပ် သိချင်စိတ်ကို ထိန်းမရ။

''အဲဒါ ကိုကို ရည်မှန်းချက်လား''

''ကိုယ့် ရည်မှန်းချက်''



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုက ခေါင်းကို ခါယမ်းပြသည်။

"ကိုကို့ ရည်မှန်းချက် မဟုတ်ပါဘူး ရွှေရုပ်ရဲ့ ဆုံးဖြတ်ချ နဲ့ ရွေးချယ်ခွင့်ပါ"

"ကိုကို ဆိုလိုချင်တာ ရွှေရုပ် နားမလည်ဘူး"

"မကြာခင်မှာ လွှဲပြောင်းပေးမယ့် အမွေ အပြောက်အမြား ရွှေရုပ် ပိုင်ဆိုင်ရမှာလေ၊ အဲဒီအချိန်ရောက်ရင် ကလေး ရွေးချ ချင်တဲ့သူကို ရွေးချယ်မှာပဲ မဟုတ်လား"

ကိုကိုက ရွှေရုပ် ယောကျ်ားယူဖို့ ပြောနေမှန်း သဘောပေါ မိသည်။ စိတ်ထဲမှာ ဝမ်းနည်းမိသလိုလည်း ဖြစ်သွားရသည်။

"ရွှေရုပ် ယောကျ်ားမယူချင်ပါဘူး။ ရွှေရုပ်လေ အနက်ကယ်ဆ တို့၊ ကိုကိုတို့နဲ့ ဘဝလေးကိုပဲ လိုချင်တာ"

ကိုကိုက မှတ်ပုံတင်ထားသော အပြုံးနှင့် နှုတ်ခမ်းတစ်ဖ တွန့်ကွေးရုံ ပြုံးသည်။

"စိတ်ကူး မယဉ်စမ်းပါနဲ့ ကလေးရယ် အတောင်အလက် စုံရင်တော့ ပျံသန်းကြမယ့် လူတွေချည်းပါပဲ"

"ရွှေရုပ်အတွက်တော့ ဘယ်တော့မှ ဖြစ်လာမှာ မဟုတ်ဘူး ကိုကို"

"ဘယ်လို အပျိုကြီး လုပ်မယ် ဆိုပါတော့"



ရွှေရုပ် အသံလေး ကျယ်လောင်သွားပေမယ့် ကိုကိုက စိတ်ဆိုး နေပြေပါ။

"အနာဂတ်ကို ကြိုမမြင်နိုင်ပေမယ့် ကိုကိုတို့ မေတ္တာရိပ် အောက်မှာပဲ ရွှေရုပ် ရှင်သန်ချင်တာပါ"

"တော်တော် ခေါင်းမာတဲ့ ကလေးပဲ ဒါပေမဲ့ ကိုကို ပြောရဲ တယ်၊ ကလေးကိုရတဲ့ သူကတော့ ကံကောင်းမှာပါ"

ရွှေရုပ် နှလုံးသည်းပွတ်ကို ဆုပ်ချေနေသလိုပါပဲ ကိုကို မျက်နှာ တစ်ခုခုကို ပြောချင်နေသလို မငြိမ်သက်၊ ပြီးမှ ယတိပြတ် ဆုံး လိုက်ဟန်ဖြင့်

"သူရက ကိုယ့်ကို ပြောတယ် ကလေး။ ကလေးကို စိတ်ဝင်စား တဲ့ ဒီကောင်က ရိုးရိုးအေးအေးနဲ့ ဆိုတော့ ကလေးနဲ့ သင့်တော် ထင်တယ်၊ ကလေးဘယ်လို သဘောရသလဲ"

ရွှေရုပ် ခန္ဓာကိုယ်လေး ဆတ်ခနဲ တုန်ခါသွားသည်။ ပြော လိုက်တဲ့ ကိုကို ရွှေရုပ်ကို ယောကျ်ားပေးစားဖို့ စိတ်ကူးနေသတဲ့ ရွှေရုပ် ဘယ်နည်းနဲ့မှ လက်မခံနိုင်၊ ရွှေရုပ်ရင်ထဲကို ဘာ့ကြောင့် မြင်နိုင်တာလဲ။

"လုံးဝ မဖြစ်နိုင်ဘူး ကိုကို ရွှေရုပ် လက်မခံနိုင်ဘူး ရွှေရုပ် ရင်ထဲမှာရှိနေတာ ပျော်ရွှင်စရာ မိသားစုဘဝ"

www.burmeseclassic.com

www.burmeseclassic.com



"ဆောရီး ကလေး ကိုကို့ စကားကို ပြန်ရုပ်သိမ်းပါတယ် ကိုကို စေတနာ လွန်ကဲသွားတာပါ"

ရွှေရုပ် ပါးစုံလေးတွေ ရဲတက်လာသည်။ ကိုကိုကတော့ ထင်မှတ် မထားဟန်ဖြင့် ပျာယာခတ်နေသည်။ စိတ်ကိုတင်း ထားပေမယ့် မျက်ရည်တွေ အဆီးအတားမဲ့ သွားရသည်။

ရွှေရုပ်ကို ကိုကို ဘယ်လို သတ်မှတ်တာလဲ တမင်တကာ ရှောင်ထွက်သွားဖို့ ကြိုးစားတာလား။

ကိုကိုက ရွှေရုပ် ခေါင်းလေးကို ရင်ခွင်ထဲ ဆွဲသွင်းရင်း

"တိတ်ပါ ကလေးရယ် ကိုကို တောင်းပန်ပါတယ်၊ ကလေး မျက်ရည်ကျတာ ကိုကို့အတွက် အပြစ်မကင်းသလိုပဲ"

ရွှေရုပ် အားပါးတရ ငိုရှိုက်ပစ်လိုက်တာ ကိုကို ရင်ဘတ် တစ်ခုလုံး မျက်ရည်တွေဖြင့် စိုရွှဲသွားသည်။ ကိုကိုကတော့ ရွှေရုပ်ကို တတွတ်တွတ် ချော့မော့နေ၏။

မိန်းကလေးတွေရဲ့ စိတ်ခံစားကို ခန့်မှန်းတဲ့နေရာမှာ ကိုကိုအ ညံ့ဖျင်းပါသလား။

အစ်ကို ရင်းချာလို တွယ်တာနေမိတဲ့ ရွှေရုပ်ကပဲ သံယောဇဉ် ကြီးလွန်းခဲ့ပါသလား။

ကိုကို နားလည်နိုင်ပါစေ။

## အခန်း (၂၀)

အိပ်ရာက နိုးတော့ ခန္ဓာကိုယ်တစ်ခုလုံးက ပေါ့ပါး လန်းဆန်း ပြီး အားအင်ပြည့်ဝနေသည်။

နေရောင်ခြည် ဖြာလင့်နေသည့် ပြတင်းဝကို ငေးမောရင်း ထဲ ပျော်ရွှင်နေလိုက်သည်။

မနေ့က ကိုကို ပြောခဲ့သော စကားတွေကို ကြားယောင်မိတော့ စိတ်ပျက်သလို ခံစားရသည်။

'အားလုံး အဆင်ပြေမှာပါ၊ ရှေ့လျှောက် ပျော်ရတော့ မှာပါတဲ့ ရွှေရုပ် ဖြစ်ချင်တာ တစ်ကယ်ဖြစ်ခွင့် ရခဲ့လို့လား"

ယခုအချိန်ထိ ဘာမှ ပြောင်းလဲခြင်းမရှိ၊ အန်ကယ်ဝင်း၏ အာဏာ အောက်တွင်သာ ရှိနေဆဲ။



www.burmeseclassic.com

www.burmeseclassic.com



ခဏတာမျှသာ ဖြစ်သည်။ ကြာတော့လည်း အရေထူလာ...
ပြီထင်သည်။ အရင်လို စိတ်ဓာတ်မကျတော့။

ရွှေရုပ် နေခြည် မျက်ဝန်းတွေကို ပြန်ဖွင့်၍ နေခြည် ...
ထွေးထွေးကို ပြုံးပြလိုက်သည်။ အသစ်အသစ်သော နေတွေရဲ့ နိဒါ...
မဟုတ်ပါလား။

အန်ကယ်ဆင့်တို့ကလည်း ရွှေရုပ်ကို သမီးရင်းလေး ...
ယောက်လိုက် သဘောထားကြသူတွေပဲ။ ဒါက ရွှေရုပ်အတွက် အကော...
ဆုံး ဆုလာဘ်တစ်ခုပေါ့။

ရွှေရုပ်ရဲ့ ယစ်မူးစရာ ကဗ္ဗာသစ် အစပျိုးခြင်းပဲ ဖြစ်သည်...

မကြုံတွေ့ဘူးတဲ့ ပျော်ရွှင်ကြည်နူးမှု လှို့ဝှက်ချက် အသ...
ကလေး တစ်ခုပေါ့။ အရာရာတိုင်းကို ခံနိုင်ရည် ရှိအောင် ကြိုးစား...
လွယ်ကူသွားပြီလေ။

ကိုကိုနဲ့ ပတ်သက်ပြီး ရွှေရုပ် ရင်ထဲက လိုအင်ဆန္ဒတွေ...
ခဝါချနိုင်ခဲ့ပြီ ဖြစ်သည်။ ရွှေရုပ်ကို ညီမလေး တစ်ယောက်လို ကို...
ဘက်က သတ်မှတ်ရုံနဲ့တင် လုံလောက်ခဲ့ပါပြီ။

ရွှေရုပ်နဲ့ ပတ်သက်ပြီး ကိုကို စိတ်အနှောင့်အယှက် ဖြစ်...
အရာတွေကို ရွှေရုပ် ရှောင်ကျဉ်တော့မည်။

မရနိုင်တဲ့ အရာတစ်ခုကို မျှော်လင့်နေတာထက် ကိုယ့်တာ...



...ဆပ်လိုက်ခြင်းကသာ အကောင်းဆုံးပါပဲ။

ရွှေရုပ် ဘဝလေးကို ကိုကို သတ်မှတ်ထားသလို အဖြူစင်ဆုံး
...သိန်းဖို့ ရွှေရုပ် ဆုံးဖြတ်လိုက်ပြီလေ။

ရှင်းလင်းနေသော စိတ်လေးနှင့် အိပ်ရာထက်က ထခဲ့သည်။

ရေချိုး အဝတ်အစားလဲပြီး အောက်ထပ်သို့ ဆင်းလာတော့
...ဒါနီနှင့် တွေ့သည်။

“ကြီးကြီး သိပ်နေမကောင်း ဖြစ်နေတယ် ကလေး”

ကြည်လင်နေသော စိတ်ကလေး ဝဲဂယက် ထသွားရသည်။
...ဖဝါးချင်း ပူးကပ် ပွတ်သပ်မိရင်း

“ကြီးကြီး အခြေအနေ သိပ်ဆိုးနေသလားဟင်”

“နှလုံးရောဂါ ပြန်ထနေတယ်လေ၊ ဆရာဝန်တောင် ပင့်လိုက်
...တယ်”

ကြီးကြီး ပြောခဲ့တာတွေကို ကြားယောင်မိသည်။ ရွှေရုပ်ကြောင့်
... ဖြစ်နေမလား၊ စိုးရွံ့စိတ်ကလေးဖြင့်

ကြီးကြီးအတွက် သောကစိတ်တွေ ဖိစီးနေမိစဉ်မှာပဲ အန်ကယ်
...င် ဝင်လာသည်။

“ထိုင် ရွှေရုပ် ညက သမီး ကြီးကြီး နေမကောင်းလို့ ဆရာဝန်
...ခေါ်လိုက်ရတယ်”

www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်နီပြောပြလို့ သိပြီးပါပြီ အန်ကယ် ကြီးကြီးက အောင် [illegible] ထပ်မှာ အိပ်တော့ ဆရာဝန်ပင့်တာတောင် ရွှေရုပ် မသိလိုက်ဘူး"

"သူ့ကြည့်ရတာ အားမရဘူး သမီးရယ်"

အန်ကယ်ဆင့် တော်တော် ခံစားနေရပုံ ရသည်။ ရွှေ [illegible] ရင်ထဲမှာလည်း မီးတောက်နေသည်။ ကြီးကြီးက အပြောသာ ဆိုး [illegible] စိတ်ထား ပြည့်ဝသူပါ။

"အန်ကယ်ဆင့် ဒီနေ့ အလုပ်သွားမလို့လား"

"အရေးကြီးတဲ့ အမှုတစ်ခုရှိလို့ ခဏ‌ဈေး သွားရမယ်၊ [illegible] တာနဲ့ ချက်ချင်း ပြန်လာမှာပါ"

အန်ကယ်ဆင့် ကြည့်ရတာ ညှိုးငယ်ငယ်နှင့် စိတ်ဖိစီးနေ [illegible] သည်။ တတ်နိုင်လျှင် အန်ကယ်ဆင့် အလုပ်တွေကို ရွှေရုပ် ဝင် [illegible] ပေးလိုက်ချင်သည်။ မဖြစ်နိုင်၍သာ နှစ်သိမ့်ဖို့ ကြိုးစားမိ၏။

"အန်ကယ်ဆင့်ရယ့် ဖြစ်နေကြပဲ ကြီးကြီး နေကောင်း [illegible] မှာပါ၊ သိပ်လည်း စိတ်ပူမနေပါနဲ့ ရွှေရုပ် ဂရုတစိုက် ပြုစုလိုက်ပါ့မ [illegible]

အန်ကယ်ဆင့်က ခပ်ယဲ့ယဲ့ ပြုံးရင်း

"သမီး ကြီးကြီးကို အားပေးရင် လုံလောက်ပါပြီကွယ်၊ တ [illegible] ကိစ္စတွေက ဒေါ်နီ လုပ်ပါလိမ့်မယ်၊ သမီး ကြီးကြီးက နေမကောင်း [illegible] စိတ်တိုနေတယ်၊ သူ့လူနဲ့သူမှ အဆင်ပြေမှာလေ၊ သမီးရှိနေတာ [illegible]



[illegible]န်ကယ် အားရှိပါတယ်၊ သမီးကြောင့် အန်ကယ်ဆင့် စိတ်သက်သာရာ [illegible]နေတာလေ"

အန်ကယ်ဆင့် ရင်ထဲက စကားတွေမှန်း ရွှေရုပ် သိပါသည်။ [illegible]ကြည်နူးပီတိ စိတ်ကလေးလည်း ဖြစ်မိသည်။

ရွှေရုပ် မျှော်လင့်မိတာကလည်း ဒါပဲလေ အန်ကယ်ဆင့်က [illegible]ဆင်ရင်း တစ်ယောက် လိုပါပဲ။

"ရွှေရုပ်ကလည်း အန်ကယ်ဆင့်လိုပါပဲ အန်ကယ်ဆင့်ရယ် [illegible]ယ်ာဝအတွက်တော့ အန်ကယ်ဆင့်က အရိပ်အာဝသကောင်း တစ်ခု [illegible]

အန်ကယ်ဆင့်က ပီတိနိုးတွေ ဝေနေသော အပြုံးနှင့် ရွှေရုပ်ကို [illegible]နေသည်။ ရွှေရုပ် ရင်ထဲမှာလည်း အတိုင်းထက်လွန်တဲ့ ကြည်နူးခြင်း [illegible]

အန်ကယ်ဆင့် ထွက်ခွာသွားတော့ ထမင်းစားခန်းဆာက်သို့ [illegible] ထွက်လာခဲ့သည်။

"ဒေါ်နီ ရွှေရုပ် ဘာကူလုပ်ပေးရမလဲ"

"နေပါစေကွယ် ဒေါ်နီ လုပ်လိုက်ပါ့မယ်"

"မဟုတ်တာ ဒေါ်နီရယ် တစ်ခုခုတော့ ကူလုပ်ပါရစေ၊ ဒီ [illegible] နေရတာ မနေတတ်လို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်နီက ပထမတော့ အကြောက်အကန် ငြင်းနေသေး… အန်ကာယ်ဆင့် ပြောမှာစိုး၍ ထင်သည်။ ပန်းကန်တွေ ဆေးကြောနေ… မှ စဉ်းစားသလို လုပ်ရင်း

"ကဲ ဒါဖြင့်လည်း ဟိုပန်းတွေကို ပန်းအိုးထဲ ထိုးပေးပါလ… ကြီးကြီးက ပန်းရောင် နှင်းဆီဆို သိပ်ကြိုက်တာ သူ့စိတ်ကြည်… အောင်လို့ ဒေါ်နီ စီစဉ်ထားတာလေ"

စိတ်ကူးကောင်းလှသော ဒေါ်နီကို ကြိတ်၍ ချီးကျူးမိသေး… သည်။

"ကောင်းတာပေါ့၊ ဒေါ်နီ ရွှေရုပ် အလှဆုံး ထိုးပေးလိုက်မယ်… နော်"

ရွှေရုပ် စိတ်ရှည်လက်ရှည်ဖြင့် နှင်းဆီဖူးလေးတွေကို … ဝိုင်းလေးတွေ ဖြစ်အောင် ထိုးပေးနေမိသည်။

နှင်းဆီ လှလှလေးတွေကို ကြည့်ရင်း မမစန္ဒီအိမ်က နှင်း… ပန်းနီနီတွေကို သွားသတိရမိသေးသည်။

နှင်းဆီပန်း နီနီတွေဆိုတာက အချစ်ရဲ့ သင်္ကေတ တစ်ခု… မမစန္ဒီက ကိုကိုပေးတာဟု ပြောခဲ့တာ မှတ်မိသေးသည်။

ရွှေရုပ် မြူးထူးသွားမိသည်။ ဒါဆို ကိုကို မမစန္ဒီကို … မပျက်သေးတာ သေချာသည်။ မမစန္ဒီနှင့် ကိုကို့ကို ရွှေရုပ် ပြော…



…ချင်ပါသည်။ ရွှေရုပ်က သူတို့နှစ်ယောက်ရဲ့ ရင်ခွင်ကို ခိုလှုံချင် …သေး။

ချက်ခြင်းဆိုသလို ပေါ့ပါးသွားပြီး သီချင်းကလေးပင် ညည်း …သည်။ ခဏနေတော့ ဒေါ်နီ ပြန်ရောက်လာသည်။

"ပန်းအိုး ထိုးပေးပြီးရင် ရွှေရုပ် လမ်းလျှောက် ထွက်ပါလား …ကျင့်ခန်း ပျက်နေဦးမယ်"

ရွှေရုပ်က နေ့စဉ် လမ်းလျှောက်ထွက် တတ်တာမို့ ဒေါ်နီက …ပေးခြင်း ဖြစ်သည်။ ရွှေရုပ် ခေါင်းကလေး အသာဆတ်ပြပြီး …သွားသော ပန်းအိုးကို မြလိုက်သည်။

"ဒေါ်နီ ရွှေရုပ် ပြင်ထားတာ လှလားဟင်"

"သိပ်လှတာပဲ ဒေါ်နီထိုးရင် ဒီလောက် လှမှာမဟုတ်ဘူး …က အနုပညာမျက်စိ ရှိတယ်နဲ့ တူတယ်၊ ကြီးကြီးအခန်းထဲ …ထိုလိုက်တော့မယ် ရွှေရုပ် လမ်းလျှောက်ထွက်လို့ ရပြီနော်"

ပထမတော့ ကြီးကြီး အခန်းထဲသို့ လိုက်သွားဖို့ မှာထားမယ့် …ကြီးက မတွေ့ချင်လို့ ဒေါ်နီကို မှာထားသလားမသိ။ ထို့ကြောင့် …လိုက်မိသည်။

လမ်းလျှောက်ထွက်ဖို့ ပြင်ဆင်နေလိုက်သည်။

ကြီးကြီး စိတ်ရှုပ်ထွေးနေတာ ဖြစ်မည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

ရွှေရုပ် ကျူးလမ်းအတိုင်း ခပ်မှန်မှန်လေး လျှောက်လာ သည်။ တော်တော် ခရီးပေါက်လာပြီမို့ နဖူးဝင်းဝင်းလေးမှာ ချွေးစလေး တွေ စို့ထွက်နေပြီ။

သစ်ပင် အရိပ်တစ်နေရာ အရောက် ရပ်ထားသော ကား တစ်စီးကို အမှတ်မထင် ကြည့်မိသည်။ ယာဉ်မောင်းသူ နေရာမှာ ထိုင်နေသည့် မမစန္ဒီကို တွေ့လိုက်တော့ စိတ်ထဲမှာ ပျော်သွားသလိုလို ပင်းပင်းဆိုသော ချွေးလေးကို မေ့ထားသေးသည်။

အပြေးလေး လှမ်းသွားဖို့ ပြင်လိုက်ပြီးမှ ရုတ်တရက် ပေါ်လာ သော အသိကြောင့် ခြေထောက်တွေ ရပ်တန့်သွားသည်။

ကိုကို့ကို စောင့်နေတာများလား။ နောက်ပြန်လှည့်ဖို့ ပြင်လိုက်





ည်း ပင်းပင်းကို ပွတ်သပ်ပေးနေသော မမစန္ဒီက ရုတ်တရက် ရွှေရုပ်ကို သွားပြီး လက်ယပ်ခေါ်သည်။

"တစ်ယောက်တည်းလား ရွှေရုပ်"

အနားရောက်သွားတော့ ရွှေရုပ်ကို မမစန္ဒီက မေးလိုက်သည်။

"ဟုတ်ကဲ့ မမ"

"ရွှေရုပ် တစ်ယောက်တည်း ဘယ်သွားမလို့လဲ ဟင်"

"လမ်းလျှောက် ထွက်လာတာပါ မမ"

"ရွှေရုပ် ကြည့်ရတာ စိတ်သိပ်မကြည်သလိုပဲ"

"ဟုတ်တယ် မနေ့ညက ကြီးကြီး ဒေါ်သိန်းရင် တော်တော် ကောင်း ဖြစ်လို့လေ၊ ဆရာဝန်တောင် ပင့်လိုက်ရတယ်"

"တစ်သက်နဲ့ တစ်ကိုယ်မှာ သိပ်ဆိုးဆိုးဝါးဝါး မဖြစ်ဘူးလို း မသိဘူး မမကတော့ နေမကောင်းမှာကို သိပ်မုန်းတာပဲ၊ ရွှေရုပ် ညစ်နေမှာပဲနော် စိတ်မရှုပ်ဘူးလား"

မမစန္ဒီက မျက်နှာလေးကို ရှုံ့မဲ့ရင်း ဆိုလိုက်သည်။ ဒါလေး တာနဲ့ မျက်နှာလှလှလေး မဲ့ကျသွားတာက ဇီဇာကြောင်တာလား။ ကြောင့် ကိုကိုနဲ့ မသင့်မြတ်တာ ဖြစ်မည်။

"ဟင့်အင်း ဘာကိစ္စ စိတ်ညစ်ရမှာလဲ မမရဲ့ ရွှေရုပ်က ကြီးကြီး တွက် စိတ်မကောင်း ဖြစ်နေမိတာ"

www.burmeseclassic.com

www.burmeseclassic.com



"ရွှေရုပ်က သိပ်ဖြူစင်တာပဲနော်၊ မမကတော့ ရွှေရုပ်ကို ဆထက်တပိုး တိုးပြီးကို ချစ်လာပြီ"

မမစန္ဒီက နှာခေါင်းလေးကို ရှုံ့ရင်းဆိုသည်။

"ဟော လာပါပြီ၊ ရွှေရုပ်ရဲ့ အုပ်ထိန်းသူ ကိုကို တိုက်ခဲ တိုက်ဆိုင်လွန်းတယ်"

မမစန္ဒီက သွားဖြူဖြူလေးတွေ ပေါ်အောင် ပြောလိုက်တော့ ရွှေရုပ် အနောက်လှည့်ကြည့်မိသည်။

ကိုကိုက သူမတို့ နှစ်ယောက်ရှိရာသို့ လျှောက်လာကာ အနား ရောက်လာသည်။

"ဘယ်သွားမလို့ ချိန်းထားကြတာလဲ"

နွတ်ဆက် ထွက်ခွာဖို့ ပြင်ပြီးမှ ကိုကို့ စကားကြောင့် မမစန္ဒီ နှင့် ချိန်းထားတာ မဟုတ်ကြောင်း သိလိုက်ရပါသည်။

"တိုက်ဆိုင်မှု သက်သက်ပါ ကိုဘုန်းရယ်၊ ကားရပ်ပြီး ဒီမှာ နားနေတုန်း ရွှေရုပ် လမ်းလျှောက် ထွက်လာတာနဲ့ ဆုံတာလေ"

လင်းစန္ဒီက ရှင်းပြတာကို ခေါင်းတဆတ်ဆတ်လုပ်ရင်း ကိုကိုက ရွှေရုပ်ဘက် လှည့်လာပြန်သည်။

"ကလေးလည်း ကျန်းမာပါတယ်နော်"

"ဟုတ်ကဲ့"



"ရွှေရုပ် မျက်နှာလေးက ကြည့်လိုက်ရင် အမြဲကြည်စင် နေတာပဲနော် စနိုးပွင့်လေး လိုပဲ"

မမစန္ဒီက ရယ်သွမ်းသွေးရင်း ဆိုလိုက်သည်။

"ဟုတ်တာပေါ့ သူ့အစ်ကိုကလည်း ဒီလောက် ဖြူစင်ချောမော နေတဲ့ဟာကို"

ကိုကို ပြောတော့ မမစန္ဒီက မျက်စောင်းလေးဖြင့် ပက်လိုက် သည်။ ဒီအချိန်လေးက ရွှေရုပ်အတွက်တော့ မမေ့နိုင်စရာ အမှတ်တရ ပါပဲ။

ပျော်ရွှင်နေမိပေမယ့် အိမ်မှာ ကြီးကြီးနှင့် ဒေါ်နီ နှစ်ယောက် ထည်းမို့ ပြန်မှဖြစ်မည်။

"ရွှေရုပ် ပြန်တော့မယ်၊ ရွှေရုပ်ကို ခွင့်ပြုဦး"

ရုတ်တရက်ကြီး ပြောလိုက်တာကြောင့် ကိုကိုရော မမစန္ဒီပါ ကြောင်တွေ သွားသည်။

"ကောက်ကာ ငင်ကာကြီး ဘယ်လိုဖြစ်တာလဲ ရွှေရုပ်ရယ် ခဏ နေပါဦး"

"ကြီးကြီး တော်တော် နေမကောင်းဖြစ်နေတယ် ကိုကို ရွှေရုပ် ပြန်မှဖြစ်မယ်၊ အိမ်မှာ လူမရှိဘူး၊ အန်ကယ်ဆင့်ကလည်း အရေးကြီး လို့ နေ့တစ်ဝက်တော့ ရုံးသွားတက် နေရတယ်"

www.burmeseclassic.com

www.burmeseclassic.com



ကိုကို ဘာမှဆက် မပြောတော့။ မမစန္ဒီက ရွှေရုပ်တို့ ပြော

ကို ငြိမ်သက်စွာ နားထောင်နေပြီးမှ

"မမ လိုက်ပို့ပေးမှာပေါ့ကွယ် ကိုတုန်းရော ပြန်မှာ မဟုတ်လ

"ငါ ရွှေရုပ်နဲ့ လိုက်သွားလိုက်ဦးမယ် ရွှေရုပ်တို့ အိမ်

ဆင်းလိုက်မယ်"

ကိုကိုက ပြောပြီးသည်နှင့် ကားနောက်ခန်းထဲမှာ ဝင်ထိုင်

သည်။ ရွှေရုပ် စိတ်ထဲမှာ တစ်မျိုးဖြစ်သွားရသည်။

မမစန္ဒီကတော့ ဘယ်လိုမှ မခံစားရသလို ရွှေရုပ် လက်

ပြီး ခေါင်းခန်းတံခါးကို ဖွင့်ပေးသည်။

ခြံရှေ့ရောက်တော့ မမစန္ဒီက နှုတ်ဆက်ပြီး ပြန်သွားသ

ရွှေရုပ်နှင့် ကိုကို ကွန်ကရစ်လမ်းလေးအတိုင်း လျှောက်လာပြီး အိမ်

ပေါ်တီကို အောက်မှာ ရပ်ထားသည့် ကားတစ်စီးကို မြင်လိုက်

အချိန်မှာတော့ ရွှေရုပ် မျက်ဝန်းလုံးတွေ ဝိုင်းစက်သွားခဲ့သည်။

"ဒါ ဆရာဝန်ရဲ့ ကားပဲ ကြီးကြီး အမောဖောက် ပြန်

တာတယ်"

ကိုကိုရော ရွှေရုပ်ပါ လှုပ်လှုပ်ရှားရှား ဖြစ်သွားပြီး အိမ်ထဲ

ပြေးဝင်ခဲ့သည်။

အိမ်ထဲရောက်တော့ ကြီးကြီးက မွေ့ရာထက်မှာ လဲလျော



ချက် ဘေးမှ ဆရာဝန်ကြီးက စမ်းသပ်နေသည်။

ကြီးကြီး ကြည့်ရတာ တော်တော်မောနေပုံ ရသည်။ မျက်လုံး

င် မဖွင့်နိုင်ရှာ အသက်ကို ခဲယဉ်းစွာ ရှူနေရ၏။

ဒေါ်နီက ရွှေရုပ်ကို မြင်တော့ အငိုမျက်ဝန်းတွေဖြင့် ကြည့်

ရင်း

"ကြီးကြီး တော်တော် အခြေအနေ ဆိုးနေလို့ ဆရာဝန်

ခေါ်လိုက်ရတယ်၊ အန်ကယ်ဆင့်ကိုလည်း ဖုန်းဆက်ထားတယ် ရွှေရုပ်"

ရွှေရုပ် ကိုကို့ လက်မောင်းကို တင်းကြပ်စွာ ဆုပ်ကိုင်ထား

ပြီး အံကြိတ်ထားမိသည်။ ကံဆိုးရှာသော ကြီးကြီးကို မကြည့်ရက်။

ကိုကိုက ရွှေရုပ် ပခုံးသားလေးကို ဖျစ်ညှစ်၍ အားပေးသည်။

"အခြေအနေ မကောင်းဘူး ဆေးရုံအမြန်ပို့ဖို့ စီစဉ်ပါ"

ဆရာဝန်ရဲ့ ခပ်ပြတ်ပြတ် အပြောက ရွှေရုပ် ရင်တစ်ခုလုံးကို

ဆတ်ချေသွားသည်။

ကိုကို ဒေါ်နီနှင့် ရွှေရုပ်တို့ သုံးယောက်လုံး ဗျာယာခတ် သွား

သည်။ ကြီးကြီးအတွက် အားချင်း ပြင်ဆင်ရ၏။

ကြီးကြီး ကံကောင်းပါစေ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

ဒိုရလွန်းလို့ ရွှေရုပ် မျက်ရည် ကုန်ဆုံးကုန်ပြီ ထင်သည်

မို့အစ်အစ် မျက်ဝန်းလေးတွေဖြင့် ရွှေရုပ် ထိုင်နေတာ အ

လောက် ကြာသွားပြီ မသိ။

နောက်ဆုံးအချိန်ထိ ကြီးကြီးကို စကားပြောခွင့် မရလိုက်တာ

ရွှေရုပ် ဝမ်းနည်းလို့မဆုံး။

အပြောဆိုးပေမယ့် သဘောထားကောင်းပြီး ရွှေရုပ်ကို ချ

စိတ်ကိုတောင် ကွယ်ဝှက်ထားသည့် ကြီးကြီး အခုတော့ ရွှေရုပ်တို့

စွန့်ခွာသွားခဲ့ရရှာပြီ။

ရွှေရုပ် ဝမ်းနည်းမိတာက ကြီးကြီးရဲ့ စေတနာတွေကို ရွှေ



နားလည်ပါသည်ဟု မပြောလိုက်ရတာကိုပဲ ဖြစ်သည်။

"ကလေး တော်တော် ခံစားနေရလားဟင် တရားနဲ့ ဖြေပါ ရွှေရုပ်ရယ်၊ မွေးဖွားခြင်းနဲ့ သေဆုံးခြင်းဆိုတာ လူတိုင်း မလွဲမသွေ ကြုံတွေ့ရမယ့် ကိစ္စတစ်ခုပါ"

ကိုကိုက ရွှေရုပ်ကို တတွတ်တွတ် ပြောရင်း နှစ်သိမ့်နေရှာသည်။ ကိုကို့ကို မို့အစ်အစ် မျက်နှာလေးဖြင့် ရွှေရုပ် ကြည့်မိသည်။

"ရွှေရုပ် နားလည်ပါတယ် ကိုကိုရယ် ဒါပေမဲ့ ရွှေရုပ် ကြီးကြီးကို ပြုစုခွင့် မရလိုက်တာကို ဝမ်းနည်းနေမိတာပါ အဟင့် အဟင့်"

ပြောနေရင်းက စိတ်ကို ချုပ်တည်းနိုင်စွမ်း ကင်းမဲ့စွာ ရွှေရုပ် ငိုချလိုက်မိသည်။

ရွှေရုပ်ကို ကြည့်နေတဲ့ အန်ကယ်ဆင့် မျက်နှာကလည်း ယောက်ျားသားမို့ အားတင်းထားရသည့် ပုံစံ။

အန်ကယ်ဆင့် က သက်ပြင်းကို လေးတွဲစွာချရင်း။

"သမီး ကြီးကြီးကို သမီး ဘယ်လောက် သံယောဇဉ်ရှိ တယ်ဆိုတာ အန်ကယ်ဆင့် သိပါတယ်၊ သေပြီးသား လူတစ်ယောက် ဟာ ငိုနေရုံနဲ့ ပြန်ရှင်သန်လာမှာ မဟုတ်ပါဘူး။ သူကောင်းကောင်း မွန်မွန်နဲ့ ဘဝကူးကောင်းဖို့ သမီးက ဆုတောင်းပေးရမှာလေ"

ရွှေရုပ် အန်ကယ်ဆင့်ကို သိုင်းဖက်ထားလိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



တရားသဘောတွေဖြင့် နားချနေပေမယ့် အန်ကယ်ဆင့် ထော တော် ခံစားနေရမှာ ရွှေရုပ် သိနေပါသည်။

"အန်ကယ်ဆင့်က ငယ်လင် ငယ်မယားတွေပါ သမီးရှင် အန်ကယ်ဆင့်တောင် ဖြေသိမ့်နိုင်သေးတာပဲ"

အန်ကယ်ဆင့် အသံက အနည်းငယ် တုန်ယင်သွားသည် ထင်ရသည်။

"ရွှေရုပ် ဝမ်းနည်းတာကလေ အန်ကယ်ဆင့် အထီးကျ ဆန်သွားတဲ့ အတွက်လည်း ပါပါတယ် အန်ကယ်ဆင့် ရယ်"

"အန်ကယ် ဆင့်ကို စိတ်မကောင်း ဖြစ်အောင်မလုပ်ပါ သမီးရယ် တိတ်တော့နော် အန်ကယ်ဆင့် အပေါ်ထပ် ခဏသွား ဦးမယ်"

အန်ကယ်ဆင့် မခံစားနိုင်ရှာတော့ဘူး ထင်သည်။ အိမ်အပေ ထပ်သို့ တက်သွားသည်။

ရွှေရုပ် ငြိမ်သက်စွာဖြင့် ထိုင်နေမိလိုက် ပါသည်။ တော် အန်ကယ်ဆင့် ခံစားနေရဦးမည်။

"ကလေး"

ကိုကို ခေါ်သံကြောင့် ရွှေရုပ် ကြည့်မိတော့ ကရုဏာ မျက် တွေဖြင့် ကိုကိုက ကြည့်ရင်း



"အခု ဒီအိမ်ကြီးမှာ အန်ကယ်ဆင့် တစ်ယောက်ပဲ ရှိတော့တာဆိုတော့ ကလေးဆက်နေဖို့တော့ ဖြစ်နိုင်တော့မှာ မဟုတ်ဘူး။ နေရေးထိုင်ရေးအတွက်တော့ စိတ်မပူနေပါနဲ့ ကိုကို ကြည့်စီစဉ် ပေးမယ်"

ရွှေရုပ် ခေါင်းကလေး ဆတ်ခနဲ ထောင်သွားရသည်။ ကိုကို ဆိုလိုတာက ရွှေရုပ် ဒီအိမ်က ထွက်ခွာသွားရမည်ဟု ဆိုလိုချင်လား။ အထီးကျန်ဆန် ကျန်ခဲ့ရှာမည့် အန်ကယ်ဆင့်ကို ကိုကို ထည့်မတွက်တော့ဘူးလား။

"ဟင့်အင်း မဖြစ်နိုင်ဘူး ကိုကို မဖြစ်နိုင်ဘူး ရွှေရုပ် ဘယ်နည်းနဲ့မှ အန်ကယ်ဆင့်ကို မထားခဲ့နိုင်ဘူး ကိုကို"

ရွှေရုပ် အကြောက်အကန်ကို ငြင်းဆန်ပစ်လိုက်မိသည်။ ဆတ်ဆတ်ခါ သွားသော ရွှေရုပ်ကို ကြည့်ပြီး ကိုကို မျက်မှောင်တွေ စုကျုံ့သွားသည်။

"ဘယ်လို ဖြစ်တာလဲ ကလေးရယ်၊ ကိုကိုက ကလေးရဲ့ နေရေးအတွက် စီစဉ်သင့်တာကို စီစဉ်မှာလေ"

"အန်ကယ်ဆင့်ကို ထားသွားရမယ့် ကိစ္စဆိုရင် ကိုကို ဆက်မပြောပါနဲ့တော့ ရွှေရုပ် ဘယ်နည်းနဲ့မှ လက်ခံနိုင်မှာ မဟုတ်ဘူး"

"လက်မခံလို့ မရဘူး ကလေး ကိုကို အကောင်းဆုံးကို စီစဉ် ပေးနေတာ သူ့အလုပ်နဲ့သူ ကြာရင် အန်ကယ်ဆင့် နေသားကျ

www.burmeseclassic.com

သွားမှာပါ''

ပြောနေရင်းက တင်းမာလာသည်။ ကိုကိုကလည်း အယော

မပေးချင်သည့်ပုံ။ ရွှေရုပ်ကလည်း ဒါမျိုးကိုတော့ လုံးဝဆန့်ကျင်ဖို့ အသ

ဒီမှာကိုကို အန်ကယ်ဆင့်က ရွှေရုပ်ရဲ့ ဖခင်ရင်းချာ ယ

ယောက်လို နေခဲ့တဲ့ သူပါ၊ ဒီလိုလူမျိုးကို တစ်ယောက်တည်း ထား

ရွှေရုပ် အသည်းမမာနိုင်ဘူး''

ယတိပြတ် ပြောပစ်လိုက်မိသည်။ ကိုကို မျက်နှာက အနည်

ငယ်နီမြန်းလာသည်။ စိတ်ကို အဲတတ်နိုင်ဆုံး လျှော့ချထားဟန်ပြ

ဆိုဖာပေါ်မှာ ခပ်လျော့လျော့ ပြင်ထိုင်ရင်း။

"အန်ကယ်ဆင့်နဲ့ ရွှေရုပ် အတူရှိနေခဲ့တာဟာ အလုပ်သမေ

အရ ရှိနေခဲ့တာပါ၊ အဲဒါကို ကလေး နားလည်စေချင်တယ်''

''အို ဒါတွေ ရွှေရုပ် နားမလည်ဘူး ရွှေရုပ်သိတာ အ

ကယ်ဆင့်နဲ့ပဲ ရွှေရုပ် အတူရှိနေမယ် ဒါပဲ''

ပြောပြီးသည်နှင့် ရွှေရုပ် လှည့်ထွက်လာခဲ့သည်။ ကိုကို မည်

မည်ပုံ ကျန်ခဲ့သည်ကိုပင် လှည့်မကြည့်မိတော့။

အထီးကျန် သွားရှာသည့် အန်ကယ်ဆင့် အနားမှာ ရှိနေ

ချင်တာက ရွှေရုပ် ဆန္ဒလေ။

အန်ကယ်ဆင့် စိတ်ခတ်ကျပြီး လေလွင့်သွားမှာမျိုးကို ရွှေ



န်မိပါသည်။

ရွှေရုပ် နှလုံးသားက နူးညံ့ပါတယ် ကိုကို။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

ရွှေရုပ် ဒီရက်ပိုင်းတွေမှာ စိတ်ရှုပ်ထွေးရသည်။ လူတွေက ရွှေရုပ်အပေါ် ဘာကြောင့် နားမလည် နိုင်ကြတာလဲ။

ရွှေရုပ် အကြောင်းကြားသည်နှင့် ဒေါ်ခင်သန်းမြင့် ပေါက်ချ လာသည်။

"မဟုတ်သေးပါဘူးကွယ် သမီး ဆုံးဖြတ်ချက် မှားယွင်းနေ ပြီလို့ အန်တီတော့ ယူဆတယ်"

ဒေါ်ခင်သန်းမြင့်က စိန်လက်စွပ်တွေ ဝတ်ဆင်ထားသော လက် ကို ထောင်ရင်း ဆိုသည်။

ရွှေရုပ် ဘာမှ ပြန်မပြောချင်။ ဒီတစ်ယောက်လည်း ဘာထူး လဲ၊ ပကာသနလောက်ပဲ မြင်တတ်တာ။



"သမီးလို ငယ်ငယ်ရွယ်ရွယ် မိန်းကလေးက သက်ကြီး ရွယ် ကြီးနဲ့ နေရင် အရမ်းစိတ်မာတတ်ကျပြီး အိုစာသွားမှာပေါ့၊ အရင်က ာင် သမီး မွန်းကျပ်နေတာ အခုဆိုရင် ပိုဆိုးပြီပေါ့"

ဒေါ်ခင်သန်းမြင့်က ရွှေရုပ် မျက်နှာလေးကို စိစိစစ်စစ် သေချာ ကြည့်ရှုလိုက်သေးသည်။

"အန်တီနဲ့ လာနေပါလားကွယ် အခိုက်အတန့် ဖြစ်ဖြစ်ပေါ့ တီနဲ့ နေတာကမှ ငယ်ငယ်နုနုနဲ့ ဘဝအရသာကို ကောင်းကောင်း ားနိုင်ဦးမယ်နော်၊ သမီး သံယောဇဉ်ကြီးတာကို နားလည်ပါတယ်၊ ာ မဖြစ်နိုင်တဲ့ ကိစ္စလေ နောင်မှ နောင်တရမယ်နော်"

"အန်တီ သမီးကို ဂရုစိုက်တဲ့အတွက် ကျေးဇူးတင်ပါတယ် တီ၊ ရွှေရုပ် အန်တီဆီ မလာနိုင်တာကိုတော့ ခွင့်လွှတ်ပါ အန်ကယ် ကို ရွှေရုပ် မထားခဲ့ချင်ဘူး"

ယဉ်ယဉ်လေးနှင့် ငြင်းလိုက်တာကြောင့် ဒေါ်ခင်သန်းမြင့် နှာက ခရမ်းချဉ်သီး တစ်လုံးလို။

ရွှေရုပ်ကို သံယောဇဉ် ရှိလို့ ဆိုတာကို အသိအမှတ်ပြု မိပေ ကိုယ်ကမှ မနေနိုင်တာ။

ဒေါ်ခင်သန်းမြင့်က ငြိမ်သက်နေရာမှ စဉ်းစားဟန်ပြုပြီး ပါဝါ မှန်အောက်မှ မျက်ခုံးကိုတွန့်ကာ။

www.burmeseclassic.com

www.burmeseclassic.com



"သမီး အနေနဲ့ ဦးကံဆင့်ကို ဖခင်ရင်း တစ်ယောက်လို တွယ်တာတာ အန်တီ သဘောပေါက်ပါတယ်၊ ဦးကံဆင့် ကလည်း အဖေ တစ်ယောက်လိုပါပဲ၊ ဒါပေမဲ့ ယောကျ်ားသား တစ်ဦးနဲ့ သူစိမ်း မိန်းကလေး တစ်ယောက် တစ်အိမ်ထဲမှာ အတူတူနေတာက ပတ်ဝန်း ကျင်က ပြောစရာ ဖြစ်လာလိမ့်မယ်"

ရွှေရုပ် ဒေါ်ခင်သန်းမြင့်ကို သနားမိပါသည်။ သူခမြာ သားသမီး မထွန်းကားသည့်အတွက် ရွှေရုပ်ကို ခင်တွယ်နေရှာခြင်းပါ။

"ရွှေရုပ် ဘယ်လိုမှ သဘောမထားမိပါဘူး အန်တီ ကြာလာလို့ အဖြစ်မှန်ကို သိသွားရင် အားလုံး ပါးစပ်ပိတ် သွားကြမှာပါ"

ရွှေရုပ်အတွက် ရမခွန်းတိုင်းမှာ အဖြေက ရှိနှင့်နေပြီးသား လေ။ နောက်ဆုံး ဒေါ်ခင်သန်းမြင့် ရွှေရုပ်ကို လက်လျှော့သွားရှာသည်။

"အေးလေ အန်တီက သမီးကို စေတနာနဲ့ လာပြောတာပါ သမီးက လက်မခံတော့လည်း ဘယ်တတ်နိုင်ပါ့မလဲ အန်တီ့ကို ခွင့်ပြု ပါဦးကွယ်"

ယဉ်ကျေး သိမ်မွေ့စွာ ပြောဆို သွားပေမယ့် ရွှေရုပ်ကို ဒေါ်ခင် သန်းမြင့် စိတ်ဆိုး ဒေါသထွက်သွားမှာ သေချာပါသည်။

မတတ်နိုင်ဘူးလေ ရွှေရုပ်မှ အန်ကယ်ဆင့်ကို မထားနိုင်တာ

■ ■ ■

အခန်း (၂၄)

"နင်နဲ့ ကလေးက တော်တော် ချစ်ကြတာပဲနော် စန္ဒီ ကလေး လည်း နင့်ကို ခင်တွယ်ရှာပါတယ်"

မျက်ခုံးလှလှလေးကို စန္ဒီ ပင့်လိုက်သည်။ ကိုဘုန်း ပြောနေ တာတွေကို နားမလည်နိုင်။

"ကိုဘုန်း ဘာကို ဆိုလိုတာလဲ ဒီကိစ္စက ဘာထူးဆန်းလို့လဲ ရုပ်ကလေးကို စန္ဒီ ခင်တွယ်နေတာ ဘယ်လောက် ကြာခဲ့ပြီလဲ ကိုဘုန်း သိပဲ"

ဘုန်းစကြာက ဟန်ပါပါဖြင့် နှုတ်ခမ်းတွန့်ကွေးရုံ ပြုံးလိုက် သည်။

"နင်က ကလေးကိုသာ ခင်တွယ်တာ အခုကလေး နှုက္ခရောက်

www.burmeseclassic.com

www.burmeseclassic.com



နေတာကိုတော့ မေ့နေတယ်နော်"

စန္ဒီ နှုတ်လေးတွေ စုပိုင်းသွားပြီး

"ဘယ်လို ဘယ်လို ရွှေရုပ် ဘာတွေ ဒုက္ခရောက်နေလို့

ပြောပြစမ်းပါဦး"

ဘုန်းကြော်က သူဆင်ထားသော ဂွင်ထဲကို ဝင်လာပြီမို့ ကျေ

သွားဟန်ဖြင့်

"ဟုတ်တယ် စန္ဒီ ရွှေရုပ်က အခု အန်ကယ်ဆင့်နဲ့ နေမ

ဖွတ်လုပ်နေတယ်၊ ကိုယ်လည်း ပြောပါသေးတယ် ဘယ်လိုမှ လက်

ဘူး၊ ဖြစ်နေတယ်၊ အဲဒီမှာနေရင် သူ့ဘဝက ပျင်းခြောက်ခြော

လူစင်မိမှာ မဟုတ်ဘူး"

သူ့စကား ဆုံးသွားတော့ စန္ဒီက သက်ပြင်းလေးကို ရှိုက်

"ရွှေရုပ်က သိပ်ရိုးအတာပဲ ဒါကြောင့် စန္ဒီ ခင်တွယ်

ထင်တယ် စိတ်ဓာတ်ကျချင်စရာ အိမ်ကြီးထဲမှာ သူနေတာကို

တော့ သဘောမတွေ့ဘူး၊ ကြာရင် စိတ်ဆင်းရဲလာလိမ့်မယ်၊ ကြ

ပြောပါဦး ကိုဘုန်းရယ်"

"ငါလည်း ကြိုးစားကြည့်ပါသေးတယ် ဒါပေမဲ့ ကလေး

ခေါင်းမာနေတယ်"

"ရွှေရုပ်က နင့်စကားကို နားထောင်ပါတယ်ဟာ နင် သေ





မပြောကြည့်သေးလို့ ဖြစ်မှာပါ"

"လောလောဆယ် ငါ့မှာ အခက်အခဲ ဖြစ်နေတာ ကလေးကို

ပို့ထားဖို့ နေရာပဲ စန္ဒီ"

စန္ဒီက မျက်တောင်လေး ပုတ်ခတ်ပုတ်ခတ်ဖြင့် သူပြောသမျှ

ကို နားစိုက်ထောင်ပြီး

"အဲဒီအတွက်တော့ ဘာမှ ပူမနေနဲ့ ပြင်ဦးလွင်က အိမ်ကို

သူ့ကို ခေါ်သွားလိုက်မယ်လေ ဘယ်လိုလဲ"

"ဟာ သိပ်ကောင်းတာပေါ့ ဒါဆို နင် စိတ်သာချနေတော့ ငါ

ရွှေရုပ်ကို နားချမယ်"

စန္ဒီထံမှ ပြန်ခဲ့သည့် ဘုန်းကြော် ခြေလှမ်းတွေက သွက်လက်

သည်။

■ ■ ■

"စန္ဒီကတော့ ရွှေရုပ်ကလေးကို သူနဲ့အတူ ပြင်ဦးလွင်က

အိမ်ကြီးမှာ လိုက်နေဖို့ ဖိတ်ခေါ်နေတယ်"

"မဖြစ်နိုင်ပါဘူး ကိုကိုရယ်"

အခုချိန်ထိ ခါးခါးသီးသီး ငြင်းဆိုနေသော ရွှေရုပ်ကလေးကို

ဘုန်းကြော် စိတ်ပျက်ချင်လာသည်။

"ရွှေရုပ်ကို စိတ်မဆိုးပါနဲ့ ကိုကိုရယ်၊ အန်ကယ် ဦးကံဆင့်

www.burmeseclassic.com

www.burmeseclassic.com



ကို ရွှေရုပ် ဥပက္ခာပြုသလို ဖြစ်သွားမှာပေါ့"

"ဒီလိုလည်း မဟုတ်ပါဘူးကွာ အန်ကယ်ဆင့်က ရွှေရုပ်

ထိန်းသိမ်း စောင့်ရှောက်ပေးနေတာပါ၊ ရွှေရုပ် အတွက် စိတ်ချ

သူတောင် ကျေနပ်ဦးမှာပါ"

"ဒီရက်ပိုင်းမှာ အန်ကယ် တော်တော် အထီးကျန်နေ

အသေချာပဲ ကိုကို အန်ကယ့်မှာ သားသမီး ရင်းချာလည်း မရှိ

ရွှေရုပ်ကို ခင်မင်နေတာ အမှန်ပဲ၊ ရွှေရုပ် ပတ်ဝန်းကျင်ကို ဘာ

စိုက်ရမှာလဲ ကိုကို အန်ကယ်က ရွှေရုပ်ရဲ့ ဖေအရွယ် ဦး

အရွယ်ပါ"

ခက်တော့ ခက်နေပြီ။

ရွှေရုပ်ရဲ့ စိတ်နှလုံးသားလေးက ရိုးသား ဖြူစင်သည်။

ပတ်ဝန်းကျင်က အရောင်ဆိုးဖို့ ဝန်လေးကြမှာ မဟုတ်။ အဲဒီ

ကြရင်

ရွှေရုပ်ကလေး စိတ်ဆင်းရဲမှာ သူ မမြင်ချင်ပါ။

ဖြူစင်သော ရွှေရုပ်ကတော့ အန်ကယ်ဆင့် အပေါ်မှာ တ

ကို ကျေးဇူးသိတတ်သည့် ကောင်မလေး။

သူ့မှာက ဖွင့်ပြောခွင့် မရှိတာလည်း အမှန် ဖြစ်

တကယ်ဆို အန်ကယ်ဆင့်သည်သာ ရွှေရုပ်ကလေးကို တစ်သ



ာင့်ရှောက်ပေးခဲ့တာ ဖြစ်သည်။

သူက တာဝန်ကျေခဲ့တာ မဟုတ်။

ဒယ်ဒီ မသေခင်ကတော့ သူ့ကို မှာခဲ့ဖူးသည်။ ရွှေရုပ် ကလေး

သူ့ကိုယ်စား စောင့်ရှောက်ဖို့ တတွတ်တွတ် ပြောခဲ့ဖူးသည်။

ဒါပေမဲ့ ဒါက လက်တွေ့မှာ လွယ်တာမဟုတ်တော့လည်း သူ

ပက္ခာပြုသလို ဖြစ်ခဲ့သည်။

မြန်မပြည်မှာ အန်ကယ်ဆင့် လက်ရှိတာဝန်ယူ စောင့်ရှောက်

နေတာမို့လည်း ခေါင်းထဲ မထည့်ခဲ့ပါ။

အခု သူ ရောက်လာတော့မှ ရွှေရုပ်ကလေးရဲ့ ဘဝလေးကို

မိလာတာ ဖြစ်သည်။

မေတ္တာ ဝေ့မွတ်နေသည့် ကောင်မလေးကို သူ့ဘက်က ဘာ

တ္တာမှ မပေးစွမ်းနိုင်ခဲ့။

လက်ရှိမှာလည်း ကိုယ်တိုင်က သူငယ်ချင်းရဲ့ အရိပ်မှာ ခိုနေရ

ဖြစ်သည်။

"ကိုကို"

အတွေးစတွေက ရွှေရုပ် ခေါ်သံကြောင့် ပျောက်ဆုံးသွားကာ

ကြည့်မိ၏။

"ရွှေရုပ်လေ ဘယ်သူ့ကိုမှ တာဝန်တစ်ခုလို မပေးချင်ပါဘူး။

www.burmeseclassic.com



ကိုကို့ ကိုလည်း ရွှေရုပ် တာဝန်တွေ မပေးချင်ဘူး ကိုကိုက အချိန် တန်ရင် ပြန်မှာလေ''

ရွှေရုပ် စကားတွေကို သူ ခွန်းတုံ့ မပြန်နိုင်ခဲ့။

လတ်တလောမှာ ရွှေရုပ်ကို စန္ဒီရဲ့ အရိပ်မှာ ပို့ထားသည်ပဲ ထားဦး၊ နောက်ပိုင်းမှာ ရွှေရုပ်အတွက် သူ ဘယ်မျှအထိ ဆက်ပြီး တာဝန်ယူ ပေးနိုင်မည်လဲ။

ထိုမေးခွန်း အတွက်တော့ သူ အဖြေကို အရင်ရှာဖွေရပါဦး မည်။

ကလေးရယ်

ကိုကို့ဘက်က တာဝန်မကျေခဲ့တော့လည်း။

■ ■ ■

## အခန်း (၂၅)

''မင်း ပြောတာလည်း မှန်တာပဲ၊ ရွှေရုပ် ပြောတာလည်း ...ဘူး''

သူရအောင်က မတင်မကျနှင့် ဝေဖန်ချက် ပေးသည်။ သူ ...ကို ညစ်ညူးစေသည့် ပြဿနာကို ရင်ဖွင့်မိတာ ဖြစ်၏။

''ငါအကောင်းဆုံး အကြံပေးမယ် အဲဒီကောင်မလေးကို မင်း ...ထောင်ချပေးလိုက်''

''ဟာကွာ''

''ဟုတ်တယ်လေ ဒါအကောင်းဆုံးပဲ''

''ရွှေရုပ်က တကယ့် ကလေးပဲ ရှိသေးတာကွ ညှော်စားတွေ ...တွေတောင် ထားဖူးတာ မဟုတ်ဘူး''

www.burmeseclassic.com

www.burmeseclassic.com



သူ ပြောတော့ သူရအောင် မျက်နှာပြုံးစစနှင့်

"ရွှေရုပ်ကလေး ဆိုတဲ့ နာမည်နဲ့လိုက်အောင် တန်ဖိုးရှိ

ကောင်မလေးပဲ ဟဲ ဟဲ ငါနဲ့ဆိုရင်ကော မင်း ကြည့်ဖြူမလား သူ

ချင်း"

သူရအောင် စသလို နောက်သလို ပြောသည့် စကားပေ

သူ့ရင်ထဲမှာတော့ ဆစ်ခနဲ နာကျင်သည်။

မျက်နှာကြီး ပျက်ကာ မည်းသွားတာကို သူရအောင် ကြ

ရင်း

"ဟား ဟား မင်းက မင်း ညီမကိုကျတော့ နမျောတ

လိုက်တာ"

တကယ်ပဲ ရွှေရုပ်ကလေးကို သူ ဥပေက္ခာ မပြုရက်

စိတ်တွေက ရောက်စတုန်းကနှင့် မတူတော့ဘဲ ပြောင်းလဲသွားခဲ့

ရွှေရုပ်ကလေးကို စာနာ နားလည်လာမိ၍ ဖြစ်သည်။

ငွေကြေးမနေ ဘာလိုအပ်ချက်မှ မရှိသော ရွှေရုပ်ကလေး

သည် ငြိမ်းချမ်းစရာတွေချည်း မဟုတ်မှန်း သူသိခဲ့၏။ အ ကျ

သော ကောင်မလေး။

မိဘမေတ္တာကိုလည်း ငတ်မွတ်ခဲ့ဖူးသည်။

ဆွေမျိုးသားချင်း ညီအစ်ကို မောင်နှမလည်း မရှိ။ သူ့ဒ



က မွေးစားသည်ဟု ပြောခဲ့သော စကားလေးနဲ့တင် သူ့ကို ခင်တွယ်

နေခဲ့သူ။

ရထားပေါ်မှာတုန်းက မဝံ့မရဲလေး ဖြစ်နေသော ကောင်မလေး

ရိုပ်ကို သူ ဘယ်တော့မှ မမေ့ခဲ့ပါ။

နောက်ပိုင်းမှာလည်း ရွှေရုပ်ကလေးသည် သူ့ ကို အစ်ကိုကြီး

တစ်ယောက်လို သံယောဇဉ် ကြီးခဲ့၏။

ရစ်နှောင်တတ်သော သံယောဇဉ်က သူ့ကို ပြန်တုတ်နှောင်နေခဲ့

ပြီလား။

"ရွှေရုပ်ကို မင်း ခုကတည်းက သံယောဇဉ် ဖြတ်ပြီး သူ့အနာ

တ်ကို သူ့ဘာသာ ရွေးပါစေ"

"ဟာ ငါ ဒီလို ဥပေက္ခာပြုရမလား သွေးရင်းချာ မဟုတ်ပေမယ့်

ညီမလေးကွ"

"ဒါဆိုလည်း မင်း ဟိုကို ပြန်ခေါ်သွားပေါ့ကွာ"

"မလွယ်ဘူး ထင်တယ် ငါက တစ်ယောက်တည်းသမားကွ

ပြီးတော့ ရွှေရုပ်က သိပ်ရိုးအလွန်းတယ်၊ သူ ဟိုက အသိုင်းအဝန်း

တ်ဝန်းကျင်မှာ မနေတတ်မှာ သေချာတယ်"

သူရအောင် သူ့စကားကို ခေါင်းညိတ်ထောက်ခံသည်။ ရွှေရုပ်

ကလေးကို တစ်ခါပဲ ဆုံဖူးပေမယ့် သူ ခန့်မှန်းနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



တကယ့် အရိုးဆုံး ပန်းကလေး။

"မင်းလည်း သံယောဇဉ် ရှိနေတာပဲလေ ဟိုကို မခေါ်နိုင်ဘူးဆိုရင် မင်း မြန်မာပြည် ပြန်လာခဲ့"

သူ ချက်ချင်း အဖြေမပေးနိုင်။ မြန်မာပြည်ကို တစ်နေ့ ပြန်လာမည် ဆုံးဖြတ်ထားပေမယ့် အခုချိန်မှာ သူ မဆုံးဖြတ်နိုင်သေး ဟာ သေချာသည်။

"ဟုတ်တယ် ဖြစ်သင့်တာ အဲဒီနှစ်ချက်ပဲ မင်းစဉ်းစားပေါ့ ခေါ်သွားမလား မင်း လာမလား ဒါပဲ စဉ်းစား"

သူ့ရအောင် ကတော့ အကောင်းဆုံး အကြံကို ပေးသည်။

ဆုံးဖြတ်ရမှာက သူ့ကိစ္စ ဖြစ်သည်။

ရွှေရုပ် ဘဝလေးကို သူ မစောင့်ရှောက်နိုင်ဘဲ စီမံဆုံးဖြတ်နေတာ မှန်နိုင်ရဲ့လား။

ရွှေရုပ်ရဲ့ အစ်ကို အုပ်ထိန်းသူ တစ်ယောက်အဖြစ် သူ့မှာ အပြည့်အဝ တာဝန်ယူနိုင်စွမ်း မရှိဘူးလား။

သည်မေးခွန်းတွေက သူ့ကိုယ်သူပဲ ပြန်မေးရမှာ ဖြစ်၏။

မျက်ရည်လေးဝဲကာ ကိုကို့ ကို ရွှေရုပ် တာဝန်တွေနဲ့ ဝန်မပိစေချင်ဘူး ဆိုသော စကားလေးကို ပြန်ကြားယောင်လာမိ ပြန်သည်။

ရွှေရုပ်ကို ကိုယ် ဝန်ပိုတစ်ခုလို သတ်မှတ်ခဲ့ဖူးသည်။ ထိုသတ်





ထ်ချက်တွေက ရွှေရုပ်နှင့်တွေပြီး ရွှေရုပ် စိတ်ထားလေးတွေကို မြင်တော့ ပျောက်ဆုံးသွား၏။

ကိုကို တစ်ခုခုတော့ ဆုံးဖြတ်သင့်တာ ဝန်ခံပါတယ် ကလေးယ်. . .။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၆)

"အဲဒီ ကိစ္စအတွက် အန်ကယ်လည်း စဉ်းစားနေတယ် မောင် ကြော ရွှေရုပ်လေး အနာဂတ်အတွက် တစ်ခုခု စဉ်းစားဆုံးဖြတ် ပေးရမယ့် အခါက စဉ်းစားသင့်တာ မင်းလေ"

"ဗျာ- ကျွန်တော်"

ဦးကံဆင့် ခေါင်းညိတ်ရင်း ပါဝါ မျက်မှန်ကို ပင့်တင်သည်။ ပြီးမှ ပင့်သက်ရှိုက်ရင်း

"မင်းအဖေက အန်ကယ်ကို လွှဲအပ်ခဲ့တာ ရွှေရုပ်ကလေးရဲ့ ပိုင်ဆိုင်မှုတွေပါ၊ ဒါပေမဲ့ အဲဒီ အချိန်တုန်းက ရွှေရုပ်ကလေးက ပညာ ရေး ဆုံးခန်းမတိုင်သေးဘူး၊ မင်းအဖေက မွေးစားတယ်ဆိုပေမယ့် မစောင့်ရှောက်နိုင်ဘူး၊ မမျှော်လင့်ဘဲ ဆုံးပါးသွားတော့ သူကလေးဘ





တွယ်ရှာမဲ့သွားတယ်၊ ဒီမှာပဲ အန်ကယ် စောင့်ရှောက်ခဲ့တယ်၊ အန်ကယ် အစ်မကလည်း ရွှေရုပ်ကလေးကို မြင်မြင်ချင်း ချစ်သွားတယ်လေ"

ဒီအကြောင်းတွေကို သူ သိပြီး ဖြစ်ပေမယ့် နားထောင်နေ ပေးလိုက်ပါသည်။

အန်ကယ်ဆင့်သည် ရွှေရုပ်ကလေး အပေါ်မှာတော့ မွေးစား ခင် တစ်ဦးလို ကောင်းခဲ့တာ မငြင်းနိုင်ပါ။

"ရွှေရုပ်ကလေး အသက်နှစ်ဆယ့် တစ်နှစ်ပြည့်တာနဲ့ ထိုက်သင့် တဲ့ အမွေတွေကို အန်ကယ် တရားဝင် လွှဲပေးမှာပဲ၊ ဒါပေမဲ့ တကယ် တမ်းကြ ရွှေရုပ်ကလေး ရိုးသားဖြူစင်လှတယ်၊ မင်းအသိပဲ သူတစ် ယောက်တည်းဆိုရင် မမြင်နိုင်တဲ့ အန္တရာယ်တွေ များလှတယ်ကွ၊ ဒါ ကြောင့် မင်းကို အန်ကယ် အားကိုးတာ"

"ကျွန်တော်လည်း မြန်မာပြည်လာတာ ဒီကိစ္စကို ယတိပြတ် ရှင်းဖို့ပဲ အန်ကယ်"

ဦးကံဆင့် သူ့စကားကို ငြိမ်သက်စွာ နားထောင်ပေးသည်။ ရွှေရုပ်ကလေး မရှိသည့်နေရာမှာ နှစ်ဦးဆုံတွေ့ဖို့ တိုင်ပင်ပြီး ဆုံကြတာမို့ လွတ်လပ်စွာပဲ ဆွေးနွေး ဖြစ်ကြသည်။

"ရွှေရုပ်ကလေးဆိုတာ ကျွန်တော် မြင်ဖူးတာလည်း မဟုတ် ဘူး ဒယ်ဒီ မွေးစားခဲ့တယ်ဆိုပေမယ့် သံယောဇဉ်လည်း မတွယ်ခဲ့

www.burmeseclassic.com

www.burmeseclassic.com



ဘူးလေ"

"အန်ကယ် နားလည်နိုင်တယ် မောင်စကြာ မင်းတို့ချင်း

သံယောဇဉ် ကင်းခဲ့တာ အမှန်ပဲ"

"ဟုတ်တယ် အန်ကယ်ဆင့် ဒါပေမဲ့ ကျွန်တော် ရွှေရှပ်

မြင်တော့ ခင်မင်တယ်၊ သူ့ ခံစားချက်လေးတွေ သိလိုက်ရတော့ သနား

မိတယ်၊ နောက်ဆုံး ကျွန်တော် ခင်မင်သံယောဇဉ် ပိုများခဲ့တာ ဝန်ခံ

တယ်"

"အခု မင်း ဘာဆက်လုပ်မလဲ မောင်စကြာ"

သူရအောင် မေးခဲ့သော စကားကို အန်ကယ်ဆင့်ကလည်း

မေးနေသည်။

"အန်ကယ် ကတော့ သူ့ကို ဆက်တာဝန်ယူဖို့ မလွယ်ဘူး

ဘာလို့လဲဆိုတော့ အန်ကယ် ရန်ကုန်ရုံးချုပ်မှာ တာဝန်ပြောင်း ထမ်း

ဆောင်ရမယ်"

"ဟင် ဒါကို ရွှေရှပ် မသိဘူးလား အန်ကယ်"

ဦးကံဆင့် ခေါင်းကို ဖြေးညှင်းစွာ ခါရမ်းရင်း

"သူ့ကို အန်ကယ် မပြောရသေးဘူး မောင်စကြာ ပြော

လည်း မထွက်ဘူး ချာတိတ်မလေး ပိုပြီး အထီးကျန် ဝမ်းနည်းသွား

မှာ စိုးလို့ ဖြစ်နိုင်မယ်ဆိုရင် မင်း တာဝန်ယူတာကို အန်ကယ် အလိုရှိ



တယ်"

အန်ကယ်ဆင့် ဘက်က ပြတ်သားစွာ ပြောပြတိုင်ပင်နေတော့

လည်း သူ ယတိပြတ် ဆုံးဖြတ်လိုက်ပါသည်။

ဘာပဲဖြစ်ဖြစ် ရွှေရှပ်ကို သူ သံယောဇဉ် ရှိသည်။

ရွှေရှပ်အပေါ်မှာ မကျေပွန်ခဲ့သော တာဝန်တွေအတွက် ပြီး

တော့ ရွှေရှပ် အတွက်

သူ တစ်ခုခုတော့ ဆုံးဖြတ်ရမည်။

ဒါ ရွှေရှပ်အပေါ် နှောင်တွယ်မိတဲ့ သံယောဇဉ်ကြောင့် ဆိုတာ

ကိုတော့ ရွှေရှပ်ကလေး သိစေချင်ပါသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၇)

ဒီရက်တွေမှာ ရွှေရုပ်ဆီကို သူ အမြဲတမ်း ရောက်ဖြစ်ခဲ့သည်
ဦးကံဆင့်ကလည်း မအားလပ်နိုင်တာမို့ ရွှေရုပ် တစ်ယောက်တည်း
ရှိနေချိန်မှာ အဖော်လာလုပ် ပေးမိခြင်း ဖြစ်သည်။

ရွှေရုပ် အားငယ်နေရှာမယ်ဆိုတာ သိနေတာလည်း ပါသည်
ညပင် မိုးချုပ်လုပြီး အန်ကယ်ဆင့် မရောက်သေးပါ။ ရွှေရုပ်
သူ ခြံထဲရှိ အုတ်ခုံလေးထက်မှာ ထိုင်နေမိသည်။

လျှပ်စစ် ရောင်စုံမီးတွေ လင်းလက်နေပေမယ့် ရွှေရုပ်
ကြောင့် အမှောင်ခပ်ကျကျ အုတ်ခုံလေးမှာ ထိုင်နေမိသည်။

ကောင်းကင်ကို မော့ကြည့်မိတော့ လမသာ၊ ကြယ်တာ
တွေကတော့ ကပွဲစုံညီ တက်ရောက်ကြသည်။



ကောင်းကင်သို့ မော့ကြည့်နေသော ရွှေရုပ်ကို ဘုန်းစကြာ
လည်နိုင်သလို စိုက်ကြည့်နေမိသည်။

ဒီနေ့မှာ ရွှေရုပ် ထူးထူးခြားခြား လှပနေသည်ဟု ထင်မိသည်။

Sky Blue ရောင် တီရှပ်လေးနှင့် စကပ်အကျပ်လေးကို တွဲဖက်
ဆင်ထားသည်။

ဆံပင်တွေကို စုစည်းချည်နှောင်ပြီး ထားတာက မျက်နှာလေးကို
ရှင်းသန့်နေစေသည်။

နဖူးပြေပြေ လေးထက်မှာ ဝေ့ဝဲကျနေသည့် ဆံနွယ်လေး
ကလည်း တစ်မျိုး ကြည့်ကောင်းနေသည်။

ထိုအချိန်မှာပဲ ကောင်းကင်မှ အလင်းတန်းတစ်ခုက ထိုးစိုက်
သည်။ ကြယ်ကြွေတာ ဖြစ်ကြောင်း သူသိလိုက်သည်။

ရွှေရုပ်က မျက်လုံးလေးတွေကို မှေးမှိတ်ပစ်လိုက်တာ သတိထား
ည်။ ကြယ်ကြွေတုန်းက အငမ်းမရ ပုံစံလေးနှင့် ရွှေရုပ်ကို သတိထား
ည်။

"ကလေး ဘာလုပ်တာလဲ ဟင် ဘာဖြစ်လို့လဲ"

"ခုန ကြယ်ကြွေသွားတာ ကိုကို မမြင်လိုက်ဘူးလား ကလေး
တောင်းနေတာပါ"

သူ သဘောကျစွာ ပြုံးမိသည်။ တကယ့်ကို ကလေးဆန်လွန်း

www.burmeseclassic.com

www.burmeseclassic.com



သော ရွှေရုပ်ပါလား။ ကြယ်ကြွေတာကို ဆုတောင်း နေပုံလေး

သနားစရာ။

"ကိုကိုက ဘာရယ်တာလဲ"

"မရယ်ပါဘူးကွာ သဘောကျလို့ပါ နေပါဦး ကလေးရဲ့ အဲ

ဆုတောင်းရင် ပြည့်သလား"

သူ အရယ်အပြုံးမှာလေး မေးတော့ ရွှေရုပ် ခေါင်းက

ညိတ်ရင်း၊

"ပြည့်တာပေါ့ ကိုကိုရဲ့ ရွှေရုပ်လေ ရန်ကုန်မှာတုန်းက အ

ဆုတောင်းဖူးတယ်၊ အခုလို ကြယ်ကြွေတာကြည့်ပြီး ရွှေရုပ် ဆုတော

ခဲ့တာ အကြိမ်ကြိမ်ပဲ"

ရွှေရုပ် မြူးမြူးကလေး ပြောနေသည်။ သူ ခေါင်းက

ညိတ်ကာ အလိုက်အထိုက်ကလေးပဲ နားထောင်နေမိပါသည်။

"အဲဒီတုန်းက ရွှေရုပ် ဆုတောင်းတာ ဘာလဲ သိလား

"ပြောပါဦးကွာ"

"တတ်ပုံထဲမှာပဲ မြင်ဖူးတဲ့ ကိုကိုရဲ့ ပုံရိပ်ကို အာရုံ

ရည်မှန်းပြီး တစ်နေ့ကျရင် ကိုကိုနဲ့ ပြန်ဆုံပါရစေလို့ အမြဲဆုတော

တာ"

သူ ရင်ထဲမှာ နင့်ခနဲ ဖြစ်သွားသည်။ အလင်းရိပ် သဲ့သဲ့





သော ရွှေရုပ် မျက်ဝန်းလေးတွေထဲမှာ လိမ်ညာ မှုသာဝါဒတွေ တစ်ခွန်းမှ

မပါတာတော့ သူယုံပါသည်။

"အခု ရွှေရုပ်ဆုတောင်း တကယ်ပြည့်တယ် ကိုကို ကိုကိုနဲ့

ရွှေရုပ် ပြန်ဆုံဖြစ်ကြတယ်လေ"

ပြာလဲ့နေသော ရွှေရုပ် အင်္ကျီကလေးလိုပဲ ရွှေရုပ်ရဲ့ မျက်ဝန်း

ပြာလေးတွေမှာ ယုံကြည်မှုတွေ ပြည့်ဝနေတာတော့ သေချာသည်။

"အခုလေ ရွှေရုပ် အဲဒီယုံကြည်ချက်နဲ့ပဲ ထပ်ဆုတောင်း ဖြစ်

တာပေါ့"

"ဘာလဲ ဘာဆုတောင်းသလဲ ကလေး"

သူလည်း ယုံကြည်စွာနှင့်ပဲ ရွှေရုပ်ကို မေးမိသည်။ ရွှေရုပ်ရဲ့

နှုတ်ခမ်းလေးတွေ ပြုံးရိပ်တွေ ကွယ်သွားခဲ့သည် ထင်၏။

"နောင်ဘဝမှာ ရွှေရုပ် လူသားတစ်ယောက် ဖြစ်ခွင့်ရရင်

ဘယ်တော့မှ အတွယ်အတာ အနှောင်အဖွဲ့ကင်းတဲ့ အထီးကျန်ဘဝ

မျိုးကြီးနဲ့ မကြုံပါရစေနဲ့လို့"

"ကလေးရယ်"

တကယ့်ကို ရင်ထဲကို စူးနစ်ထိရှစေသော စကားကို သူကြား

ရတာ ရင်ထဲမှာ မောနိုးသွားသည်။

"ဆုတောင်းပြည့်အောင် ကိုကိုလည်း ကြယ်ကြွေတာ မြင်တိုင်း

www.burmeseclassic.com

www.burmeseclassic.com



ရွှေရုပ်အတွက် အမြဲဆုတောင်း ပေးပါနော်''

သူ ယောင်ယမ်းပြီး ခေါင်းညိတ်လိုက်မိသလား မသိပါ။

တကယ်ဆို ကိုကို ဆုတောင်းပေးစရာ မလိုဘူး ကလေး
ကလေးရဲ့ ဆုတောင်းတွေကို ဒီဘဝမှာပဲ ဖြည့်စွမ်း ပေးချင်ပါတ

ဘာကြောင့်များ ကလေးရဲ့ စိတ်ခံစားချက်တွေကို သူ ဥပေ
ပြုထားရက်ခဲ့တာလဲလို့ ဖြေနောင်တရမဆုံးပါ။

ကာလများစွာ နေ့ရက်များစွာ ကလေးခံစား အထီးကျ
သော နေ့တွေမှာ သူ ဘာမှ မသိပဲ ဥပေက္ခာ ပြုထားခဲ့ဖူးသည်။

ကလေးရဲ့ ရင်ထဲကိုသာ ကြိုမြင်နိုင်ခဲ့လျှင် သူ အစော
ကတည်းက မြန်မာပြည်ကို ရောက်ခဲ့မှာ သေချာသည်။

"ကိုကို ကလေးကို ဥပေက္ခာ ပြုခဲ့တယ်လို့ ခံစားနေရသ
ဟင်"

"ဟင့်အင်း မခံစားခဲ့ဘူး ကိုကို ဘယ်တုန်းကမှလည်း ကို
ကို အပြစ်မတင်ခဲ့ပါဘူး ကိုကို့မှာလည်း ရွှေရုပ်လိုပဲ အထီးကျန် နေ
တာပဲလေ ကိုကို့ကို ရွှေရုပ် သနားတယ်"

"ဘာရယ် သနားတယ် ဟုတ်လား"

"ဟုတ်တယ် ကိုကိုရယ် လူတိုင်းမှာ ခံစားချက်ဆိုတာ ရှိ
လေ ကိုကို ခံစားခဲ့ရတာတွေ ရွှေရုပ် ခံစားကြည့်ဖူးတာပေါ့ အထီး



ကို ကိုကိုလည်း ခံစားဖူးတာပဲလေ''

ရွှေရုပ် ဆိုလိုရင်းက ဘာလဲ သူ စဉ်းစားမရပါ။ ရွှေရုပ်
တယ်ပဲ ခံစားချက်အတိုင်း ဆိုနေတာတော့ စိတ်ကနားလည် ယုံသည်။

ဦးကံဆင့်ရဲ့ ကားလေး ဝင်လာတော့မှ သူထရပ်ရင်း

"ကလေး အနီကယ်ဆင့် ပြန်လာပြီ ကလေးလည်း အိမ်ထဲဝင်
တော့နော် အပြင်က အေးတယ်"

နားခံစွာ ခေါင်းကလေးညိတ်သည်။ မနက်ဖြန် ကိုကို လာဦး
သားလို့လည်း ရွှေရုပ် မမေးပါ။

ဒါပေမဲ့ ရွှေရုပ် ရင်ထဲကတော့ သူ့ကို တောင့်တမျှော်လင့်နေ
သူသိသည်။

ကြယ်ကြွေညတိုင်း ဆုတောင်းတတ်တဲ့ ကောင်မလေး။

ဖြူစင်တဲ့ မျက်ဝန်းလေးတွေ အပြစ်ကင်းစင်တဲ့ ခံစားချက်
အသံလေးတွေ။

သူ့နှလုံးသားကို ရက်စက်ဖို့ ခွန်အာမဲ့စေသည်။

သံယောဇဉ် ဆိုသော ကြိုးတွေ သူနှင့် ကလေးကြားမှာ
တယ်မျှထိ ငြိတွယ်ခဲ့ပြီလဲ မသိ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၈)

"မင်း တကယ် ဆုံးဖြတ်လိုက်ပြီးလား ကိုဘုန်း"

"တကယ် ဆုံးဖြတ် ဖြစ်ခဲ့တာ သူရ ငါ မြင်ဦးလွင်မှာ ရွှေရုပ်ကို နေနိုင်ဖို့ စီစဉ်ပေးမယ်"

သူရအောင် နားလည်စွာ ခေါင်းညိတ်သည်။ အပြတ်မ ဆုံးဖြတ်ချက်တစ်ခု အတွက် ခေါင်းမာခဲ့သော သူငယ်ချင်း ရင်ထဲကို သူ ‌ေကြည့်မိသည်။

ရင်ထဲကို မြင်နိုင်တဲ့ မျက်ဝန်း ပြတင်းပေါက်တွေဆီက ဘုန်းစကြာရဲ့ ပြောင်းလဲသွားသော နှလုံးသားကို မြင်သည်။

"အင်း အခုချိန်မှာ မင်းဆုံးဖြတ်လိုက်တာကို ငါ ကြိုဆိုတယ် သူငယ်ချင်း တစ်ခါတလေမှာ ဘဝအတွက် လိုအပ်တာ ငွေကြေး ဥစ္စာ





ည်း မဟုတ်ပါဘူး။ မေတ္တာတရား ဆိုတာလည်း လိုအပ်တယ်"

သူရအောင်လို စီးပွားရေးသမားက ဒီစကားဆိုတော့ သူ ပြီး အချိန်မှာတွေဆိုရင် လှောင်ရယ်ပစ်လိုက်မိမှာ သေချာသည်။

အခုတော့ မလှောင်ဖြစ်ဘဲ ထောက်ခံ ခေါင်းညိတ်မိသေး၏။

"ဟုတ်တယ် သူရ ငါ တကယ်ခံစားမိတာပါ၊ ရွှေရုပ်ရဲ့ ရင်ထဲက ချက်ကို သိလိုက်ရမှ ခံစားမိတာပါ၊ ဒါပေမဲ့ ရွှေရုပ်ကလေးဆိုတဲ့ ကလေး ရှိနေသေးတာကို ငါ ဥပေက္ခာပြုခဲ့တယ်၊ ဒယ်ဒီရဲ့ ရှေ့မှာ ာ့ ခေါင်းညိတ် ကတိပေးခဲ့တာပေါ့ကွာ၊ ဒါပေမဲ့ တကယ်တမ်းမှာ ာ့ ငါ ဥပေက္ခာ ပြုထားခဲ့တာပါ"

မြန်မာပြည်ကို လာကတည်းက သူ့ ရည်ရွယ်ချက်ကို သိနေ ာ သူရအောင် ခေါင်းညိတ်သည်။

"အခု ငါတာဝန်မဲ့သလို ခံစားနေရတယ်"

"မင်း မလွန်သေးပါဘူး အကောင်းဆုံးတစ်ခုကို ဆုံးဖြတ် က်တာပဲကွာ"

သူရအောင်က ပြောသည်။ သူ့ ရင်ထဲမှာ မွန်းကြပ်နေသော သနာ ပုစ္ဆာကြီး ပြေသွားသလို ခံစားရ၏။

တကယ်တော့ ဒီပုစ္ဆာကို ဖြေရှင်းပေးခဲ့တာလည်း ရွှေရုပ်ကလေး ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ရွှေရုပ် အပေါ်မှာ သူ တာဝန်ကျေချင်သည်။ ပြီးတော့ ရွှေ

တောင့်တနေသော အရာမှန်သမျှ ဖြည့်ဆည်းပေးချင်သည်။

ကြယ်ကြွေညတွေမှာ ဆုတောင်းစရာ မလိုပါဘူး ကလေးရယ်

တကယ်လိုအပ်တာက ကိုကိုပါ။

မင်းအတွက် ကိုကို တာဝန်ကျေချင်တယ် ဆိုတာထက် ထိုး

တန်တဲ့ မေတ္တာနဲ့ တုံ့ပြန်ချင်တာပါ။

ကလေး တစ်နေ့ကျရင် နားလည်နိုင်မလား။

■ ■ ■



## အခန်း (၂၉)

အန်ကယ်ဦးကံမြင့် ခရီးထွက်မည်ဆိုတော့ ရွှေရုပ် စိတ်ညစ်သွားမိတာ အမှန်။

"အန်ကယ် ရန်ကုန်က တရားရုံးတစ်ခုမှာ တာဝန်ထမ်းဆောင်ရလိမ့်မယ် သမီး"

"ရန်ကုန် ဟုတ်လား ဒါဆို သမီးလည်း ရန်ကုန် ပြန်မှာပေါ့ အန်ကယ်၊ အန်ကယ်လည်း ရန်ကုန်က သမီးအိမ်မှာ နေပေါ့၊ အန်ကယ်ရဲ့ နေထိုင်ရေး ကိစ္စအဝဝ အဆင်ပြေတာပေါ့"

ရွှေရုပ် အပေါ်မှာ ထားရှိခဲ့သော အန်ကယ်ရဲ့ ကျေးဇူးတွေအတွက် ရွှေရုပ် တတ်နိုင်သမျှ ပေးဆပ်ချင်သည်။ ဒါပေမဲ့ အန်ကယ်ဦးကံဆင့်က လက်မခံပါ။

ဖျူးစာပေ

www.burmeseclassic.com

www.burmeseclassic.com



"အန်ကယ်အတွက် ဘာမှ မပူပါနဲ့ သမီးရယ်၊ ဟိုမှာ အန်ကယ် နေထိုင်ဖို့ အဆင်ပြေပါတယ်၊ အန်ကယ် တပည့်တွေလည်း ရှိတော့ ဘာမှ ပူစရာ မရှိဘူး အန်ကယ် ပူပန်မိတာ သမီးလေး အတွက်ပဲ"

"ဟုတ်တယ် သမီးအတွက် ပိုင်ဆိုင်မှု မှန်သမျှကို လက်လွှဲမပေးရသေးခင်မှာ သမီးကို တစ်ဦး တစ်ယောက်တည်း မနေစေချင်ဘူး လုံခြုံစိတ်ချရတဲ့ အရိပ်အောက်မှာ ရှိစေချင်တယ်"

ဦးကံဆင့် ဆိုလိုသော လုံခြုံစိတ်ချရသည့် အရိပ်ဆိုတာ ကိုကို့ကို ပြောသည်လား။ ရွှေရုပ် ရင်ထဲမှာ ဝမ်းနည်းသွား၏။

ကိုကို့ကိုလည်း ရွှေရုပ် ဒုက္ခမပေးချင်ပါ။

ရွှေရုပ်ကြောင့် ကိုကိုကော ဦးကံဆင့်ပါ နောက်ဆံငင် နေသည့် အဖြစ်မျိုး ရွှေရုပ် မဖြစ်စေချင်ပါ။

"အခု ဒီအိမ်ကြီးမှာ သမီး ဆက်နေချင်တယ် ဆိုရင်လည်း နေနိုင်ပါတယ်၊ ဒါပေမဲ့ သမီးတစ်ယောက်တည်းမို့ အန်ကယ် စိတ်မချဘူး။ ရန်ကုန်က သမီး အိမ်မှာလည်း မနေစေချင်ဘူး"

"ဒါဆို ရွှေရုပ်ဘယ်မှာ နေရမှာလဲဟင် အန်ကယ်"

"မောင်စကြာနဲ့ အန်ကယ်တို့ တိုင်ပင် ဆွေးနွေးပြီးပြီ သမီး။ သမီးကို ပြင်ဦးလွင်မှာပဲ နေစေချင်တယ်၊ အဲဒီမှာ လင်းစန္ဒီလည်း ရှိနေတယ်"

"ရွှေရုပ် တခြားသူ အိမ်မှာ မှီတွယ်မနေချင်ပါဘူး အန်ကယ်ရယ်"

"စန္ဒီက တခြားသူ မဟုတ်ပါဘူး ကလေး"

ညှော်ခန်းဝက ပေါ်လာသော အသံကြောင့် ရွှေရုပ် ကော အန်ကယ်ပါ လှည့်ကြည့်မိသည်။

တံခါးဝမှာ ကိုကို ရပ်နေသည်။ ဆင်ဝင်အောက်အထိ ကားကို မောင်းဝင်လာပုံ မရလျှင် ကိုကိုမှာ ကားပါမလာ၍ ထင်သည်။

"မောင်စကြာ ဘယ်ကလှည့်လာတာလဲ ထိုင်လေ"

"ဒီကို တမင်လာတာပါ အန်ကယ်ဆင့် စန္ဒီကားနဲ့ လမ်းကြုံဆိုက်လာတာ စန္ဒီက အရေးတကြီး ကိစ္စရှိလို့ မဝင်တော့တာ"

ကိုကို ညှော်ခန်းထဲ လှမ်းလျှောက်လာပြီး ရွှေရုပ်နှင့် မျက်နှာချင်းဆိုင် ထိုင်ခုံမှာ ဝင်ထိုင်သည်။

"ကိုကို သံပုရာရည် သောက်မလား"

"မသောက်တော့ဘူး ကလေး အခုပဲ စန္ဒီနဲ့ အအေးဆိုင်မှာ ဝင်ထိုင်လာတာ"

ကိုကို ပြင်းလိုက်တာမို့ ထိုင်ခုံက ထရပ်ပြီးမှ ရွှေရုပ် ပြန်ထိုင်လိုက်ရပါသည်။ ကိုကိုက ရွှေရုပ်ကို စိုက်ကြည့်နေရင်း

"စောစောက ကလေး ပြောတဲ့စကားကို ကိုကို ပြောချင်တယ်၊



www.burmeseclassic.com

www.burmeseclassic.com



စန္ဒီကို သူစိမ်းတစ်ယောက်လို့ ရွှေရုပ် မသတ်မှတ်စေချင်ဘူး၊ စန္ဒီက ပြင်ဦးလွင်က အိမ်ကြီးမှာ နေချင်နေတယ်၊ သူတစ်ယောက်တည်းမို့ ရွှေရုပ်ကလေးပါ အတူနေမယ်ဆိုရင် သူ ဝမ်းသာမိမှာပဲလို့ ကိုကို့ကို ပြောတယ်''

ကိုကို့ကို ငေးကြည့်ရင်း ရွှေရုပ် နှုတ်ဆိတ်နေမိပေမယ့် ရင်ထဲမှာတော့ မေးခွန်းတွေ ဆင့်ကဲနေခဲ့သည်။

ကိုကို ဘာကြောင့် ရွှေရုပ်ကို ပြင်ဦးလွင်မှာ နေစေချင် တာလဲ။

မမစန္ဒီ နှင့်အတူ ဘာကြောင့် ရှိစေချင်တာလဲ။ ရွှေရုပ် မသိပါ။

''စန္ဒီက ကိုကို့ရဲ့ သူငယ်ချင်းပါ၊ ရွှေရုပ်အတွက် ဘာမှ အားနာစရာမရှိဘူး။ နောက်ထပ် ကိုကို ပြောချင်တာက ပြင်ဦးလွင်မှာ ကိုကို အိမ်တစ်လုံး ဝယ်ဖို့ စီစဉ်ထားတယ်''

''ဟင်''

ရွှေရုပ် အံ့သြသွားသလို ဦးကံဆင့်လည်း မယုံနိုင်သလို ကြည့်သည်။

''တကယ်ပါ ရွှေရုပ် ကိုကို ပြင်ဦးလွင်ရဲ့ ရာသီဥတုကို သဘောကျတယ် ဒါကြောင့် ဝယ်ဖြစ်လိုက်တာ''



''နေပါဦး မောင်စကြာ ပြင်ဦးလွင်မှာ မင်း အိမ်ဝယ်လိုက်တယ်ဆိုတော့ မင်း မြန်မာပြည်မှာ နေဖို့ ဆုံးဖြတ်လိုက်တာလား နယူးဇီလန်ကို မပြန်တော့ဘူးလား''

ကိုကို့ရဲ့ အဖြေကို ရွှေရုပ်လည်း သိချင်တာမို့ နားစွင့်နေမိ၏။

''မပြန်ဖြစ် မဖြစ်တော့ ကျွန်တော် မဆုံးဖြတ်ရသေးတာ အမှန်ပဲ အန်ကယ်ဆင့် ဒါပေမဲ့ နယူးဇီလန်မှာ ကျွန်တော် တစ်သက်လုံး မနေပါဘူး''

''ကို ကိုကို တကယ် ပြောတာလားဟင်''

ရွှေရုပ် သိချင်စိတ်နှင့် အလောတကြီးလေး မေးမိသည်။ ကိုကိုက ရွှေရုပ်ကို ပြုံးကြည့်နေရင်း

''တကယ် ပြောတာပါ ကလေးရယ် ကိုကို အခုဒီမှာ ဆက်နေဖို့ ဆုံးဖြတ် စီစဉ်ထားတယ်၊ ဟိုက လုပ်ငန်းကိစ္စတွေကို လွှဲထားတယ်၊ ရွှေရုပ်ကို စန္ဒီတို့အိမ်မှာ နေစေချင်တယ်၊ ကိုကို ဝယ်ထားတဲ့ ခြံမှာ နောက်တော့ ရွှေရုပ် နေပေါ့''

''အင်း မောင်စကြာ ပြောတာ မှန်တယ်သမီး၊ သမီးကို မောင်စကြာရဲ့ အရိပ်အောက်မှာပဲ အန်ကယ် စိတ်ချချင်တယ်၊ မောင်စကြာဆိုတာ သမီးရဲ့ အုပ်ထိန်းသူ အစ်ကို တစ်ယောက်ပဲလေ''

ဦးကံဆင့် ဆိုတော့ ကိုကို ရွှေရုပ်ကို ခေါင်းညိတ်ပြုံးကြည့်ရင်း

www.burmeseclassic.com

www.burmeseclassic.com



"ကလေး အပေါ်မှာ ကိုကို တာဝန်မကျေခဲ့တဲ့ အုပ်ထိန်း
ဖြစ်ခဲ့တယ်လေ၊ အခု ကိုကို တာဝန်ကျေချင်တယ် ကလေး"

"ကိုကိုရယ်"

ရွှေရုပ် တကယ် ဝမ်းသာမိတာပါ။ ကိုကို့ရဲ့ နှုတ်က ဒီလိုစကား
ကြားရမယ်လို့ မထင်ထားခဲ့မိ။

အခုတော့ ကိုကိုက ရွှေရုပ်ကို ဂရုတစိုက် ရှိနေတာ ရွှေရုပ်
ယုံကြည်ခဲ့ပါပြီ။

"ရွှေရုပ် ကိုကိုရဲ့ အစီအစဉ်ကို လက်ခံတယ် မဟုတ်လား။
ပြင်ဦးလွင်က စန္ဒီအိမ်မှာ ရွှေရုပ်နေပါကွာ ကိုကိုလည်း မကြာခဏ
ရောက်ဖြစ်မှာပါ"

"ကိုကိုက ရွှေရုပ်ရဲ့ ကိုကိုပဲလေ ကိုကို့ စကားကို ရွှေရုပ်
နာခံမှာပါ ကိုကိုရယ်"

ရွှေရုပ်စကားကြောင့် ကိုကို ဝမ်းသာကျေနပ်သွားတာ အထင်
အရှား။ ဦးကံဆင့် ကလည်း ကျေနပ်သွားခဲ့သည်။

ရွှေရုပ် မန္တလေးက ထွက်သွားချင်တာ ကိုကို့ ကို တာဝန်
မပေးချင်တာကြောင့်ပါ။ တစ်ချိန်မှာ ရွှေရုပ်ကို ထားခဲ့ပြီး ကိုကို ပြန်
ရင် ရွှေရုပ်ပဲ ခံစားရမှာလေ။

ကိုကိုက မြန်မာပြည်မှာပဲ နေမှာဆိုရင် ရွှေရုပ် အရမ်း ဝမ်း



မိမှာပါ ကိုကိုရယ်။

ကိုကို့ အနားမှာ ရွှေရုပ် တစ်သက်လုံး နေနိုင်အောင်
ကြိုးစားချင်ပါတယ် ကိုကိုရယ်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

နှစ်ထပ်တိုက်ကြီးက လှပလွန်းပါသည်။ ခြံကြီးက ကျယ်ဝန်းပြီး ရောင်စုံပန်းတွေ သစ်ပင်ကြီးတွေနှင့် အုံ့ဆိုင်းနေတာကလည်း စိတ်ကို ငြိမ်းချမ်းစေသည်။

မမစန္ဒီက သည်ခြံကြီးကို အပန်းဖြေ အနားယူဖို့အတွက် သီးသန့် ဝယ်ယူထားသည်ဟု ရွှေရုပ်ကို ပြောပြသည်။

ကြက်တောင်ရိုက်ကွင်းနှင့် ရေကူးကန်ကြီးကအစ အသေအချာ စီမံထား၏။

မမစန္ဒီရဲ့ ဒီခြံကြီးကို ရွှေရုပ် ရောက်ခဲ့တာ တစ်ပတ်ရှိပြီ။

နှစ်ထပ်တိုက်ကြီးရဲ့ အပေါ်ထပ် တစ်ထပ်လုံးမှာ ရွှေရုပ်နှင့် မမစန္ဒီပဲ နေသည်။



အောက်ထပ်မှာက အိမ်မှုကိစ္စတွေနှင့် ချက်ပြုတ်ရေးအတွက် ထားသော ထမင်းချက် ဒေါ်မြနှင့် မတွေးဆိုသော ကောင်မလေး နေသည်။

ခြံမာလီ ဦးဘိုးစိန်ကတော့ ခြံအနောက်ဘက်က သစ်သား အိမ်လေးမှာ နေထိုင်သည်။

ပြီးခဲ့သည့် ငါးရက်လုံးလုံး ကိုကို နေ့စဉ်တိုင်း မမလင်းစန္ဒီ ၏ ခြံကြီးကို လာတတ်ပါသည်။

ခြံထဲမှာ တစ်နေကုန် နေထိုင်ကာ စကားတွေပြောသည်။ မနက် ကိုလည်း သည်မှာပဲ စားသည်။

ညနေခင်းတွေမှာတောင် ကိုကိုနှင့် မမစန္ဒီတို့ ကြက်တောင် က် ကစားကြသေးသည်။ ကိုကိုတို့ ကစားတာကို ကွင်းနံဘေးမှာ ထိုင်ကြည့် အားပေးရုံမျှသာ ရွှေရုပ် တတ်နိုင်၏။

ရွှေရုပ်မှ မကစားတတ်ဘဲလေ။

"ကလေး နောက်နှစ်ရက်လောက် ကိုကိုရောက်မှာ မဟုတ်ဘူး လုပ်ကိစ္စတွေရှိလို့ မန္တလေးမှာပဲ နေရလိမ့်မယ်"

ကိုကိုနှင့် နေ့စဉ် တွေ့ခွင့်ရသည့် အခြေအနေမှ ကိုကို ာက်မလာသည့် ရက်တွေကို ရွှေရုပ် ရင်ဆိုင်ဖို့ ခက်လှသည်။

မနက် မိုးလင်းကတည်းက ရွှေရုပ် ဝရန်တာလေးမှာ ရပ်ကာ

www.burmeseclassic.com

www.burmeseclassic.com



ခြံထဲကို ငေးနေမိသည်။

ကိုကို သည်နှစ်ရက် မလာနိုင်ဟု ပြောသွားခဲ့တာ သိရက်နဲ့ ရောက်လာမည်လား မျှော်နေမိတာ ရွှေရုပ် မိုက်မဲ ရူးသွပ်နေသည်လား

"ရွှေရုပ်က ဒီရောက်နေတာကိုး"

အသံနှင့်အတူ အနားကို ရောက်လာသော လင်းစန္ဒီကို ရွှေ လှည့်ကြည့်မိသည်။ ပန်းနုစိမ်းရောင် ဂါဝန်လေးနှင့် မမစန္ဒီ လှပနေပါသည်

ရေချိုး ခေါင်းလျှော်ထား၍ ထင်၏။ ဆံနွယ်တွေကို ဖြန့်ချထား သည်။ ဖြူတာမဟုတ်ပါဘဲ ဝင်းမွတ်နေသော မမစန္ဒီ၏ အသားအရည် ထင်ရှားနေ၏။

ဘယ်လိုပဲကြည့်ကြည့် လှပသော မမစန္ဒီကို ကိုကိုရဲ့ ချစ်သူ အဖြစ် ရွှေရုပ် မြင်တွေ့နေရတာ ဝန်တိုချင်သလိုတောင် ဖြစ်မိသေး

ကိုကိုနှင့် မမစန္ဒီ စေ့စပ်ပြီးမှ ဘာကြောင့် ပျက်သွားခဲ့တာ ဟု ရွှေရုပ် စဉ်းစားမရပါ။

ကိုကိုနှင့် မမစန္ဒီတို့ နှစ်ဦးကြောင့်တော့ မဖြစ်နိုင်ပါ။ အခု ပြန်ဆုံကြချိန်မှာ ကိုကိုနှင့် မမစန္ဒီ အခေါ်မပျက် ဆက်ဆံမပျက် ရှိနေ တာ သက်သေဖြစ်သည်။

"ဘာတွေ တွေးပြီး ငေးကြည့်နေတာလဲဟင် ရွှေရုပ်ကလေး

ရွှေရုပ် ပခုံးလေးကို ဆုပ်ကိုင်ပြီး မမစန္ဒီ မေးသည်။ ရွှေ



နွေးနွေးကလေး ပြုံးရင်း

"ဘာရယ် မဟုတ်ပါဘူး မမစန္ဒီ ပျင်းလို့ဒီမှာ လာရပ်နေ တာပါ၊ ခြံထဲကို အပေါ်စီးက မြင်နေရတာ သိပ်လှတယ်နော်"

"အင်း ဒီခြံကြီးကို မမ သဘောကျလို့ ဝယ်တာ ဒီရှုခင်း အလှတွေကြောင့်ပဲလေ"

"မမစန္ဒီ တစ်ယောက်တည်း နေမှာ ခြံက အကျယ်ကြီးပဲ နော်"

ရွှေရုပ် စကားကြောင့် မမစန္ဒီ ပြုံးသည်။ ပြီးမှ မျက်ဝန်းလေး တွေ ခြံဝန်းထဲကို ငေးရီသွားပြီး

"တစ်ချိန်ကျရင် ဟောဒီ ခြံကြီးထဲမှာ မမ မိသားစုနဲ့ သိုက် သိုက် ဝန်းဝန်း နေချင်တာပေါ့။ ရွှေရုပ်ရယ်၊ ဒါပေမဲ့ အဲဒီဆန္ဒတွေ မပြည့်ခဲ့ပါဘူး"

မမစန္ဒီရဲ့ အကြောင်းတွေကို ရွှေရုပ် သိချင်သည်။ နယူးဇီလန် မှာ ကျန်ရစ်ခဲ့သည် ဆိုသော မမစန္ဒီရဲ့ ခင်ပွန်းသည် အကြောင်းတွေ ကို ရွှေရုပ် နည်းနည်းတော့ သိထား၏။

"ရွှေရုပ်ကလေးကို မမစန္ဒီ တစ်ခု အကြံပေးချင်တယ် သိလား ရွှေရုပ်ဘဝမှာ ကိုယ်မချစ်မနှစ်သက်တဲ့ သူတစ်ယောက်ကို ဘယ်လို အကြောင်းနဲ့မှ လက်ထပ် မယူမိစေနဲ့ သိလား"

www.burmeseclassic.com

www.burmeseclassic.com



အိမ်ထောင်ရေး ခံစားချက်တွေနှင့် မမစန္ဒီ ပြောသော စကား
ရွှေရုပ် နားလည်ပါသည်။

"ရွှေရုပ် အိမ်ထောင်ရေးကို စိတ်မဝင်စားပါဘူး မမစန္ဒီ၊ ရွှေ
ဖြစ်ချင်တာက ရွှေရုပ် ချစ်တဲ့သူတွေနဲ့ပဲ တစ်သက်လုံး နေသွားချင်တာ"

"ရွှေရုပ်က ဘုန်းကို တော်တော် ချစ်တာပဲနော်"

"ချစ်တာပေါ့ မမစန္ဒီ၊ ရွှေရုပ်ဘဝမှာ မိသားစု မေတ္တာ
တစ်ခါမှ မခံစားခဲ့ရဖူးပါဘူး။ ကိုကိုဘုန်းစကြာဆိုတဲ့ အစ်ကိုတစ်ယော
ရှိတယ်ဆိုတဲ့ အသိနဲ့ အမြဲမျှော်လင့်ခဲ့ဖူးတာ ကိုကိုနဲ့ အတူနေချင်တာ
ရွှေရုပ်ရဲ့ အနာဂတ်ဘဝပဲ"

ရွှေရုပ် မျက်နက်ဝန်းလေးတွေထဲ ကြည့်ကာ လင်းစန္ဒီ ခံစား
နားလည်မိသည်။ ဖြူစင်လှတဲ့ မျက်ဝန်းကလေးတွေ။

"ရွှေရုပ်မှာ ချစ်သူ ရည်းစားတွေ မရှိခဲ့ဘူးလားဟင်"

"ဟင့်အင်း မရှိခဲ့ဖူးပါဘူး"

အမှန်ဆိုခြင်းဟု မျက်ဝန်းလေးတွေက သက်သေခံနေသည်
လင်းစန္ဒီ ရွှေရုပ် ပခုံးလေးကို ဆုပ်ကိုင်ရင်း ခင်မင်ရင်းနှီးစွာ ပြုံး
မိ၏။

"အချစ်ဆိုတာ ပူလောင်တယ်၊ မေတ္တာတရားက အေးမြ
တယ် ရွှေရုပ်ရယ်"



"ဒါပေမဲ့ ရွှေရုပ်ဘဝမှာ မေတ္တာတရားကို ပြည့်ဝစွာ မခံစား
ရပါဘူး မမစန္ဒီ"

"ဘုန်းက ရွှေရုပ်ကို တကယ် သံယောဇဉ် ကြီးပါတယ်"

"မမစန္ဒီ တကယ်ပြောတာလားဟင်"

"တကယ် ပြောတာပေါ့ မမ 'ဘုန်း'အကြောင်းသိတယ်၊ သူ
မှာပြည်မှာ အခြေချဖို့ ပြန်တွေးနေတာ ရွှေရုပ်ဆိုတဲ့ ညီမလေး
ကြောင့်ပေါ့"

မမလင်းစန္ဒီ စကားကြောင့် ရွှေရုပ် ဝမ်းသာသွားမိတာတော့
အမှန်။ ရွှေရုပ်ကို ကိုကို အလေးထားသည်တဲ့လား။

ရွှေရုပ် ဝမ်းသာလိုက်တာ ကိုကိုရယ်။

■ ■ ■

"ဘုန်း မရှိလို့ ပျင်းနေပြီလား ရွှေရုပ်ရဲ့"

"ကိုကိုက အမြဲလာနေကျဆိုတော့ သတိရလို့ပါ မမစန္ဒီ"

"အင်း သူမရှိတော့ တကယ်ပျင်းစရာ ကောင်းတယ်၊ ရွှေရုပ်
ာ ကြက်တောင် မရိုက်တတ်တော့ အခက်ပဲ နောက်မှ ရွှေရုပ်ကို
သင်ပေးရဦးမယ်"

လင်းစန္ဒီ ပြောတော့ ရွှေရုပ် ခေါင်းညိတ်မိသည်။ ကိုကိုနှင့်
လင်းစန္ဒီ ကစားနေတာကို နံဘေးက ကြည့်နေတာထက်စာလျှင် ရွှေရုပ်

www.burmeseclassic.com

www.burmeseclassic.com



ကစားတတ်ချင်သည်။

ကိုကိုနှင့်အတူ ကြက်တောင်ရိုက်နိုင်တော့ ကောင်းသည်

"ဩော် ရွှေရုပ်ကို ပြောရဦးမယ် နောက်တစ်ပတ်လော

ဆို မမဆီ ကိုမိုးဆက်ဇော် ရောက်လာလိမ့်မယ်"

"မိုးဆက်ဇော် ဟုတ်လား"

"ဟုတ်တယ် မိုးဆက်ဇော် ဆိုတာ မမရဲ့ ခင်ပွန်းလေ

မြန်မာပြည်ကို လာမယ်လို့ ဖုန်းဆက်တယ်"

"ဩော် ဟုတ်လား"

ရွှေရုပ် အခုမှပဲ မမစန္ဒီရဲ့ ခင်ပွန်းနာမည်ကို သိတာဖြစ်သည

မမစန္ဒီ မျက်နှာကို အကဲခတ်ကြည့်တော့ ထူးထူးခြားခြား လှုပ်ခတ်

မျိုး မရှိဟု ရွှေရုပ် ထင်သည်။

"သူနဲ့မမတို့ တရားဝင် ကွာရှင်းပြတ်ဆဲဖို့ အတွက် ဆွေး

ညှိနှိုင်းကြမလို့လေ"

မမစန္ဒီတို့ အိမ်ထောင်ရေး အဆင်မပြေတာကို ရွှေရုပ် သိ

ခဲ့ပါသည်။ တရားဝင် ပြတ်ဆဲနေပြီဟု ထင်မှတ်ထားခဲ့တာ အခု

မှ မကွာရှင်းရသေးမှန်း သိတော့သည်။

"ဟိုလေ ရွှေရုပ်က မမတို့ တရားဝင် ကွာရှင်း ပြတ်ဆဲ

ပြီ ထင်နေတာ"



ရွှေရုပ် မဝံ့မရဲလေး မေးတော့ မမစန္ဒီပြုံးရင်း ခေါင်းကလေးကို ခါရမ်းပြ၏။

"သူနဲ့မမ အကြောင်းမတိုက်ဆိုင်လို့ အတူမနေခဲ့တာတော့ ဆယ်နှစ်နီးပါး ရှိပြီပေါ့။ မမတို့ လက်ထပ်ခဲ့တာ မြန်မာပြည်မှာ လေ ဒီတော့ မြန်မာပြည်မှာပဲ တရားဝင် ပြတ်ဆဲ ချင်တယ်"

ရွှေရုပ် နံဘေးက ထိုင်ခုံမှာ ဝင်ထိုင်ရင်း မမစန္ဒီက ခံစားချက်တွေကို မမေးဘဲ ရင်ဖွင့်ပြောပြနေခဲ့သည်။

ရွှေရုပ် မမစန္ဒီ ပြောပြသမျှ ခေါင်းကလေးညိတ်ကာ နားထောင်ပေးမိ၏။

"မမစန္ဒီအကြောင်း ရွှေရုပ် ဘယ်လောက်အထိ သိထား သလဲ ဟင်၊ အထူးသဖြင့် ရွှေရုပ် ကိုကိုနဲ့ မမ အကြောင်းပေါ့"

မမစန္ဒီ ပွင့်လင်းစွာ မေးတော့ ရွှေရုပ် သိထားသည့် အတိုင်းပဲ ဝန်ခံပြောမိ၏။

"မမနဲ့ကိုကို စေ့စပ်ပြီးမှ စေ့စပ်ပွဲ ပျက်သွားခဲ့တယ်၊ ပြီးတော့ မမ အိမ်ထောင်ပြုသွားတယ်၊ ရွှေရုပ် ဒါပဲသိထားပါတယ် မမစန္ဒီ"

"ဟုတ်တယ်၊ မမနဲ့ဘုန်းက ငယ်ပေါင်းကြီးဖော်တွေ ဖြစ်ခဲ့ကြ တာပါ မိဘတွေကလည်း သဘောတူ ကြည်ဖြူကြလို့ လက်ထပ်ဖို့ အထိတောင် ရည်ရွယ်ခဲ့ကြတာပေါ့၊ ဒါပေမဲ့ စေ့စပ်ပြီးမှ မမနဲ့ဘုန်း

www.burmeseclassic.com

www.burmeseclassic.com



ကြားမှာ ပြဿနာ ဖြစ်ခဲ့တယ်၊ အနာဂတ် အတွက် ဆွေးနွေး ညှိနှိုင်းကြ ရင်း ဘုန်းက မြန်မာပြည်မှာပဲ ပြန်ပြီး အခြေချချင်တယ်၊ မမဆန္ဒက ဘုန်းနဲ့ ဆန့်ကျင်ဘက်လေ လုပ်ငန်း၊ ငွေကြေး၊ နေထိုင်မှု အခ အဆင်ပြေနေတဲ့ ဟိုမှာပဲ နေချင်တယ်၊ ဘုန်းကလည်း လက်မခံဘူး မမ ဘက်ကလည်း မလျှော့ဘူး၊ မာနတွေ ပြိုင်ရင်း၊ ဘုန်းက တခြား မိန်းကလေးတစ်ယောက်နဲ့ တွဲပြတယ်၊ မမကလည်း ကိုမိုးဆက်ဇော်နဲ့ တွဲပြမိတယ်၊ ကိုမိုးဆက်ဇော်က ဒယ်ဒီရဲ့ လုပ်ငန်းမှာ လူယုံတော် မန်နေဂျာတစ်ယောက်ပဲ ဆိုပါတော့"

မမစန္ဒီ ပြောပြသမျှ နားထောင်ရင်း ရွှေရုပ် ငြိမ်သက်နေ သည်။ ကိုကိုနှင့် မမတို့ရဲ့ ဖူးစာကို ရွှေရုပ် အခုမှ အမှန်အတိုင်း သိခွင့်ရခဲ့ခြင်း ဖြစ်သည်။

"အလျှော့ မပေးတဲ့ မာနတွေကြောင့်ပဲ ဘုန်းနဲ့မမတို့ ပြဿနာ က ပိုပြီး ကြီးထွားလာပြီး စေ့စပ်ပွဲ ပျက်တဲ့အထိ ဖြစ်ခဲ့တယ်၊ နောက်ဆုံး သူ့ဘက်က စေ့စပ်ပွဲပျက်မယ် ပြောလာတော့ မမကလည်း မာနစိတ်နဲ့ လက်ခံပြီး မိုးဆက်ဇော်ကို လက်ထပ်ပစ်လိုက်မိတဲ့ အထိ ဖြစ်သွားခဲ့ရ တာပဲ"

"မမရဲ့ ခင်ပွန်းကို မမ မချစ်ဘဲ လက်ထပ်ခဲ့တာလား ဟင်"





"အမှန်ပဲပေါ့ ရွှေရုပ် တစ်ခုတော့ ရှိတယ်၊ သူလည်း မမကို ချစ်မယ်လို့ ထင်ခဲ့တယ်၊ ဘာပဲဖြစ်ဖြစ် သူချစ်ကို ရွေးချယ်လိုက်တာ မှားဘူး ထင်ခဲ့တာပေါ့"

"မမ မှားယွင်းသွားခဲ့တာပေါ့နော်"

"သိပ်မှားခဲ့တဲ့ အမှားကြီးဆိုတာ နောက်ပိုင်းမှာ အထင်အရှား ကို သိခဲ့ရတာပေါ့ ရွှေရုပ်ကလေးရယ် မမတို့ အိမ်ထောင်ရေး လုံးဝကို သာယာမှု ကင်းခဲ့တာပေါ့ ကိုယ်တကယ် မချစ်တဲ့သူရဲ့ ရင်ခွင်ထဲမှာ မမ မပျော်ခဲ့ဘူး သူကလည်း မမကို လက်ထပ်ခဲ့တာ ဘာကြောင့်လဲ ဆိုတာ သိလာတယ်လေ၊ ဒီတော့ မမတို့ သံယောဇဉ် ပြတ်တောက်ခဲ့ ရတာပဲပေါ့ကွယ်"

"မမ မြန်မာပြည်ကို အပြီး ပြန်လာခဲ့တာလားဟင်"

"အပြီးအပိုင် ပြန်လာခဲ့တာပါ ဟိုက လုပ်ငန်းတွေကိုလည်း မမ ဖျက်သိမ်းပစ်လိုက်ပြီး ဒီအတွက် မိုးဆက်ဇော် အတော်မကျေမနပ် ဖြစ် ကျန်ရစ်ခဲ့တယ်၊ အခု သူဒီကို ပြန်လာတာ မမတို့ကိစ္စကို အပြတ်ရှင်း ဖို့ ဖြစ်မှာပါ"

မမကို ကြည့်ရင်း ရွှေရုပ် ရင်ထဲမှာတော့ မကောင်းမိပါ။ ဘာကယ်ဆို မမစန္ဒီ အသက်က ကြီးရင့်သေးတာ မဟုတ်။ မခိုင်မြဲသော အိမ်ထောင်တစ်ခုကို မမ ကြုံဆုံခဲ့ရရှာသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုနှင့် မမစန္ဒီ ဝေးခဲ့ကြတာ မာနတွေကြောင့်ပဲဟု ရွှေရှ
သိလိုက်ရပြီလေ။ ဒါပေမဲ့ အခုချိန်မှာ ဘိုညည်မာနတွေ မမနှင့် ကိုကို
ရင်မှာမရှိတော့တာ သေချာပြီ ထင်ရဲ့။

မမစန္ဒီက မြန်မာပြည်မှာ အပြီးနေဖို့ ဆုံးဖြတ်ခဲ့သူ။ ကိုကို
ကလည်း စဉ်းစားနေပြီဆိုတော့

ကိုကို ရင်ထဲမှာ မမစန္ဒီ ရှိနေဆဲလား။

ထိုအတွေးကို တွေးမိတော့ ရွှေရုပ် ရင်ထဲမှာ ဝမ်းနည်း ငိုင်
သွားရမိတာတော့ အမှန်။

ကိုကို့ ကို ရွှေရုပ်ထပ်ပြီး ဆုံးရှုံးရဦးမှာတဲ့လား။

ကိုကိုရယ်

ရွှေရုပ်ဘဝက အမြဲတမ်း ကံဆိုးမှုတွေနဲ့ ကြုံဆုံနေခဲ့ရတာ
အစဉ်အလာ ဖြစ်နေခဲ့ပြီ ထင်ပါရဲ့။

■ ■ ■



## အခန်း (၃၁)

"ဘုန်း၊ လာမယ်တဲ့ စောစောကပဲ ဖုန်းဆက်တယ် ရွှေရုပ်"

ကော်ဖီပိုင်းကို ရွှေရုပ် ဝင်ထိုင်မိစဉ်မှာပဲ လင်းစန္ဒီက ပြောလာ
သည်။ ရွှေရုပ် ဝမ်းသာသွားမိတာက ဟန်တောင် မဆောင်နိုင်ပါ။

"တကယ်လား မမစန္ဒီ ဝမ်းသာလိုက်တာ"

မျက်နှာလေး ဝင်းပသွားကာ သူမနံဘေးမှ ထိုင်ခုံမှာ ဝင်ထိုင်
လာသော ရွှေရုပ် ပန်းကန်လေးထဲ လင်းစန္ဒီက ကော်ဖီခရားထဲမှ
ကော်ဖီတွေ ငှဲ့ထည့်ပေးသည်။

"ဒေါ်မြနဲ့ မထွေးကိုတောင် ဘုန်းကြိုက်တတ်တဲ့ ပုဇွန်ဆုပ်
နဲ့ ငါးခူတွေဝယ်ပြီး ချက်ခိုင်းထားတယ် ရွှေရုပ်ရဲ့ ခဏနေရင် ဈေးက



www.burmeseclassic.com

www.burmeseclassic.com



တောင် ပြန်လာကြတော့မှာ''

လင်းစန္ဒီ စကားကြောင့် ရွှေရုပ် ခေါင်းကလေး ညိတ်ပြုံးရင်း

''ကောင်းတာပေါ့ ဒေါ်မြကို ရွှေရုပ်ပါ ဝင်ကူပြီးချက်ပေးမယ်''

''ဘယ်ရယ် ရွှေရုပ်က ဟင်းတွေ ဘာတွေ ချက်တတ်လို့လား''

လင်းစန္ဒီ မယုံနိုင်သလို တအံ့တသြလေး မေးသည်။ ရွှေရုပ် ပြုံးပြုံးလေးနှင့် ခေါင်းကလေး ညိတ်၏။

''ရွှေရုပ် ချက်တတ်ပါတယ် မမစန္ဒီရဲ့ ရန်ကုန်မှာ ကြီးကြီး ဆင့်နဲ့ နေကတည်းက ရွှေရုပ်တတ်အောင် သင်ထားတာ အဟင်း အန်ကယ်တို့ အိမ်မှာလည်း နွေကျောင်းပိတ်ရက် ပြန်လာတိုင်း ရွှေရုပ်ပဲ ချက်ပြုတ်ပေးနေကြပါ''

လင်းစန္ဒီ ရွှေရုပ်ကို အထင်ကြီးသလို စူးစူးနစ်နစ်လေး စိုက်ကြည့်နေသည်။

ပန်းကလေးတစ်ပွင့် နုနယ်ပြီး ချစ်စရာကောင်းသော ဒီကောင်မလေး ထမင်းဟင်း ချက်တတ်သည်ဟု ဘယ်လိုမှ ထင်မထားခဲ့ပါ။

''အင်း ရွှေရုပ်ကလေးကို မမတော့ တကယ်အထင်ကြီး လေးစားသွားပြီး သိလား မမစန္ဒီကတော့ ထမင်းတောင် မချက်တတ်ဘူး ဟင်းဆိုရင်တော့ ဝေလာဝေးရော ဟင်း ဟင်း''

''နောက်ကျရင် မမကို ရွှေရုပ် ကောင်းကောင်း ချက်ကျွေး



မယ်၊ ကြီးကြီးဆင့် ဆီက သင်ထားတဲ့ ပညာတွေ အသုံးချခွင့် ရတာ ပေါ့''

''ဟုတ်ပြီ ဘုန်း လာတဲ့ ရက်တွေကျရင် ရွှေရုပ် လက်ရာနဲ့ အစ်ခုခု လုပ်စားကြတာပေါ့''

ဒေါ်မြတို့ ဈေးက ပြန်လာတော့ ရွှေရုပ် မီးဖိုထဲဝင်ကာ ကူညီ ချက်ပြုတ်ပေး နေမိသည်။

ရွှေရုပ် သွက်သွက် လက်လက်ကလေး လုပ်ကိုင်နေတာကို ဒေါ်မြ တအံ့တသြ ငေးကြည့်နေရင်း။

''ရွှေရုပ်ကလေးက ချက်တတ် ပြုတ်တတ်တယ်လား ဒေါ်မြ အင်တောင် မထင်ဘူးတကယ်၊ ကောင်းတယ် ကောင်းတယ် မိန်းကလေး ဆိုတာ ဒီလိုတော့ တတ်ထားသင့်တယ်၊ ဒါမှ မိန်းမပီသတာကွယ့်''

ဒေါ်မြက ရွှေရုပ်ကို ချီးကျူးရင်း နှစ်ဦးသား စကားတွေ ဖောင်ဖွဲ့သို့ ချက်ပြုတ်လိုက်ကြတာ တစ်အိုးပြီး တစ်အိုး။

ဟင်းမှန်သမျှကို ကိုယ်တိုင်ချက် ကိုယ်တိုင် အရသာမြည်းစမ်းပြီး ရွှေရုပ် ချက်ပြုတ်နေတာကို ဒေါ်မြ ပြုံးပြုံးကြီး ကြည့်ရင်း သဘော တွေ ကျနေသည်။

နာမည်နဲ့လိုက်အောင် ရွှေရုပ်ကလေးပမာ ဝင်းပနုအိသည့် အသားအရည်နှင့် ချစ်စရာကောင်းသော မျက်နှာချိုချိုလေးက တစ်ခါမြင်

www.burmeseclassic.com

www.burmeseclassic.com



ရှုနှင့် ခင့်မင်စရာ ကောင်း၏။

လင်းစန္ဒီ ပြောပြလို့ သူမ သိထားသည်က ရွှေရုပ်ကလေး ဆိုသော သည်မိန်းကလေးက ပြောက်များလှသော အမှေ့ဥစ္စာနေတွေ ပြီးပြည့်စုံသည့် မိန်းကလေး။

သနားစရာ ကောင်းသည်က ခမြာ ငယ်ငယ်ရွယ်ရွယ်နှင့် မီး ဆွေမျိုး ကင်းမဲ့ကာ အထီးကျန် မိန်းကလေး ဖြစ်သည်။

ဘုန်းစကြာ ဆိုသော ချာတိတ်ကတော့ ရွှေရုပ်ရဲ့ မွေး အစ်ကိုကြီးတစ်ဦးဟု ဆိုသည်။ ဒါပေမဲ့လည်း နှစ်ဦးခွဲကြတာက မကြာ သေးတဲ့၊ ပြီးတော့ နေထိုင်ကြတာက တစ်ကွဲတပြားဆီ။

ဘုန်းစကြာ နေတာက နယူးဇီလန်မှာဆိုတော့ အချိန်တန်လျှင် အိမ်ပြန်မှာ သေချာသလောက် ရှိသည်။

အဲဒီအခါကျ ရွှေရုပ်ကလေး ဘဝက အထီးကျန်ဦးမှာ ဒေါ်မြ တွေးနေတုန်းမှာပဲ မီးဖိုခန်းထဲ ဝင်လာတာ လင်းစန္ဒီနဲ့ ဘုန်း စကြာ ဖြစ်သည်။

မီးဖိုပေါ်က ဟင်းအိုးကို မွှေနေတဲ့ ရွှေရုပ်ကလေးလည်း လှည့်ကြည့်လာကာ

"ဟင် ကိုကို ရောက်လာပြီလား"

"အခုပဲ ရောက်တာကွ ရွှေရုပ်ကိုယ်တိုင် ချက်နေတယ်လို့



နှို့ပြောလို့ အံ့ဩသွားတာကွ"

"ဒေါ်မြလည်း အံ့ဩနေတာ မောင်ဘုန်းစကြာရေ ဒီမနက်စာ တော့ ရွှေရုပ်ကလေးရဲ့ လက်ရာစစ်စစ်ပါ၊ ဒီမှာ ဒေါ်မြတောင် ထိုင်ငေး ကြည့်နေရုံပဲကွဲ့"

ဒေါ်မြက ပြောသည်။ ကိုကိုနှင့် မမစန္ဒီက ရွှေရုပ်အနားထိ ချမ်းလျှောက်လာသည်။

"ဟား ဟင်းရနံ့တွေနဲ့တင် ထမင်းပိုဆာလာသလိုပဲ ဟေ့"

ကိုကိုဆိုတော့ ရွှေရုပ် ချွေးစို့စို့ မျက်နှာလေးနှင့် မော့ကြည့် ရင်း

"ဒီဟင်းအိုး ကျက်ရင် စားလို့ရပါပြီ ကိုကိုရဲ့"

"မစားသေးပါဘူးကွာ အားလုံး လက်ဆုံစားမှာပေါ့ ရွှေရုပ် ရေမိုးချိုးဦးမှာ မဟုတ်လား ကိုကိုတို့ စောင့်မှာပါ"

"ဟုတ်တယ် ရွှေရုပ် ရေမိုးချိုးလိုက်ပါဦး ပြီးမှ အတူစားကြ တာပေါ့"

လင်းစန္ဒီက ဝင်ပြောသလို ဒေါ်မြကလည်း ရွှေရုပ် အနား ရောက်လာရင်း

"ဟင်းအိုးက ရေအခမ်းပဲ စောင့်ရတော့မှာ မဟုတ်လား၊ သွား သွား ရွှေရုပ်ကလေး နားတော့ ဒေါ်မြ ဆက်ကြည့်ထားပြီး

www.burmeseclassic.com

www.burmeseclassic.com



ထမင်းဝိုင်း ပြင်ထားပေးမယ်''

သည်တော့မှ ရွှေရုပ် ရေချိုးခန်းဘက် ထွက်ခဲ့သည်။ ကိုး... တို့ စားသောက်ဖို့အတွက် ကိုယ်တိုင် ချက်ပြုတ် ပေးရတာကိုပဲ ရွှေ... ကျေနပ်မိသည်။

ရေချိုးတော့လည်း မြန်မြန်ဆန်ဆန်ပဲ ချိုးလိုက်ပါသည်။ ... တော့ ကာတွန်း အရုပ်ကလေးတွေပါသော အဝါရောင် ဂါဝန်လေး... ပဲ ရွေးချယ် ဝတ်ဆင်လိုက်သည်။

ကိုယ်လုံးပေါ် မှန်ကြီးထဲမှာ ဒူးဖုံးရုံမျှ ဂါဝန်လေးနှင့် ရွှေ... အသွင်က ပိုပြီးတော့ ကလေးဆန်သွား သလိုရှိသည်။

သည် ဂါဝန်အဝါလေးကို ပလာဇာမှာတုန်းက ဒွှေရုပ်က... နှင့် လိုက်ဖက်တယ်ဟု ပြောကာ ကိုကို ဝယ်ပေးခဲ့တာ ဖြစ်၏။

ရှင်းသန့်နေသော မျက်နှာလေးကိုတော့ ရွှေရုပ်တာမှ မပြင်... ပဲ ထားလိုက်ပါသည်။ ဆံရှည်ကြီးကိုပဲ အဖြူရောင် စည်းကြိုးလေး... စုသိမ်းလိုက်သည်။

ညှော်ခန်းဘက် ထွက်ခဲ့စဉ်မှာပဲ ကိုကို အသံကို ကြားလိုက်... တာမို့ ရွှေရုပ် ခြေလှမ်းလေးတွေ တုံ့ခနဲ ဖြစ်သွား၏။

''ဒီလူက ဘာရည်ရွယ်ချက်နဲ့ စန္ဒီ ဆီလာမှာလဲ''

''သူနဲ့ငါ ကွာရှင်းဖို့ကိစ္စအတွက် ဆွေးနွေးကြမလို့ပါ ဘ...

''သူက နင့်ကို အလွယ်တကူ ကွာပေးမယ်လို့ နင်ထင်သလား

''သူနဲ့ငါ ဘယ်လိုမှ မပတ်သက်တော့တာ ကြာပြီပဲဘုန်း အဲ... ...ားဝင် ပြတ်ဆဲဖို့ တစ်ခုပဲ လိုတယ်၊ အခု သူ ရောက်လာတာ ...ပဲ ဖြစ်မှာပါ ငါပြတ်ပြတ်သားသား ရှင်းချင်ပြီလေ''

''ငါတစ်ခု မေးပါရစေဦး စန္ဒီ ဟိုအရင်က မြန်မာပြည်ကို ...တော့ဘူးလို့ ယတိပြတ် ပြောခဲ့တဲ့ နင် အခုဘာလို့ အပြီး ပြောင်း ...တာလဲ ဟင်''

''ဒီမေးခွန်းကို ငါ ဖြေစရာလိုသေးလို့လား ဘုန်းရယ် ငါ့မာန ...ကို ငါရိုက်ချိုးပစ်လိုက်တာပါ''

ကိုကို့ ဆီက ဘာစကားသံမှ ထွက်မလာပါ။ မမစန္ဒီသည်လည်း ...ဆိတ်နေခဲ့သည်။ တမင်နားထောင်တာ မဟုတ်ဘဲ ကြားနေရသော ...း သည်အတိုင်း ဆက်ရပ်နေဖို့ လိပ်ပြာမလုံ ဖြစ်မိသည်။

ညှော်ခန်း ခန်းဆီးကို အသာဖယ်ကာ ရွှေရုပ် ထွက်ခဲ့သည်။ ကျောပေးထိုင်နေသည့် လင်းစန္ဒီကတော့ ရွှေရုပ်ကို မမြင်ပါ။ ...ကိုတွေ့ ရွှေရုပ်ကို မြင်လိုက်တာမို့

''ဟော ရွှေရုပ် လာလေ ကိုကိုတို့ စောင့်နေတာကွ''

မမစန္ဒီကပါ ရွှေရုပ်ကို လှည့်ကြည့်ရင်း

www.burmeseclassic.com

www.burmeseclassic.com



"လှလိုက်တဲ့ ဝတ်စုံကလေးပဲ ဒီလိုလေး ဝတ်ထားတော့ ...
က တကယ့် ကလေးလေးပဲ"

မမစန္ဒီ ချီးကျူးစကားကို ရွှေရုပ် သိပ်သဘော မကျချင်...
ရွှေရုပ်က ကလေးမှ မဟုတ်တော့တာ။

ကိုကိုကတော့ သည်ဝတ်စုံလေးကို မှတ်မိမည် ထင်သည်...
ရွှေရုပ်ကို ပြုံးကြည့်နေခဲ့သည်။

"ကဲ ထမင်းစားရအောင် ဘုန်း ဒီနေ့တော့ ရွှေရုပ်ကလေး...
လက်ရာကတော့ မြိန်မှာ သေချာတယ် အဟင်း"

ထမင်းဝိုင်းမှာ စားကြတော့ ကိုကိုနှင့် မမစန္ဒီတို့ ချီးကျူးမဆုံး
ဖြစ်နေခဲ့သည်။

ရွှေရုပ် နွေးနွေးကလေးပြုံးကာ ကျေနပ်မဆုံးခဲ့ပါ။

တစ်နေ့ခင်းလုံး ကိုကို ရွှေရုပ်တို့နှင့်အတူ စကားတွေပြောရင်း
နေသွားခဲ့သည်။ ဒါပေမဲ့ ညေ့ခန်းထဲမှာ ရွှေရုပ် ကြားခဲ့ရသော ကိစ္စကို
ကိုကိုနှင့် မမစန္ဒီ စကားပြန် မစကြတော့ပါ။

ရွှေရုပ် ကိုကို့ကို အကဲခတ်ကြည့်မိသည်။ မမစန္ဒီနှင့် ပတ်သက်
ပြီး ကိုကို့မှာ သံယောဇဉ်တွေ ကြွင်းကျန်နေသေးတာ သေချာပါသည်။

ပြီးတော့ မမစန္ဒီသည်လည်း အရင်နေ့တွေကထက် ပျော်ရွှင်
နေတာ အကဲခတ်မိသည်။ အနီရဲရဲ ဝတ်စုံကလေးနှင့် မမစန္ဒီ လှ...



...ည်။ ကိုကိုနှင့် အတူရှိနေချိန်တွေမှာ မမစန္ဒီ အရာရာကို မေ့လျော့
...ပျော်ရွှင် နေတာတော့ သေချာပါသည်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၂)

သည့်ရက်ပိုင်းမှာ ကိုကို အလုပ်တွေ ရှုပ်နေတာ ရွှေရုပ် သိပါသည်။ ပြင်ဦးလွင်မှာ ခြံဝယ်မည့် ကိစ္စကို ကိုကို လုံးပမ်းနေခြင်းအ ရွှေရုပ်ကို ပြောပြသည်။

ထိုရက်တွေမှာ ရွှေရုပ်ကော မမစန္ဒီပါ ပျင်းရိစရာ ကောင်းနေ တာတော့ အမှန်။

မနက်ခင်း ညနေခင်းတွေမှာတော့ မမစန္ဒီက ရွှေရုပ်ကို ကြက်တောင်ရိုက် သင်ပေးတတ်သည်။ ရွှေရုပ်လည်း တက်ချင်တာမို့ သင်ဖြစ်သည်။ ကိုကိုနှင့် ဆုံလျှင် ရွှေရုပ်ပါ ကိုကိုနှင့် ကစားချင်တာမို့ ကြက်တောင် ရိုက်တက်အောင် ရွှေရုပ် ကြိုးစားသင်သည်။

"အံမယ် ရွှေရုပ်က မဆိုးဘူး အခုတောင် အတော် လက်တက်



လာတယ်"

မမစန္ဒီနှင့်အတူ ကစားတိုင်း ရွှေရုပ်ကို မမက ချီးကျူးတတ် သည်။

"ဘုန်း လာရင် ရွှေရုပ်နဲ့ တစ်ပွဲလောက် ရိုက်နိုင်းမယ် ရွှေရုပ် လက်ရည်ကို သူမသိသေးတော့ အံ့ဩသွားမှာ သေချာတယ်ကွ"

မမစန္ဒီလည်း ကိုကို့ ကိုပဲ မျှော်လင့်နေမှန်း ရွှေရုပ် သိခဲ့ရ သည်။ စကားပြောတိုင်း ကိုကို အကြောင်း အမြဲပါတတ်သည်။

မမစန္ဒီကို ကြည့်ရင်း ရွှေရုပ် နားလည်စပြုလာတာတော့ အမှန်။ ကိုကိုနှင့် မာနပြိုင်ရင်း ဝေးခဲ့သော မမစန္ဒီ ရင်ထဲမှာ ကိုကို ရှိနေတုန်းပဲ ဖြစ်မည်။

ဘယ်တော့မှ ပြန်မလာတော့ဟု ပြောသော မြန်မာပြည်ကို တောင် မမစန္ဒီ ပြန်ရောက်လာတာက သက်သေ။

မမစန္ဒီ ကိစ္စ တွေးမိတိုင်း ကိုကို့အကြောင်းလည်း ရွှေရုပ် အတွေးထဲ ဝင်လာစမြဲ။

ကိုကို မြန်မာပြည်မှာ အခုချိန်အထိ ကြာမြင့်နေခဲ့တာ မမစန္ဒီ ကြောင့်များလား။

တရားဝင် မပြတ်ဆဲသေးသည့် ခင်ပွန်းသည်ကို ကွာရှင်းပြီး လျှင် ကိုကိုနှင့် မမစန္ဒီတို့ ရင်ထဲက ခံစားချက်တွေ ပွင့်ထွက်လာ

www.burmeseclassic.com

www.burmeseclassic.com



မည်ဟု ရွှေရုပ် ထင်မိသည်။

အခုချိန်မှာ ကိုကို တည်ငြိမ်စွာ သိုဝှက်နေတာ မ
မပြီးပြတ်သေးသော အိမ်ထောင်ရေး ကိစ္စတွေကြောင့် ထင်ပါသည်

"ရွှေရုပ် ဘုန်းဆီက ဖုန်းဝင်လာတယ်"

"ဟင် ဘာတဲ့လဲ မမစန္ဒီ"

"မနက်ဖြန်ကျ ရှူ့ဆီလာဖို့ မမကိုခေါ်တာ ခြံတစ်ကွက်
*သဘောကျနေလို့ လိုက်ကြည့်ဖို့ အဖော်ခေါ်တာကွ*"

ကိုကို ဝယ်ယူမည့် ခြံအတွက် မမစန္ဒီကို ခေါ်ပြသည်
ဟု ရွှေရုပ် သိလိုက်သည်။ ရွှေရုပ်ကိုကော ကိုကို ဘာလို့ မခေါ်တာ
ဟု ရင်မှာ ဝမ်းနည်းသလို ဖြစ်ရသေးသည်။

"မနက်ဖြန် မမ သွားရမယ်၊ အဲဒါ ရွှေရုပ်ပါ လိုက်
မလား"

မမစန္ဒီက သတိတရခေါ်သည်။ ကိုကို ဝယ်မည့်ခြံကို ရွှေ
မြင်ချင်တာမို့ လိုက်ချင်သည်။ ဒါပေမဲ့ ချက်ချင်း သတိရသွား မိတ
ရွှေရုပ် ခေါင်းကလေး ခါမိ၏။

"ဟင့်အင်း ရွှေရုပ် မလိုက်တော့ပါဘူး မမရယ်၊ အဲဒါတွေ
ရွှေရုပ်လည်း နားမလည်ပါဘူး"

ကိုကို ခေါ်တာ မမစန္ဒီ တစ်ယောက်တည်းလေ။ ရွှေရုပ်က



နှောင့်အယှက် ဖြစ်မှာတော့ မဖြစ်စေချင်ပါ။

ရွှေရုပ်ထက် မမကို ပိုမို အရေးပေး တိုင်ပင်တတ်သော ကိုကို့
ရွှေရုပ် အပြစ်မတင်ချင်ပါ။

မမစန္ဒီအပေါ် ကိုကို့ နှလုံးသားက မမေ့နိုင်သေးတာ ရွှေရုပ်
ခန့်မှန်းလို့ရ၏။

အခုချိန်အထိ ကိုကို အိမ်ထောင်မပြုသေးတဲ့ ဘယ်မိန်းကလေး
နှင့်မှ မပတ်သက်သေးတာက သက်သေပဲလေ။

ဘာပဲဖြစ်ဖြစ် ကိုကိုနှင့် မမစန္ဒီကိုတော့ ရွှေရုပ် နီးစပ်စေချင်
ပါသည်။

အဲဒီအခါ ကိုကိုတို့နှင့်အတူ ရွှေရုပ် လိုက်နေထိုင်ခွင့် ရမှာ
သေချာသည်။

ကိုကို့ အနားမှာပဲ ရွှေရုပ် နေခွင့်ရရင်ကျေနပ်ပါသည် ကိုကို။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၃)

နိုပြာရောင် ဝတ်စုံကလေးနှင့် မမစန္ဒီ အလှတွေက ရွှေ
ငေးငေးလေး ကြည့်မိအောင် ချောပါသည်။

ပါးပါးလေး ပြင်ဆင်ထားသည့် မျက်နှာလေးက နဂိုလှပြီး
ကို ထပ်ပြီး အရောင်တင်လိုက်သလို ပိုလို့ မွှန်ညက်အောင် လှ

အချိုးအဆစ် ပြေပြစ်သော ခန္ဓာကိုယ်လေးနှင့် တိပ
ချုပ်ထားသည့် ဝတ်စုံလေးက ချပ်ချပ်ရပ်ရပ်။

မမစန္ဒီ တစ်ကိုယ်လုံး ပြစ်မျိုးမဲ့မထင် ဆိုတာမျိုး။

“ရွှေရုပ်ကလေး မမ သွားမယ်နော် ဘုန်းကို ဘာမှာဦး

“ဟင့်အင်း ဘာမှ မမှာတော့ပါဘူး မမ”

“မမတို့ ခြံကြည့်ပြီးရင် ဘုန်းလည်း လိုက်လာမယ် ထင်

မမစန္ဒီက ပြောသည်။ ရွှေရုပ် ခေါင်းကလေးညိတ်ကာ





ကလေး ပြုံးမိ၏။

လင်ခရူဆာ ကားကြီးကို မမစန္ဒီ မောင်းထွက်သွားတော့ ရွှေရုပ် ငေးငေးလေးကြည့်ကာ ကျန်ရစ်ခဲ့သည်။

ဝန်တိုမိတာ မဟုတ်ပေမယ့် ရွှေရုပ် ဝမ်းနည်းစိတ်ကလေးတော့ ဖြစ်မိသည်။ ကိုကိုကသာ ရွှေရုပ်ကလေးကိုပါ ခေါ်ခဲ့ဟု မှာလိုက်လျှင် ဘယ်လောက် ကောင်းမလဲ။

ဒါပေမဲ့ ကိုကိုနှင့်မမအတွက် ရွှေရုပ် ခလုတ်ကန်သင်းတစ်ခု လို ရှိမနေချင်ပါဘူး ကိုကိုရယ်။

မမစန္ဒီ မရှိတော့လည်း ရွှေရုပ်တစ်ယောက်တည်း ပျင်းစရာ ကောင်းနေသည်။ ကြက်တောင်ရိုက် လေ့ကျင့်ရင် ကောင်းမလား။ စိတ်က မပါတာမို့ မရိုက်ဖြစ်ပါ။ ခြံထဲမှာ လျှောက်သွားနေရင်း ရေကူးကန် ဘက်ရောက်တော့ ရွှေရုပ် လွတ်လွတ်လပ်လပ် ရေကူးချင်လာ၏။

အခန်းထဲ ဝင်ကာ အနက်ရောင် ရေကူးဝတ်စုံလေးကို လဲ ဝတ်လိုက်သည်။ မှတ်မှတ်ရရ ရွှေရုပ်အတွက် မမစန္ဒီ ဝယ်ပေးထားသော ရေကူးဝတ်စုံကလေး ဖြစ်သည်။

ရေကူးဝတ်စုံကလေး လဲလှယ် ဝတ်ဆင်ပြီးမှ ကိုယ်လုံးပေါ် မှန်ထဲမှာ မြင်ရသော ပုံရိပ်ကိုကြည့်ကာ ရွှေရုပ် မဝံ့မရဲ ဖြစ်မိ ပြန်သည်။

ရေကူးချင်ပေမယ့် ဒီဝတ်စုံမျိုးတွေ မဝတ်ရဲတာကြောင့် မကူး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တော များသည်။

သည်နေတော့ ရွှေရုပ် ကူးဖြစ်အောင် ကူးမည် ဆုံးဖြတ်ကာ အနီရောင် မျက်နှာသုတ်ပဝါကြီးကို ရင်ညွန့်အထိ လုံခြုံအောင် ပတ်ပြီး ရေကူးကန်လေးဆီ ထွက်ခဲ့သည်။

ကြည်လင် ပြာလဲ့နေသော ကန်ရေပြင်ကို မြင်တော့ ရွှေရုပ် စိတ်တွေ လန်းဆန်း ကြည်လင်သွားခဲ့သည်။

မျက်နှာသုတ် ပဝါကြီးကို ကန်ဘောင်က ခုံတန်းအ ပေါ် လွှားတင်ပြီး ရွှေရုပ် ရေထဲကို ခုန်ဆင်းလိုက်သည်။

လေးလံ ထိုင်းမှိုင်းနေသော စိတ်တွေ ကြည်လင် လန်းဆန်း သွားခဲ့တာတော့ သေချာပါသည်။

ဆယ်မိနစ်ခန့် ကူးခတ်ပြီးတော့ ရွှေရုပ် ကန်ဘောင်လေး ခြေချထိုင်ပြီး တခဏ နားသည်။ ပြီးတော့မှ ရွှေရုပ် ဒုတိယတစ်ခေါက် စိတ်လွတ်ကိုယ်လွတ် ကူးခတ်နေမိသည်။

ရန်ကုန် အိမ်မှာတုန်းကဆို ရေကူးကန်ရှိတာမို့ ရွှေရုပ် သုံးရက် တစ်ကြိမ်လောက် ရေကူးဖြစ်သည်။ ကြီးကြီးဆင့်ကတော့ ရွှေရုပ် ရေ ကူးတာ သိပ်သဘောမကျ။

"ရေကူးတာ ကျန်းမာရေးနဲ့ ညီညွတ်ပါတယ်၊ ဒါပေမဲ့ ခဏ ခဏ မကူးနဲ့ ကလေးရဲ့"





"ဘာဖြစ်လို့လဲဟင် ကြီးကြီးဆင့်"

"ကလေးရဲ့ အသားလေးတွေ ညိုကုန်မှာပေါ့ ရေ ခဏခဏ ကူးရင် အသားတွေ မည်းကုန်တယ် ကလေး အသားလေးက ဝါဝင်း နေတာ ညိုမည်းသွားမှာစိုးလို့ ကြီးကြီးဆင့်က ပြောတာ"

ကြီးကြီးဆင့်က အဲသလောက် အထိတောင် ရွှေရုပ် ကို ဂရု တစိုက် ရှိခဲ့ဖူးတာလေ။ ရွှေရုပ်ဘဝမှာ ကြီးကြီးဆင့် တစ်ယောက်သာ သံယောဇဉ် အကြီးမားဆုံး ဖြစ်ခဲ့သည်။

အခုတော့ ရွှေရုပ်ကို သံယောဇဉ် ကြီးသော ကြီးကြီးဆင့် မရှိတော့ပါ။ ကိုကို တစ်ယောက်ကိုပဲ ရွှေရုပ် ယုံကြည်ကိုးစားခဲ့ မိပေ မယ့်

"ဝူး ဖရူး"

ရေကူးနေရင်း ခေါင်းကိုမော့ကာ ရွှေရုပ် ပါးစပ်ထဲ ပင်လာ သည့် ရေတွေကို မှုတ်ထုတ် မော့ကြည့်တော့

"ဟင်"

ကန်ဘောင်ထိပ်မှာ မားမားမတ်မတ် ရပ်ရင်း ရွှေရုပ်ကို ငေး စိုက်ကြည့်နေသော လူတစ်ယောက်။

ရွှေရုပ် ရေကူးကန်ထဲမှာ ပေမယ့် ထူပူရှိန်းမြ သွားသည်။ ကန်ဘောင်ထိပ်မှာ ဘောင်းဘီထဲ လက်နှစ်ဖက် နှိုက်ပြီး ကြည့်နေသော

www.burmeseclassic.com

www.burmeseclassic.com



ယောက်ျား သူစိမ်းတစ်ယောက်။

"ရှင် ရှင် ဘယ်သူလဲ"

ရုက်စိတ်နှင့် ထူပူရှိန်းမြကာ ရွှေရုပ် မေးမိသည်။ ထိုလူက ရွှေရုပ်ထံမှ အကြည့်တွေကို တစ်ချက်လေးတောင် ရှောင်ဖယ် မသွား သေးဘဲ မထီတရီ ပြုံးသည်။

"အဲဒီ မေးခွန်းကို စကိုယ်က မေးရမှာ မင်း လင်းစန္ဒီ မဟုတ်ဘူး တော့ သေချာတယ်"

ကြည်လင် ပြာလဲ့နေသော ကန်ရေပြင်ထဲမှာ ရွှေရုပ်သည် ရေကူးဝတ်စုံလေးနှင့် ဆက်ပြီး ကူးနေဖို့ သတ္တိမရှိပါ။

ကသောကမျော ပြန်ကူးခတ်ပြီး ကန်ဘောင်ပေါ် တက်သည်။ လှေခါးထစ်တွေအတိုင်း အလျင်အမြန် တက်ခဲ့သည်။

ကန်ဘောင်မှာ လက်ပိုက်ရပ်နေသော ပုဂ္ဂိုလ်က ဒရင်းဘတ် နံ့ပါမှ မျက်နှာသုတ်ပဝါကို လှောက်ကာ သွားယူသည်။

ရွှေရုပ်ထံသို့ ချက်ချင်း လှမ်းမပေးဘဲ ရေကူးဝတ်စုံ အနည်း ကလေးနှင့် ရွှေရုပ်ကို အကဲခတ်ကြည့်နေသော မျက်ဝန်းတွေက ရဲတင်း လွန်း၏။

"ရွှေ ရွှေရုပ်ကို သဘက်ပေး ပါ"

ရုက်စိတ်ကြောင့် ရွှေရုပ် မျက်နှာ ရဲရဲနီနေမှာ သေချာသည်။



ခြံထဲအထိ ဝင်လာကာ ရေကူးကန်စပ်အထိ ရောက်လာသော သည်လူက ဘယ်သူလဲ။

အကြည့်တွေက ရဲတင်း ရှိုင်းစိုင်းလွန်းသည်။

စူးစူးရဲရဲ မျက်ဝန်းတွေက ရေကူးဝတ်စုံနှင့် ရွှေရုပ် ခန္ဓာကိုယ် သေး တစ်ခုလုံးကို ထက်အောင် စုန်ဆန် ရွေ့လျားကြည့်ရင်း

"မင်း ဘယ်သူလဲ လင်းစန္ဒီနဲ့ ဘယ်လို ပတ်သက်သလဲ"

အကြည့် ရိုင်းရိုင်းတို့ မရုပ်သိမ်းသေးဘဲ ထိုလူ မေးသည်။ ဖိဖိစပ် မျက်နှာနှင့် ခပ်ပါးပါး နှုတ်ခမ်းမွှေးတွေက မသတီစရာ ကောင်း သည်။

ဝတ်ဆင်ထားသော အနောက်တိုင်း ဝတ်စုံ မီးခိုးရောင် ထက် အောက်ဆင်တူ ဝတ်စုံနှင့် ရှူးဖိနပ်က ပြောင်လတ်နေသော ထိုသူကို ရွှေရုပ် တစ်ခါမှ မမြင်ဖူးတာတော့ သေချာသည်။

"ရှင် ဘယ်သူလဲ ခြံထဲကို ရှင် ဘယ်လို ဝင်လာတာလဲ"

ရွှေရုပ်မေးရင်း ခြံစောင့်ကြီး ဦးဘိုးမိန်ကို ရှာဖွေကြည့်မိသည်။ မတွေ့ပါ။ ဦးဘိုးစိန် ဘယ်ရောက်နေသလဲ မသိ။

"ကျွန်မ မျက်နှာသုတ်ပဝါ ပေးပါ"

မလုံမခြုံ ဝတ်စုံလေးနှင့် ရွှေရုပ် မျက်နှာကလေးလည်း ရဲရဲ မြန်းလို့နေပြီ။ ရွှေရုပ် ရုက်ရွံ့နေသည်ကို သဘောကျစွာရင်း ထိုလူက

www.burmeseclassic.com

www.burmeseclassic.com



နှုတ်ခမ်းတွေ တွန့်ကွေးပြုံးသည်။

ပြီးမှ ရွှေရုပ်ဆီသို့ တစ်လှမ်းချင်း လျှောက်လာသည်။ ရွှေရုပ် စိုးရိမ်ထိတ်လန့်စွာနှင့် အနောက်ကို ခြေလှမ်း ဆုတ်မိသည်။

"ရော့ မင်းခြုံလွှာ"

ကမ်းပေးသည့် ခြုံလွှာ သဘက်ကို ရွှေရုပ် ဆတ်ခနဲ လှမ်းယူ ပြီးတော့ ခန္ဓာကိုယ်မှာ ကမျာကသီ ရစ်ပတ်လိုက်မိ၏။

ဒါပေမဲ့ ခြုံလွှာက ရင်ညွှန့်မှ ဒူးအထက် ဖုံးကွယ်ရုံမျှ လုံခြုံ ပေးနိုင်သည်။

"မင်း သိပ်လှတယ်"

အကြည့်တွေက ရဲတင်းသလို စကားပြောကလည်း ရဲတင်း သည်။ ရွှေရုပ် မျက်နှာလေး ရဲရဲနီသွားတာကို ပြုံးတွေနှင့် တစိမ့်စိမ့် ကြည့်ရင်း

"မင်းက လင်းစန္ဒီနဲ့ ဘာတော်သလဲ လင်းမှာ ညီမရင်းရှိ ရှိတယ်လို့ ကိုယ် မကြားဖူးပါဘူး"

"မမစန္ဒီနဲ့ ရှင်က ဘယ်လို ပတ်သက်သလဲ ဒီခြံထဲကို ရှင် ဘယ်လို ဝင်လာတာလဲ ဆိုတာ ပြောစမ်းပါ"

ရွှေရုပ် ဒေါသလေးတွေ ဆူဝေလျက် ခပ်ရူးရူးလေး မေးသည်။ ထိုလူက ဟက်ခနဲ သဘောကျစွာ ရယ်ရင်း



"ဒါ လင်းစန္ဒီ ခြံဆိုရင် ကိုယ်ပိုင်တဲ့ ခြံပဲလေ ကိုယ့်နာမည် ...ဆက်ဇော်"

ရွှေရုပ် မျက်ဝန်းလေးတွေ ဝိုင်းစက်သွားခဲ့သည်။ မိုးဆက်ဇော် ဆိုသော အမည်ကို နှုတ်က အခါခါ ရွတ်ဆိုမိ၏။

မိုးဆက်ဇော် တဲ့။ ဒါဆို မမစန္ဒီရဲ့ ခင်ပွန်းပေါ့။

"ရှင် ရှင် မမစန္ဒီရဲ့ ခင်ပွန်း ပေါ့"

"မင်းက ကိုယ့်ကို သိနေတယ်ပေါ့ နေပါဦး မင်းကကော ...ယ်သူလဲ ကိုယ် မသိတာတော့ သေချာတယ်"

ရွှေရုပ် စိတ်ထဲမှာ မိုးဆက်ဇော် ဆိုသော သူကို ရှုံ့မုန်းသွား ...တာ အမှန်။

မြန်မာလူမျိုး တစ်ယောက်ပေမယ့် စကားပြောကော အမူအ ...ရင့်တွေကပါ ရိုင်းစိုင်းလွန်းသည်။ တိုင်းတစ်ပါးမှာ နေထိုင်လာတာ ...ကြာခဲ့လို့လား။ မသက်ဆိုင်ဟု ထင်သည့် ကိုကို့ မှာတော့ ဒီလို အကျင့် ...ရိုက်တွေမှ မရှိတာ။

"မမစန္ဒီ မရှိဘူး"

"ခုချိန်မှာ ကိုယ် အဲဒါကို စိတ်မဝင်စားဘူး မင်းဘယ်သူလဲ ...ဆိုတာပဲ သိချင်နေတာ"

"ရွှေရုပ် ပဲ ကျွန်မဘယ်သူဆိုတာ ရှင်သိဖို့ မလိုဘူး သိချင်

www.burmeseclassic.com

www.burmeseclassic.com



ရင်လည်း မမစန္ဒီ ပြန်လာရင် မေးကြည့် ကျွန်မ ပြောစရာ မလိုဘူး"

စကားအဆုံးမှာ ရွှေရုပ် သူ့နံဘေးကပဲ ပြတ်လျှောက်ကာ ထွက်ခဲ့သည်။

အနောက်က ရပ်ကြည့်ရင်း ကျန်ရစ်ခဲ့မည့် ထိုလူမျက်ဝန်း တွေကိုတော့ ရွှေရုပ် သိနေသည်။

စိတ်ထဲမှာ မလုံခြုံစွာနှင့် ကြက်သီးထမိတာတော့ အမှန် သည်လူရဲ့ အကြည့်တွေ အပြောတွေကို ရွှေရုပ် နည်းနည်းလေး သဘောမကျတာ အမှန်။

အိမ်ထဲရောက်တော့ ရွှေရုပ် ရေတောင်ထပ်ပြီး မချိုးဖြစ် အခန်းထဲဝင် ကဗျာကသီ အဝတ်အစားလဲပြီး အပြင်လည်း မထွက် ရဲတော့ပါ။

မမစန္ဒီ ပြန်လာတဲ့အထိ အခန်းထဲမှာပဲ တံခါးပိတ် စောင့်နေ မိတော့သည်။

ခြံထဲကို မမစန္ဒီ ကားမောင်းဝင်လာတာကို ရွှေရုပ် ပြတင်းတံခါး က စောင့်ကြည့်ရင်း မြင်လိုက်သည်။

သည်တော့မှ အခန်းထဲက ထွက်ကာ ရွှေရုပ် အောက်ထပ် ဆင်းဖို့ ကြံစည်မိသည်။

ဒါပေမဲ့ ညေ့ခန်းမှာ ရှိနေသော မိုးဆက်ဇော်ကြောင့် ရွှေရုပ်



လှေကားထိပ်မှာပဲ မဝံ့မရဲ ရပ်နေမိ၏။

"ဟင် မိုးဆက်ဇော်"

"အံ့ဩသွားသလား စန္ဒီ ကိုယ်မင်းကို စောင့်နေတာ"

အသံတွေကို ကြားနေရတာမို့ ရွှေရုပ် လှေကားထိပ်မှပဲ ရပ်ကာ စွင့်ထားမိသည်။

"ကျွန်မလည်း ရှင့်ကို စောင့်နေတာပဲ မိုးဆက်ဇော်"

မထင်မှတ်ဘဲ မြင်တွေ့လိုက်တာမို့ မမစန္ဒီ အံ့ဩသွားတာက ခဲ့လျှင် တည်တည်ငြိမ်ငြိမ် ညေ့ခန်းထိုင်ခုံမှာ ဝင်ထိုင်သည်။

ရွှေရုပ် အောက်ထပ်လည်း မဆင်းမိ အပေါ်ထပ်လည်း ပြန် ညည့်မိဘဲ ရပ်တန့် နားစွင့်နေမိသည်။

"ရှင်နဲ့ ကျွန်မတို့ ကိစ္စကို အပြတ်သားဆုံး ရှင်းလင်းချင်တယ် ဆက်ဇော်"

"ဟား ပြတ်သားလှချည်လား စန္ဒီ"

မိုးဆက်ဇော်က ကျောပေးထိုင်နေတာမို့ ရွှေရုပ် မျက်နှာကို မြင်တွေ့ရပါ။ ဒါပေမဲ့ အသံက လှောင်ရိပ်စွက်နေမှန်း သိသာလွန်း သည်။

"ဒါ အခုမှ ပြတ်သားခဲ့တဲ့ ကိစ္စမှ မဟုတ်ဘဲ မိုးဆက်ဇော် မှာ ကတည်းက ရှင်နဲ့ကျွန်မ ရွေးချယ်ခဲ့ကြတဲ့ လမ်းပဲလေ"

www.burmeseclassic.com

www.burmeseclassic.com



"ရွေးခဲ့တဲ့လမ်း ဟုတ်လား စန္ဒီ ဒီမှာ ကိုယ့်ကို လက်ထ
ရွေးချယ်လိုက်တာလဲ မင်းပဲ မိုးဆက်ဇော် ဆိုတဲ့ကောင်က တော့မ
ဘူး စန္ဒီ မင်းဘာကြောင့် ကိုယ့်ကို လက်ထပ်ခဲ့သလဲဆိုတာ ကို ကော
ကောင်းကြီး သိတယ်ကွ"

"အဲဒါတွေ ဘာမှ ပြန်ပြောနေဖို့ မလိုအပ်ဘူး ထင်
မိုးဆက်ဇော်"

"မင်း လုပ်ချင်တာ လုပ်လို့ရတဲ့ အရုပ်တစ်ရုပ် မဟုတ်
ဆိုတာတော့ သိအောင် ပြောရလိမ့်မယ် စန္ဒီ မင်းရဲ့ ရည်စားဟော
ကောင်ကို အနိုင်ယူပြချင်လို့ ကိုယ့်ကို မင်း လက်ထပ်ခဲ့တာလေ"

"ဒီမှာ မိုးဆက်ဇော် ဒါကို သိသိကြီးနဲ့ ရှင်ဘာလို့ ဝင်
တာလဲ ရှင် ယောက်ျား မဟုတ်ဘူးလား"

"ကိုယ် ဘာကောင်ဆိုတာ ကိုယ့်ဘာသာ သိတယ် စန္ဒီ
မင်းဘာကြောင့် ကိုယ်နဲ့ ပြတ်သားခွင့်ကို အလိုရှိနေတာလဲ ဆိုတာ
လည်း ကိုယ်သိတယ်"

လင်းစန္ဒီ မျက်နှာလေး မာတင်းလျက် မိုးဆက်ဇော်ကို
ဆိတ်စွာ စူးစိုက်ကြည့်နေသည်။ လှပသော မျက်ဝန်းတွေထဲမှာ နာကျ
စက်ဆုပ်မှုတွေသာ ရှိနေခဲ့သည်။

"ရှင် ဘာတွေ ပြောနေတာလဲ မိုးဆက်ဇော်"





"မင်း မြန်မာပြည်မှာ သိမ်ပျော်နေသလား အင်းလေ ငယ်ချစ်ဦး
နဲ့ ပြန်ဆုံနေတော့လည်း"

"မိုးဆက်ဇော်"

လင်းစန္ဒီ စူးစူးဝါးဝါး ဟစ်အော်သည်။ ရဲရဲနီနေသော မျက်နှာ
လေးပေါ်မှ နှုတ်ခမ်းလေးတွေ ဒေါသစိတ်ကြောင့် တုန်ခါနေသည်။

"ကိုယ် ဒီကို ပြန်ရောက်နေတာ တစ်ပတ်ကျော်ပြီ မင်းနဲ့
ဘုန်းစကြာ သတင်းကို ကြားပြီးသား စန္ဒီ"

"ရှင်ဘာသာ ဘာပဲကြားကြား ကျွန်မ ဂရုမစိုက်ဘူး ဒါပေမဲ့
ကျွန်မနဲ့ ဘုန်းကြားမှာ ရိုးသားတဲ့ မိတ်ဆွေ ဆက်ဆံမှုပဲ ရှိတယ်"

"အဟွန်း အဲဒါ အပေါ်ယံပါ မင်းတို့ အတွင်းစိတ်တွေကို
ဖွင့်ကြည့်ရင် သိသာတယ်၊ ဘာလဲ မင်းက ကိုယ့်ကို ကွာရှင်းပြီး ဒီကောင်
နဲ့ ဇာတ်လမ်း ပြန်ဆက်ချင်လို့ မဟုတ်လား"

"မိုးဆက်ဇော် ရှင်နဲ့ကျွန်မ ဘာမှ မပတ်သက်တော့ဘူးနော် ဒီတော့
ရှင်ဘာမှ ဝင်ဖန် အကဲဖြတ်စရာ မလိုအပ်ဘူး"

"အိုကေ ကောင်းပြီ ကောင်းပြီ ဒီတော့ ကိုယ့်ဘက်ကလည်း
လိုချင်တဲ့ အတိုင်းအတာကို မင်းနဲ့ ညှိနှိုင်းရမှာပေါ့"

မိုးဆက်ဇော် စကားကြောင့် လင်းစန္ဒီ နှုတ်ခမ်းလေးတွေ မဲ့ကျ
သွားခဲ့သည်။ ပြီးမှ

www.burmeseclassic.com

www.burmeseclassic.com



"ရှင် ဘယ်လို ယောကျ်ားဆိုတာ ကျွန်မသိတယ်၊ ဒီသော ရှင်နဲ့ကျွန်မ အပြတ်သားဆုံး ဆွေးနွေးချင်တယ်"

"ဟုတ်ပြီလေ ကိုယ့် ရည်ရွယ်ချက်ကလည်း အဲဒါပါပဲ ဒီ မိုင်းမှာ မင်းနဲ့ ညှိနှိုင်းတာပေါ့ အခုတော့ ကိုယ် အနားယူပါရစေ ကိုယ် ဒီမှာတည်းမယ်"

"မဖြစ်နိုင်တာ"၊

လင်းစန္ဒီ လက်မခံနိုင်စွာ ခေါင်းကို ခါရမ်းသည်။

"ဘာလို့ မဖြစ်နိုင်ရမှာလဲ ဒီအိမ် ဒီခြံက မင်းပိုင်ဆိုင်မှု ရင် ကိုယ်နဲ့လည်း သက်ဆိုင်နေသေးတယ်လေ"

"ဒီမှာ ရှင်နေလို့ မဖြစ်ဘူး မိုးဆက်ဇော် မန္တလေးက ရန်ကုန်ကခြံ ရှင်ကြိုက်တဲ့နေရာမှာ နေနိုင်တယ်"

"မင်းနဲ့ကိုယ် ဆွေးနွေးပွဲ မပြီးပြတ်ခင်အထိ ကိုယ် ဒီ ပြင်ဦး မှာပဲ နေမယ်၊ စိတ်ချ မင်းကို ကိုယ်ဘာမှ ဒုက္ခမပေးဘူး နေထိုင် တစ်ခုပဲ"

လင်းစန္ဒီ တဒင် ငြိမ်သက်သွား၏။ ပြီးမှ အံကို တင်း ကြိတ်၏။ အားမတန်လို့ မာန်လျှော့ရသည့် အသွင်။

"ထားတော့ မိုးဆက်ဇော် ဒီရက်အတွင်းမှာ ရှင်နဲ့ကျွန် ကိစ္စကို ရှင်းလင်းချင်တယ်"



"ကိုယ်ကလည်း လက်ခံကြိုဆိုပါတယ် စန္ဒီ"

"ရှင် ဒီမှာ တည်းမယ်ဆိုရင် အပေါ်ထပ်မှာတော့ မဖြစ်ဘူး ကျွန်မနဲ့ ရွှေရုပ်ဆိုတဲ့ မိန်းကလေး ရှိနေတယ်၊ အောက်ထပ်က အခန်း ထဲမှာ ရှင့်အတွက် တစ်ခန်း စီစဉ်ပေးမယ်"

စကားအဆုံးမှာ မမစန္ဒီ မိုးဆက်ဇော်ကို ကျောခိုင်းကာ လှေ ကား ထပ်တွေဆီ လှမ်းတက်လာသည်။

လှေကားထိပ်မှာ ရပ်နေသော ရွှေရုပ်ကို မြင်တော့ မမစန္ဒီ ပြုံးသွား၏။ ပြီးမှ ရွှေရုပ် လက်ကလေးကို ဆွဲကာ အခန်းထဲ အထိ ခေါ်ခဲ့သည်။

အခန်းထဲရောက်တော့ မမစန္ဒီ ခုတင်ပေါ် လက်ထဲက လက်ကိုင် အိတ်ကို ပစ်တင်ကာ ဖွေ့ခနဲ ဝင်ထိုင်သည်။

ရွှေရုပ် မမစန္ဒီ နံဘေးမှာ ဝင်ထိုက်လိုက်ရင်း

"ရွှေရုပ် အားလုံးကြားပါတယ် မမစန္ဒီ ဟို ရွှေရုပ် တမင် နားထောင်နေတာ မဟုတ်ပါဘူး"

"မမ သိတယ် နားလည်တယ် ရွှေရုပ် ရွှေရုပ် ကြားတာ ကောင်းပါတယ် မမထပ်ပြီး ရှင်းပြနေစရာ မလိုတော့ဘူးပေါ့ အခု မမ စိတ်ပူပ်ထွေးသွားတာ သူ ဒီအိမ်မှာ ရှိနေမယ့် ရက်တွေကိုပဲ ရွှေရုပ် အတွက် စိတ်ဒုက္ခ ရောက်စေမယ်ဆိုရင် မန္တလေးက မမရဲ့ အိမ်မှာ

www.burmeseclassic.com

www.burmeseclassic.com



ရွှေရုပ် နေမလား မမ အားလုံး စီစဉ်ပေးမယ်''

ကိုယ့် ပြဿနာနှင့် ဒုက္ခတွေကို မမစန္ဒီ မစဉ်းစားနိုင်ဘဲ ရွှေရုပ်အတွက် ပူပန်နေတာမို့ ရွှေရုပ် အားနာသွားမိ၏။

''ရွှေရုပ်အတွက် ဘာမှ မပူပါနဲ့ မမ စိတ်ညစ်နေတာ ရွှေရုပ် သိတယ် ဒီအချိန်မှာ မမကို ရွှေရုပ် ဘာလို့ ထားခဲ့ရမှာလဲ ရွှေရုပ် မမနဲ့ အတူရှိမှာပါ''

မမစန္ဒီ ပခုံးကို ဆုပ်ကိုင်ကာ ရွှေရုပ်ဆိုတော့ မမစန္ဒီ ရွှေရုပ် ကို ငေးငေးလေး စိုက်ကြည့်နေရင်း

''ရွှေရုပ်ရယ် မင်းရဲ့ စိတ်ဓာတ်လေးက ဖြူစင် မြင့်မြတ်လိုက် တာ တစ်ပါးသူရဲ့ စိတ်ကိုပဲ မင်း အမြဲကူညီဖို့ တွေးတယ်နော် ဒါ ကြောင့် ရွှေရုပ် မျက်နှာလေး ကြည်လင် အပြစ်ကင်းစင်နေတာ ဖြစ် မယ်''

''မမရယ် ရွှေရုပ်ဘဝမှာ နှောင်တွယ်စရာတွေ ဆိုလို့ အများ ကြီး မရှိပါဘူး မမကိုလည်း ရွှေရုပ် အစ်မရင်းချာလို ခင်မင်တယ် မမ ကိစ္စကို ရွှေရုပ် ကူညီနိုင်သ၍ ကူညီမယ် နောက်ဆုံး တိုင်ပစ်ဖော် တိုင်ပင်ဘက် တစ်ယောက်ပဲ ဖြစ်ဖြစ်ပေါ့''

''အင်း ခုချိန်မှာ မမ စိတ်တွေ ညစ်ညူးနေတာ အမှန်ပဲ ရွှေရုပ် မိုးဆက်ဖော်နဲ့ ပြဿနာရှင်းဖို့အတွက် မမ အရင်ဆုံး ရှင်းလင်း



ယ်၊ မမ အတွက် ရှုပ်ထွေးနေတာ အဲဒီကိစ္စကြီးပဲ အဲဒါ ပြီးပြတ် တော့ မမဘဝ အေးချမ်းပါပြီ''

မမစန္ဒီ စကားတွေကို ရွှေရုပ် နားထောင်ပေးရင်း ခေါင်းကလေး တ်မိသည်။

မိုးဆက်ဖော် ဆိုသည့် ယောကျ်ား ပုံရိပ်ကိုလည်း အာရုံထဲမှာ ်ယောင်ကြည့်မိသည်။

လျှို့ဝှက် ကောက်ကျစ်သော အရိပ်တွေ သိုဝှက်နေသည့် က်နှာဟု ရွှေရုပ် အကဲခတ်မိသည်။ သည်လူ မမထံ ရောက်လာတာ ာင်းသော ရောက်ရှိခြင်းတော့ မဟုတ်နိုင်။

ဘာပဲဖြစ်ဖြစ် မမစန္ဒီ အနားမှာ ရွှေရုပ် ရှိနေချင်၏။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၄)

"တစ်အိမ်တည်းမှာ ဒီလူရှိနေတာကိုတော့ ကိုယ် ဘယ်လို သဘောမကျဘူး"

ကိုကိုက အလိုမကျသလို ပြတ်သားစွာ ပြောတော့ မမ နားလည်စွာ ခေါင်းညိတ်ရင်း

"ရွှေရုပ်အတွက် နင် စိုးရိမ်မှာကိုတော့ ငါ နားလည်ပါတယ် ဘုန်း ဒါကြောင့် ရွှေရုပ်ကို မန္တလေးကခြံမှာ ခဏနေဖို့ ငါစီစဉ် ပေး ပါ့မယ်"

"ဟင့်အင်း ရွှေရုပ် ဒီမှာပဲ မမစန္ဒီနဲ့ နေမယ်ကိုကို မမစန္ဒီနဲ့ အတူ ရှိနေတာပဲ ရွှေရုပ်အတွက် မစိုးရိမ်ပါနဲ့"

ရွှေရုပ်ဆိုတော့ ကိုကို တွေခနဲ ဖြစ်ကာ ငြိမ်သက်သွား



ပြီးမှ ပင့်သက်ရှိုက်ကာ လင်းစန္ဒီကို ကြည့်၏။

"အင်းလေ ခုချိန်မှာ စန္ဒီနဲ့အတူ ရွှေရုပ်ပါ ရှိနေသင့်ပါတယ်၊ နေပါဦး စန္ဒီ မိုးဆက်ဇော်က ဒီမှာ ဘယ်လောက်ကြာမှာလဲ"

"သူ ဒီမှာ ကြာရှည် နေခွင့်မရှိဘူး ဘုန်း ငါနဲ့သူ အပြတ်သားဆုံး ရှင်းလင်းပြီးတာနဲ့ သူ ပြန်ရမှာပေါ့"

ကိုကို လင်းစန္ဒီကို စူးစိုက်ကြည့်နေသည်။ ကိုကိုရဲ့ မျက်ဝန်းတွေထဲမှာ သံသယစဉ် အရိပ်တွေ ရှိနေဆဲလား ရွှေရုပ် အကဲခတ်ရခက်ခက်။

"ကဲ ငါပြန်မယ် စန္ဒီ လိုအပ်တဲ့ ကိစ္စရှိရင် နင် ငါ့ဆီကို ဖုန်းဆက်လိုက် ရွှေရုပ်လည်း ကိုကို့ဆီ ဖုန်းဆက်နိုင်အောင် ဟောဒီဖုန်းယူထား"

ကိုကိုက ရွှေရုပ် လက်ထဲကို ဟန်းဖုန်းကလေး ကမ်းပေးသည်။ ထိုစဉ်မှာပဲ ညှော်ခန်းထဲက ဖုန်းမြည်လာတာကြောင့် မမစန္ဒီ အပြေးကလေး ထသွားခဲ့သည်။

"ကိုကို ထမင်းစားပြီးမှ ပြန်ပါလားဟင် ရွှေရုပ်ကိုယ်တိုင် ချက်ထားတယ်"

"မစားတော့ဘူး ကလေး မိုးဆက်ဇော်နဲ့ ကိုကို မျက်နှာချင်းကို ဆိုင်ချင်တာ"

www.burmeseclassic.com

www.burmeseclassic.com



ကိုကို့ကို ရွှေရုပ် နားလည်ပေးရတော့မည်လား။ ရည်းစား တောင်းရဲ့ ခင်ပွန်းအပေါ်မှာ ကိုကို ခံစားချက်က အမုန်းတွေ ဖြစ်နေသည်လား။

ရင်မဆိုင်ချင်လောက်အောင် ကိုကို မုန်းနေခဲ့သည် ဆိုလျှင် မမစန္ဒီကို ကိုကို သံယောဇဉ် ရှိနေတာ သေချာသည်ပေါ့။

"ရွှေရုပ် မနေ့က ကိုကို ခြံတစ်ကွက် ဝယ်လိုက်ပြီ"

"ဟင် ဟုတ်လား"

"စန္ဒီနဲ့အတူ ဝယ်ဖြစ်လိုက်တာလေ စန္ဒီမပြောဘူးလား"

"မပြောဖြစ်ဘူး ကိုကို ရွှေရုပ်လည်း မမေးဖြစ်ဘူး မမစန္ဒီမှာက သူ့ပြဿနာနဲ့သူ ဆိုတော့ မေ့သွားတယ် ထင်တယ်"

"အင်း ကိုကို ဝယ်လိုက်တယ် ခြံကြီးက အခုစန္ဒီရဲ့ ခြံထက်တောင် ပိုပြီး ကျယ်တယ်၊ တိုက်ကတော့ လူမနေတာကြာတော့ အတော်ပျက်ဆီးနေတယ်၊ ခြံကလည်း အတူတူပဲ ဒါပေမဲ့ ကိုကို အခု တိုက်ကို ပြုပြင်နေတယ်၊ ခြံကိုလည်း လိုအပ်တာ ရှင်းလင်း စိုက်ပျိုး ပြင်ဆင်နေတယ်"

ကိုကို တက်ကြွစွာ ဆိုနေသည်။ ကိုကို့ မျက်ဝန်းတွေ ရွှန်းလဲ့တောက်ပနေတာ အထင်အရှား။

သည်ခြံကြီးနှင့် ပတ်သက်ပြီး ကိုကို့မှာ လှပသော စိတ်ကူးတွေ



နေမှာတော့ ရွှေရုပ် မှန်းဆလို့ရပါသည်။

"ကိုကို့ စိတ်ကူးထဲအတိုင်း အလှပဆုံး ပြင်ဆင်ပြီးရင် ရွှေရုပ်ကို ခေါ်ပြမယ်"

"ကိုကို အဲဒီခြံကြီးကို ဘာလို့ ဝယ်လိုက်တာလဲဟင်"

"ကိုကို့ရဲ့ ရည်ရွယ်ချက် တစ်ခုကြောင့်ပေါ့ ကလေးရယ်၊ ခြံကြီးဆုံးသွားရင် ကလေးကို ကိုကို ပြောဖြစ်မှာပါ"

ရွှေရုပ်ကို စိုက်ကြည့်ကာ ပြောနေသော ကိုကို့ မျက်ဝန်းတွေထဲမှာ ရောင်စဉ်တွေ တောက်ပနေသလို ရှိသည်။

ချစ်ခြင်းရဲ့ ရောင်စဉ်တွေလား ရွှေရုပ် မသိပါ။

ကိုကို့ စိတ်ကူးနဲ့ စိတ်တိုင်းကျ ပြင်ဆင်နေသော ခြံကြီးမှာကိုကို ရည်ရွယ်ချက်က မမစန္ဒီနှင့် အနာဂတ်ကို တည်ဆောက်ဖို့လား ရွှေရုပ် သိချင်သည်။

ဒါပေမဲ့ ခုချိန်မှာ ရွှေရုပ် မမေးသင့်ဟု နားလည်နေ၏။ မမစန္ဒီတာ မပြတ်သားသေးသော အခြေအနေလေ။

"စန္ဒီကတော့ ခြံကြီးကို သဘောကျတယ်၊ ပြင်ဆင်ပြုပြင်ပြီး သူတောင် ပါဝင်အဟောင်းသား ဖြစ်သွားစေရမယ်လို့ ကိုကို ပြောဖြစ်တယ်ကွ"

ကိုကို့အသံတွေ တက်ကြွနေတာ ကိုကို့ မျက်ဝန်းတွေ တောက်ပ

www.burmeseclassic.com

www.burmeseclassic.com



နေတာ ကြည့်ရင်း ရွှေရုပ် ကိုကို့ရင်ထဲကို မြင်သိလာမိသလိုပါပဲ။

မမစန္ဒီနဲ့အတူ ခြံကြီးကို စိတ်တိုင်းကျ ရွေးချယ်ဝယ်ယူခဲ့သည့် ကိုကို့ရဲ့ ရည်ရွယ်ချက်ဆိုတာ

ခင်ပွန်းဖြစ်သူကို တရားဝင် ကွာရှင်း ပြတ်ဆဲချင်နေသော မမစန္ဒီရဲ့ ရည်ရွယ်ချက်နဲ့ တူညီနေမှာပဲပေါ့။

ရွှေရုပ် ဝမ်းသာပါတယ် ကိုကိုရယ်။

မမနဲ့ကိုကို ဒီမြန်မာပြည်မှာ အတူရှိနေမယ်ဆိုရင် ရွှေရုပ် ပျော်မိမှာပါ။

ရွှေရုပ်မှာ နှောင်တွယ်စရာ အိမ်မတစ်ယောက်တောင် ထပ်ပြီး တိုးလာမှာ သေချာပြီလေ။

ခြံထဲကို ဝေါခနဲ မောင်းဝင်လာသည့် ဆိုင်ကယ်တစ်စီးကြောင့် ရွှေရုပ် အတွေးတွေ ပြတ်တောက်သွားရသလို ကိုကို့ မျက်နှာကလည်း တင်းခနဲ ဖြစ်သွားခဲ့သည်။

ဆိုင်ကယ်က ဆင်ဝင်အောက်မှာ ထိုးရပ်သွား၏။ ဟဲလ်မက် ဦးထုပ်ကို ချွတ်လိုက်တော့ မိုးဆက်ဇော် ပါပဲ။

"ကိုကို ပြန်တော့မယ် ကလေး"

"ဟုတ် ဟုတ်ကဲ့ ကိုကို"

ကိုကိုက ဆင်ဝင်အောက်မှာ ရပ်ထားသော ကားဆီလျှောက် သွားပြီး တံခါး ဖွင့်တက်သည်။



မိုးဆက်ဇော် မဲ့ခနဲ ပခုံးတွန့်ပြုံးပြီး ညှော်ခန်းထဲ လှမ်းဝင် သွား၏။ ကိုကိုက ကားပြတင်းတံခါးဘေးမှာ ရပ်နေသော ရွှေရုပ်ကို တိုးတိုးလေး မှာသည်။

"မိုးဆက်ဇော် ဆိုတဲ့ကောင်ကို သတိထား ရွှေရုပ် ဒီကောင့် စိတ်ဓာတ်က မြေခွေးလို ကောက်ကျစ်တယ်၊ ဘယ်လိုကိစ္စပဲ ဖြစ်ဖြစ် ကိုကို့ဆီ ဖုန်းဆက်နော် ကလေး"

ရွှေရုပ် ခေါင်းကလေး ညိတ်ပြမိသည်။

ကိုကိုရဲ့ ပရာဒိုကားကြီးက မောင်းထွက်သွားခဲ့ပြီ။ ကိုကို့ရင်ထဲ မှာ ရွှေရုပ်အတွက် ပူပန်နေတာလား မမစန္ဒီအတွက်လား။

နှစ်ဝလုံး အတွက်လည်း ဖြစ်နိုင်သည်။

စိတ်ချပါ ကိုကို။ ကိုကိုရဲ့ မမစန္ဒီဟာ ရွှေရုပ်ရဲ့ မမပါပဲ။ ရွှေရုပ် ဂရုစိုက်မှာ ယုံပါကိုကိုရယ်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၅)

မနက်ကတည်းက မမစန္ဒီနှင့် မိုးဆက်ဇော်တို့ နှစ်ဦးထွက်သွားခဲ့တာဖြစ်သည်။ ရွှေရုပ် မမနှင့် အဖော်လိုက်ဖို့ တောင်းဆိုပေမယ့် မမစန္ဒီက လက်မခံခဲ့။

"ရွှေရုပ် မလိုက်ပါနဲ့ကွယ် မမတို့ ပြဿနာကို နှစ်ယောက်တည်း ဆွေးနွေးဖို့ သူ တောင်းဆိုထားတယ် မမလည်း ရှင်းလင်းချင်ပြီလေ"

"မမအတွက် ရွှေရုပ် စိုးရိမ်လို့ပါ ကိုကိုလည်း မှာထားတယ် ဘာပြဿနာပဲဖြစ်ဖြစ် သူ့ဆီ ဖုန်းဆက်တဲ့"

မမစန္ဒီ မျက်နှာကလေး ဝင်းပသွား၏။ ကိုကိုရဲ့ ဂရုစိုက်မှုကြောင့် ကျေနပ်သွားတာ ဖြစ်မည်။



"မမအတွက် မပူပါနဲ့ ရွှေရုပ်ကလေးရယ်၊ စိတ်ချပါ မမသူနဲ့ အပြတ်သားဆုံး ရှင်းမှာပါ"

ရွှေရုပ်ကို ပြုံးပြုံးလေး ပြောပြီး မမ ကားပေါ်တက် မောင်းထွက်သွားခဲ့သည်။ မိုးဆက်ဇော် ဆိုသော ပုဂ္ဂိုလ်က စောစောကတည်းက ဆိုင်ကယ်နှင့် ထွက်သွားခဲ့တာ ဖြစ်သည်။

ရွှေရုပ် တစ်ယောက်တည်း နေခဲ့ရတာ ရင်မောစွာနှင့် ဖြစ်၏။

မမစန္ဒီက ဘာမှ မပူနဲ့ဟု မှာသွားပေမယ့် ရွှေရုပ်ရင်ထဲမှာ စိုးရိမ်နေမိတာ အမှန်။

တကယ်ဆို ဒီအိမ်ကြီးမှာပဲ မမနှင့် ဆွေးနွေးလို့ ရနိုင်ရက်နဲ့ မိုးဆက်ဇော် ဘာကြောင့် အပြင်ခေါ်ထုတ်သွား ရတာလဲ။

မမစန္ဒီအတွက် စိုးရိမ်မိတာ အမှန်။ ကိုကို့ဆီ ဖုန်းဆက်ပြောပြလျှင် ကောင်းမည်လား။ မဖြစ်သေးပါ။

ကိုကို စိုးရိမ်လွန်ကာ လိုက်သွားလျှင် ပိုရှုပ်ထွေး ကုန်နိုင်သည်။ နောက်ဆုံးတော့ ရွှေရုပ် တစ်ယောက်တည်း ငင်မောစွာ မျှော်ရင်း အချိန်တွေ တရွေ့ရွေ့ ကုန်ဆုံးသွားသည်။

မနက် ကိုးနာရီလောက်က ထွက်သွားသော မမစန္ဒီရဲ့ ကားလေးက ဆယ့်တစ်နာရီ ထိုးလုမှပဲ ပြန်ရောက်လာသည်။

ခြံထဲက ခုံတန်းလေးမှာ ထိုင်နေမိသော ရွှေရုပ် မမရဲ့ ကားလေး

www.burmeseclassic.com

www.burmeseclassic.com



ဆင်ဝင်အောက် မရောက်ခင် ရောက်ပြီး ဖြစ်နေသည်။

ကားတံခါးဖွင့် ဆင်းလာသော မမက ရွှေရုပ်ကို ပြုံးပြသည်။ မမစန္ဒီ အပြုံးတွေ ညှိုးမှိန်နေတာ ရွှေရုပ် သိ၏။

"မ မမစန္ဒီ ဘာဖြစ်လာတာလဲဟင်"

"ဆွေးနွေးပွဲက သိပ်အဆင်မပြေဘူး ရွှေရုပ်"

ပင့်သက်ရှိုက်ကာ မစံစန္ဒီ ညည်းညည်းညူညူလေး ပြောသည်။ ရွှေရုပ် ရင်ကလေး မောဟိုက်သွားရင်း

"ဘာဖြစ်လို့လဲဟင် သူက မမစန္ဒီကို မကျွာရှင်းပေးချင်လို့လာ ဟင် မမစန္ဒီ"

မမစန္ဒီ နှုတ်ခမ်းလေးတွေ တင်းခနဲ စေ့သွားသည်။ ပြီး ပင့်သက်မောတစ်ခုကို မှုတ်ထုတ်ရင်း ရွှေရုပ် ပခုံးလေးကို ဆုပ်ကိုင်

"လာကွယ် ခြံထဲက ခုံမှာပဲ ထိုင်ရအောင်၊ မမ စိတ်ရှု တင်းကြပ်နေလို့"

ခြံထဲက ခုံတန်းလေးဆီကိုပဲ နှစ်ဦးသား လျှောက်ခဲ့ကြသည်။ မမ မျက်နှာကို ကြည့်ရင်း ရွှေရုပ်လည်း အမောတွေ ကူးစက်နေသည် ရှိ၏။ ဘာတွေ ဖြစ်ကုန်သည်လဲ။

ထိုင်ခုံမှာ ထိုင်မိကြတော့လည်း မမစန္ဒီ ချက်ချင်း စကား နိုင်ရှာပါ။ မမမျက်နှာကို နားလည်စွာ အကဲခတ်ကြည့်ရင်း ရွှေ



သိတ်ဆိတ်စွာပဲ စောင့်နားထောင် နေလိုက်၏။

ခဏကြာတော့ မမစန္ဒီ ရွှေရုပ်ကို ရင်ဖွင့်ရှာ၏။

"မိုးဆက်ဇော်ရဲ့ အကြံအစည်က အတော်ယုတ်မာတယ် ရွှေရုပ် လေး သူက ကွာရှားခွင့်အတွက် တောင်းဆိုတာ မမရဲ့ ပိုင်ဆိုင်မှု စ်ဝက်အပြင် ဟောဒီ ပြင်ဦးလွင်က ခြံကြီးကိုပါ လိုချင်သတဲ့"

"ဟင်"

"သူရဲ့ လောဘစိတ်ကို မမ သိပါတယ်၊ သူ မမကို လက်ထပ် တာလည်း မမရဲ့ ပိုင်ဆိုင်မှုတွေကို လိုချင်လို့ဆိုတာ မမသိထားတယ်၊ လည်း မမဘက်က ပိုင်ဆိုင်မှု တစ်ဝက်အထိ ပေးဖို့ လက်ခံတယ်၊ ပေမဲ့ သူက ဒီခြံကြီးနဲ့ မမရဲ့အမေ မမအတွက် သီးသန့်ပေးခဲ့တဲ့ တ်ဝတ်ရတနာတွေကိုပါ တစ်ဝက် လိုချင်တယ်တဲ့"

"ဒီလူ ဘာလို့ ဒီလောက်အထိ လောဘကြီးရတာလဲ မမရယ်"

"သူ တမင် မမကို အနိုင်ကျင့်နေတာပဲပေါ့ တကယ်ဆို ပိုင်ဆိုင် တွေကို အညီအမျှ ခွဲဝေရရင် သူကျေနပ်သင့်တယ်၊ ဘိုးစဉ်ဘောင်ဆက် ရတနာတွေကို တစ်ဝက်လိုချင်တာ တမင်ညစ်တာ၊ အဲဒီ ရတနာ တွေက မမအမေက မမအတွက် သီးသန့်ပေးခဲ့တာ ဘိုးဘွားအမွေမို့ င့်ရှောက် ထိန်းသိမ်းနိုင်းထားတာ"

မမ စကားတွေကို နားထောင်နေရင်း ရွှေရုပ် စိတ်ထဲမှာ

www.burmeseclassic.com

www.burmeseclassic.com



မိုးဆက်ဇော်ဆိုသော ယောက်ျားကို ရွံမုန်းလာမိသည်။

တကယ့် ယောက်ျားပိုင်းလုံး တစ်ယောက်ပါလား။

"မဟာက်က သူနဲ့ အပြတ်သားဆုံး ဖြစ်ချင်တယ်၊ ဒါကြောင့် သူလိုချင်တဲ့ လက်ဝတ်ရတနာတွေကိုတော့ မပေးနိုင်ဘူး။ အဲဒီ ရတနာတွေရဲ့ တန်ဖိုး တစ်ဝက်အတိုင်း ငွေကြေးနဲ့ ပေးမယ်ဆိုတော့ သူ လက်မခံဘူး"

"ဟင် ဒါတော့ အတော်လွန်နေပြီ"

"သူက ရတနာတွေကိုပဲ လိုချင်တယ်တဲ့ ငွေသား မယူချင်ဘူးတဲ့ သူ့ရည်ရွယ်ချက်က မမကို တမင် အနိုင်ယူ ယုတ်မာနေတာတော့ အထင်အရှားပဲ နောက်ဆုံး မမနဲ့သူ ဆွေးနွေးညှိနှိုင်းမှုမှာ မမ ဒေါသတွေ ပေါက်ကွဲပြီး ပြန်ခဲ့ရတာပဲ ရွှေရုပ်ရယ်"

မမစန္ဒီ မျက်ဝန်းမှာ မျက်ရည်စတွေ ချက်ချင်း ရစ်ဝိုင်းလာတာ ကြည့်ရင်း ရွှေရုပ် စိတ်မကောင်း ဖြစ်ရသည်။

"မမ ဘာဆက်လုပ်မှာလဲဟင်"

"မမ ဥစ္စာဓနတွေကို မမက်မောပါဘူး ဒါပေမဲ့ ဘိုးဘွား အမွေ ရတနာတွေကိုတော့ ပွန်းပဲ့ မခံနိုင်ဘူး ရွှေရုပ်ရယ်"

မမစန္ဒီ ခံစားချက်ကို ရွှေရုပ် နားလည်ပါသည်။ မိုးဆက်ဇော်ဆိုသည့် ယောက်ျားကိုလည်း ရွံရှာမုန်းတီးစိတ်တွေ တရိပ်ရိပ် တိုးလာ၏။



မမက ကွာရှင်းချင်နေတာကို တမင်အနိုင်ယူ တောင်းဆိုနေတာ။

ဒါကို ကိုကို သိလျှင်တော့

ဘာတွေ ဖြစ်လာမည်လဲ ရွှေရုပ် သိချင်လိုက်တာ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၆)

"ဒီကောင် ဒီလို ယုတ်မာမယ်ဆိုတာ ကိုယ် သိနေတယ်"

ကိုကို အံကို တင်းတင်းကြိတ်ရင်း ရေရွတ်သည်။ ကိုကို့ရင်ထဲမှာ ဒေါသနှင့် မခံချင်စိတ်တွေ ရောထွေးနေမှာတော့ သေချာသည်။

"အခု နင် ဘယ်လို ဆုံးဖြတ်မှာလဲ စန္ဒီ"

"သူနဲ့ငါ နောက်ထပ် ညှိနှိုင်းချင်သေးတယ် ဘုန်း"

ကိုကို ဟက်ခနဲ ရယ်သည်။ ပြီးမှ ပခုံးတွန့် ခေါင်းရမ်းရင်း

"မထင်နဲ့ နင်လိုချင်တဲ့ ဆန္ဒ ဘယ်တော့မှ ပြည့်ဝမှာ မဟုတ်ဘူး စန္ဒီ ဒီကောင်က မြေခွေးလို ယုတ်မာတဲ့ကောင်"

"ငါက မြေခွေးဆိုရင် မင်းက အလစ်တိုက်ခိုက်ဖို့ ချောင်းမြောင်းနေတဲ့ ခွေးအ တစ်ကောင်ပဲ ဘုန်းစကြာ"

အသံနှင့်အတူ ဧည့်ခန်းတံခါးဝမှာ မားမားကြီး ရပ်နေသူသာ



မိုးဆက်ဇော် ဖြစ်သည်။

ကိုကို ဝုန်းခနဲ ထရပ်တော့ ရွှေရုပ် ထိန်လန့်စွာ ကိုကို့ လက်ကို လှမ်းဆွဲမိ၏။ မမစန္ဒီလည်း အထိတ်တလန့် ရပ်ရင်း

"မိုးဆက်ဇော် နင် အနာပေါ် ထုတ်ကျပြီး မခံနိုင် ဖြစ်မနေနဲ့ နင် လုပ်ရစ်က သိပ်အောက်တန်းကျတယ်"

"ကိုယ်နဲ့ ထိုက်တန်တဲ့ တန်ကြေးယူတာလေ မင်းတို့ ဘာအချိုးချိုးနေတယ်ဆိုတာ ကိုယ်သိတယ် ပြန်ပေါင်းထုပ် ဇာတ်လမ်းအတွက် ထိုက်တန်တဲ့ ကြေးတော့ ပေးရမှာပဲ"

"မင်း ဘာစကား ပြောတာလဲ"

ကိုကို မျက်နှာကြီး နီမြန်းကာ ဒေါသထွက်နေတာ ရွှေရုပ် ဒီတစ်ခါပဲ မြင်ဖူးသည်။

"အမှန်ပြောတာ ဘုန်းစကြာ ခုချိန်မှာ ငါနဲ့စန္ဒီက တရားဝင် မကွာရှင်းရသေးဘူးနော် မင်း အလိုရှိတယ်ဆိုရင် ငါ စွန့်ပစ်လိုက်တဲ့ အချိန်ထိ စောင့်သင့်တာပေါ့ အဟွန်း"

ရွှေရုပ် လက်ကို ဆတ်ခနဲ ရုန်းထွက်ပြီး ကိုကို မိုးဆက်ဇော် အနီး ရောက်သွားခဲ့သည်။

"ဖောင်း"

"ခွပ်"

www.burmeseclassic.com

www.burmeseclassic.com



မထင်မှတ်သော လက်သီးချက်ကြောင့် မိုးဆက်ဇော် မရှောင်
တိမ်းနိုင်ဘဲ နောက်ကို လန်လဲကျသည်။

"မင်း မင်းကို ငါသတ်မယ်"

"ကိုကို မလုပ်ပါနဲ့ ကိုကို"

"ဘုန်း စိတ်ထိန်းပါ ငါတောင်းပန်ပါတယ်"

ကိုကို့ ကို ရွှေရုပ်နှင့် မမစန္ဒီ အပြေးဆွဲ တားမြစ်မိသည်။
ကိုကို ဒေါသတွေ ရှုရှုရှားရှားနှင့် မျက်ဝန်းတွေက မီးတောက်လျှက်။

"ဘုန်းစကြာ မင်း ကိုယ်ထိလက်ရောက် ကျူးလွန်တာ မင်း
ပိုင်ဆိုင်တဲ့ ခြံထဲမှာ မဟုတ်ဘူးနော်"

"အဲဒီအတွက် မင်း ဘာလုပ်ချင်လဲ ဘာဖြစ်ချင်လဲ ပြော"

"ကိုကို မလုပ်ပါနဲ့ ရွှေရုပ် တောင်းပန်ပါတယ် နော် ကိုကို"

ရွှေရုပ် မျက်နှာလေး မျက်ရည်စတွေနှင့် တောင်းပန်စွာဆိုရင်း
ကိုကို့ကို ဖက်တွယ်ထားမိ၏။

"မိုးဆက်ဇော် နင် ဘုန်းနဲ့ရှင်းစရာ မလိုဘူး။ နင်ရှင်းရမှာ
ငါနဲ့ ပြဿနာ"

"ကောင်းပြီလေ ကိုယ့်ဘက်က ဆန္ဒကို မင်းသိပြီးပြီပဲ ဒါ့
ထက်ဘာမှထပ်ပြီး ကိုယ် မလျှော့နိုင်ဘူး မင်းဆုံးဖြတ်ပေါ့ စန္ဒီ"

စကားအဆုံးမှာ မိုးဆက်ဇော် ချာခနဲ လှည့်ကာ အခန်းထဲ





လျှောက်ဝင်သွားခဲ့သည်။

"ဘုန်း ငါ ငါတောင်းပန် ပါတယ်ဟာ"

"မလိုဘူးစန္ဒီ ယောက်ျား မဟုတ်တဲ့ကောင်ကို ငါဘယ်လို
နည်းနဲ့ပဲ ရင်ဆိုင်ရ ရင်ဆိုင်ရ ရင်ဆိုင်ရဲတယ်"

"ကိုကို"

"ဘာမှ မပြောနဲ့တော့ ရွှေရုပ် လာကွာ ကိုကိုနဲ့ လိုက်ခဲ့တော့
မင်း ဒီအိမ်မှာ ဆက်နေစရာ မလိုတော့ဘူး"

"ဟို ဟို မမစန္ဒီ"

ရွှေရုပ် မမစန္ဒီကိုကြည့်ကာ ရေရွတ်မိတော့ ကိုကို အံကို
တင်းခနဲကြိတ်ကာ ခေါင်းကိုခါရင်း

"မင်းဒီမှာ ဆက်နေရင် မသင့်တော့ဘူး ပြီးတော့ ကိုကိုလည်း
လူသတ်မှု ကျူးလွန်မိမယ် လာ ကလေး၊ စန္ဒီ ကိုယ့်ကို နားလည်ပေးပါ"

ရွှေရုပ်လက်ကို ဆွဲကာ ကိုကို ကားပေါ် အတင်းပို့သည်။
မမစန္ဒီကို ရွှေရုပ် စိတ်မကောင်းစွာ ငေးကြည့်မိ၏။

ကိုကို ဒေါသတွေကို နားလည်စွာနှင့် မမစန္ဒီ ရွှေရုပ်ကို
ခေါင်းကလေး ညိတ်ပြသည်။

ကားလေးက မမစန္ဒီတို့ ခြံဝန်းထဲမှ ဝေါခနဲ မောင်းထွက်
သွားခဲ့၏။

ရွှေရုပ်ရင်ထဲမှာ မောနွမ်းလျှက်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၅)

မထင်မှတ်ဘဲ ဖြစ်ပျက်ကုန်သည့် အခြေအနေတွေကြောင့် ရွှေရုပ်ကို ကိုကို လင်းစန္ဒီ အိမ်မှ ပြန်ခေါ်ခဲ့သည်။

"မမစန္ဒီ တစ်ယောက်တည်း ရွှေရုပ် သနားလိုက်တာ"

"မတတ်နိုင်ဘူး ကလေး ဒါ သူ ဖန်တီးခဲ့တဲ့ကံစွ သူ့ရင်းလယ် ဖြစ်မယ်၊ မိုးဆက်ဇော် ဆိုတဲ့ကောင်က ကိုကို့ သိက္ခာကို စော်ကား တာတော့ ကိုကို လက်မခံနိုင်ဘူး"

ကိုကို့ရဲ့ ဒေါသတွေက ပြေသေးပုံ မရပါ။ မမစန္ဒီကို ကိုင် ခံစားနားလည် မပေးတော့ဘူးတဲ့လား။

ကိုကို ဒေါသဖြစ်တာကို မြင်ဖူးတားတာမို့ ရွှေရုပ် အကြံမပေး

"ကိုကို အခု ဘယ်ကို မောင်းနေတာလဲ ဟင်"



"ရွှေရုပ်ကို အန်ကယ်ဆင့်တို့ဆီ ပြန်ပို့ပေးမလို့"

"ဟင်"

"ခုချိန်မှာ ရွှေရုပ်အတွက် အသင့်တော်ဆုံးက အဲဒီနေရာပဲ လေ ကိုကိုနဲ့အတူ တည်းခိုခန်း လိုက်နေဖို့လည်း ရွှေရုပ်အတွက် မသင့် တော်ဘူး"

ကိုကို စိမ်သမျှ ရွှေရုပ်ဘာမှ မငြင်းနိုင်ခဲ့ပါ။ အန်ကယ် ဦးကံ ဆင့်ရဲ့ ခြံကြီးထဲက ရွှေရုပ်ကို မမစန္ဒီ အရိပ်မှာ ခိုလှုံဖို့ ပြောခဲ့တာလည်း ကိုကိုပါပဲ။

အခုတော့ မမစန္ဒီ ခြံကြီးကနေ ရွှေရုပ်ကို အန်ကယ်ခြံကို ပြန်ပို့ပေးနေပြန်ပြီ။

ရွှေရုပ် အဖြစ်က အားလုံးအတွက် အရှုပ်ထုပ်ကလေး ဖြစ်နေ ပြီလားဟု တွေးရင်း ဝမ်းနည်းချင်လာ၏။

"ရွှေရုပ် အဲဒီခြံမှာ နေပါ အိမ်စောင့် ဦးသာမြတို့ လင်မယား ကို ကိုကို အသေအချာ မှာထားမယ်"

ကိုကိုက အားပေးစကား ပြောသည်။ ရွှေရုပ် ကိုကို့ကို ငေးငေး လေးကြည့်ရင်း

"ကိုကိုရယ် ရွှေရုပ်ကြောင့် ကိုကို ဒုက္ခတစ်ခု ဖြစ်နေပြီလား ဟင်"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလို မပြောနဲ့လေ ရွှေရုပ်ပဲ ကိုကို့ကို အစ်ကိုရင်းချာလို့ သတ်မှတ်တာယ်ဆို၊ ဒါဆို ကိုကို့မှာ တာဝန်ရှိတယ်၊ ရွှေရုပ်ရဲ့အုပ်ထိန်းသူ က ကိုကိုပဲပေါ့"

ရွှေရုပ် တွယ်တာမိတာတွေက ကိုကို့အတွက် ဝန်ပိုတွေ ဖြစ် နေပြီပေါ့၊ ဒါပေမဲ့ ရွှေရုပ် ဘာမှ မပြောဖြစ်ပါ။ ကိုကို့ရှေ့မှာ မျက်ရည်တွေ မကျချင်ပါ။

တစ်ခါက ရွှေရုပ်နေထိုင်ခဲ့ဖူးသော အနိကာယ ဦးကံဆင့် ခြံကြီး က အရင်ကထက်တောင် ပိုမို ခြောက်သွေ့နေသည်။

ခြံကြီးကို စောင့်ရှောက်ပေးထားသော ဦးသာမြတို့ လင်မယား က ရွှေရုပ်ကို ဂရုတစိုက် ကြိုဆိုသည်။

ချက်ချင်းပဲ ရွှေရုပ် နေထိုင်သော အခန်းကို ရှင်းလင်းပေး သည်။ ရွှေရုပ်ကို ထားရစ်ခဲ့ပြီး ကိုကို ပြန်ခါနီးမှ မှာသွားသေး၏။

"ကိုကို ဝယ်ထားတဲ့ ခြံကြီးကို နှစ်လအတွင်းမှာ အပြီးပြုပြင် မယ် ကလေး၊ အဲဒီခြံကြီးပြီးရင် ကလေးနေထိုင်ဖို့ ကိုကို စီစဉ်ပေးမယ် ဟုတ်လား"

ကိုကို နှစ်သိမ့်တာလား မသိပါ။ ဒါပေမဲ့ ရွှေရုပ် ဝမ်းသာစွာ နှင့် ခေါင်းကလေး ညိတ်ပြမိသည်။

"ဒီရက်ပိုင်းမှာ ကိုကို ရန်ကုန်ကို သွားရမယ် ကလေး"



"ဟင် ရွှေရုပ် လိုက်ခဲ့လို့ မရဘူးလားဟင်"

"ဘာလို့ လိုက်မှာလဲ ရွှေရုပ်ကလေးရဲ့ ကိုကို လုပ်ငန်းကိစ္စ တွေနဲ့လာမယ့် နိုင်ငံခြားဧည့်သည်တွေနဲ့ စကားပြောစရာရှိလို့ ရွှေရုပ် ကို ကိုကို ဂရုစိုက်နိုင်မှာ မဟုတ်ဘူး"

ရွှေရုပ် ခေါင်းကလေးညိတ်ပြီး လက်ခံလိုက်ရ၏။ ကိုကို့မှာက ရွှေရုပ်ထက် အရေးကြီး ကိစ္စတွေ ရှိနေသည်ပဲ။

"ကလေး ဘာမှ အားမငယ်နဲ့နော်၊ ကိုကို့ဆီ ကိစ္စရှိရင် ဖုန်း ဆက်ပေါ့"

ရွှေရုပ် ခေါင်းကလေးကို အသာပုတ်ကာ ကိုကို ထွက်သွားခဲ့ သည်။ နောက်တစ်နေ့လည်း ကိုကို ရောက်မလာပါ။

ညပိုင်းမှာတော့ ကိုကို ဖုန်းဆက်သည်။

"ကိုကို ရန်ကုန်ကို ဒီညပဲ သွားရမယ် ကလေး နယူးဇီလန်က မိတ်ဆွေတွေ မနက်ဖြန်ရောက်မှာ"

ထုံးစံအတိုင်း ရွှေရုပ်ကို အားပေးပြီး ကိုကို ရန်ကုန် ထွက် သွားပြီဟု သိခဲ့ရတာ ဖြစ်သည်။

အနိကာယဦးကံဆင့် ခြံကြီးထဲမှာ ရွှေရုပ် ဘယ်အချိန်အထိ နေရ ဦးမှာလဲမသိပါ။

ရန်ကုန်မှာ ကိုကိုကတော့ တစ်ပတ်ကြာမည် ဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့ မနက်မှာ ရွှေရုပ် သတိရမိသော မမစန္ဒီထံ ဖုန်းဆက်သွယ်မိ၏။

"ဟင် ရွှေရုပ်ကလေးလား"

"ဟုတ်တယ် မမစန္ဒီ ရွှေရုပ် အခု အန်ကယ် ဦးကံခင့် အိမ် ပြန်ရောက်နေတယ်"

"မမ နားလည်ပါတယ်ကွယ် ဘုန်း တော်တော် စိတ်ဆိုးသွားတယ် ထင်တယ်"

"ကိုကို ရန်ကုန်သွားတာ မမ မသိဘူးလား"

"ဟင် ဟုတ်လား မသိပါဘူး"

မမစန္ဒီကိုတောင် ကိုကို ပြောမသွားခဲ့ဘူးဆိုတော့ ရွှေရုပ် စိတ်မကောင်းပါ။ မမစန္ဒီလည်း အတော်ခံစားလိုက်ရပုံပါပဲ တော်တော်နှင့် စကားသံမထွက်။

"မမစန္ဒီ"

"ပြော ရွှေရုပ် မမနားထောင်နေတယ်"

"ဟို ဟိုလေ မမစန္ဒီတစ်ယောက်တည်း အားငယ်နေသလား ဟင်"

"ရွှေရုပ်ရယ် မမအတွက် အခုချိန်မှာ အခက်ခဲဆုံး အချိန်ကြီး ပါပဲ ဒါပေမဲ့ မမ ဆုံးဖြတ်လိုက်ပြီ"



"ဘာလဲဟင် မမစန္ဒီ"

"မိုးဆက်ဇော် တောင်းဆိုတာကို မမ လိုက်လျောလိုက်တော့မယ်"

"ဟင်"

"ဟုတ်တယ် ဒါမှပဲ ဖြစ်တော့မှာ မိဘဘိုးဘွား အမွေတွေမို့ နှမျောမိတယ်၊ အဘွားနဲ့ အမေ လက်ထက်အထိ မဆုံးရှုံးအောင် ထိန်းသိမ်းခဲ့တဲ့ ပစ္စည်းတွေ မမ လက်ထက်မှာ တစ်ဝက်ဆုံးရှုံးသွားတာတော့ ဝမ်းနည်းစရာပေါ့"

မမခံစားချက်ကို ရွှေရုပ်နားလည်နိုင်သည်။ မမကို သနားမိတော့ မိုးဆက်ဇော် ဆိုသည့် သူက ရွှေရုပ် မုန်းတီးမိ၏။

"ဒါပေမဲ့ မမ ဆုံးဖြတ်လိုက်ပြီ ရွှေရုပ် သူနဲ့ အပြီးအပြတ် တရားဝင် ကွာရှင်းဖို့အတွက် သူတောင်းဆိုတာကို လိုက်လျောတော့မယ် ဘာလို့လဲဆိုတော့ မမ ဘဝသစ်ကို အေးချမ်းစွာ ရင်ဆိုင်ချင်တယ် ရွှေရုပ်ရယ်"

မမနှင့် ကိုကို ဘဝကို ရွှေရုပ်လည်း အေးချမ်းစေချင်ပါသည်။ ဒါကို မမ နားလည်နိုင်မည်လား။

"အခု မိုးဆက်ဇော် အိမ်မှာ မရှိဘူး မမကို တစ်ပတ်တိတိ စဉ်းစားချိန် ပေးခဲ့တယ်၊ သူ ပြန်လာရင် ကိစ္စပြတ်ပါပြီကွယ်၊ အဲဒီ

www.burmeseclassic.com

www.burmeseclassic.com



ကျရင် ရွှေရုပ် မမ အံနားကို ပြန်လာမှာလားဟင်''

''ရွှေရုပ် လာခဲ့မှာပါ မမရယ်''

''ဝမ်းသာလိုက်တာ ရွှေရုပ်ရယ်''

မမစန္ဒီရဲ့ အသံကို ကြားပေမယ့် ရင်ထဲအထိ ရွှေရုပ် မြင်နိုင် ခံစားနိုင်ပါသည်။

ကိုကို့အတွက် မမစန္ဒီ ခွင့်လွှတ်လိုက်တာပေါ့။

ဘိုးဘွား အမွေတွေကို မမ နမျောတာ ငွေကြေးဆိုတဲ့ တန်ဖိုး ကြောင့်တော့ မဟုတ်တာ သေချာ၏။

ရွှေရုပ် နားလည်ပါတယ် မမရယ်။

■ ■ ■

## အခန်း (၃၈)

အိမ်ထဲမှာပဲ ကုပ်နေရတာကို ငြီးငွေ့မိတာမို့ ရွှေရုပ် လမ်း လျှောက် ထွက်ခဲ့သည်။

မနက်ခင်း၏ နေခြည်က နွေးထွေးထွေး။ ရွှေရုပ် စိတ်ကို လန်း ဆန်းအောင် တစ်လှမ်းချင်း လျှောက်နေခိုက်

နံဘေးမှာ ထိုးရပ်လိုက်သည့် ဆိုင်ကယ်ကြောင့် လှည့်ကြည့် တော့ ဟဲလ်မက်က မှန်ကို ပင့်တင်ကြည့်သည့် မသတီစရာ မျက်ဝန်း တစ်စုံ

''ဟင် ကိုမိုးဆက်ဇော်''

''မှတ်မိတဲ့အတွက် ကျေးဇူးပဲ ရွှေရုပ်ကလေး''

ဆိုင်ကယ်ပေါ်က ဆင်းကာ မိုးဆက်ဇော် ဦးထုပ်ကို ချွတ်သည်။ ပြီးတော့ ခေါင်းကို ဖွာခနဲ ခါရင်း

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ကို မင်းဘယ်လို မြင်သလဲ မသိဘူး အဟွန်း ဘုန်းကြော ကတော့ မြေခွေးတစ်ကောင်တဲ့ လေ"

ပြုံးနေသော နှုတ်ခမ်းတွေကိုကြည့်ကာ ရွှေရုပ် ကြက်သီး ဖြန်းခနဲ ထမိပေမယ့် ရင်ထဲကို ဖျတ်ခနဲ ဝင်လာသော အတွေးကြောင့်

"ဟင့်အင်း ရွှေရုပ် ကိုမိုးဆက်ကို အဲဒီလို မမြင်ပါဘူး မမစန္ဒီရဲ့ ခင်ပွန်းဟောင်း တစ်ယောက်လိုပဲ မြင်တယ်"

"ကျွတ် သွားစမ်းပါ စန္ဒီက ကိုယ့်ကို အသုံးချခဲ့တာပါ သူ့ မာနနဲ့ ဘုန်းကြောကို အနိုင်ယူချင်လို့ လက်ထပ်တာ သက်သက်ပဲ ဒီအတွက် ကိုယ်ကလည်း ထိုက်တန်စွာ ပြန်ယူတာ မှားသလား"

ရွှေရုပ် ဟန်ဆောင်ပြုံးကလေးနှင့်

"ဟင့်အင်း ကိုမိုးဆက် မှန်တယ်လို့ ရွှေရုပ် ယုံတယ်"

မိုးဆက်ဖော် မျက်ခုံးပါးပျစ်လျစ်တွေ တွန့်သွား၏။

"ရွှေရုပ် တကယ်ပြောတာလား"

"အင်းလေ ထိုက်သင့်တာ အတွက် ထိုက်တန်တာ ယူတာ မမှားပါဘူး တကယ်ဆို လင်းစန္ဒီ အတွက် ကိုမိုးဆက်လည်း နစ်နာ ဆုံးရှုံးခဲ့ရတာပဲလေ"

"မဆိုးဘူး ရွှေရုပ်ကလေးက နားလည်နိုင်တယ်၊ သူတို့နှစ် ယောက်က ယယ်ရှည်းစားတွေဆိုတော့ ကိုယ်က ကြားမှာ လူကြမ်းကြီး



ပေါ့ ပြော် နေဦး မင်း ကိုကို က"

ရွှေရုပ် နှာခေါင်းလေးရှုံ့ ပခုံးတွန့်ပစ်ရင်း

"အလကားပါ မွေးစားကိုကိုပါ ဘာမှ မတော်ဘူး ဟိုးအရင် ကတည်းက တစ်နေရာစီ နေခဲ့တာ"

"ကိုယ် အားလုံး သိထားတယ်"

ရွှေရုပ် အလိုက်သင့် ပြောနေတော့ မိုးဆက်ဖော် စကားတွေ ကျွံထွက်လာသည်။ မိုးဆက်ဖော်သည် ကိုကို ပြောသလို ကြောက်စရာ ကောင်းသည့် သူတစ်ယောက်ဟု ရွှေရုပ် စိတ်ထဲက အသိပေးနေ၏။

ဒါပေမဲ့ ရွှေရုပ် ဆုံးဖြတ်ပြီးပြီ။

မမစန္ဒီကို ရွှေရုပ် ကူညီချင်သည်။ ရွှေရုပ် ထွက်ဆထားသည့် အတိုင်းသာ ဖြစ်ခဲ့လျှင်

"ကိုယ်တို့ တစ်ဆိုင်ဆိုင် ထိုင်ရင်း စကားပြောရအောင်"

မိုးဆက်ဖော်က ဖိတ်ခေါ်တော့ ရွှေရုပ် တွေတွေလေးတော့ ဖြစ်သွားမိသေး၏။

"ကိုယ် ကိုက်မစားတတ်ပါဘူးကွ"

"မဟုတ်ပါဘူး ဘယ်ဆိုင်သွားရင် ကောင်းမလဲ စဉ်းစားနေတာ ပါ"

"ဆိုင်ကယ်ပေါ် တက်လေ အေးဆေး စကားပြောလို့ရမယ့်

www.burmeseclassic.com

www.burmeseclassic.com



နေရာလေး တစ်ခုပေါ့ ဖြစ်တယ်မို့လား''

ရွှေရုပ် ငြင်းဖို့မလွယ်တော့ပြီမို့ စိတ်ကို ရဲစိတ်ကလေး တင်ကာ နောက်မှာ ဝင်ထိုက်လိုက်ရ၏။

မိုးဆက်ဇော်က ဆိုင်ကယ်ကို ဖူးခနဲ မောင်းထွက်တော့ ရွှေရုပ် လက်နှစ်ဖက်က မိုးဆက်ဇော် ပခုံးတွေကို အလန့်တကြား ဆုပ်ကိုင်မိ၏။

ရင်ထဲမှာ ထိတ်ခနဲ ဖြစ်သွားခဲ့တာ အမှန်။

ရွှေရုပ် မိုက်မဲစွာ ကျားခံတွင်းဝမှာ ကစားနေမိတာလား။

ဒါ ကိုကိုနဲ့ မမ အတွက်ပါပဲ။

■ ■ ■

နေ့စဉ်တိုင်း မိုးဆက်ဇော် ရွှေရုပ်ထံ ရောက်လာတတ်သည်။ သမင်ပျိုကို ညှို့ယူဖမ်းစားမည့် စပါးကြီး မြွေဟောက်တစ်ကောင်၏ ညှို့ယူခြင်းမျိုးနှင့် မိုးဆက်ဇော် ရွှေရုပ်ကို ဖြားယောင်း၏။

ရွှေရုပ်ကလည်း အလိုက်သင့် ဆက်ဆံရင်း မိုးဆက်ဇော်၏ အညာကို ဆုပ်ကိုင်ဖို့ ရည်ရွယ်သည်။

တစ်ပတ်အတွင်းမှာပဲ အခြေအနေက တိုးတက်သွားခဲ့သည်။

''ရွှေရုပ် မင်းလေးက ကိုယ့်နှလုံးသားကို တကယ် ရစ် [illegible] နိုင်စွမ်းတယ်''

''ဟိုး ဆရာ ဒါ ဘာစကားလဲ ရည်းစားစကားလား''



''အဲဒီထက် လေးနက်ပါတယ် ရွှေရုပ်ရယ်''

တိုးတိုးလျလျ စကားနှင့်အတူ ရွှေရုပ် လက်ကလေးတွေကို မိုးဆက်ဇော် ဆုပ်ကိုင်တော့ ဆတ်ခနဲ ရုန်းထွက်မိ၏။

''ဒီလိုမလုပ်နဲ့လေ မိုးဆက်မှာက မပြတ်မသား ဇာတ်လမ်း ကြီးနဲ့လေ''

''ဟာကွာ စန္ဒီ ကိစ္စလား ပြီးပြတ်နေပြီ''

မိုးဆက်ဇော် မချင့်မရဲ ပြောသည်။ ရွှေရုပ် နုတ်ခမ်းလေးတွေ လှပစွာပြုံးညှို့ရင်း

''ယူတို့ ဇာတ်လမ်းကြီးက ရှုပ်ထွေးနေတာပဲ သေချာရင် ပြီးပြတ်အောင် လုပ်လေ''

''လုံးဝ ပြီးနေပြီ ကိုယ်ရသင့်တာ ယူယုံပဲ''

''တော်စမ်းပါ ဘာမှ တန်ဖိုးမရှိတာတွေကို ရွှေရုပ် ဂရုမစိုက် ဘူး ရွှေရုပ်လက်ထဲမှာ ဒီထက်မကတဲ့ ပိုင်ဆိုင်မှုတွေ ရှိတယ်''

''သိပါတယ် သူဌေးမလေးရယ် မကြာခင် အမွေတွေ မြောက် များစွာ ပိုင်ဆိုင်တော့မှာ''

မိုးဆက်ဇော်ကို ရွှေရုပ် လျှော့မတွက်ရဲတော့ပါ။ ရွှေရုပ် အ ကြောင်းတွေ သူ သိနေသည်ပဲ။ ဒါကြောင့် ဒီခြုံထွင်တာပေါ့။ ရွှေရုပ်ရဲ့ ပိုင်ဆိုင်မှုတွေက သူ့ ခေါင်းထဲက တွက်ချက်ပြီးလောက်ပြီ။

www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ မိုးဆက် တို့လေ မိုးဆက်ကိုပဲ ပိုင်ဆိုင်ချင်တယ် အဲ
တွေ မမက်ဘူး မိုးဆက်ဘက်က သေချာတယ်ဆိုရင် လင်းစန္ဒီ စော
မရှိဘဲ ပေးတာကြီးကို တွယ်မက်မနေပါနဲ့"

"မဟုတ်သေးဘူးလေ"

"ဘာ မဟုတ်တာလဲ မိုးဆက် အခုချက်ချင်း လင်း
ပြတ်ဆဲခဲ့ရင် ရွှေရုပ် ချက်ချင်း လက်ထပ်ယူရဲတယ် ဘာမှ မပါလာလည်း
ရွှေရုပ် ပိုင်ဆိုင်သမျှ မိုးဆက် အတွက်လေ"

မိုးဆက် မျက်နှာကြီး ဝင်းပသွားခဲ့၏။ ရွှေရုပ်ကို စူးစူးနစ်နစ်
စိုက်ကြည့်ရင်း

"ရွှေရုပ် စိန်ခေါ်တာလား စိတ်ချ နှစ်ရက်အတွင်း တရား
ကွာရှင်းစာချုပ် ယူခဲ့မယ် ဒါဆိုရင်"

စားပွဲပေါ်က ရွှေရုပ် လက်ကလေးတွေကို မိုးဆက်ဖော် လှမ်း
ဆုပ်ကိုင်သည်။ ရွှေရုပ် ရှက်ပြုံးလေးနဲ့ မရုန်းဘဲ ခေါင်းညိတ်လိုက်သည်။

မုဆိုးဆိုတာ တစ်ခါတစ်ရံတော့ သားကောင် ဖြစ်တတ်

■ ■ ■

အခန်း (၃၉)

"ဘာရယ် ရွှေရုပ် သူတောင်းဆိုသမျှ မလိုက်လျောနဲ့ ဟုတ်
ဘူး"

"ရွှေရုပ် ပြောတာ ယုံပါ မမစန္ဒီ၊ ပထမ ညှိနှိုင်းထားတဲ့
န်ဖိုးကိုပဲပေး မမရဲ့ ဘိုးဘွားပိုင် ရတနာတွေကို လုံးဝမပေးနဲ့"

"မမစန္ဒီ ဘာကိုမှ မမက်မောတော့ဘူး ရွှေရုပ်ရယ်"

"ရွှေရုပ် ပြောတာကို နားထောင်ပြီး လုပ်စမ်းပါ၊ ဒီတစ်ခါ
ငြိမ်းကြည့်လိုက် သူဘာပြောမလဲ စောင့်ကြည့် သူ နှစ်ရက်အတွင်း
ဆက်ခံစေရမယ်"

"ရွှေရုပ် ဘာတွေ ပြောနေတာလဲ ဘယ်လို တွေးမိနေတာလဲ"

မမစန္ဒီ မေးနေသည်။ အမှန်တော့ ပြောလို့မဖြစ် ရွှေရုပ်
သူတို့ရှိအောင် လိမ်ညာရသည်။

www.burmeseclassic.com

www.burmeseclassic.com



"မန္တလေးဘက်မှာ သူ လောင်းကစားလုပ်ရင်း အတော်ခွဲထားတယ် နှစ်ရက်အတွင်း ပေးမယ်လို့ ကတိပေးထားတယ်တဲ့ ဒီတော့ မမဆီက မရရင် သူဘာမှ လုပ်လို့မရဘူး ယုံပါ"

"ရွှေရုပ် ဒါကို ဘယ်လို သိတာလဲ ရွှေရုပ်က"

"မထင်မှတ်ဘဲ သိရတာ အန်ကယ် ဦးကံဆင့် မိတ်ဆွေတော် ယောက်နဲ့ စကားစပ်ရင်း သိခဲ့တာ ရွှေရုပ် ပြောတာ မမ ယုံနော်"

"အင်း မမ စမ်းသပ်ကြည့်လိုက်မယ်လေ"

မမစန္ဒီဆီ ကြိုတင်ဖုန်းဆက်ပြီးပြီမို့ ရွှေရုပ် ကျေနပ်သွားခဲ့ နောက်ထပ် နှစ်ရက်ဆို ပြဿနာတွေ ငြိမ်းပြီ။

မိုးဆက်ဇော် စိတ်ဆိုး နာကျည်းမည်ဆိုလည်း ရွှေရုပ် ဂရုမိုက် ချင်တော့ပါ။

ကိုကိုနဲ့ မမစန္ဒီအတွက် ရွှေရုပ် ရင်ဆိုင်ရဲသည်။

အထူးသဖြင့် ကိုကို အတွက်လေ။

■ ■ ■

နောက်နှစ်ရက်ကြာတော့ ရွှေရုပ်ဆီ မမစန္ဒီ ဖုန်းဆက်လာခဲ့

"ရွှေရုပ် ပြောတာအမှန်ပဲ မိုးဆက်ဇော် လက်ခံသွားပြီ မထား ညှိနှိုင်းထားတဲ့အတိုင်း ပိုင်ဆိုင်မှုတွေထဲက တစ်ဝက်ပဲ ပေးလိုက်ရတယ် မမရဲ့ ခြံကိစ္စ လက်ဝတ်ရတနာ ကိစ္စတွေကို သူ အလျှော့ပေးသွားတယ်"





ရွှေရုပ် ဝမ်းသာပါသည်။ မမစန္ဒီက ကျေးဇူးတင်စကားတွေ အကြိမ်ကြိမ် ဆိုသည်။

"မမ ဝမ်းသာစရာ သတင်း ထပ်ပြောရဦးမယ်၊ ကိုကို ဒီနေ့ပဲ ပြန်လာမယ်တဲ့ ညက ဖုန်းဆက်တယ်"

"ဘုန်း ပြန်လာမယ် အင်း သူ မမကိုတော့ နာကျည်းနေမှာပါ"

"ဟင့်အင်း ကိုကို က မမကို ချစ်ပါတယ်၊ ရွှေရုပ်သိတာပေါ့ ဒီသတင်းကြားရင် ကိုကို ဝမ်းသာမှာပါ မမဆီ ရွှေရုပ်တို့ လာခဲ့မယ်"

"တကယ်လား ရွှေရုပ် မမ ဝမ်းသာလိုက်တာကွယ်"

မမရဲ့ အပျော်မျက်နှာကို ရွှေရုပ် စိတ်ကူးနှင့် မှန်းဆကြည့် ခဲ့သည်။

ကိုကို ပြန်ရောက်လာလျှင် အားလုံး ပြောပြရမည်။ ကိုကိုနှင့် မမစန္ဒီကြားမှာ ပိုင်းခြားထားတွေ မရှိတော့ဘူးဆိုလျှင်

ကိုကို သိပ်ပျော်သွားမည်လား။

ရွှေရုပ်တွေးကာ ရင်ထဲမှာတော့ လစ်ဟာသွား၏။

ကိုကို့ ကို ပိုင်ဆိုင်ခွင့်ရတာ ရွှေရုပ် မဟုတ်ပေမယ့်လည်း ရွှေရုပ် ကျေနပ်ပါတယ် ကိုကို။

နှလုံးသားက အချစ်ဆိုတာကို ရွှေရုပ် ခံစားတတ်ခဲ့ပြီ ကိုကို။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၀)

ခြံထဲကို မောင်းဝင်လာသော ကားသံကြောင့် ရွှေရုပ် အခန်းထဲက အပြေးကလေး ဆင်းခဲ့သည်။

ဆင်ဝင်အောက်မှာ ကျွီခနဲ ထိုးရပ်လိုက်သော ပါဂျဲရိုးကားကြီးက ကိုကို့ ကား မဟုတ်နိုင်။

ရွှေရုပ် မင်သက်နေတုန်းမှာ ဆင်းလာသူက မိုးဆက်ဇော်

"ဟင်"

"ဟန်နီ အားလုံး ငြိမ်းချမ်းသွားပြီ၊ ဟောဒီမှာ ကွာရှင်းစာချုပ်"

ညွှေ့ခန်းထဲကို လျှောက်ဝင်လာရင်း လက်ထဲက စာချုပ်ကို မိုးဆက်ဇော် လှမ်းပေး၏။





ရွှေရုပ် ခန္ဓာကိုယ်လေး နောက်ကို တွန့်ခနဲ ဆုတ်ရင်း

"ဒါဆိုရင် ရှင်နဲ့ မမစန္ဒီ ကိစ္စပြီးပြီပေါ့ ကိုမိုးဆက်ဇော်"

"ဘာ ဘာရယ် ရွှေရုပ်"

မိုးဆက်ဇော် မျက်နှာကြီး မည်းခနဲဖြစ်ကာ ရွှေရုပ်ကို စူးစိုက်ကြည့်နေသည်။

"ဟုတ်တယ် ရှင်နဲ့ မမစန္ဒီ ကိစ္စ ပြီးပြတ်အောင် ကျွန်မ ဝင်ဖန်တီးလိုက်တာ"

မိုးဆက်ဇော် ဟတ်ခနဲ တစ်ချက်ရယ်သည် ပြီးမှ လှစ်ခနဲ ပြုံးရင်း

"မင်း မသိုးပါဘူး ဒါပေမဲ့ မိုးဆက်ဇော် ဆိုတာ ကြောင်လေး တစ်ကောင် မဟုတ်ဘူးဆိုတာ မင်း မသိရှာဘူး"

ဖျတ်ခနဲ အနားရောက်လာသော သူ့ကို ရွှေရုပ် မရှောင်သိုက်နိုင်ပါ။ အိမ်မှာ တစ်ယောက်မှ မရှိဘဲ ညွှေ့ခန်းတံခါး ဖွင့်ထားမိတာကို နောင်တ ရလိုက်မိပေမယ့်

မျက်နှာပေါ် ဖိအပ်လာသော လက်ကိုင်ပဝါလေးကိုပဲ ရွှေရုပ် နောက်ဆုံး မြင်လိုက်သည်။

သူ့ရင်ခွင်ထဲ ခွေခေါက်လဲကျလာသော ရွှေရုပ်ကလေးကို မိုးဆက်ဇော် အသာပွေ့ချီပြီး ကားပေါ်တင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်သက်ထဲ အပိုင်ရောက်လာသည့် ရွှေခွက်နှင့် ရေချို တစ်ခွက်လေး တစိမ့်စိမ့် အရသာခံသောက်ဖို့ပဲ ရှိတော့၏။

ကားကို စက်နှိုးပြီး ဆင်ဝင်အောက်က မောင်းအထွက်မှာပဲ ခြံထဲကို ချိုးကွေ့ဝင်လာသော ကားကို မိုးဆက်ဇော် မြင်လိုက်သည်။

"ဟာ ဘုန်းကြော"

မိုးဆက်ဇော် ကားစက်ရှိန်ကို မလျှော့ဘဲ ဆက်မောင်းခဲ့သည်။ တစ်ဖက်က ဘုန်းကြောကလည်း အရှိန်မလျှော့ဘဲ ထိပ်တိုက်ဦးတည် မောင်းသည်။

ကားနှစ်စီးက ခေါင်းချင်းဆိုင်မိ၏။

"ဟောကောင် မလုပ်နဲ့"

မိုးဆက်ဇော် ထိတ်လန့်စွာ ဟစ်အော်ရင်း ကားဘရိတ်ကို ဖိနင်းလိုက်တာမို့ ကျွီခနဲ ထိုးရပ်သွား၏။

ဘုန်းကြောရဲ့ ပါရာဒိုကားက မိုးဆက်ဇော်၏ ကားကို ဒုန်းခနဲ ဝင်ဆောင့်၏။

"ခွမ်း"

ရေ့မီးတွေ ကျကွဲသံ ကြားလိုက်ရ၏။ မိုးဆက်ဇော် မျက်လုံးတွေ စုံမှိတ် ထိန်လန့်နေခိုက် ဘုန်းကြော ကားတံခါးဖွင့် ဆင်းကာ သူ့ ကားနံဘေး ရောက်လာ၏။



"မင်း ဘာလာလုပ် ဟင် ရွှေ ရွှေရုပ်"

နောက်ခန်းထဲမှ ခွေခွေလေး လဲကျနေသည့် ရွှေရုပ်ကို မြင်တော့ ဘုန်းကြော ဒေါသတွေ ထိန်းမရတော့

"လူယုတ်မာ မင်း မင်း"

မိုးဆက်ဇော်ကို ရင်ဘတ်က ဆွဲချကာ ဘုန်းကြော လက်သီးချက်တွေ ပစ်သွင်းသည်။

"ခွပ်"

"ခွပ်"

"ဘုန်း"

"ဟာ မောင်ဘုန်း မောင်ဘုန်း မလုပ်နဲ့"

ဈေးကပြန်လာသည့် ဦးသာမြတို့ လင်းမယား အချိန်မီ ရောက်လာတာမို့ မိုးဆက်ဇော် ကံကောင်းသွားတာ ဖြစ်သည်။

ဘုန်းကြော ဒေါသတွေ ပြေလျော့ လွှတ်လိုက်တော့ လမ်းမပေါ်မှာ ပုံကျ သတိလစ်နေချေပြီ။

"ရွှေရုပ်  ရွှေရုပ် ကလေးရယ်"

စိုးရိမ်စိတ်တို့နှင့် ဘုန်းကြော ရွှေရုပ်ကို ပွေ့ချီ ဟစ်ခေါ်မိ၏။ သတိလစ်နေဆဲ ရွှေရုပ်က မလှုပ်။

အပြစ်ကင်းစင်သော မျက်နှာလေးကို ငေးကာ ဘုန်းကြော

www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှာ ပူပန်စိတ်တွေ တောက်လောင်နေတယ်။

ရွှေရုပ် သာ တစ်စုံတစ်ခု ဖြစ်သွားခဲ့လျှင်တော့ ငါမင်းကို သတ်မယ် မိုးဆက်ဇော် တောက်။

■ ■ ■





## အခန်း (၄၁)

"ကလေးရယ် ဘာလို့ ဒီလိုလုပ်ရတာလဲ အန္တရာယ် များလိုက်တာ"

"ကိုကိုနဲ့ မမစန္ဒီ အဆင်ပြေစေချင်လို့ပါ ကိုကို"

ရွှေရုပ် စကားကြောင့် ဘုန်းစကြာ မျက်ခုံးတွေ တွန့်ကွေးသွားရင်း

"ဘာရယ် ကိုယ်နဲ့ စန္ဒီ အတွက်"

"ဟုတ်ပါတယ် ကိုကို ကိုကိုနဲ့ မမစန္ဒီက ငယ်ချစ်တွေလေ ကိုကိုတို့ အဆင်ပြေစေချင်တယ်၊ ဒါဆို ရွှေရုပ်လည်း ကိုကိုနဲ့အတူ နေခွင့်ရှိမှာ မဟုတ်လားဟင်"

ရွှေရုပ် မျက်နှက်ဝန်းလေးတွေ တောက်ပစွာနှင့် မေးနေတော့

www.burmeseclassic.com

www.burmeseclassic.com



ဘုန်းစကြာ နားလည်စွာ ပြုံးရင်း

"ကိုကို ရန်ကုန်သွားတာ နယူးဇီလန်က ကိုကို့ လုပ်ငန်းတွေကို တခြားသူလက်ထဲ အပြီးရောင်းတဲ့ ကိစ္စ ဆွေးနွေးတာ ကလေး။ အဲဒါ ဘာလို့လဲ ဆိုတော့ ကိုကို မြန်မာပြည်မှာပဲ နေတော့မလို့"

"ဟင် တကယ် ရွှေရုပ် ဝမ်းသာလိုက်တာ"

"ကိုကို ဘာလို့ မြန်မာပြည်မှာ နေတာလဲ ရွှေရုပ် သိသလား"

ရွှေရုပ် မဖြေနိုင်ဘဲ ခေါင်းလေး မော့ကြည့်နေတော့

"ကလေးကြောင့်ပေါ့ ဟောဒီ ရွှေရုပ် ကလေးကြောင့် ပေါ့ကွာ"

"ဟင်"

"မအုံ့ညြိနဲ့ကလေး မြန်မာပြည် လာတုန်းက ရွှေရုပ်ကလေးရဲ့ ဖေဖေ ပါနေတဲ့ ရှယ်ယာတွေကို လွှဲပေးဖို့ပဲ ဒီရောက်မှ အထီးကျန် မေတ္တာငတ်နေတဲ့ ကောင်မလေးကို နားလည်သွားခဲ့တာ ပြီးတော့ အဲဒီ နားလည်မှုတွေနဲ့ ချစ်သွားခဲ့တာ"

"အို"

ရွှေရုပ် ပါးကလေးတွေ ရဲရဲ နီသွားမှာ သေချာ၏။

"ရွှေရုပ် ထင်သလို စန္ဒီကို ကိုကို လက်ထပ်မှာ မဟုတ်ပါဘူး ကိုကိုတို့ ဇာတ်လမ်းကပြီးဆုံးနေပြီလေ၊ မိတ်ဆွေတွေ အဆင့်ပဲ ရှိတော့တယ်၊ ကိုကိုရဲ့ နှလုံးသားမှာ ရွှေရုပ်ကလေးပဲ ရှိတယ်၊ ဖြူစင်တဲ့



ရွှေရုပ်ကလေးက ကိုကို နှလုံးသားကို တဖန် ပြန်ရှင်သန်စေခဲ့တာပါ"

ရွှေရုပ်ကြားနေရတာ အိပ်မက်လားဟုတောင် ထင်မိသည်။ ကိုကို့ကို မယုံနိုင်စွာ မော့ကြည့်နေမိဆဲ။

"ကိုကိုနဲ့ ရွှေရုပ်တို့ အနာဂတ်အတွက် ကိုကို ဝယ်ထားတဲ့ ခြံကြီးကို ပြုပြင်နေတာ အဲဒီခြံကြီးနာမည်က ရွှေနှလုံးသားတဲ့"

"ဘာရယ် ရွှေနှလုံးသား ဟုတ်လား ကိုကို"

"ဟုတ်တယ် ရွှေရုပ်ကလေးရဲ့ နှလုံးသားပေါ့ ချစ်စရာတဲ့ နှလုံးသားလေးကို ကိုကို တစ်သက်လုံး စောင့်ရှောက် ကြင်န[illegible]ပါ ကလေးရယ်"

ရွှေရုပ် ရင်တွေ တလှပ်လှပ်။ ကိုကို့ ရင်ခွင်ထဲမှာ နွေးထွေးစွာ ရွှေရုပ် ရောက်နေတာ အိပ်မက်မဟုတ်ပါ။

နဖူးပြင်ပေါ် နွေးခနဲ ခံစားရသည့် အထိအတွေ့က ကိုကိုရဲ့ အနမ်းလား ရွှေရုပ် ရင်တွေ ခုန်လိုက်တာ။

"ဖြူစင်တဲ့ ကလေးအတွက်"

ကိုကို တိုးတိုးလေးဆိုရင်း ပါးမို့မို့လေးကို ငုံ့နမ်းသည်။ ရွှေရုပ် မျက်ဝန်းလေးတွေ မှိတ်ရင်း ရင်ခုန်သံတွေကို နားထောင်နေမိသည်။

ကိုကို ရင်ခုန်သံတွေလည်း နွေးနေခဲ့၏။

ကြည်နူးစရာ ချစ်သူနှစ်ဦး မြင်ကွင်းကို ပြုံးရင်း ကြည့်နေသည့်

www.burmeseclassic.com

www.burmeseclassic.com



လင်းစန္ဒီ မျက်ရည်စတွေကို သူတို့ မမြင်နိုင်။

လင်းစန္ဒီ အသံအယာပဲ ပြန်လှည့်ထွက်ခဲ့သည်။

ချစ်သူတွေရဲ့ အပျော်လေးတွေ ရှည်ကြာပါစေတော့...။

ပရိသတ်အတွက်

အမြဲတမ်း

သို

www.burmeseclassic.com